ဒုတိယအကြိမ်
ရှမ်းပြည်နယ်လွှတ်တော်
ဒုတိယပုံမှန်
အစည်းအဝေး
မှတ်တမ်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း**	
(၁)	ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။	၂
(၂)	ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။	၂
(၃)	ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။	၃
(၄)	ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။	၄
(၅)	အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။	၄
(၆)	ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။	၇

(၃)	“ ဝမ်ဆန်းဟဲဆိုင်နှင့်နောင်ကော့ကျေးရွာအုပ်စု ချင်းဆက်လမ်း၊ မြေသားလမ်း (၈)မိုင်ခန့်အား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။	၁၈
(၄)	“ ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ပန်ရွာနှင့် တက်မောက်ကျေးရွာအုပ်စုသို့ကျေးရွာချင်းဆက်လမ်း၊ မြေသားလမ်း (၈)မိုင်ခန့် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်း။	၁၉
(၅)	“ ပန်ဆိုင်းကျေးရွာအတွင်းရှိလဲချား- မိုင်းနောင် ပြည်ထောင်စုလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၉)မှ နောင်ဖာအထိ မြေသားလမ်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်း။	၁၉
(၆)	ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏“ မိုင်းကိုင်မြို့နယ်၊ အရှေ့မြို့ပတ်လမ်းနှင့် အနောက်မြို့ပတ်လမ်းတွင် ထရန်စဖော်မာ (၁)လုံး	၂၄

စီ တပ်ဆင်ခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ၏ " ဆီဆိုင်မြို့နယ်အတွင်း ဖြတ်သန်းသွားသည့် National Grip Line မှ (၂၊ ၅၊ ၁၀) မိုင်အတွင်း ကျေးရွာ (၁၇)ရွာအား လျှပ်စစ်မီးလင်းရေး 11 KV လိုင်းနှင့် ထရန်စဖော်မာများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံ (၂၅)ခုတင် အတွက် လိုအပ်လျက်ရှိသော ခွဲခန်းမီးစလောင်း၊ Aircon နှင့် ခုတင်များကို ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) " မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံ (၂၅)ခုတင် အတွက် အရေးတကြီး လိုအပ်လျက်ရှိသော လူနာတင်ယာဉ် (၁)စီးအား ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ချထားပေးနိုင်ခြင်း ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) " မိုင်းပန်မြို့ရှိ GSM ဖုန်းလိုင်းကို မည်သည့် အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၇) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " သီပေါမြို့နယ်၊ နမ့ဝူကျေးရွာအုပ်စု၊ နားကွန်ကျေးရွာတွင် ငွေရည်ပုလဲကုမ္ပဏီကျောက်မီးသွေး တူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုပါသည် " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " ဝမ်စဲ့ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဟိုင်းတံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) " ဝမ်စဲ့မှ တက်မောက်ကျေးရွာ အုပ်စုသို့ မြေသားလမ်း (၁၈)မိုင် အားဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " ကျိုင်းတောင်းမြို့နယ်အတွက် ဖုန်းဆက်သွယ်ရေး စနစ်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၇

(၂) " လွိုင်လင်မြို့သို့ နိုင်ငံခြားသား ခရီးသွားများ သွားရောက်လည်ပတ်ရာတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်ဖြင့် လည်ပတ်ရမည်ဖြစ်ကြောင်း ကြားသိရသဖြင့် လွယ်လွယ်ကူကူ သွားရောက်လည်ပတ်နိုင်ရေးအတွက် အဟန့်အတားကို ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၉

(ဆ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " နမ့်ဆန်မြို့နယ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းအဆောက်အဦအားဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၃

(စ) ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌအား ပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့တင်ပြခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၄၇

အလင်းသစ် (၇) ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၄) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၆၄

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၅) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " ရှမ်းပြည်နယ်အတွင်းရှိ ဌာနတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၆၅

(၁၆) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၆၉

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၇၀

(၁၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၇၃

(ခ) ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၄

(၂) ကတိသစ္စာမပြုရသေးသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၇၅

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၇၆

(၄) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၇၇

(၅) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၇၇

(၉) ရှမ်းပြည်နယ်ဝန်ကြီးဌာနများ အမည်ပြင်ဆင်သတ်မှတ်ခြင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း။ ၇၉

(၁၀) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း။ ၅၁

(၁၁) ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက်၊ ဆရာများ၏ ခရီးမြင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေး တွဲဖက်ဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက်ပေးနိုင်ပါရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၅၂

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၅၅

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၃) ဒေါ်နန်းခင်ထားရီ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း ၅၉

(၆) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) “ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ (ဃ)အရ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်ဟု ဖော်ပြပါရှိ၍ ယင်းဥပဒေကို ပြဋ္ဌာန်းသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) “ ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စု၊ မြင်းကျဒိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတိုးချဲ့နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၄) “ နောင်ကားကျေးရွာအုပ်စု၊ အသုံးတော်ကျေးရွာအုပ်စုတို့ ကျေးရွာချင်းဆက်လမ်းဖြစ်သော ညောင်ကောက် -ဆန်ဆိုင်ကျောက်ချောလမ်းအား ခင်းပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) “ ကက္ကူကျေးရွာအုပ်စု ရှိ ဆောင်းဖိုးကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဆောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) “ သီပေါမြို့နယ် ဟူးမီး၊ နားတော်ကျေးရွာအုပ်စုများတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံတိုင်းရင်းသားများ၏ အသက်အိုးအိမ်၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးနစ်နာမှုမရှိရလေအောင် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ

မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်
ပေးရန်နှင့် ဆုံးရှုံးနစ်နာမှုများအား
ပြန်လည်ထူထောင်ရေးလုပ်ငန်း
များလုပ်ဆောင်ပေးရန် အစီအစဉ်
ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) " အထက်ရဲရွာ ရေအား လျှပ်စစ် ၁၁၀
စီမံကိန်းကြောင့် ပြည်သူပြည်သား
တို့ ထိခိုက်ဆုံးရှုံးနစ်နာမှုမရှိရလေ
အောင် ပြင်ဆင်ဆောင်ရွက်နိုင်မှု
ရှိ/မရှိနှင့် ပြည်သူပြည်သားတို့၏
ဘဝလုံခြုံမှုတို့အတွက်ဆောင်ရွက်
ပေးမည့် လုပ်ငန်း အစီအစဉ် ရှိ/
မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်
အမှတ် (၂)၏

(၁) " နမ့်ဆန်မြို့နယ် ခုတင် (၅၀)ဆုံ ၁၁၃
ပြည်သူ့ဆေးရုံတွင် လက်ထောက်
ဆရာဝန် (၆)ဦးအား အမြန်ဆုံး
ခန့်ထားပေးနိုင်ရန် အစီအစဉ်
ရှိ/မရှိ "နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) " ကွမ်ဟယ်တိုက်နယ်ဆေးရုံ ၁၁၅
ဖွင့်လှစ်နိုင်ရေးအတွက် ထပ်မံ
လိုအပ်သော ဆရာဝန်နေအိမ်၊
ဝန်ထမ်းနေအိမ် တိုက်ခန်းများ၊

(၃) " ရွာငံမြို့နယ်၊ ယကြီးကျေးရွာ ၉၀
အုပ်စုတွင် တိုက်နယ်ဆေးရုံ
တည်ဆောက်ပေးရန် အစီအစဉ်
ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်
မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " ကျောက်တစ်လုံးကြီးမြို့၊ ပင်တွန် ၉၂
ကျေးရွာအထိ ကတ္တရာလမ်းခင်း
ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ "
နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) " နောင်ပစ်ကျေးရွာအုပ်စုရှိ ၉၄
ပုံးဆွေပင် - တခွေ့မူး - ထီဖောင်း
ကျေးရွာချင်းဆက်သောကိုယ်အား
ကိုယ်ကိုး မြေသားလမ်းအား
ကျောက်ချောလမ်းအဖြစ် ခင်းပေး
နိုင်မည့် အစီအစဉ် ရှိ/မရှိ " နှင့်
စပ်လျဉ်းသည့်မေးခွန်း။

(၃) " အသုံးတော်ကျေးရွာအုပ်စု ၉၄
အတွင်းရှိ ဟိုတပ် - ဟန်လွဲ - ဆီဆုံ
- တီးဟေး - ဝမ်ဆမိုင်း - ရေဝန်း
- ဝန်းနောက်ကျေးရွာချင်းဆက်
မြေသားလမ်းဖောက်လုပ်ပေးရန်
အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း
သည့်မေးခွန်း။

အလုပ်သမား တိုက်ခန်းများ စသည့် အဆောက်အဦ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းများ ခန့်ထားပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မြို့သစ်ကျေးရွာအတွက် တိုက်နယ်ဆေးရုံခွဲပြုပေးနိုင်ခြင်း ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) " နမ့်ဆန်မြို့နယ်၊ ဟူးမန်းကျေးရွာအုပ်စု၊ ကျန်းမာရေးဌာန၊ ဟူးခင်ကျေးရွာ ကျန်းမာရေးဌာနနှင့် နမ့်လင်းကျေးရွာ ကျန်းမာရေးဌာနရှိ လက်ထောက်ကျန်းမာရေးမှူးများ တာဝန်ကို အပြည့်အဝ ဆောင်ရွက်နိုင်စေရေးသက်ဆိုင်ရာမှ ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၇

(၄) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းနာမည်ပေါက် ရှမ်းမြို့/ရွာများကို ရှမ်း ၊ မြန်မာဘာသာ ယှဉ်တွဲရေးသားခွင့် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၁

တွဲဖက်ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနိုင်ပါရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၈) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၃၂

(၉) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ် (၇) ကုမ္ပဏီ သတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၃၈

(၁၀) အဆိုနှင့်စပ်လျဉ်း၍ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၄၂

(၁၁) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၄၈

(၁၂) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၅၈

(၁၃) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွားအပန်းဖြေလည်ပတ်ရာစခန်းမြို့ကြီးတစ်မြို့ ဖြစ်လာနိုင်ပြီး မကြာမီကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းအတွက် ကြီးမားသောဆွဲဆောင်မှု တစ်ခု ဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေး အတွက် အလုပ်အကိုင်များဖန်တီးပေးရာလည်း ရောက်သွား နိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင်အမျိုးသားရုက္ခဗေဒဥယျာဉ်ဖော်ဆောင် ပေးသင့်ပါကြောင်း " အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေး ရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၆၀

(၁၄) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၆၅

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(စ) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) " ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ ဝိန်းနန်းကျေးရွာအုပ်စု၊ ဝိန်းနန်းကျေးရွာဆေးခန်းအား ဆောက်လုပ်ပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၂၄

(၂) " ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်တွင် မြို့နယ်ပညာရေးမှူးရုံးအဆောက်အဦအသစ်ကို သက်ဆိုင်ရာမှ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် လျာထားပေးနိုင်ပါရန်နှင့် မရှိပါက အဘယ်ကြောင့် မပေးနိုင်သည်ကို သိရှိလိုကြောင်း " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၅

(ဂ) ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေး ၁၂၉

(၁၅) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ မြို့အဝင်ဆိုင်းဘုတ်များတွင် တိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များအား ပြန်လည် ဖျက်သိမ်းဆောင်ရွက်စေခြင်း/ တိုင်းရင်းသားဘာသာဖြင့် ရေးသားစိုက်ထူခွင့် ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့စီစဉ်ဆောင်ရွက်ခြင်းမပြုပါရန် တိုက်တွန်းကြောင်း” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၇၇

(၁၆) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၈၃

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၇) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် ၁၈၈

(၈) ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၀၂

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၀၃

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၂၀၄

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၀၄

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ နမ့်စန်မြို့နယ်၊ ခုတင် (၂၅)ဆုံ ဆေးရုံအား (၅၀)ခုတင်ဆုံဆေးရုံသို့ အဆင့်မြှင့်ပေးရန်နှင့် မြို့နယ်အင်္ဂါရုပ်နှင့်ညီသော ဆရာဝန်နေအိမ်နှင့် သူနာပြုဝန်ထမ်းနေအိမ်များဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၇

(ခ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " နမ့်ဆန်မြို့နယ်အများပြည်သူများ သတင်းနှင့် ဓာတ်ပုံဗီဒီယိုများအသုံးပြုနိုင်ရန် 3G Internet စနစ်ကို ZTE ကုမ္ပဏီမှ မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၁၀

(၂) " ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် ရုံးစိုက်ရာ မြို့အဂ်ါရပ်နှင့် လျော်ညီသောမြို့နယ်ပညာရေးမှုးရုံး အဆောက်အဦး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၄

(ဂ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏

(၁) " လွိုင်လင်မြို့နယ်၊ နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု၊ မူဆိုကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ နားခိုင်းကျေးရွာအုပ်စု၊ ဝမ်တိကျေးရွာကို ဆက်သွယ်တည်ဆောက်ထားသော ဝမ်တိပွန်ချောင်းကူးသစ်တံတား (၂၀၀)ပေခန့်ကို မော်တော်ယာဉ် ၂၁၈

တိုက်တွန်းကြောင်း " အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၈) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၉၂

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၉၃

(၂၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၂၀၁

မှ အခြေခံပညာအထက်တန်း ကျောင်းခွဲသို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးမောင်ညီ၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) "မဘိမ်းမြို့နယ်၊ မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းသည် မကြာခဏ ဆက်သွယ်ရေး ပြတ်တောက် လျက်ရှိရာ ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၉

(၂) " မဘိမ်းမြို့နယ် (၂၅)ခုတင်ဆံ့ ဆေးရုံဝန်ထမ်းဖွဲ့စည်းပုံအတိုင်း ဆရာဝန်ခွဲဝေချထားဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄၂

(၃) " မဘိမ်းမြို့နယ်၊ တုံကွာကျေးရွာ တွင် တပ်ရင်း (၂၂၃)၊ တပ်ရင်း (၂၇၆)တို့မှတောင်သူစွန့်ထားသော မြေနေရာနှင့်ပတ်သက်၍ကုန်ကျ ငွေညီမျှမှုန်ကန်မှု ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄၄

(စ) ဦးအောကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " ဓနုကိုယ်ပိုင် ၂၄၈

များ ဖြတ်သန်းသွားလာနိုင်သည့် သံကူကွန်ကရစ်တံတားအဖြစ်သို့ တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။

(၂) " လွိုင်လင်မြို့နယ်၊ ဟွတောက် ကျေးရွာ၊ ချိုခမ်း - ဟွတောက် ကတ္တရာလမ်းအဆုံးမှ တခွေ့ပြိုး (တခွေ့ပလုံး)ကျေးရွာ၊ ရန်အောင် ဘုန်းကြီးကျောင်းအထိ (၂)မိုင် မြေသားလမ်းကို အမာခံကျောက် ခင်းလမ်းအဖြစ်သို့ တိုးမြှင့်ဖောက် လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၂

(ဃ) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏

(၁) " လဲချားမြို့နယ်၊ မြို့မကျေးရွာ အုပ်စု၊နောင်ပန်ကျေးရွာမှ ပန်တန် ကျေးရွာအုပ်စု၊ကုန်းကျောင်း ကျေးရွာအထိမြေသားလမ်းဖောက် လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၇

(၂) " လဲချားမြို့နယ်အတွင်းရှိ ကျေးရွာ ချင်းဆက်လမ်း (၃)လမ်းအား ကျောက်ခြာလမ်းအဖြစ် ၂၂၉

အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယ၊ ရွာငံမြို့နယ်အတွင်း ရက် (၁၀၀) စီမံချက်၌ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေ ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွားအပန်းဖြေလည်ပတ်ရာ စခန်းမြို့ကြီးတစ်မြို့ ဖြစ်လာနိုင်ပြီး မကြာမီကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှုတစ်ခုဖြစ်လာကာ ပြည်သူတို့စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်းရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင်အမျိုးသားရုက္ခဗေဒဥယျာဉ်ဖော်ဆောင်ပေးပါကြောင်း " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၈၃

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၈၄

(၈) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " တောင်သူလယ်သမားများမှ စိုက်ပျိုးသောလယ်ယာထွက်သီးနှံများကို လွတ်လပ်သော ၂၉၀

ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) " လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ နောင်ပန်ကျေးရွာနှင့် ပန်တန်ကျေးရွာအုပ်စု၊ ကုန်းကျောင်းကျေးရွာတို့ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နမ့်ဗွီးချောင်းကူးတံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၀

(၄) " လဲချားမြို့နယ်၊ နမ့်တုတ်ကျေးရွာအုပ်စု၊ ဟွေမူကျေးရွာအဝင်တံတားအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၀

(၅) " လဲချားမြို့နယ်၊ နောင်မိန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၅

(၆) " လဲချားမြို့ပေါ်ရှိ အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၃၆

စျေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း " အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၉၆

(၁၀) တပ်မတော် သားပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်၏ " အရေးကြီးအဆိုဖြစ်သော (၁၂-၇-၂၀၁၆) ရက်နေ့ ပြည်ထောင်စုခွန်းကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဗထူးတပ်နယ်ရှိ မဲရုံအမှတ် (၁)နှင့် (၂)တို့မှ စစ်မှုထမ်း၊ မှီခိုသူ မိသားစု၊ အရပ်သား ဝန်ထမ်းနှင့် သင်တန်းသားများ၏ မဲရလဒ်များအား ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း "အဆိုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၃၀၁

(၁၁) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ၂၁ ရာစု ပင်လုံညီလာခံ မကျင်းပနိုင်သေးသောယခုလိုကြားကာလတွင်လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း " အရေးကြီး ၃၁၅

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၅) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း " အရေးကြီး အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၃၂၉

(၁၆) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၃၃၄

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများ အတွက် ဘဏ္ဍာတော် အခကြေးငွေ (Royalty Fees) ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)၊ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၅)နှင့် စပ်လျဉ်းသည့် ကိစ္စအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၃၃၅

(၁၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများအနက် ဌာန(၆)ခုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးများမှ အတည်ပြုထားသော ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလွှဲပြောင်း သုံးစွဲမှုစာရင်းများအား လွှတ်တော်သို့ တင်ပြခြင်း။ ၃၃၉

(၁၉) ရေးရာကော်မတီဝင်များ အစားထိုး ဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။ ၃၄၂

(၂၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၄၄

အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၃၈၈

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၃) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း " အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၃၉၀

(၁၄) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၃၉၇

(သို့မဟုတ်)

(ဃ) ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၄၆

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၄၆

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကြေညာခြင်း။ ၃၄၇

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှခွင့်ပန်ကြားခြင်း။ ၃၄၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) “ ရွာငံမြို့နယ်၊ မင်းတိုင်ပင်ရွာတွင် ရေထိန်းဆည်တစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၅၀

(၂) “ ရွာငံမြို့နယ်၊ နန်းခုံကျေးရွာ၊ ပဲရင်းတောင်ကျေးရွာ၊ တောင်မြင့်ကြီးကျေးရွာတို့တွင် လျှပ်စစ် ၃၅၂

(၂) “ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘတ်ဂျက်တွင် လျာထားသည့် ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာ လျှပ်စစ်မောတ်အားရရှိရေးလုပ်ငန်းအား မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ” နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၃၅၃

(၃) “ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ကျေးလက်ဒေသများ မီးလင်းရေးဆောင်ရွက်လိုသော ဦးစားပေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာ(၁၁)ရွာအား မည်သည့် အချိန်တွင် ဓာတ်အားလိုင်း တပ်ဆင်ခြင်းများဆောင်ရွက်ပေး နိုင်မည်ကို သိရှိလိုပါကြောင်း ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅၃

(ဃ) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) “ မြေသိမ်း/မြေလွှဲအက်ဥပဒေ နှင့်မညီသော ပုဂ္ဂိုလ် (၄)ဦးတို့ ၃၅၄

အား ၎င်းပိုင်ဆိုင်သော မြေစာရင်း ပုံစံ(၁၀၅) ထုတ်ပေးထားခြင်းအပေါ် ပြန်လည် ရုပ်သိမ်း၍ သဘာဝ ပတ်ဝန်းကျင် ရေဦး၊ ရေဖျားဧရိယာ ကို ရှေးအစဉ်အဆက်အတိုင်း မပျက်မကွက် ပြန်လည်ထိန်းသိမ်း ထားရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) " လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အတွင်း ရှိ၊ ကော်လိတ်တော်အရာရှိ၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ် ရေးမှူးမှချထားပေးသောမြေပေးမိန့် နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီ၏ လုပ်ငန်းများနှင့် မြေစာရင်းဦးစီးမှ ချထားပေးသော ပုံစံ (၁၀၅)၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇)တို့ကို ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၇၇

(၈) ဦးအာကာလင်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ပင်းတယ၊ ရွာငံမြို့နယ် အတွင်း ရက် (၁၀၀) စီမံချက်၌ ဒေသဖွံ့ဖြိုး ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ၃၉၆

မီးလင်းရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။

(၆) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) " နမ့်ဆန်မြို့နယ်တွင် ပိုလျှံနေသော လျှပ်စစ်မောတ်အား မရရှိသေးသော ကျေးရွာများသို့ ဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၃၅၄

(၂) " နမ့်ဆန်မြို့နယ်တွင် ကတ္တရာလမ်း (၇)ခု၊ ကျောက်ချောလမ်း (၆)ခုနှင့် မြေသားလမ်းအား လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅၈

(၇) ဒေါ်နန်းစံဟွမ်၊ နမွတူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) " နမွတူမြို့နယ်ရှိ နမ့်မျော်ကျေးရွာ နှင့် ရှန်ခိုက်ဘုရားကျောင်း တံခါးဝ ထိ (၄)မိုင်ခရီးရှိသော လမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဖြည့်စွက်ရန်ပုံငွေဖြင့် ခွင့်ပြုပေးရန် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၆၇

ဆောင်ရွက်ပေးနိုင်မှု အခြေအနေ ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။
(လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးမှ ဖြေကြားပေးရန်)

(၆) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း " အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။ ၄၀၄

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၀၈

(၈) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ၂၁ ရာစု ပင်လုံညီလာခံ မကျင်းပနိုင်သေးသော ယခုလို ကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ် တစ်ရပ်ကို အစိုးရမှ အမြန်ဆုံး ဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း " အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၄၁၆

(၉) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ၏ “ လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း ” အရေးကြီးအဆို ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၄၂၁

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီးမှ အဆို (၂)ရပ်နှင့်ပတ်သက်၍ တစ်ပေါင်းတည်း ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၃၀

(၁၁) ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြခြင်း။ ၄၄၇

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခြင်း။ ၄၅၀

- ဆုံးဖြတ်ခြင်း။ ၄၅၁
- မှတ်တမ်းတင်ခြင်း။ ၄၅၈
- ရှင်းလင်းတင်ပြခြင်း။ ၄၆၈

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၁၂ ရက်
[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး
စတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

ကိုယ်စားလှယ်များက မိမိအမည်ကိုထည့်သွင်း ရွတ်ဆိုရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သားကိုယ်စားလှယ်(၂)ဦးက ကတိသစ္စာပြုကြပါသည်။)

ဥက္ကဋ္ဌ။ အားလုံးထိုင်နိုင်ပါပြီ။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၆)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၉)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း ၏ (၉၄. ၈၅%)ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့်ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၅(ဂ) တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

D/real(wide) (1

ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမ)နေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သက်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ကတိသစ္စာ မပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား အစီအစဉ်အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရှေ့မှောက်မှာ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးမှ ဥက္ကဋ္ဌ ရှေ့မှောက်မှာနေရာယူပေးရန် ဖြစ်ပါတယ်။ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါမှာ တပ်မတော်သား ပြည်နယ်လွှတ်တော်

ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ဖြန့်ဝေထားသောအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

ဦးထွန်းရင်၊ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။

D/real(wide) (2

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၇)ဦးအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် ထောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုးညွှန့်လွင် (စီမံကိန်း နှင့် စီးပွားရေးဝန်ကြီး) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၂) ဦးဝေစန်း၊ ကုန်ကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၄)ရက်။

(၃) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်ခွင့်(၁)ရက်။

(၄) ဦးရန်ကျော်၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၃)ရက်။

(၅) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြွယ်ဝပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုဆထက်ထမ်းပိုးဆောင်ရွက်နိုင်မယ်လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီလ(၈)ရက်နေ့မှစပြီး ၈ပြီလ(၅)ရက်အထိ ကျင်းပရာမှာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆန္ဒဖြင့်ရွေးချယ်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင် (၁၀)ဦးကို လွှတ်တော်မှ အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး (၇)ဦးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတည်ပြု ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုတင်ပြတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် ဦးစီးအဖွဲ့ဥက္ကဋ္ဌ (၄)ဦးတို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃ နှင့် ၂၄ တို့အရ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ (က) နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီ (၉) ခုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၇၅) ဦးဖြင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကော်မတီများဟာ လွှတ်တော်

D/real(wide) (3

(၇) ဦးခွန်းအေးမောင်၊ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်ခွင့် (၃)ရက်။
အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက် အားလုံးကိုခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေဆိုင်ရာ ၄(ဂ)(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

ရှိတဲ့အချိန်မှာ လွှတ်တော်ကို တာဝန်ခံရသလို လွှတ်တော်မရှိတဲ့အချိန်မှာ ဥက္ကဋ္ဌကို တာဝန်ခံရတာဖြစ်ပါတယ်။ လွှတ်တော်ကော်မတီများရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို ပထမပုံမှန်အစည်းအဝေးမှာ သက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌများက ဖတ်ကြားရှင်းလင်းခြင်းဖြစ်တဲ့အတွက် မိမိတို့ရဲ့တာဝန်များကို စတင်ဆောင်ရွက်ဖို့ အချိန်အခါရောက်ရှိကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစည်းအဝေးမှာ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ကို ဆောင်ရွက် ကြရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပါ ကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့် အညီဖြစ်ဖို့လိုအပ်ပါတယ်။ ဆိုလိုတာကတော့ ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းတို့ကို ကွဲကွဲပြားပြားဖော်ပြရမှာဖြစ်သလို မေးခွန်းနှင့်အဆိုခေါင်းစဉ်များကိုလည်း ရှင်းလင်းဖော်ပြဖို့ဖြစ် ပါတယ်။ ဒါ့အပြင် ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး သတ်မှတ်ရက်အတွင်း ပေးပို့မယ်ဆိုလို့ရှိရင် ပြန်လည်ဖြေကြား ဆွေးနွေးမဲ့ ပြည်နယ်အဖွဲ့အစည်းဝင်များရဲ့ ပိုမိုတိကျသော၊ ပိုမို ပြည့်စုံသော ဖြေကြားချက်များကို ပြုစုနိုင်မှာဖြစ်ပါတယ်။ အဆိုနှင့် မေးခွန်းများဟာ မိမိမဲဆန္ဒနယ်မှ အများပြည်သူအတွက်ဦးတည်ရမှာဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ဘောင်ထဲက ဖြစ်ရမှာဖြစ်ပါတယ်။ အဆိုနှင့်မေးခွန်းတွေဟာ အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်းမတင်ပြပဲ အပိုပြောတာတွေ၊ ဆန္ဒစောလွန်းတာတွေ ဆန္ဒပြင်းပြတာတွေပါ လာပါက အမှန်သို့မရောက်ရှိပဲ အများသို့ ရောက်ရှိသွားတတ်ပါတယ်။ မေးခွန်းနှင့်စပ်လျဉ်းတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁ပါ ကန့်သတ်ချက်များနှင့်

D/real(wide) (4

၁၁

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဆင့် အဖွဲ့အစည်းဝင် များကဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၇)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးပဲဖြစ်ပါတယ်ရှင်။

ယနေ့အစည်းအဝေးမှာသီပေါမြို့နယ်၊ နမ္မကျေးရွာအုပ်စု၊ နားကွန်ကျေးရွာနှင့် ဘိန်းစိုင်းကျေးရွာအတွင်း ငွေရည်ပုလဲကုမ္ပဏီ၏ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍

၉

နည်းဥပဒေ ၁၀၂ ပါ စည်းကမ်းချက်များနှင့် မညီညွတ်သော မေးခွန်းမျိုးမဖြစ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတိပြုရမှာဖြစ်သလို ဖြေကြားတဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်များ အနေဖြင့်လည်း အမြင်ရှင်းစွာ တိတိကျကျ ဖြေကြားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဟာ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတာဝန်ရှိတဲ့ အစိုးရအဖွဲ့နှင့် အပြန်အလှန် ထိန်းညှိခြင်းပဲဖြစ်ပါတယ်။ လွှတ်တော်တာဝန်ယူရတဲ့ ဥပဒေပြုရေးနှင့် အစိုးရကတာဝန်ယူရတဲ့ အုပ်ချုပ်ရေးတာဝန်ဟာ သီးခြားဖြစ်လွန်းသော်လည်းပဲ လွှတ်တော်နှင့် အစိုးရတို့လုပ်ငန်းများကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ အားကောင်းမောင်းသန်မှာဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးမှာ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့အပြင် အရေးကြီးလှတဲ့ ဥပဒေပြုရေးတာဝန်ရှိပါတယ်။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းဇယား(၂)ပါ ဘက္ထာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်နယ်အကောက်ခွန်ဆိုင်ရာ ဥပဒေကြမ်းတို့အတွက် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေပြုခွင့်ရှိသော်လည်း ကျန်ဥပဒေကြမ်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲပြုစုနိုင်ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဥပဒေကြမ်း ၂ ခု ကို တင်သွင်းမှာဖြစ်ကြောင်းသိရှိရပါတယ်။ ထို့အတူပဲ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ပါ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းထဲက ဥပဒေပြုခွင့်ရှိသောဥပဒေများကို ရေးဆွဲပြုစုဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ကြုံတွေ့လာခဲ့တဲ့ အတွေ့အကြုံအရ လွှတ်တော်ကိုယ်စားလှယ်များဟာ မေးခွန်းများမေးမြန်းခြင်းကဏ္ဍကို အလေးပေးဆောင်ရွက်နိုင်ခဲ့သော်လည်း ဥပဒေရေး

D/real(wide) (5

၁၂

ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းပဲဖြစ်ပါတယ်ရှင်။ လွှတ်တော်ဥက္ကဋ္ဌရှင့်။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ သီပေါမြို့နယ်၊ နမ္မကျေးရွာအုပ်စု၊ နားကွန်ကျေးရွာနှင့် ဘိန်းစိုင်းကျေးရွာအတွင်း ငွေရည်ပုလဲကုမ္ပဏီသည် ၂၀၀၄ ခုနှစ်မှစ၍ ယနေ့အချိန်ထိတိုင် ခန့်မှန်းဧရိယာ (၃၀) ဧကရှိသည့် ကျောက်မီးသွေးတူးဖော်ခြင်း လုပ်ငန်းကို ၁၂ နှစ်တာကာလအတွင်း လုပ်ကိုင်နေခြင်းဖြစ်ပါတယ်။ ငွေရည်ပုလဲကုမ္ပဏီ၏ ကျောက်မီးသွေးတူးဖော်ရေးမရှိစဉ်ကာလတွင် ၎င်းတို့၏ လုပ်ကွက်နေရာ တောင်ဖက်ခြမ်းတွင် တောင်ကျချောင်းရေ၊ မြောင်းရေများသည် လယ်ကွက်များအတွက် ရေလုံလောက်စွာရရှိနိုင်ပါသည်။ ယနေ့အချိန်တွင် ကျောက်မီးသွေးတူးယူထားပြီးဖြစ်သည့်အတွက်ကြောင့် ခန့်မှန်းပေ (၃၀၀) ခန့်နှင့် အကျယ်ပေ ၇၀၀ခန့် တွင်းနက်ကြီးဖြစ်ပေါ်လာသည်။ ထို့ကြောင့် တောင်ကျရေများသည် လယ်ယာမြေလုပ်ကွက်များထိမစီးဆင်းသွားဘဲ တွင်းနက်ကြီးထဲသာ စီးဝင်သွားသဖြင့် လယ်သမားများအတွက်အခက်အခဲများကြုံတွေ့လာပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် ကျောက်မီးသွေးများ ဆက်လက်တူးယူနေမည်ဆိုပါက တောင်သူများအနေဖြင့် ဆက်လက်လုပ်ကိုင်ရမည့် မြေနေရာများ ထပ်မံပြုကျုပျက်စီးသွားနိုင်သည့်အပြင် လယ်ယာမြေထဲသို့ရေမစီးဆင်းနိုင်သောကြောင့် လုပ်ကိုင်မှုခက်ခဲခြင်း၊ မြေသားများလိုဏ်ခေါင်းဖြစ်ခြင်း၊ ညစ်ညမ်းသည့် အနံ့ဆိုးများနှင့်မြေစာပုံများ များပြားလာခြင်းစသည့် ဆိုးကျိုးများဖြစ်ပေါ်လာပါသည်။ ၎င်းမြေစာပုံကြီးများမှတစ်ဆင့် မိုးရေနှင့်အတူ နားနန်းမှ ဝမ်လုံကျေးရွာဘက်သို့ စီးဆင်းနေသော မြစ်ချောင်းထဲနှင့် လယ်ကွင်းများအတွင်း ညစ်ညမ်းသည့်ရေများစီးဝင်လာသဖြင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးသွားရခြင်းနှင့် ညစ်ညမ်းရေများကို ဝမ်လုံနှင့်ကုန်းပေါင်းကျေးရွာနေ ရွာသူ၊ ရွာသားများ သောက်သုံးရေအဖြစ်သုံးစွဲနေရခြင်းကြောင့် လူထု၏

D/real(wide) (6

၁၀

ဆွဲရေးကဏ္ဍများတော့ မှေးမှိန်အားနည်းနေသေးကြောင်း တွေ့ရှိနေရပါတယ်။ ကျွန်တော်တို့ကို ဆန္ဒမဲပေးရွေးချယ်ထားတဲ့ ပြည်သူတွေဟာ ကိုယ်တိုင်ရင်ဆိုင်ဖြတ်သန်းခံစားခဲ့ရတဲ့ ဘဝအတွေ့အကြုံကပေးအပ်တဲ့အသိတရား၊ မှန်ကန်တဲ့ အသိတရားအပေါ် အခြေခံတဲ့ဆန္ဒရှိသူများဖြစ်ကြပါတယ်။ ပြည်သူတို့ရဲ့ တင်ပြချက်၊ ပြည်သူတို့ရဲ့အသံ၊ ပြည်သူတို့ရဲ့ခံစားချက်နဲ့ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို ချင့်ချိန်သုံးသပ်ပြီး လွှတ်တော် အစည်းအဝေးမှာ တင်ပြရတာဖြစ်ပါတယ်။ မိမိတို့ရဲ့ တင်ပြ ဆွေးနွေးချက်ဟာ မဲဆန္ဒရှင်ပြည်သူများရဲ့ အကျိုးစီးပွား၊ မိမိ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်အကျိုးစီးပွားကို ရှေးရှုပြီး စေတနာမှန်မှန်အတွက်မစွဲစိတ်လေးဖြင့် ပြည်သူလူထုရဲ့ အများ လိုလားချက်များ၊ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး ဖော်ဆောင်ပေးရမှာပဲဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့်လွှတ်တော်ကိစ္စများကို ဆောင်ရွက်တဲ့နေရာမှာ အခြားတစ်ပါးသော အဖွဲ့အစည်းတွေရဲ့ဖိအားပေးမှု အခြားအခြားသော ပုဂ္ဂိုလ်တွေရဲ့လွှမ်းမိုးမှုမရှိစေဘဲ အမှီခိုကင်းကင်းဖြင့် ရပ်တည်နိုင်အောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ မိမိ လွှတ်တော်အတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး မိမိတို့အချင်းချင်းကြားမှာ မိမိတို့လေ့လာအားနဲ့ ထွက်ပေါ်လာတဲ့အကြံကောင်းဉာဏ်ကောင်းနဲ့ မိမိပြည်နယ်နဲ့ မိမိတိုင်းပြည်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

အရ သတ္တုစမ်းသပ်တိုင်းတာခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှု တွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနသို့လည်းကောင်း ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၁) ဖြင့် လျှောက်ထားရမည်။ နည်းဥပဒေအခန်း (၄)၊ နည်းဥပဒေ (၂၃) အရ သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၃)ဖြင့် လျှောက်ထားရမည်။ နည်းဥပဒေအခန်း (၅)၊ နည်းဥပဒေ (၂၅) အရ သတ္တုအသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနသို့လည်းကောင်း ခွင့်ပြုမိန့်ရရှိရန် ပုံစံ (၃)ဖြင့်လျှောက်ထားရမည်။ နည်းဥပဒေ အခန်း (၆)၊ နည်းဥပဒေ (၄၃)အရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သည့်ဧရိယာ၊ လုပ်ကွက်များတွင် သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိထံသို့ ပုံစံ (၅)ဖြင့် လျှောက်ထားရမည်။ နည်းဥပဒေအခန်း (၇)၊ နည်းဥပဒေ (၄၇)အရ ဓါတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း (၃)ရပ်အနက် တစ်ရပ်ထက်ပိုသောလုပ်ငန်းများကို တစ်ပေါင်းတည်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကိုရရှိလိုသော ပုဂ္ဂိုလ်

ကျန်းမာရေးထိခိုက်ခြင်းများဖြစ်ပေါ်လာပါသည်။ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ နမ္မဘုန်းတော်ကြီးကျောင်း၌ ရွာသူ၊ ရွာသားအင်အားပေါင်း (၄၅၀) ခန့်ဖြင့် ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မှုမပြုရန် ဆန္ဒဖော်ထုတ်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့စွဲပါ ငွေရည်ပုလဲကုမ္ပဏီ၏ ကျောက်မီးသွေးဆက်လက်တူးဖော်မှုမပြုရန် လူအင်အား (၂၉၀)ဦးဖြင့် လက်မှတ်ရေးထိုးတောင်းဆိုထားသော ကန့်ကွက်စာကို ကျွန်မလက်ခံရရှိပါတယ်။ ၎င်းနှင့်ပတ်သက်၍ အောက်ပါကြွယ်ပွင့်ပြမေးခွန်းများကို မေးမြန်းလိုပါတယ်ရှင့်။ မေးခွန်းများမှာ မေးခွန်းနံပါတ် (၁) ငွေရည်ပုလဲကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တရားဝင်လုပ်ပိုင်ခွင့် စာချုပ်စာတမ်း ရှိ/ မရှိ သိရှိလိုပါတယ်ရှင့်။

မေးခွန်းနံပါတ်(၂) ငွေရည်ပုလဲကုမ္ပဏီ၏ လုပ်ပိုင်ခွင့် စာချုပ်သက်တမ်းမှာ မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်ထိ ချုပ်ဆိုထားသည်ကို သိရှိလိုပါတယ်ရှင့်။

မေးခွန်းနံပါတ်(၃) စာချုပ်သက်တမ်းမကုန်ဆုံးသေးပါက စာချုပ်သက်တမ်းတိုးမှုများ ရပ်တန့်ရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါတယ်ရှင့်။

မေးခွန်းနံပါတ်(၄) စာချုပ်သက်တမ်းမကုန်ခင် ကျန်ရှိနေသော ကာလတစ်လျှောက်လုံးတွင် မြေစာပုံကြီးမှတစ်ဆင့် ရေချောင်းအတွင်းသို့လည်းကောင်း၊ လယ်ကွက်ထဲသို့လည်းကောင်း၊ ညစ်ညမ်းရေစီးဝင်မှုမှ ကာကွယ်ရန် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါသည်။ ထိုအကြောင်းအရာကို စာချုပ်အတွင်း ထည့်ဝင်ဆွေးနွေးထားခြင်း ရှိ/ မရှိ သိရှိလိုပါတယ်ရှင့်။

မေးခွန်းနံပါတ်(၅) သက်တမ်းမကုန်ခင် ကျန်ရှိနေသော ကာလတစ်လျှောက်လုံးတွင် တောင်သူများ၏ လယ်ယာမြေ

D/real(wide) (7

သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ(၁) နှင့် ပုံစံ (၃)တို့ကို လိုအပ်သလို ဖြည့်စွက်၍ လျှောက်ထားရမည် ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးရုံးမှ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို သဘောထားမှတ်ချက် တောင်းခံရုံသာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း စိစစ်ပြီး အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုရန်သင့်/မသင့် သဘောထားမှတ်ချက်ကို ပြည်ထောင်စုသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ပြီး ပြည်ထောင်စုဝန်ကြီးရုံးမှ ပေးပို့လျှင် မြန်မာ့သတ္တုတွင်း နည်းဥပဒေ မှာပါတဲ့ ပုံစံတွေနဲ့အညီ ခွင့်ပြုမိန့်တွေကို ပြည်ထောင်စုအဆင့်မှ ထုတ်ပေးလျက်ရှိပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်း (၆) ခုနှင့်ပတ်သက်ပြီးတော့ " တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အခန်း(၁၁)၊ နည်းဥပဒေ (၉၈)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အား မေးမြန်းသော မေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရက တာဝန်ခံထားသောအုပ်ချုပ်မှု တစ်ရပ်ရပ်နှင့်သက်ဆိုင် စေရမည် " ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ရဲ့ မေးခွန်းမှာ အဆိုပါ ဓါတ်သတ္တုရှာဖွေရန်၊ စမ်းသပ်တိုင်းတာရန်၊ ဓါတ်သတ္တုအကြီးစား၊ အသေးစားထုတ်လုပ်ရန်လုပ်ငန်းများ နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သဘောထားမှတ်ချက် ပြုခြင်းသာဆောင်ရွက်ရပြီး ခွင့်ပြုမိန့်များအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု

လုပ်ကွက်များအထိ ရေများသွယ်တန်းသွင်းပို့ပေးဖို့ အစီအစဉ် ရှိ/မရှိ၊ ရှိပါကမည်သည့်အချိန်တွင် စတင်လုပ်ဆောင်မည်ကို သိရှိ လိုပါသည်။ ထိုအကြောင်းအရာကို စာချုပ်အတွင်း ထည့်ဝင်ဆွေးနွေး ထားခြင်း ရှိ/ မရှိလည်း သိရှိလိုပါတယ်ရှင့်။

မေးခွန်းနံပါတ်(၆) ငွေရည်ပုလဲကုမ္ပဏီမှ ဒေသဖွံ့ဖြိုးလုပ်ငန်း လုပ်ဆောင်ရန် သဘောတူစာချုပ်တွင် ထည့်သွင်းထားခြင်း ရှိ/ မရှိ ကို သိရှိလိုပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တက်ရောက်လာတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဒေါက်တာညီညီအောင်ကနေ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်း နှင့်ပတ်သက်ပြီး ပြောရမယ်ဆိုရင် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ (၄)၊ ပုဒ်မ(၅) အရ သတ္တုလုပ်ငန်း လုပ်ကိုင် လျှောက်ထားလိုသူတွေဟာ မြန်မာ့သတ္တုတွင်း ဥပဒေ အခန်း ၂ နည်းဥပဒေ ၃ အရ သတ္တုရှာဖွေ ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှုတွင်းထွက် ကုန်ကြမ်း သို့မဟုတ် ကျောက်ရှာဖွေခြင်းလုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနသို့လည်းကောင်း ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၁) ဖြင့် လျှောက်ထားရမည်။ နည်းဥပဒေအခန်း (၃)၊ နည်းဥပဒေ (၁၂)

D/real(wide) (8

ဝန်ကြီးရုံးမှသာဆောင်ရွက်ခြင်းဖြစ်သဖြင့် သက်ဆိုင်ရာလွှတ်တော်များမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ မေးမြန်းသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်က မေးခွန်း (၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်ဖြစ်ပါတယ်ခင်ဗျား။

မေးခွန်း(၁) လဲချားမြို့နယ်၊ ဝမ်စဲ့ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဟိုင်းတံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၁)ပါ ဝမ်ဟိုင်းတံတားသည် အရှည်(၆၀)ပေ၊ အကျယ် (၁၄)ပေ၊ အနက်(၂၀)ပေခန့်ရှိပြီး ယိုယွင်းပျက်စီး၍ ဒေသခံပြည်သူများအတွက် အန္တရာယ်ရှိသောတံတားတစ်စင်းဖြစ်ပါသည်။ ၎င်းတံတားသည် လဲချားမြို့နယ်အတွင်းရှိ ဝမ်စဲ့မှ တပ်မောက်စသည့် ကျေးရွာအုပ်စုများအတွက် မရှိမဖြစ် အလွန်အရေးကြီးသောတံတားဖြစ်ပါသည်။ ထို့အပြင် မိုင်းကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကျေးသီးမြို့နယ်အထိ ပေါက်ရောက်သည့် ရှေးယခင်ကတည်းက ဒေသခံများအတွက် သွားလာသောတံတားဖြစ်ပါသည်။ ၎င်းတံတားအား ဆောက်လုပ်

ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့်မေးခွန်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၃)ပါ ကျေးရွာချင်းဆက်လမ်းသည် ဒေသခံပြည်သူများသွားလာရေးအတွက် မိုးတွင်းကာလတွင် အလွန်တရာခက်ခဲသောလမ်းဖြစ်ပါသည်။ ၎င်းလမ်းကို ဆောက်လုပ်ပေးခြင်းအားဖြင့် စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကို များစွာအကျိုးရှိစေမည်ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်ပေးသင့်ပါသည်။ ထို့ကြောင့် လဲချားမြို့နယ်တွင်းရှိ ကျေးရွာအုပ်စုချင်းဆက်လမ်းကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်နှင့် ဆောင်ရွက်ပေးရန် ရှိ/မရှိ ။ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၄) ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ပန်ရွာနှင့် တပ်မောက်ကျေးရွာအုပ်စုသို့ ကျေးရွာအုပ်စုချင်းဆက်လမ်း၊ မြေသားလမ်း (၈)မိုင်ခန့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၄)ပါ ကျေးရွာချင်းဆက်လမ်းအား ဒေသခံပြည်သူများသွားလာရေးအတွက် အလွန်တစ်ရာခက်ခဲပါသည်။ ၎င်းလမ်းကို ဆောက်လုပ်ပေးခြင်းအားဖြင့် စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကို များစွာအကျိုးဖြစ်ထွန်းစေမည်။ ထို့ကြောင့် ကျွန်တော်တို့ လဲချားမြို့နယ်တွင်းရှိ ကျေးရွာအုပ်စုချင်းဆက်လမ်းကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နှင့် ဆောင်ရွက်ပေးရန် ရှိ/ မရှိ ။ ရှိပါကမည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၅)ပန်ဆိုင်းကျေးရွာအုပ်စုအတွင်းရှိ လဲချား -

D/real(wide) (9

မိုင်းနောင် ပြည်ထောင်စုလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၉)မိုင် လွိုင်တန့်မှ လဲချားမြို့နှင့် ဝမ်စိမ်းမြို့နယ်စပ် နောင်ဖာအထိ (၈)မိုင်ခန့် မြေသားလမ်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့်စပ်လျဉ်း သည့်မေးခွန်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၅)ပါ ကျေးရွာချင်းဆက် လမ်းတွင် ဒေသခံပြည်သူများသွားလာရေးအတွက် မိုးတွင်းကာလ တွင် အလွန်တစ်ရာခက်ခဲနေသည်ကိုတွေ့ရပါသည်။ ၎င်းလမ်းကို ဆောက်လုပ်ပေးမည်ဆိုပါက ဒေသခံများအတွက် များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ထို့ကြောင့်လဲချားမြို့နယ်တွင်းရှိ ကျေးရွာအုပ်စုချင်းဆက်လမ်းကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နှင့် ဆောင်ရွက်ပေးရန် ရှိ/မရှိ ။ ရှိပါကမည်သည့် အချိန်ကာလတွင်ဆောင်ရွက်ပေးမည်ကို သိရှိ လိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် မေးမြန်းတဲ့မေးခွန်းများကို ကျွန်တော် တစ်ခုချင်း ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပေးမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်စေမှာဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်ပေးသင့်ပါသည်။ ဖြစ်နိုင်ပါကလာမည့် ဖြည့်စွက်ရန်ပုံငွေတွင်ထည့်သွင်းလျာထား ပေးစေချင်ပါသည်။ ထို့ကြောင့် ၎င်းတံတားအား ပြည်နယ်အစိုးရ အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်နှင့် ဆောင်ရွက်ပေးရန် ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၂) ဝမ်စဲ့ကျေးရွာအုပ်စုမှ တပ်မောက်ကျေးရွာအုပ်စု သို့ မြေသားလမ်း (၁၈)မိုင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့်မေးခွန်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၂)ပါ ကျေးရွာအုပ်စုချင်းဆက်လမ်းသည်၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ထားပြီး ကျန်(၁၅)မိုင်အား ဆောင်ရွက်ရန် ကျန်နေပါသေး သည်။ ၎င်းကျေးရွာချင်းဆက်လမ်းသည် ကျေးရွာနေပြည်သူများကို ရာသီထွက်သီးနှံများ မြို့ပေါ်သို့ အချိန်မီလာရောက် ရောင်းချနိုင်ရေး အတွက် ရာသီဥတုမရွေးသွားလာနိုင်မည့် အနိမ့်ဆုံး မြေသားလမ်း အဆင့်သို့ တာဝန်ရှိ ရှမ်းပြည်နယ်အစိုးရအနေဖြင့် အလေးထားတိုးမြှင့် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူများလိုလားတောင့်တလျက်ရှိပါတယ် ခင်ဗျား။ ထို့ကြောင့် ကျွန်တော်တို့ လဲချားမြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ချင်းဆက်လမ်းကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက် ပေးနိုင်မည်နှင့် ဆောင်ရွက်ပေးရန်ရှိ/ မရှိ ။ ရှိပါက မည်သည့်အချိန် ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စားမေးမြန်းအပ် ပါတယ်ခင်ဗျား။

မေးခွန်း(၃) ဝမ်ဆန်းကျေးရွာအုပ်စု၊ ဟဲဆိုင်ကျေးရွာအုပ်စုနှင့် နောင်ကော့ကျေးရွာအုပ်စုချင်းဆက်လမ်း၊ မြေသားလမ်း (၈)မိုင်ခန့်

D/real(wide) (1

မေးခွန်းနံပါတ် (၁)ဖြစ်တဲ့ လဲချားမြို့နယ်၊ ဝမ်စဲ့ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဟိုင်းတံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ လဲချားမြို့နယ် ဝမ်စဲ့ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဟိုင်းတံတားမှာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်သည့်အတွက် ဆွေးမြေ့နေပြီး ခိုင်ခန့်မှုအားနည်းလျက်ရှိပြီး ယာဉ်ငယ်များသာ သွားလာအသုံးပြုနိုင်ကြောင်းတွေ့ရှိရပါတယ်။ အဆိုတံတားအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်သန်း (၆၀)ခန့် ကုန်ကျမည်ဖြစ်ပါသည်။ အဲဒီတံတားဟာ ကျေးရွာ (၁၃)ရွာ၊ အိမ်ခြေ (၈၁၉)အိမ်နဲ့ လူဦးရေ (၄၃၇၇)ဦးအားအကျိုးပြုနိုင်မည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြတဲ့ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ် (၂)ဖြစ်တဲ့ ဝမ်စဲ့ကျေးရွာအုပ်စုမှ တပ်မောက်ကျေးရွာအုပ်စုသို့ မြေသားလမ်း (၁၈)မိုင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ ဝမ်စဲ့ကျေးရွာအုပ်စုမှတပ်မောက်ကျေးရွာအုပ်စုသို့ လက်ရှိမြေသားလမ်းသည် အရှည် (၁၈)မိုင်ရှည်လျားပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း (၃)မိုင် ဖောက်လုပ်ခြင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၁)မိုင်ခင်းရန်လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါသည်။ ဝမ်စဲ့-တပ်မောက်လမ်းအရှည် (၁၈)မိုင်အနက်မှ ကျန်ရှိသည့် မြေသားလမ်း (၁၅)မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်

မေးခွန်းနံပါတ်(၄)ဖြစ်တဲ့ ဝမ်ဟိုင်းကျေးရွာအုပ်စု၊ ဝမ်ပန်ရွာနှင့် တပ်မောက်ကျေးရွာအုပ်စုသို့ ကျေးရွာအုပ်စုချင်းဆက်လမ်း၊ မြေသားလမ်း (၈)မိုင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြတဲ့ ကျေးရွာအုပ်စု(၂)အုပ်စု ဆက်သွယ်နိုင်သောလမ်းအားကွင်းဆင်းစစ်ဆေးချက်များအရ ဝမ်ပန်-တပ်မောက်လမ်း (၈)မိုင် ရှည်လျားသည့်လမ်းအား အသုံးပြုသွားလာနိုင်၍ မြေသားလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်(၁၇၆) သန်းခန့်ကုန်ကျမည်ဖြစ်ပါတယ်။ကျေးရွာ (၁၀) ရွာ၊ အိမ်ခြေ (၆၁၆) အိမ်၊ လူဦးရေ (၃၈၄၀) ဦးအားအကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ၎င်းအဆိုပြုတဲ့ လမ်းအရှည်(၈)မိုင်အား ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နံပါတ်(၅)မေးခွန်းဖြစ်တဲ့ ပန်ဆိုင်းကျေးရွာအုပ်စုအတွင်းရှိ လဲချား- မိုင်းနောင် ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၁၉ မိုင် လွိုင်တန့်မှ လဲချားမြို့နှင့် ဝမ်စိမ်းမြို့နယ်စပ် နောင်ဖာအထိ (၈) မိုင် မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုပါသည် မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုတင်ပြသည့် လဲချားမြို့နယ်နှင့် နမ့်စန်မြို့နယ်အတွင်းရှိ ဝမ်စိမ်းမြို့ ဧရိယာအတွင်းရှိ ကျေးရွာချင်းဆက်သွယ် အသုံးပြုနိုင်သည့် လက်ရှိမြေသားလမ်းအား ကွင်းဆင်းစစ်ဆေးချက်များအရ လွိုင်ကန့်-နောင်ဖာလမ်းအရှည်၊နောင်ဖာလမ်းအရှည် (၈) မိုင်အား အသုံးပြုသွားလာနိုင်၍ မြေသားလမ်းအဖြစ်ဆောင်ရွက်မည်ဆိုပါ ကခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၁၇၆) သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

D/real(wide) (1

ကျေးရွာ (၁၃) ရွာ၊ အိမ်ခြေ (၄၇၃) အိမ်နဲ့ လူဦးရေ (၂၇၆၄) ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြတဲ့ လမ်းအရှည် (၈) မိုင်အား ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလုံက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တကွ တက်ရောက်လာကြသောလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မဲဆန္ဒနယ်အမှတ်(၂) မိုင်းကိုင်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်မှ ကြယ်ပွင့်ပြမေးခွန်းမေးရန်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ရပ်ကွက်အမှတ် (၁) နှင့် ရပ်ကွက်အမှတ် (၄)တို့မှ အရှေ့မြို့ပတ်လမ်းနှင့် အနောက်မြို့ပတ်လမ်းတို့တွင် အသုံးပြုနေသော လျှပ်စစ်မီးမှာ လျှပ်စစ်ဝန်အားနှင့် နိုင်နင်းမှုမရှိသဖြင့် ထရန်စဖော်မာတိုးချဲ့ပေးရန် ပြည်သူများမှ အထူးလိုအပ်လျက်ရှိပါသည်။နောက်ထပ်ထရန်စဖော်မာ ဖြည့်ဆည်းပေးရန်လိုအပ်သော အိမ်ခြေ (၂၀၀) ကျော်မှ မီးထွန်းခြင်း၊ ချက်ပြုတ်ခြင်း၊လျှော်ဖွပ်ခြင်းနှင့် အခြားအမျိုးမျိုး သုံးစွဲခြင်းအပြင်

မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၃၃၀)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျေးရွာ (၁၃)ရွာ၊ အိမ်ခြေ (၈၁၉)အိမ်နဲ့ လူဦးရေ (၄၃၇၇)ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြလာတဲ့ ဝမ်စဲ့-တပ်မောက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းမှ ဆောင်ရွက်ရန် ကျန်ရှိသည့် လမ်းအရှည် (၁၅)မိုင်အား ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ နံပါတ်(၃)မေးခွန်းဖြစ်တဲ့ ဝမ်ဆန်းကျေးရွာအုပ်စုနဲ့ ဟဲဆိုင်ကျေးရွာအုပ်စုနှင့် နောင်ကော့ကျေးရွာအုပ်စု ချင်းဆက်လမ်း၊ မြေသားလမ်း (၈)မိုင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြတဲ့ ကျေးရွာအုပ်စု (၃)အုပ်စု ဆက်သွယ်နိုင်သော လမ်းအားကွင်းဆင်းစစ်ဆေးချက်များအရ ဝမ်ဆန်း-ဟဲဆိုင်-နောင်ကော့လမ်း(၈)မိုင်အား အသုံးပြုသွားလာနိုင်၍ ၎င်းလမ်းအား မြေသားလမ်းအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် (၁၇၆)သန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။ ကျေးရွာ (၁၆)ရွာ၊ အိမ်ခြေ (၆၆၆)အိမ်နဲ့ လူဦးရေ (၃၆၆၈)ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြတဲ့ လမ်းအရှည် (၈)မိုင် အား ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

D/real(wide) (1

သော ဒေသဖြစ်ခဲ့၍ အဖက်ဖက်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ နောက်ကျ ကျန်ခဲ့ပါသည်။ ယခုအခါ ဒီမိုကရေစီခေတ်မှာ ငြိမ်းချမ်းပြီး၊ အေးချမ်းပြီးဖြစ်တဲ့အတွက်ကြောင့် မိဘပြည်သူတွေဟာ ဒေသ၏ လမ်း၊ တံတား၊ ရေ၊ မီးကိစ္စများကို အဆင့်မြင့်ဆောင်ရွက်ပေးနိုင်ရေး အတွက် ဆန္ဒပြင်းပြလျက်ရှိပါတယ် ခင်ဗျား။ ပြီးခဲ့တဲ့ အစိုးရသက်တမ်း ၅နှစ်တာကာလမှာလည်း အထိုက်အလျောက် လုပ်ဆောင်ပြီး၊ အထိုက်အလျောက်တိုးတက်ပြီးဖြစ်ပါတယ်။ မိမိတို့ဒေသမှာ လူမျိုးပေါင်း (၁၅) မျိုးဖြစ်ပြီး၊ ရှိပြီး ဘိန်းအစားထိုး အသီးအနှံအဖြစ် ထောပတ်၊ နာနတ်၊ စပါး၊ ပြောင်း၊ ပဲစင်းငုံ များစွာစိုက်ပျိုးထုတ်လုပ် လျက်ရှိပါတယ်။ အဓိကအားဖြင့် ဆန်စပါးကတော့ ဟိုပုံးချိုင့်ဝှမ်းနှင့် ဆီဆိုင်ချိုင့်ဝှမ်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နာမည်ကြီးနေတဲ့ ခေါက်နန့်ခမ်းကို အကြီးအကျယ် အထူးအထွက်တိုးနဲ့ စိုက်ပျိုးလျက် ရှိပါတယ်။ ၄င်းထုတ်ကုန်တွေကို အဆင့်မြင့်ထုတ်လုပ်နိုင်ရေး အတွက်နဲ့ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းထွန်းကားဖို့၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ဖို့ ၊ လူနေမှုဘဝမြင့်မားလာစေရန် ရည်ရွယ်ပြီး ဒေသနေ မိဘပြည်သူများ မြို့နယ်အတွင်း ဖြတ်သန်း သွားတဲ့ National Grip Line မှ အကွာ၂မိုင်၊ ၅မိုင်၊ ၁၀ မိုင်အတွင်း ဝန်းကျင် ကျေးရွာများအား ကျန်သည့်ဒေသများနည်းတူ လျှပ်စစ်မီး ရရှိနိုင်ဖို့အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး မီး ကော်မတီ ဖွဲ့စည်းပြီး ပို၍ ၉ လိုင်းကို တာဝန်ယူ၍ နိုင်ငံတော်မှ ၁၁ ကေဗွီလိုင်းနှင့်ထရန်စဖော်မာများ ကူညီပေးနိုင်ပါရန် အောက်ပါ ကျေးရွာများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး RE သို့မဟုတ် လာမည့် ၂၀၁၇-၂၀၁၈ မှာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါတယ်။ အဆိုပါဆန္ဒပြင်းပြတဲ့ ကျေးရွာတွေကတော့ ပါလောပါကယ် ကျေးရွာအုပ်စု၊လွယ်ဆမ်ဆစ်အိမ်ခြေက(၃၂၅)အိမ်၊ ကောင်ပန်တန်း

ပါဝါမီတာသုံး စက်မှုလုပ်ငန်းများဖြစ်သည့် ဝပ်ရှော့ အလုပ်ရုံ (၂)ရုံနှင့် ဆန်စက်များ (၅)ရုံအတွက် လျှပ်စစ်ထရန်စဖော်မာနှင့်သုံးစွဲမည် ဆိုလျှင် ဓါတ်အားနိုင်နင်းမှု မရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ မိုင်းကိုင်မြို့နေ ပြည်သူများ လုပ်ငန်းရှင်များ အဆင်ပြေစွာ လျှပ်စစ်မီးသုံးစွဲနိုင်ရေး ရည်ရွယ်လျက်-

(က) အရှေ့မြို့ပတ်လမ်းတွင် ၁၁ ကေဗွီလိုင်းပေ (၈၀၀) တည်ဆောက်ပြီး ၂၀၀ ကေဗွီအေထရန်စဖော်မာ (၁)လုံးကို ပထမ ဦးစားပေးအဖြစ်လည်းကောင်း၊

(ခ) အနောက်မြို့ပတ်လမ်းကို ၁၁ ကေဗွီလိုင်းပေ (၅၀၀) တည်ဆောက်ပြီး ၂၀၀ ကေဗွီအေထရန်စဖော်မာ (၁)လုံး ဒုတိယ ဦးစားပေးအဖြစ်လည်းကောင်း၊

မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအစီအစဉ်များမှ အမှတ်စဉ် ၂၅၀၊ စာအမှတ်၃၄၂/၁/၂၀၁၅၊ ရက်စွဲ ၁၈-၁၀-၂၀၁၅ ဖြင့်တင်ပြလျှောက်ထားပြီး ဖြစ်ပါသည်။ ၄င်းတင်ပြလျှောက်ထား သည့် ထရန်စဖော်မာ(၂)လုံးနှင့်တကွ လိုအပ်သော ဆက်စပ်ပစ္စည်း များကို ရှမ်းပြည်နယ်အစိုးရမှ သင့်လျော်သောရန်ပုံငွေဖြင့် အမြန်ဆုံး ခွင့်ပြုပေးနိုင်ရေး အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း ၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ

D/real(wide) (1

(၆၅၀)အိမ်၊ မိုင်းရယ်ကျေးရွာအုပ်စု လွယ်မန့်၊ လွယ်တော်၊ နမ့်ခမ်း၊ ကွန်နား၊ အိမ်ခြေဟာ (၃၄၅)၊ အိမ်ခြေ (၂၁၅)၊ အိမ်ခြေ (၈၀)၊ နောင်မွန်ကျေးရွာအုပ်စု၊ ဆံဆိုင်(၈၅)၊ ဗန်ခွီးကျေးရွာအုပ်စု၊ ထီဗွာ (၄၀)၊ ပေဆုံကျေးရွာအုပ်စု၊ ထီမန့် (၁၂၅)၊ ကောင်းဗွာ (၉၂)၊ နောင်ကျောကျေးရွာအုပ်စုက ထီတလိုး အိမ်ခြေ (၇၀)၊ တခွေခွန် (၄၀)၊ ထီဖူး (၆၂)၊ ပန်နိုင်း (၆၃)၊ မဲဟဲ (၄၀)၊နောင်အယ် (၁၁၅)၊ ပုံလောင် (၅၀)၊ မီးသွေးကုန်း (၁၀၆)၊ သွေးဆုံးမြောက်ရွာ စတဲ့ ကျေးရွာတွေဖြစ်ပါတယ်။ ၄င်းကျေးရွာတွေသည် ကိုယ့်အား ကိုယ်ကိုး မီးကော်မတီ ဖွဲ့စည်းထားပြီး ပွိုင့် ၉ လိုင်းမှာ ပါဝင်ဖို့ အတွက် ကိုယ့်အားကိုယ်ကိုး ကြိုတင်ရန်ပုံငွေ စုဆောင်းထားတဲ့ ကျေးရွာအချို့ရှိပြီးတဲ့အတွက်ကြောင့် နိုင်ငံတော်အနေနှင့် ၁၁ကေဗွီ နှင့်ထရန်စဖော်မာချထားပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းပဲဖြစ်ပါတယ်။ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်မှ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ်ရှိ မီးသွေးကုန်း၊ ကောင်းမှုဗွာကျေးရွာ

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းပဲ ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်၊မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ်အတွင်း မီးအားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် အရှေ့မြို့ပတ်လမ်းတွင် ၁၁ကေဗွီလိုင်း (၈၀၀)ပေ၊ ၂၀၀ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်းနှင့် အနောက်မြို့ပတ်လမ်းကို ၁၁ကေဗွီလိုင်း (၅၀၀)ပေတည်ဆောက်ပြီး ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိသေးပါသဖြင့် နောင်လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ရရှိရေးတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပါသည်။ ထည့်သွင်းတောင်းခံ၍ရလျှင်အားလုံးဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဆီဆိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးခွန်မောင်ပယ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ရဲ့ ဆီဆိုင်မြို့နယ်သည် ယခင်က မငြိမ်းချမ်း

D/real(wide) (1

စုစုပေါင်းကျေးရွာ (၂)ရွာ ခါတ်အားရရှိရေးအတွက်

(က) ၁၁ကေဗွီ ခါတ်အားလိုင်း (၂. ၃)မိုင်

(ခ) ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၂)လုံး တည်ဆောက်ခြင်းတို့ကို NEP-2 Miles ကို ပထမ ဦးစားပေးမှာ ထည့်ထားပါတယ်။

ဆီဆိုင်မြို့နယ်ရှိမဲဟဲကျေးရွာ လျှပ်စစ်ခါတ်အားရရှိရေးအတွက်

(က) ၁၁ကေဗွီ ခါတ်အားလိုင်း (၂. ၅)မိုင်

(ခ) ၁၁/၀. ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာ (၂)လုံး တည်ဆောက်ခြင်းကို NEP-5 Miles ကို ဒုတိယဦးစားပေးမှာ ထည့်ထားပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အမျိုးသားလျှပ်စစ်ခါတ်အားရရှိရေးစီမံကိန်း NEP လျှာထားချက်တွင် ထည့်သွင်းတင်ပြထားပြီဖြစ်ပါတယ်။

ကျန်ရှိသော လွယ်ဆံဆစ်၊ လွယ်မန့်၊ လွယ်တော်၊ ကွန်နား၊ ဆံဆိုင်၊ ထီဗွာ၊ ထီမန့်၊ ထီတလိုး၊ တခေါ့ခွန်၊ ထီဖူး၊ နောင်အယ်၊ ပုံလောင် စုစုပေါင်းကျေးရွာ (၁၂)ရွာ ခါတ်အားရရှိရေးအတွက် ဂျာမနီချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလျှာထားချက်များတွင် ထည့်သွင်းတင်ပြထားပါသည်။ ကျန်ရှိသော ကျေးရွာ (၂)ရွာဖြစ်သည့် ကောင်ပန်တန်းနှင့် ပန်လိုင်းကျေးရွာတို့မှာ စီမံကိန်းလျှာထားချက်တွင် ပါဝင်ခြင်းမရှိသေးပါကြောင်းနှင့် နောင်လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေရရှိရေး (သို့မဟုတ်) ချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလျှာထားချက်တို့တွင် ထည့်သွင်းတောင်းခံလုပ်ဆောင်သွားမှာဖြစ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

နေရာကိုထွန်းပေးနေရပါတယ်။ ခွဲခန်းခုတင်နှင့် ခွဲခန်း Aircon လိုအပ် နေပါတယ်။ ဆရာဝန်၊ ဆရာမများ ခွဲခန်းအတွင်း ခွဲစိတ်နေချိန်တွင် မီးစလောင်း လိုအပ်၍သော်လည်းကောင်း၊ ခွဲခန်းခုတင်မကောင်း၍ သော်လည်းကောင်း၊ ခွဲစိတ်ရတာ အဆင်မပြေကြောင်း တင်ပြလိုပါတယ်။ ခွဲခန်းမီးစလောင်း၊ ခွဲခန်း Airconနှင့် ခွဲခန်းခုတင်များကို ချပေးနိုင်ရန်အတွက် (၂၉-၄-၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံသို့တင်ပြခဲ့ပြီး (၁၈-၅-၂၀၁၆)ရက်နေ့တွင် ပြည်နယ် ကုသရေးဦးစီးဌာန၊ စဝ်စံထွန်းဆေးရုံကြီးမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနရုံး၊ အမှတ် ၄ နေပြည်တော်သို့ ဆက်လက် တင်ပြထားကြောင်း ပြန်ကြားခဲ့ပါတယ်။ ၄င်းခွဲခန်းမီးစလောင်း၊ Airconနှင့် ခွဲခန်းခုတင်များကို မည်ကဲ့သို့ချပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် တင်ပြ မေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၂)ကို တစ်ဆက်တည်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ်သည် တောင်ကြီးမြို့နှင့် မိုင်ပေါင်း ၁၅၀ ကျော် ကွာဝေးပြီး အရေးပေါ်လူနာများရှိလာပါက အင်မတန် အခက်အခဲကြုံနေရပါတယ်။ အချို့သောလူနာများသည်ထိုင်၍မရ၊ အောက်စီဂျင်ပါပေးရသော လူနာမျိုးရှိလာပါက မန်တုံလိုင်းကားများနှင့် အခြားမြို့သို့၊ အခြားသောမြို့နယ်ဆေးရုံများသို့ သွားရောက်ကုသရန် အဆင်မပြေတော့ပါ။ အရေးပေါ်ယာဉ်တိုက်မှုများပေါ်ပေါက်လာပါက မြို့နယ်ကလိုင်းကားများမတင်ချင်တာနဲ့ မကြာ

D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်း ၁ နှင့် ၂ ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒီနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန် မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံသည် ၂၅ ခုတင် ဆေးရုံဖြစ်ပြီး အထူးလိုအပ်လျက်ရှိသော မီးစလောင်း၊ ခွဲခန်း Airconနှင့် ခွဲခန်းခုတင်များကို ကျန်းမာရေးနှင့် ကုသရေးဌာနမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးထားကြောင်း မေးခွန်းမေးမြန်းလိုပါတယ်။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံ ၂၅ ခုတင်သည် လွန်ခဲ့သော ၁၉၆၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်သူ့ဆေးရုံကြီးကို မှီခိုအားထား၍ လာရောက်ဆေးကုသခံယူလျက်ရှိသော ပြည်သူများ ၁၀၀၀၀ ကျော်ရှိပါတယ်။ အရေးပေါ်ခွဲစိတ်ရန် လိုအပ်သော လူနာရောက်ရှိလာပါက အလွန်ပင် အခက်အခဲရှိပါတယ်။ လျှပ်စစ်မီးရှိပါသော်လည်း ခွဲစိတ်ရတာ အဆင်မပြေကြောင်း မြို့နယ်ဆရာဝန်မှတစ်ဆင့် သိရှိရပါတယ်။ ကျွန်တော့်သူငယ်ချင်း အူအတက်ပေါက်၍ ခွဲစိတ်ရတဲ့ အချိန်တွင် ခွဲခန်းမီးစလောင်းမရှိသောကြောင့် ဓါတ်မီးဖြင့် ခွဲစိတ်ရန် လိုအပ်သော

ခဏကြုံတွေ့ရပါတယ်။ ကားမရလို့ အချိန်နောက်ကျပြီး လူနာအသက်ပေးခဲ့ရတာလည်းရှိခဲ့ပါတယ်။ မြို့နယ်ပြည်သူ့ဆေးရုံတွင် လူနာတင်ယာဉ်ရှိပါက အချိန်မီ အရေးပေါ် လူနာများရောက်ရှိလာပါက သွားရောက်ကုသလိုသောနေရာသို့ အခက်အခဲမရှိပဲ သွားရောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဌာနမှ ၂၅ ခုတင်မဟုတ်သောကြောင့် လူနာတင်ယာဉ်မချပေးနိုင်ကြောင်း ဖြေကြားလိုပါက ကျွန်တော်တို့ မိုင်းပန်မြို့နယ်ပြည်သူ့ဆေးရုံသည် ၂၅ ခုတင်အဆင့်တိုးမြှင့်ပေးသင့်ကြောင်း တင်ပြလိုပါတယ်။ (၂-၅-၂၀၁၆) ရက်နေ့ တွင် ကျွန်တော်ဆေးရုံသို့ ရောက်ရှိခဲ့ပါတယ်။ ဆေးရုံမှာတက်နေသော လူနာများနေပြီး အချို့သောလူနာများက ခုတင်မရှိသောကြောင့် ဝရန်တာမှ ထိုင်ခုံများပေါ်တွင် အိပ်နေသည်ကိုတွေ့မြင်ခဲ့ရကြောင်း တင်ပြလိုပါတယ်။ လူနာတင်ယာဉ်တစ်စီးချပေးနိုင်ရန်အတွက် (၂၉-၄-၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြခဲ့ပြီး (၁၃-၅-၂၀၁၆) ရက်နေ့တွင် ပြည်နယ်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနရုံး၊ အမှတ် (၄) နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း ပြန်ကြားခဲ့ပါတယ်။ ၄င်းလူနာတင်ယာဉ်အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ချပေးနိုင်ရန်အတွက် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းရဲ့ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)ဖြစ်တဲ့ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံ ၂၅ ခုတင်အတွက် လိုအပ်လျက်ရှိတဲ့ ခွဲခန်းမီးစလောင်း၊ ခွဲခန်းသုံး Airconနှင့် ခွဲခန်းခုတင်များ ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းပန်မြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ၁၉၆၉ ခုနှစ်တွင် ခွဲစိတ်ခန်းနှင့်တကွ ဆောက်လုပ်ခဲ့ပြီး ၁၉၇၀ ခုနှစ်တွင် ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။ ခွဲစိတ်ခန်းသုံးမီးစလောင်းနှင့် ခွဲခန်းခုတင်များရရှိရေးအတွက် ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၅၄၁/မတယ/ကုသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီးဖြစ်ကြောင်း၊ ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

မေးခွန်းနံပါတ် (၂)ဖြစ်တဲ့ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံ ၂၅ ခုတင်အတွက် အရေးကြီးလိုအပ်လျက်ရှိသော လူနာတင်ယာဉ် (၁) စီးအား ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ချထားပေးနိုင်ခြင်း

ကျွန်တော့်ထံ လာရောက်မေးမြန်းသောကြောင့် ပြည်သူများ၏ကိုယ်စားမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်၏ ဆောင်ပုဒ်အတိုင်း ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသောဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များကို လွှတ်တော်အတွင်းသို့ ရောက်ရှိ အောင် တာဝန်ယူဆောင်ရွက် ပေးရမည့် တာဝန်သည် ကျွန်တော်တို့ တာဝန်ဖြစ်ပါသည်။ဒါကြောင့် ပြည်သူများ၏ ကိုယ်စားလွှတ်တော်သို့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းပန်မြို့နယ်နေ မိဘပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အားလုံးက ယခု ဖွင့်လှစ်ထားသော CDMA ၄၅၀နှင့် CDMA ၈၀၀ ဆက်သွယ်ရေးလိုင်းကိုမှီခိုပြီး ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စ များနှင့် ဌာနဆိုင်ရာများ၏ အရေးကြီးသော ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွန်စွာအခက်အခဲကြုံနေရပါသည်။ မကြာခဏ လိုင်းများပျက်ခြင်း၊ လိုင်းမကောင်းခြင်းတို့ကြောင့် မိဘပြည်သူများမှ GSM ဆက်သွယ်ရေးလိုင်းများ ဖွင့်လှစ်ပေးမည့်နေ့ရက်ကို မျှော်နေရပါသည်။ မိုင်းပန်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်တွင်းဂြိုဟ်တု ဆက်သွယ်ရေးစခန်းရုံးဝန်းတွင် GSM UNDS ဆက်သွယ်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် တာဝါတိုင် စတင် စိုက်ထူခဲ့ပြီး (၂) နှစ်ကျော်သည့်တိုင် ယနေ့အချိန်ထိ ဆက်သွယ်ရေးလိုင်းများ ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးသည့်

D/real(wide) (1

အတွက် မည်သည့်နေ့ရက်တွင်ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးဖြစ်ပါတယ်ခင်ဗျား။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းမှ မိုင်းပန်မြို့ရှိ GSM မြန်မာ့ဆက်သွယ်ရေးဖုန်းလိုင်းများကို မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင်ဖွင့်လှစ်ပေးမည်ကိုသိရှိလိုကြောင်း မေးမြန်းလာမှုနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မိုင်းပန်မြို့မှာ GSM တာဝါတိုင်နှင့် စက်မှုအဆောက်အဦများကို တည်ဆောက်ပေးပြီးဖြစ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီးတော့လည်း အဝေးဆက်သွယ်မှုအတွက် လိုအပ်တဲ့ (DWDM) Fiber Transmission စက်ပစ္စည်းများကိုလည်း တပ်ဆင်ထားပြီးဖြစ်ပါတယ်။ နောက်ထပ် လိုအပ်နေတဲ့ ရေဒီယိုစက်ပစ္စည်းများကို တပ်ဆင်ပြီးပါက ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ GSM မိုဘိုင်း

ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းပန် မြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွက် အရေးကြီးလိုအပ် လျက်ရှိတဲ့ ဓါတ်မှန်ကျွမ်းကျင်ဝန်ထမ်း (၁)ဦးနှင့် လူနာတင်ယာဉ် (၁)စီးအား ပြည်နယ်ကုသရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၂၄၄/ဓါတ်မှန်/ ကုသရေးဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံခဲ့ရာ ဓါတ်မှန် ကျွမ်းကျင် (၄) တစ်ဦးအား ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါရုံးအမိန့် အမှတ်၊ ၇၉/၂၀၁၆ အရ တာဝန်ချထားပြီး ယခုမိုင်းပန်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေပြီဖြစ်ပါသည်။ လူနာတင်ယာဉ်နှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံများအတွက် ခွဲဝေချထားပေးနိုင်ပါရန် ကုသရေးဦးစီးဌာန၊ နေပြည်တော်မှ စိစစ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းအောင်ခမ်းက တတိယမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။ မိုင်းပန်မြို့နယ် ပြည်သူများက GSM ဆက်သွယ်ရေးလိုင်းများ ဖွင့်လှစ်မည့်နေ့ရက်ကို မကြာခဏ

D/real(wide) (1

ဖုန်းများသုံးစွဲနိုင်မည်ဖြစ်ပါကြောင်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က ပထမ မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးကို မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ ကျွန်တော် မေးရမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ကျိုင်းတောင်းမြို့မှာဖုန်းဆက်သွယ်ရေးစနစ် တည်ထောင်ပေးဖို့အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျိုင်းတောင်းမြို့ဟာဆိုရင် မိုးနဲမြို့နယ်ရဲ့မြို့နယ်ခွဲဖြစ်ပါတယ်။ နောက်ပြီး ကျိုင်းတောင်းမြို့ရဲ့ တောင်ဘက်ဆိုရင် မိုင် (၅၀)လောက်ပဲ ဝေးတဲ့ မိုင်းပန်မြို့ရှိပါတယ်။ မြောက်ဘက်မှာဆိုရင် ခိုလမ်မြို့မိုင်(၄၀)ရှိပြီးတော့၊ အနောက်ဘက်မှာဆိုရင် မိုးနဲမြို့ရှိပါတယ်။ အဲ့ဒီမြို့ ၃မြို့ ဝိုင်းရံနေတဲ့နေရာမှာ ကျိုင်းတောင်းမြို့ကတော့ မည်သည့်ဆက်သွယ်ရေးယန္တရားမှမရှိပါ။ ကျိုင်းတောင်းမြို့ထဲကို ဝင်သွားမယ်ဆိုရင်ကျွန်တော်တို့ ပြင်ပကမ္ဘာနဲ့ လုံးဝအဆက်အသွယ်ပြတ်တဲ့အနေအထားရှိပါတယ်။ ပြည်သူလူထုကလည်း ဒီကိစ္စကိုအင်မတန် မျှော်လင့်ချက်ကြီးစွာနဲ့

ရေဒီယိုစက်ပစ္စည်းများ တပ်ဆင်ပြီးစီးပါက ၂၀၁၆ ခုနှစ် အောက်တိုဘာလ အတွင်းမှာ မိုဘိုင်းဖုန်းများ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းမျိုးမြင့်က ဒုတိယမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ဒုတိယမေးခွန်းအတွက် ကျွန်တော် မေးမြန်းရမှာကတော့ လွိုင်လင်မြို့ကို နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်ရာတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုချက်ဖြင့် သွားရောက်လည်ပတ်ရတဲ့အတွက် အဟန့်အတားဖြစ်နေပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ဒီအဟန့်အတားကိုပယ်ဖျက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွိုင်လင်မြို့ဟာဆိုရင် ခရိုင်မြို့တစ်မြို့ဖြစ်ပါတယ်။ နောက်ပြီးတောင်ကြီးကနေ မိုင် (၅၀)ကျော်ပဲဝေးပါတယ်။ လွိုင်လင်နဲ့ (၆)မိုင်အကွာတွင် သမိုင်းဝင်ပင်လုံစာချုပ် ကျောက်တိုင်ရှိပါတယ်။ နိုင်ငံခြားသားတွေလဲ အဲဒီမှာသွားရောက်လည်ပတ်ဖို့ စိတ်ဝင်စားကြပါတယ်။ ဒါပေမဲ့ ခေတ်အဆက်ဆက် ဖြစ်နေတဲ့ အဟန့်အတားက နိုင်ငံခြားသားတွေ တောင်ကြီးကိုကျော်ပြီးသွားမယ်ဆိုရင် ပြည်နယ်အစိုးရအဖွဲ့ရုံးကိုသွားပြီးတော့ ထောက်ခံစာယူရပါတယ်။ အဲဒီထောက်ခံစာနဲ့ပဲသွားလို့ရပါတယ်ဆိုတဲ့အတွက် သူတို့အတွက်ကို အဟန့်အတားအများကြီးဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွိုင်လင်မြို့မှာ မည်သည့်နိုင်ငံခြားသားမှလာတာ

D/real(wide) (1

မတွေ့ရပါဘူး။ ဒါကြောင့်ခရီးသွားလာရေး ပိုထွန်းကားပြီး ပင်လုံစာချုပ်ကျောက်တိုင်လည်း အများသိအောင်ဖန်တီးတဲ့အနေဖြင့် ခရီးသွားလာရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေဖို့အတွက် အဟန့်အတားကို ပယ်ဖျက်ပေးဖို့ အစီအစဉ် ရှိ/မရှိ။ အကယ်၍ရှိလျှင် မည်သည့်အချိန်လောက်မှ စမည်ဆိုသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ပိုလ်မှူးကြီးစိုးမိုးအောင် ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ပိုလ်မှူးကြီးစိုးမိုးအောင်ဖြစ်ပါတယ်။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ဦးစိုင်းမျိုးမြင့် မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှ တရားဝင် ဝင်ရောက်လာကြတဲ့ ကမ္ဘာလှည့်ခရီးသည်များ၊ သံတမန်နှင့် နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းမှ လာရောက်ကြသည့် နိုင်ငံခြားသားဧည့်သည်များအတွက် ခရီးသွားလာမှုနှင့်ပတ်သက်သော နယ်မြေဒေသသတ်မှတ်ချက်များကို နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံခြားသားများ၏ လုံခြုံရေးတို့အတွက် ခရီးသွားလာခွင့်ပြုဒေသများအား လိုက်နာ

ကျွန်တော့်ကိုအကြိမ်ကြိမ်အခါခါ မေးမြန်းတောင်းဆိုတာရှိပါတယ်။ အခုကျိုင်းတောင်းမြို့အတွက် ဆက်သွယ်ရေးဖုန်းလိုင်းစနစ်ကို မည်သည့်အချိန်တွင်ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိလျှင် မည်သည့်အချိန်မှာစတင်နိုင်မယ်၊ ဖြစ်ပေါ်နိုင်မယ်ဆိုသည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးဖြစ်ပါတယ်ခင်ဗျား။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်မှ ကျိုင်းတောင်းမြို့အတွက် ဖုန်းဆက်သွယ်ရေးစနစ်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းလာမှုနှင့်ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျိုင်းတောင်းမြို့မှာ GSM တာဝါတိုင်နှင့် စက်မှု အဆောက်အဦများ တည်ဆောက်ထားပြီးဖြစ်ပါတယ်ခင်ဗျား။ အဝေးဆက်သွယ်မှုဆက်ကြောင်းများ လိုအပ်နေသေးသည့်အတွက်ကြောင့် ဆက်သွယ်ရေးဂြိုဟ်တုဌားရမ်း အသုံးပြုရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်သွယ်ရေးဂြိုဟ်တုဌားရမ်း အသုံးပြုလို့ရရှိပြီးသည့် အချိန်မှာ ရေဒီယိုစက်ပစ္စည်းများကို ဆက်လက်တပ်ဆင်ဆောင်ရွက်ပါမယ်။

D/real(wide) (2

ဆောင်ရွက်သွားပါရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း အမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရသစ်လက်ထက်မှာလည်း ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တွင် ယခင်ကသတ်မှတ်ခဲ့သည့် သတ်မှတ်နယ်မြေဒေသ များသည်ယခုအခါ လမ်းပန်းဆက်သွယ်ရေးအရ ကောင်းမွန် လာသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာမှုသည်လည်း တိုးတက်လာသဖြင့် ကမ္ဘာလှည့် ခရီးသည်များနှင့် နိုင်ငံခြားသားများအတွက် ပြည်တွင်းသွားလာမှုနှင့် ပတ်သက်သော နယ်မြေဒေသသတ်မှတ်ချက်များအား အသစ် ပြန်လည် သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက် စွဲပါအမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၃)အရ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ လွိုင်လင်မြို့သည် မြို့ပေါ်သွားလာ ခွင့်ပြုပြီး မြို့ပြင်ခွင့်ပြုချက်တောင်းခံရန် နယ်မြေဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံခြားသား ခရီးသွားများသည် လွိုင်လင်မြို့ပေါ်သို့ လွတ်လပ်စွာသွားရောက် လည်ပတ်နိုင်ပြီး မြို့ပြင်ကျေးရွာများသို့ သွားရောက်မှသာ ခွင့်ပြုချက်တောင်းခံရမှာဖြစ်ပါတယ်။ပြည်ထဲရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၃)အရ ရှမ်းပြည်နယ် အတွင်း နိုင်ငံခြားသားများအတွက် ပြည်တွင်းသွားလာမှုနှင့်ပတ်သက်၍ နယ်မြေသတ်မှတ်မှုများကို ကျွန်တော်မှ အနည်းငယ် ရှင်းလင်း တင်ပြလိုပါတယ်။သွားလာခွင့်ပြုသည့်နယ်မြေ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ဆီဆိုင်မြို့နယ်၊ ညောင်ရွှေမြို့နယ်၊တောင်ကြီးမြို့နယ်၊ ကျောက်တစ်လုံးကြီးမြို့၊ ပင်းတယမြို့နယ်၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ ရွာငံမြို့နယ်၊

သို့ဖြစ်ပါ၍ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသား အတွက် ပြည်တွင်းသွားလာမှုနှင့်ပတ်သက်သော နယ်မြေဒေသ သတ်မှတ်ချက်များမှာ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံခြားသားများ၏ လုံခြုံရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၃) အရ ကျင့်သုံးဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းကမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကာယသုခ၊ စိတ္တသုခနှစ်ဖြာသောသုခနှင့်ပြည့်စုံကြပါ စေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ် ပါတယ်။ ကျွန်တော့်အနေနဲ့ ပလောင်အုပ်ချုပ်ခွင့်ရဒေသနုံးစိုက်ရာ နမ့်ဆန်မြို့မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းဟာ ဆွေးမြေ့ ဟောင်းနွမ်းနေပြီးဖြစ်တဲ့အတွက်နေထိုင်ရန်မသင့်တော်သည့် အန္တရာယ်ရှိတဲ့ အဆောက်အဦအား အသစ်ပြန်လည်တည် ဆောက်ရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလောင်အုပ်ချုပ်ခွင့်ရဒေသ နုံးစိုက်ရာနမ့်ဆန် မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း ဖွဲ့စည်းတည်ဆောက်ပုံဟာ

D/real(wide) (2

ရပ်စောက်မြို့နယ်၊ အင်တောမြို့၊ ဟိုပုံးမြို့နယ်။ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့၊ နမ့်ခမ်းမြို့နယ်၊ မူဆယ် မြို့နယ်၊ မုံးကိုးမြို့၊ မန်ဟီးရိုးမြို့၊ ပန်ဆိုင်း(ကြူကုတ်)မြို့၊ လားရိုးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တာချီလိတ်မြို့နယ် (တာလေမြို့၊ ကျိုင်းလပ်မြို့)တို့ဖြစ်ပါတယ်။ မြို့ပေါ်ခွင့်ပြုပြီး မြို့ပြင် ခွင့်ပြုချက် တောင်းခံရန် နယ်မြေများနှင့်ပတ်သက်ပြီး ကျွန်တော်မှ ဆက်လက် တင်ပြပေးပါမယ်။ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဖယ်ခုံမြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ နမ့်စန် မြို့နယ်၊ခိုလမ်မြို့၊ လဲချားမြို့နယ်၊ လွိုင်လင်မြို့နယ်၊ပင်လုံမြို့။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကွမ်းလုံ မြို့နယ်၊ ကျောက်မဲမြို့နယ်၊ မိုင်းငေါ်မြို့၊ မိုင်းလုံမြို့၊နမ့မတူမြို့နယ်၊ နောင်ချို မြို့နယ်၊မဘိမ်းမြို့နယ်၊ မိုးမိတ်မြို့နယ်၊ သီပေါမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ သီနွဲမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့၊ ဟိုပန်မြို့နယ်၊ နမ့်တစ်မြို့၊ ပန်လုံမြို့တို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပေါက်မြို့၊ မိုင်းလားမြို့၊ မိုင်းဆတ်မြို့၊ မိုင်းခုတ်မြို့၊ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့၊ မုံးထမြို့၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့ တို့ဖြစ်ပါတယ်။ ခွင့်ပြုချက်လုံးလုံး လားလားတောင်းခံရမည့် နယ်မြေများနှင့်ပတ်သက်ပြီးတော့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ မိုင်းပန် မြို့နယ်၊ မောက်မယ်မြို့နယ်၊ လင်းခေးမြို့နယ်၊ ဟိုမိန်းမြို့၊ ကျေးသီး မြို့နယ်၊ မိုင်းနောင်မြို့၊ မိုင်းကိုင်မြို့၊ မိုင်းရှုးမြို့နယ်၊ မိုင်းစဲ(မုန်းဆန်း) မြို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နမ့်ဆန်မြို့နယ်၊ မက်မန်းမြို့နယ်၊ မန်တုံမြို့နယ်၊ ကုန်းကြမ်းမြို့နယ်၊ မော်ထိုက် မြို့နယ်၊ နားဖန်မြို့နယ်၊ပန်းဆန်းမြို့နယ်၊ မန်ကန်မြို့နှင့် မိုင်းမောမြို့နယ်တို့ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်နှင့်ညီမျှသော ဖွဲ့စည်း တည်ဆောက်ပုံဖြစ်ပါတယ်။ ကိုင်ဆောင်သော လက်နက်များ ကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်နှင့်လျော်ညီတဲ့ လက်နက်များတပ်ဆင်ထားပါတယ်။ လုပ်ငန်းလည်း အခြားသော ရဲတပ်ဖွဲ့စခန်းများထက်ပိုမို တာဝန်ကြီးမားပါတယ်။အဲဒီစခန်း ဝန်းထဲမှာရှိတဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတန်းလျား(၁)လုံး၊အရာရှိ နေအိမ်(၃)လုံး၊ အခြားအဆင့်နေအိမ်(၃)လုံး၊၅ ခန်းတွဲ အိမ်ရာ(၄) လုံး၊ အချုပ်ခန်း(၁)ခု စုစုပေါင်း အဆောက်အဦ(၁၂)လုံးရှိပါတယ်။ အဲဒီအဆောက်အဦတွေဟာ လွန်ခဲ့တဲ့ ၁၉၆၂ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တဲ့ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အဆောက်အဦတွေပဲ ဖြစ်ပါတယ်။နှစ်ပေါင်းအားဖြင့် ၅၄နှစ်ကြာနေပြီကတစ်ကြောင်း၊ ဒေသထွက်ပျဉ်တွေနဲ့ ဆောက်လုပ်ထားပြီး မိုးများတဲ့ဒေသဖြစ် တာကတစ်ကြောင်းကြောင့် လက်ရှိမှာ အဲဒီအဆောက်အဦ တွေဟာလွန်စွာဟောင်းနွမ်းဆွေးမြေနေပြီဖြစ်ပါတယ်။ သွပ်မိုးလည်း ဆွေးမြေပြီး မိုးမလုံတော့လို့ ကြမ်းခင်းတွေလည်း ဆွေးမြေပေါက်ပြဲ နေတာတွေ့ရှိရပါတယ်။ မြို့နယ်မှူးရဲ့အိပ်ယာပေါ်မှာတောင် အမိုး မလုံတော့လို့ မိုးကာစနဲ့မိုးပြီးအိပ်နေရတာကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်။ဝန်ထမ်းများနေထိုင်ရန် မသင့်တော်တဲ့အန္တရာယ် ရှိတဲ့ အဆောက်အဦဖြစ်နေပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရုံးစိုက်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းနဲ့လည်း လုံးဝလျော်ညီမှုမရှိပါဘူး။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရုံးစိုက်ရာမြို့နဲ့လျော်ညီမှု မရှိတော့တဲ့ ဥပဓိရုပ်မကောင်းတော့တဲ့ နေထိုင်ရန် မသင့်လျော် တော့တဲ့ အန္တရာယ်ရှိတဲ့ ၎င်းအဆောက်အဦများကို ယခုအစိုးရသစ် လက်ထက်မှာ အသစ်ပြန်လည်တည်ဆောက်ဖို့ မျှော်လင့်တောင့်တ လျက်ရှိပါတယ်။ နမ့်ဆန်မြို့မီးဘေးသင့်စဉ်က နမ့်ဆန်မြို့ကိုလာ ရောက်တဲ့ လက်ရှိ ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

D/real(wide) (2

သေးပါကြောင်း တင်ပြအပ်ပါတယ်။ နမ့်ဆန်မြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် နေအိမ်လိုင်းခန်း အဆောက်အဦများနှင့်ပတ်သက်၍ ပြုပြင်ရန်နှင့် အသစ်တည်ဆောက်ရန်အတွက် အထက်ဌာနသို့ တင်ပြထားမှုမရှိသေးပါကြောင်း၊ လက်ရှိနေအိမ်လိုင်း အဆောက်အဦများ၏ အခြေအနေမှာ တပ်ဖွဲ့ဝင်များနေထိုင်ရန် မသင့်၊ စာရင်းပယ်ဖျက် အန္တရာယ်ရှိ အဆောက်အဦမျိုး မဟုတ်သည့်အတွက်၊ တပ်ဖွဲ့ဝင် အင်အားအရ နေထိုင်ရန် လုံလောက်မှုရှိသည့်အတွက်၊ နေအိမ်လိုင်းခန်းအသစ် ဆောက်လုပ်နိုင်ရေးအတွက်လည်း တင်ပြတောင်းခံထားခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ သို့ပါသော်လည်း ပျက်စီးယိုယွင်းမှုများရှိပါက ၄င်းနေရာများကို အသေးစိတ်စစ်ဆေးပြီး အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းစရိတ်များကို တင်ပြတောင်းခံပြီး ဆောင်ရွက်ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြ ထားသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ အား ပြည်နယ် ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်ပြခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြပေးပါရန် ပြည်နယ်ဝန်ကြီးချုပ်ကို ဖိတ်ခေါ်ပါတယ်။

ကိုလည်း ကျွန်တော်နှုတ်အားဖြင့် တင်ပြခဲ့ပြီးဖြစ်သလို ဒုတိယဝန်ကြီးကိုယ်တိုင်မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဟောင်းနွမ်းဆွေးမြေ့ပြီး နေထိုင်ရန်မသင့်လျော်တော့တဲ့ အဆိုပါရဲစခန်းအဆောက်အဦအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလုံးစိုက်ရာရဲစခန်းနှင့်လျော်ညီစွာ အသစ်ပြန်လည် တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ရှိပါက မည်သည့်ကာလတွင် တည်ဆောက်မည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် မတည်ဆောက်နိုင်သည် ဆိုတာကို ကျေနပ်လက်ခံနိုင်မည့်အဖြေပြန်လည် ဖြေကြားပေးပါရန် နှင့် ၄င်းရဲစခန်းအတွင်းရှိ အဆောက်အဦအား သက်ဆိုင်ရာမှ လျစ်လျူရှုမထားဘဲ အလေးအနက်ထား စဉ်းစားပေးနိုင်ပါရန် မေတ္တာရပ်ခံရင်း ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင် ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချွင်လန်း ကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမေးမြန်းလာသည့် မေးခွန်းကို ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်ရဲတပ်ဖွဲ့ဝန်းအတွင်းဆောက်လုပ်ထားသော အဆောက်အဦ

D/real(wide) (2

စာရင်းမှာ လွတ်တော်ကိုယ်စားလှယ်ဦးအောင်ထွဏ်း၏ မေးခွန်းပါ အဆောက်အဦ(၁၂)လုံးဖြစ်ပြီး မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတန်းလျား (၁)လုံး၊ အခြားအဆင့်နေအိမ် (၃)လုံး၊ ၅ခန်းတွဲ အိမ်ရာ (၄)လုံး၊ အချုပ်ခန်း (၁)ခု အပါအဝင် စုစုပေါင်းအဆောက်အဦ (၁၂)လုံး ဖြစ်ပါတယ်။ အဆိုပါအဆောက်အဦများမှာ ၁၉၆၂ ခုနှစ်က တည်းက တည်ဆောက်ထားရှိသော သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်း အဆောက်အဦများဖြစ်သည်မှာမှန်ကန်ပါတယ်။ ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ မြေအနေအထားအရ တောင်ကမ်းပါးရံ အားကပ်၍ တည်ဆောက်ထားရှိခြင်းကြောင့်လည်းကောင်း၊ ဒေသထွက် ထင်းရှူးသစ်များဖြင့်ဆောက်လုပ်ထားခြင်းကြောင့်လည်းကောင်း၊ နေအိမ်လိုင်းခန်း အချို့အစိတ်အပိုင်းများ ပျက်စီး ယိုယွင်းမှုများရှိနေသော်လည်း တပ်ဖွဲ့ဝင်များအနေဖြင့် ပြန်လည်ပြုပြင်ခဲ့သည့်အတွက် အတူနေ တပ်ဖွဲ့ဝင်မိသားစု စုစုပေါင်း(၁၄)ခန်းနေထိုင်လျက်ရှိပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ရဲတပ်ဖွဲ့မှူး၏နေအိမ်မိုးကာစနှင့် အုပ်မိုးပြီးနေထိုင်ရမှုနှင့် ပတ်သက်၍ နေအိမ်ခေါင်မိုးသွပ်ပြား၊ ခေါင်ချုပ်သွပ်ပြားပျက်စီး နေမှုအား မိုးကာစဖြင့် အုပ်မိုးပြုလုပ်ထားရှိမှုသာဖြစ်ပြီးအမိုးသွပ်ပြားများ ပျက်စီးယိုယွင်းမှုမျိုးမရှိဘဲ ခေါင်ချုပ်သွပ်ပြားပျက်စီးမှုနှင့်ပတ်သက်၍ ၂၀၁၆ခုနှစ် ဇွန်လတွင် ခေါင်အုပ်သွပ်ဖြင့် ပြန်လည် ပြင်ဆင်မွမ်းမံထားရှိပြီးဖြစ်ပါတယ်။

အဆောက်အဦ (၁၂)လုံးနှင့်ပတ်သက်၍ကာလနှစ် (၅၀) ကျော် ကြာမြင့်ပြီဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ဒေသထွက် ထင်းရှူးသားများဖြင့် ဆောက်လုပ်ထားခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုဒဏ်နှင့် မြေကမ်းပါးပြိုမှုတို့ကြောင့်လည်းကောင်း၊ အချို့နေအိမ်လိုင်းခန်းများ၏ အောက်ခြေတိုင်၊ အုတ်ဖိနပ်၊ မီးဖိုချောင်ခန်းများပျက်စီးမှုအနည်းငယ်ရှိသော်လည်း စာရင်းအရအန္တရာယ်ရှိစာရင်းပယ်ဖျက်အဆောက်အဦ အမျိုးအစားထဲတွင်မပါဝင်

ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနှင့် ခပ်သိမ်းတော်မူကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ကျွန်တော် ဒေါက်တာလင်းထွဋ်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ခန့်အပ် တာဝန်ပေးအပ်ခြင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။နိုင်ငံတော်သမ္မတရုံး၏ (၄-၇-၂၀၁၆) ရက်စွဲပါ အမိန့်အမှတ် ၄၇/၂၀၁၆ ဖြင့် ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအာကာလင်းအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေအပိုဒ် ၆၁ အရ ဆောင်ရွက်နိုင်ရန်တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဥပဒေပုဒ်မ ၁၇အရ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏အမည်စာရင်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။
လွှတ်တော်က သဘောတူပါသည်။)

D/real(wide) (2

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြလာသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏အမည်စာရင်းအား ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်ဝန်ကြီးဌာနများ အမည်ပြင်ဆင်သတ်မှတ် ခြင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်သွင်း ခြင်းနှင့် မှတ်တမ်းတင်ခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ (၅-၄-၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခု ပြည်နယ်ဝန်ကြီးဌာန အချို့အား အမည်ပြင်ဆင်သတ်မှတ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြု ပေးပို့လာပါတယ်။ လွှတ်တော်သို့တင်ပြနိုင်ဖို့ အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အား ဖိတ်ခေါ်ပါတယ်။

ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ကျွန်တော်ဒေါက်တာလင်းထွဋ်က ပြည်နယ်ဝန်ကြီးဌာန အမည်ပြင်ဆင်သတ်မှတ်ခြင်း ကိစ္စရပ်ကိုရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် စိုက်ပျိုးရေး

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။ အစီအစဉ်အရ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်းအဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှိုင်ခမ်း၊မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်း အဆို တစ်ရပ်ကို တင်သွင်းမှာဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးပီတာသောင်းစိန်သည် ၂၀၁၆ခုနှစ် မေလ ၁၁ ရက်နေ့ တွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန်ကွယ်လွန်အနိစ္စရောက်ရှိသွားခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁ (က) အရ ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ကျွန်တော်ကကြည်ာတဲ့ အခါမှာ လက်ခုပ်မတီးမိဖို့အတွက် သတိပြုစေလိုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိုင်းယန်းမြို့နယ်

D/real(wide) (2

နှင့် မွေးမြူရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အား (၅-၇-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးများပုံမှန်အစည်းအဝေးအမှတ်စဉ် ၁-၇/၂၀၁၆ဆုံးဖြတ်ချက် အပိုဒ်၅(ဒ) နှင့် ၅ (ဝ)အရ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအား ပြည်နယ်သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနအား ပြည်နယ်စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ်လည်းကောင်း ပြင်ဆင် သတ်မှတ်အတည်ပြုပြီးဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့တင်ပြသည့် ပြည်နယ်သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအား ပြည်နယ်သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအဖြစ် လည်းကောင်း အမည်ပြင်ဆင် သတ်မှတ်ခြင်းကိုဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)(ခ) ပါသတ်မှတ်ချက်များနှင့် အညီ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းက ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန်သည် (၁၁-၅-၂၀၁၆) ရက်နေ့တွင်ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁ (က) အရလွှတ်တော်သို့တင်သွင်းလာပါတယ်။ ဒီအဆိုဟာလွှတ်တော်၏ အများဆန္ဒနှင့်ကိုက်ညီပြီး လွှတ်တော်ကသဘောတူတယ်လို့မှတ်ယူ ပါတယ်။ ဒါကြောင့် ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန် ကွယ်လွန် အနိစ္စရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်း အဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပါတယ်။

ဦးစိုင်းထွန်းဝင်း၊ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “တိုင်းရင်းသားစာပေသင်ကြားမှုတွင်သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေ ကိစ္စစသည်တို့ကို ပိုမို ထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် တိုင်းရင်းသား စာပေသင်ကြားရေး တွဲဖက်ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက် ပေး နိုင်ပါရန်” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ တင်သွင်းလာပါတယ်။ အဆိုမှာ“တိုင်းရင်းသားစာပေ

D/real(wide) (2

သင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ခြီးမြှင့်ငွေ ကိစ္စစသည်တို့ကိုပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေ သင်ကြားရေးတွဲဖက် ဦးစီးဌာနတစ်ခု အဖြစ်ဖွင့်လှစ်ဖွဲ့စည်း ဆောင်ရွက်ရန်"အဆိုဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းဝင်းက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ မိုင်ဆွန်ခ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပေးအပ် ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား

(၁) တိုင်းရင်းသားစာပေသင်ကြားရေးကို ပညာရေး ဝန်ကြီး ဌာနနှင့် တွဲဖက်ဦးစီးဌာနတစ်ခု စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်။

(၂) ယခင် အစိုးရလက်ထက် တိုင်းရင်းသားစာပေ သင်ကြားမှုကို အတိုင်းအတာတစ်ခုအထိ စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

(၃) အဆိုပါမြို့နယ်အသီးသီးရှိ တိုင်းရင်းသား စာပေသင်ကြားရေး ကော်မတီတွင် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ သော်လည်း ထိရောက်အောင်မြင်မှုမရှိခဲ့ဟု သုံးသပ် မိပါတယ်။

တယ် ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းတင်သွင်း သော **"တိုင်းရင်းသားစာပေ သင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ခြီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာန တစ်ခုအဖြစ်ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနိုင်ပါရန်"** အဆိုအားထောက်ခံအပ် ပါတယ် ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းထွန်းဝင်း တင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။အဆိုမှာ **"တိုင်းရင်းသားစာပေ သင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊**

D/real(wide) (2

ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေ ကိစ္စစသည်တို့ကို ပိုမို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသား စာပေသင်ကြားရေး တွဲဖက် ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက်ပေး နိုင်ပါရန်” အဆိုဖြစ်ပါတယ်။ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ၄င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆို ကို လက် ခံ ဆွေး နွေး ရန် သဘော မ တူ သည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။အဆိုကို လက်ခံ ဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းထွန်းဝင်း၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်းတင်သွင်းတဲ့အဆိုကို ၂၀၁၆ခုနှစ် ဇူလိုင်လ ၁၃ရက် နေ့(ဗုဒ္ဓဟူး)နေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။ ယခု နေ့လည်စာ သုံးဆောင်ရန် အတွက် အစည်းဝေးကို ၁နာရီ ၃၀မိနစ် ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေး

(၄) ထို့ကြောင့် ယခင်ရောယခုပါ သင်ကြားမှုများတွင် တစ်မြို့နယ် သင်ရိုးညွှန်းတမ်းတစ်မျိုး အဆင်ပြေသလိုသာ သင်ကြားခဲ့ခြင်းသာ ဖြစ်ပါတယ်။

ဤကဲ့သို့ဖြင့် တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေး တွဲဖက် ဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက်ပေးနိုင်ပါရန်” အဆို တင်သွင်းအပ်ပါသည်။ ရှင်းလင်းချက် လွှန်ခဲ့တဲ့(၁)နှစ်အတွင်းမှာ ကျွန်တော်တို့ တိုင်းရင်းသားစာပေနှင့်ပတ်သက်ပြီးတော့ မြို့နယ်တွေမှာ တစ်မြို့နယ်လျှင် သင်ရိုးညွှန်းတမ်း တစ်မျိုးစီဖြင့် သင်ကြားခဲ့တဲ့အချိန်ကို ပြန်ကြည့်/ ပြန်လေ့လာလျှင် အဆင်ပြေမှု တွေမရှိပါ။ နောက်ထပ် တိုင်းရင်းသားစာပေတွေကို သင်ကြားနေတဲ့ ဆရာတွေအတွက် ချီးမြှင့်ငွေပေးတဲ့ အချိန်တွေမှာလည်း အဆင် မပြေမှုတွေရှိတယ်။ အဘယ်ကြောင့်ဆိုလျှင် ဆရာတွေရဲ့ လူဦးရေ ၂၀၀ရှိလျှင် ချီးမြှင့်ငွေက ၁၀၀ပဲရောက်သွားသကဲ့သို့ အခက်အခဲတွေ အများကြီးရှိပါတယ်။ ထို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် တွဲဖက်ဦးစီးဌာနတစ်ခုဖွဲ့စည်းပေးနိုင်ရန် အတွက်ကျွန်တော်အဆို တင်သွင်းအပ်ပါတယ်။အားလုံးပဲမင်္ဂလာပါ။

ဥက္ကဋ္ဌ။ အဆို ကို ထောက်ခံ မဲ့ ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါ

D/real(wide) (2

ကို (၁၃း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒေါ်နန်းခင်ထားရီ၊သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ် မြောက်ပိုင်း၊သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင် ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇) ကုမ္ပဏီ သတ္တုတူးဖော် နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေး အတွက် စိစစ်ပေးပါရန်" အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ**"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တု တူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန်"** ဆိုတဲ့ အဆိုပဲဖြစ် ပါတယ်။ ယခုဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးဘဝနှင့်ဆန္ဒတစ်ထပ်တည်းကျပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်ရှင်။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင်

D/real(wide) (2

ကျေးရွာ အုပ်စုအတွင်း ၂၀၁၁ ခုနှစ်မှစတင်၍ အလင်းသစ်(၇) သတ္တုတူးဖော်ရေးကုမ္ပဏီမှ ကျောက်မီးသွေးများကို နမ္မတူမြစ်တောင်ဘက်ကမ်း နံဘေးတွင် တူးဖော်ထုတ်လုပ် လျက်ရှိပါသည်။ ကျောက်မီးသွေးတူးဖော်ရာတွင် စက်ယန္တရားကြီးများအသုံးပြု၍ တူးဖော်သည့်အတွက် စွန့်ပစ်မြေစာများ၊ ကျောက်တုံး ကျောက်ခဲများ၊ ပြိုးများကို နမ္မတူမြစ်ကမ်းဘေးသို့ စုပုံထားသည်ကို တွေ့ရှိရပါသည်။ ယင်းစွန့်ပစ်မြေစာများ၊ ကျောက်တုံးကျောက်ခဲများ၊ ပြိုးသဲများသည် နမ္မတူမြစ်ထဲသို့ ပြိုကျပိတ်ဆို့ခြင်းကြောင့် စိုက်ပျိုးမြေများ၊ လယ်များရေကြီးနစ်မြုပ်နိုင်သည့် ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်။ မိုင်းပါးကျေးရွာအုပ်စု မန်လုံရွာထိပ်ကတ္တား လုပ်ထားသည့် နေရာတွင်လည်း ကျောက်မီးသွေးများ တင်ဆောင်လာပြီး တန်ပိုပါက ရွာထိပ်တွင် စုပုံထားသည့်အတွက် အနံ့များကို နေ့ရောညပါ မိတာပြည်သူများရှုရှိုက်နေရသဖြင့် ကျန်းမာရေး ထိခိုက်ခြင်း၊ ကျောက်မီးသွေးတင် ၁၂ ဘီးယာဉ်ကြီးများ ဖြတ်သန်း သွားလာခြင်းကြောင့် လမ်းများပျက်စီးနေပါသည်။ အလင်းသစ်(၇) ကုမ္ပဏီမှ ထိုင်းပညာရှင်များကိုခေါ်လာပြီး ကျောက်မီးသွေးများကိုလာရောက်တူးဖော်စမ်းသပ်စေခြင်းကြောင့် နိုင်ငံခြားသားလက်ထဲ သို့ ရောက်ရှိသွားမည်ကိုလည်း ခံပိုင်ရှင်များက စိုးရိမ်ကြောင့်ကြ မှုများရှိပါသည်။ ၂၀၁၆ မေ ၇ ရက်နေ့မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်မှာ ကျွန်မတင်ပြ တောင်းဆိုခဲ့ပါတယ်။ အလင်းသစ်(၇) ကုမ္ပဏီအား ပိတ်သိမ်းပြီး စိစစ်ပေးဖို့ အဆိုကိုတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဤတင်ပြမှုကြောင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ၃၀-၅-၂၀၁၆နေ့စွဲပါစာအမှတ် ၅၆၉၈/၇-၁၁၂/အစရ(ရှမ်း)၏ ရည်ညွှန်းစာအရကုမ္ပဏီမှ ပြန်လည်ဖြေရှင်းချက်မှာ တောင်သူများ၏တင်ပြချက်နှင့် -

(၁) ၁ ဧကလျှင် လျော်ကြေး(၄)သိန်းပေးမည်ဆိုသော

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်
[အင်္ဂါနေ့]
(နေ့လည်ပိုင်း)

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)နေ့လည်ပိုင်းအစီအစဉ်များ အားဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော် များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

D/real(wide) (3

လည်း မပေးလျော်ခဲ့ခြင်း။ ကုမ္ပဏီက ဖြေရှင်းတဲ့ အခါမှာ ပထမဦးစွာ ကျောက်မီးသွေး ရှိ/မရှိ စမ်းသပ်၍ ကျွင်းတူးခြင်းသာဖြစ်ပါသည်။ ကျောက်မီးသွေးရှိပါက ကတိအတိုင်း (၄)သိန်း ပေးပါမည်။ မရှိပါကမြေကိုမယူပါကျောက်မီးသွေး ရှိပါကလည်း တူးဖော် ထုတ်လုပ်ပြီးပါက မြေပြန်လည်ဖို့ပေးပြီး သက်ဆိုင်ရာတောင်သူသို့ မြေကို ပြန်ပေးပါမည်။ မတူးဖော်မီနှင့် တူးဖော်ပြီး ပါက တောင်သူများမှ မိမိအပိုင် အဖြစ် စိုက်ပျိုး သွားရန်ဖြစ်ပါသည်လို့ ဖြေထားပါတယ်။ မတူးသေးပါဘူးလို့ပြောပြီး ယခုလုပ်ကွက် ၃ နဲ့ လုပ်ကွက် ၄ မှာ ၄၆ ဧကနီးပါးကို တူးထားခြင်း ဖြစ်ပါတယ်ရှင်။

(၂) တောင်သူများကိုအသိမပေးပဲ ပုံစံ ၁၀၅ ရယူ၍ မြေကို အပိုင်သိမ်းခြင်းဟု ပြည်သူတွေက ပြောပါ တယ်။ ၄င်းကိုအလင်းသစ်က တူးဖော်ခွင့် လျှောက်ထားရာတွင် ပုံစံ ၁၀၅ လိုအပ်သဖြင့် ရယူခြင်း ဖြစ်ပါသည်။ မြေကိုအပိုင်သိမ်းခြင်း မဟုတ်ပါတဲ့။ ယခုလုပ်ကွက်က ဧက ၃၀၀ နီးပါးရှိပါတယ်။ လုပ်ကွက်၅ကွက်ရှိပါတယ်။ ၁ကွက်ကို ၅၀ ပတ်ဝန်းကျင်နှင့် လုပ်ကွက်၅ကွက် လျှောက် ထားပြီး ၁၀၅ထုတ် ထားပြီးဖြစ်ပါတယ်။

ထို့ကြောင့်အဲဒီလုပ်ငန်းများကိုရပ်ဆိုင်းပေးပြီးမှ မြေကို ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူများက တောင်းဆို ခြင်းဖြစ်ပါတယ်။ နမ္မတူမြစ်ချောင်းဘေးမှာ ပုံထားတဲ့စွန့်ပစ်မြေစာကို ပေ ၁၀၀၀ ကျော် ဝေးပါတယ်ဟုဖြေထားသော်လည်း ပေ ၂၀

နစ်မြုပ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးစေခြင်းနှင့် မိမိတို့၏ လယ်ယာခြံမြေများ နိုင်ငံခြားသား လက်သို့ ကျရောက်မည်ကို စိုးရိမ်မှုရှိခြင်းနှင့် လမ်းများပျက်စီးစေခြင်းတို့ကြောင့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရောင်းချ သယ်ဆောင်နေသည့် အလင်းသစ်(၇)ကုမ္ပဏီအားပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေး နိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို အလေးအနက်တိုက်တွန်းရင်း ကျွန်မ၏အဆိုကိုနိဂုံးချုပ်အပ် ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါရှင်။လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းစံဟွမ် ဖြစ်ပါတယ်။ယခုသိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ထားရီတင်သွင်းတဲ့**"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင်ကျေးရွာ အုပ်စုအတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန်"** တိုက်တွန်းခြင်း အဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

D/real(wide) (3

တောင်မရှိပါ။ မိုးရွာလျှင်၄င်းမြေစာများက ချောင်းထဲကိုပဲ စီးဝင်နေပါတယ်။ ကတ္တားလုပ်ထားတဲ့နေရာဟာလည်း ရွာနဲ့ ၃ မိုင်ဝေးပါတယ်ဟု ဖြေထားသော်လည်း ကတ္တားကို ရွာထိပ်တွင် ပြုလုပ်ထားပြီး အနီးတွင် အိမ်ရှိပါတယ်။ တန်ပိုလျှင် ပုံထားပြီး လိုလျှင် ၁၂ဘီးယာဉ်နဲ့တင်တဲ့အခါပြန်ဖြည့်ပါတယ်။ ဒါကြောင့်မို့ မိဘပြည်သူတွေဟာ ကျောက်မီးသွေးရဲ့ အနကိုရှုရှိုက်နေရတဲ့အတွက်ကြောင့် ကျန်းမာရေးထိခိုက်ရပါတယ်။ ပြီးတော့လမ်းက ယခင်တုံးက ထော်လာဂျီလမ်းသာဖြစ်တယ်။ ကုမ္ပဏီမှ သိန်းဈေးကျော်အကုန်ခံ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ရန်ပုံငွေနဲ့ပြည်သူများပြင်တာလည်း ပါဝင်သည်ကို မငြင်းလိုပါ။မည်သို့ဆိုစေ ကုမ္ပဏီကြောင့်ပျက်လျှင် ကုမ္ပဏီမှ ပြုပြင်ပေးသွားပါမည်ဆိုပြီး ဖြေထားပါတယ်။ ဒါကြောင့် အခုကျွန်မ ပိတ်သိမ်းစေချင်တာကို ပြန်လည်စိစစ်ပေးဖို့ တင်ပြ ရခြင်း ဖြစ်ပါတယ်။ ဆက်ပြီးတော့ ဓာတ်သတ္တုအသေးစားထုတ်လုပ်၍ သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးတဲ့စာမှာလည်း ခွင့်ပြုမိန့်ရရှိတဲ့ သူဟာလိုက်နာရမဲ့စည်းကမ်းချက်သတ်မှတ်စည်းကမ်းဘောင်အတွင်း မြေပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော လုပ်ငန်း၊ လုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သော အငြင်းပွားမှုများ၊ စောဒကတက်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမှုနှင့်ပတ်သက်သော တိုင်ကြားချက်များ၊ အငြင်းပွားမှုများဖြစ်ပွားပါက ကုမ္ပဏီမှသာ တာဝန်ယူဖြေရှင်းရန်၊ မဖြေရှင်းနိုင်ပါက လုပ်ကိုင်ခွင့်ရပ်ဆိုင်းခြင်း၊ ပေးသွင်းထားသည့် အခွန်ခနှင့်အခြားပေးသွင်းမှုများ သိမ်းယူခြင်း ခံရမည်ကိုအတိအလင်း ပြဋ္ဌာန်းထားပြီး သဘောတူဝန်ခံကတိပြုပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အလင်းသစ်(၇)ကုမ္ပဏီ၏ ကျောက်မီးသွေးတူးဖော်ခြင်းကြောင့် ပြောင်းခြိမ်များစိုက်ပျိုးခွင့်မရှိတော့သည့်အတွက် တောင်သူများ ဝမ်းစာ ဖူလုံမှုမရှိခြင်း၊ ကျန်းမာရေးထိခိုက်လာခြင်း၊ လယ်များရေကြီး

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းခင်ထားရီတင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇) ကုမ္ပဏီမှသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန်"** ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ၄င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

ဥက္ကဋ္ဌ။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက်

D/real(wide) (3

နိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဖြစ်ရမည်"ဟု ပါရှိသောကြောင့် မည်သည့်ကတ်မှမကိုင်ဆောင်ထားသည့်လူ ၁၀၀၀၀၀၀ ကျော်တို့မှာ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားလာသူ ဖြစ်ပါလျက်နှင့် နိုင်ငံသားကတ်ကိုင်ဆောင်နိုင်ခြင်း မရှိသည်မှာ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ခံစားခွင့်ဆုံးရှုံးလျက်ရှိနေပြီး ၂၀၀၈ အခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၉ အရ နိုင်ငံသားများသည် ပြည်သူ့ဝန်ထမ်းတာဝန် ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေး လုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့်မွေးဝမ်းကျောင်းပြုမှု၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှုတွင် တူညီသော အခွင့်အလမ်း ရရှိစေရမည်ဟု ပါရှိသော်လည်း နိုင်ငံသားကတ် ကိုင်ဆောင်နိုင်ခြင်း မရှိသူများမှာ ၎င်းတို့ရသင့် ရထိုက်သော အခွင့်အရေးများဆုံးရှုံးခြင်း၊ နိုင်ငံသားဖြစ်လျက်နှင့် နိုင်ငံမဲ့နေခြင်း အပြင်၊ လုံခြုံရေးဆိုင်ရာ အခွင့်အရေးများလည်း ဆုံးရှုံး လျက်ရှိနေပါသည်။ လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ထိုသူတို့၏ဆုံးရှုံးမှု များကို လျစ်လျူရှုလျက် ပြည်ပမှလာသော ၆ လ(သို့မဟုတ်) ၈ လ အခြေချနေထိုင်ပြီးတော့ ရွှေ့ပြောင်းလုပ်သားများအား အိမ်ထောင်စုစာရင်းများ ဦးစားပေး လုပ်ဆောင်ပေးခြင်းသည် အိမ်ထောင်စု စာရင်း အရေအတွက်များ ဖောင်းပွခြင်း၊ မှတ်ပုံတင် အရေအတွက် ဖောင်းပွခြင်းများ ဖြစ်ပွားစေရုံမက နောက်ရွေးကောက်ပွဲတွင် မဲမသမာမှုများလည်း ဖြစ်ပွားစေနိုင်သည့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ပြဿနာများအား ကြိုတင်ကာကွယ်သော အားဖြင့် ယခုအချိန်သည် မိမိနိုင်ငံသားများကို နိုင်ငံသားအဖြစ် အသိအမှတ်

ဒေါ်နန်းခင်ထားရီ၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ သိန်နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းတဲ့အဆိုကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့(ဗုဒ္ဓဟူး)နေ့မှာ ဆွေးနွေးပါမယ်။ဆွေးနွေးမယ့် ကိုယ်စားလှယ်အနေနဲ့ ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါမှာ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

"ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင် ပေးရန်" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန်"**ဆိုတဲ့အဆိုဖြစ်ပါတယ်။ ယခုဒေါ်နန်းစမ်းစမ်းအေးက အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ အားလုံးမင်္ဂလာပါရှင်။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်

D/real(wide) (3

ပြုပြီး နိုင်ငံသားကတ်လုပ်ဆောင်ပေးခြင်းမှာ နိုင်ငံတော်ကိုဦးဆောင်နေသော နိုင်ငံတော်အစိုးရ၏ တာဝန်တစ်ရပ် ဖြစ်သောကြောင့် ပြည်ပမှလာသောရွှေ့ပြောင်း လုပ်သားများအား ဦးစားပေး လုပ်ဆောင် ခြင်းထက် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားများ၊ စစ်ဘေးဒဏ်သင့်ပြည်သူများ၊ ပြည်ထဲရေး စာရင်းထဲတွင် နာမည်မပေါက်သေးသော ရွာရှောင်၊ ရွာပုံးများတွင် နေထိုင်သော တိုင်းရင်းသားများ၊ နိုင်ငံခြားရောက် ရှမ်းပြည်နယ်မှ ရွှေ့ပြောင်း လုပ်သားများအား အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသား စိစစ်ရေး ကတ်ပြား အရင်ဆုံးနှင့် ဦးစားပေး လုပ်ဆောင်ပေးပါရန် ပြည်သူများကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးစိုင်းစိန်လူ၊သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူဖြစ်ပါတယ်။သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းတဲ့**"ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ဦးစားပေးဆောင်ရွက် ပေးပါရန်"** အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

အစိုးရအဖွဲ့တို့မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါဝရ ပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်ရှင်။ ယနေ့အစည်းအဝေးမှာ **"ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်"** အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်တွင် တိုင်းရင်းသားဒေသအတွင်း ရွှေ့ပြောင်းအခြေချနေထိုင်သူလုပ်သားများအား အိမ်ထောင်စုစာရင်းများထုတ်ပေးမည့်အကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်ရှိလူဦးရေစုစုပေါင်းသည်(၅၈၂၄၃၂၂)ဦးရှိပါသည်။ ထိုထဲတွင်အသက် ၁၀ နှစ်နှင့် အထက်လူဦးရေကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားအလိုက်ဖော်ပြချက်အရ လူ(၄၆၀၀၀၈၉)ဦးရှိပါသည်။ ထိုအနက်မှ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူမှာ လူ(၂၇၅၄၄၀)ဦးသာရှိပါသည်။ အဲဒီနိုင်ငံသားပြုခွင့်ရသူကတ်စသည်တို့ကိုဖယ်ရှားလိုက်လျှင် မည်သည့်ကတ်မှ ကိုင်ဆောင်ထားခြင်းမရှိသူမှာ လူ(၁၆၂၆၃၂၂)ဦးခန့် ရှိနေပါသည်။ ထို့ပြင်စစ်ပွဲကြောင့်နေရပ်ကိုစွန့်ခွာနေထိုင်နေရသော စစ်ဘေးဒုက္ခသည်များ လူဦးရေ စုစုပေါင်းမှာ ၃၀၀၀၀ခန့်နှင့် နိုင်ငံခြားသို့ အလုပ်သွားရောက်လုပ် ကိုင်နေသော ရှမ်းပြည်နယ်မှရွှေ့ပြောင်းလုပ်သားများ ၁၀၀၀၀၀မှ ၃၀၀၀၀၀ခန့် ရှိသည်လည်း နိုင်ငံသားကတ်ပြားကိုင်ဆောင်ခွင့်မရရှိ သေးသူများဖြစ်ကြသည်။ ၂၀၀၈အခြေခံဥပဒေအခန်း(၈) ဥပဒေ ပုဒ်မ ၃၄၅အရ "မြန်မာနိုင်ငံတော်၏ နိုင်ငံသားများသည် ပြည်ထောင်စုမြန်မာ

D/real(wide) (3

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။အဆိုမှာ **"ရှမ်းပြည်နယ် အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်"** အဆို ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ဆန္ဒကိုရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို လက်ခံဆွေးနွေးရန်

ကနေ တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥပဒေ (မူကြမ်း) ကို လွှတ်တော်ကိုယ်စားလှယ်များထံမှာ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ် ခင်ဗျား။ ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ(မူကြမ်း)မှာ အခန်း(၁၂) ခန်းနှင့်ဥပဒေ (၃၀)ပါဝင်မှာဖြစ်ပြီးတော့ သစ်တောပြုန်းတီးမှုမရှိစေဘဲ ဆားနှင့် ဆားထွက်ပစ္စည်းကို ထုတ်လုပ်နိုင်စေရန်၊ ဆားထုတ်လုပ်သည့်ပမာဏ၊ ဆားထုတ် မြေများတိုးချဲ့သတ်မှတ်လာစေရန်၊ ပြည်နယ်အတွင်း ဆား ထုတ်လုပ်မှုကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သော ဆားကွင်းများအား ဆားထုတ် မြေအဖြစ် ပြောင်းလဲသက်မှတ်နိုင်ရေး ကူညီဆောင်ရွက်ရန်၊ အရည်အသွေးကောင်းမွန်သော ဆားနှင့်ဆားထွက် ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးတွင် ပံ့ပိုးကူညီရန်၊ ဆားနှင့် ဆားထွက်ပစ္စည်းကို ပြင်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရန်၊ အိုင်အိုဒင်းအာဟာရချို့တဲ့မှုရောဂါ ပပျောက်ရေးအထောက်အကူဖြစ်စေရန်၊ ဆားနှင့် ဆားထွက် ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များသို့ နည်းပညာဖြန့်ဖြူးပေးရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီဥပဒေမူကြမ်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။

ဒီမူကြမ်းမှာ ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မဲ့ ပြည်နယ်ဆားလုပ်ငန်း ကော်မတီဖွဲ့စည်းပြီး ဒီဥပဒေပါ ရည်ရွယ်ချက်တွေကို အောင်မြင်ဖို့ အတွက် အကောင်အထည်ဖော်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဆား (သို့မဟုတ်) ဆားထွက်ပစ္စည်းများ ဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေဖို့အတွက် ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်စေရေး ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကနေ အတည်ပြု

D/real(wide) (3

လွှတ်တော်ကသဘောတူကြောင်းကြေညာပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးတင်သွင်းတဲ့ အဆိုကို ၂၀၁၆ခုနှစ် ဇူလိုင်လ ၁၃ရက်(ဗုဒ္ဓဟူး)နေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ကြောင်းကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့်သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ တင်သွင်းဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဒေါက်တာညီညီအောင်၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ အားလုံး မင်္ဂလာပါခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဆားလုပ်ငန်းဌာနခွဲရဲ့ ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)ကို ရှမ်းပြည်နယ် ဥပဒေချုပ်ရဲ့ ဥပဒေအကြံပြုချက်တွေနဲ့အညီ လွှတ်တော်ကနေ အတည်ပြုပေးနိုင်ဖို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးကျွန်တော် ဒေါက်တာညီညီအောင်

မှတ်တမ်းတင်ပေးနိုင်ပါရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ(မူကြမ်း)ကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၁၃၊ (က)အရ ဤဥပဒေကြမ်းကိုစိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်း ပေးပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကိုဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့်အချက်အလက်များကို ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ (၃၀-၇-၂၀၁၆)ရက်နေ့ အရောက်ပေးပို့ကြရန် အသိပေးပြောကြားလိုပါတယ်။

D/real(wide) (3

(ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

ကတိသစ္စာမပြုရသေးသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ကတိသစ္စာမပြုရသေးသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌမှ လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်မှာ နေရာယူပေးဖို့ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်ကတိုင်ပေးတဲ့အခါမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမ)နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ (ဗုဒ္ဓဟူးနေ့)နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီအချိန်တွင်ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

D/real(wide) (3

ဦးစီးအဖွဲ့ ဥက္ကဋ္ဌက မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မတ်တတ်ရပ်ဖို့ ဖြစ်ပါတယ်။

(ဥက္ကဋ္ဌကကတိသစ္စာတိုင်ပေးပါသည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌကကတိသစ္စာပြုပြီးနောက် ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးပါသည်။)

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ(၁၃၅)ဦးရှိသည့် အနက်ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏(၉၇.၀၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံ တစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၅၅(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

D/real(wide) (3

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၁၃ ရက်

[ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး

ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေး ကော်မတီမှခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ် ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေးကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

ဦးထွန်းရင်၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။

တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကအတည်ပြုပါသည်။)

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၆) ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစင်အောင်မြတ်က ပထမမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (3

ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ ရှမ်းပြည်နယ် လွှတ်တော်မှာဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသူဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၈ အရ ဖွဲ့စည်းပြီးသော ပြည်နယ်အစိုးရသည် ပုဒ်မ ၂၄၉ မှ ၂၅၉ ပါ ပြဋ္ဌာန်းချက်များကို ရှမ်းပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ၊ အခန်း (၃) တွင် ဝန်ကြီးချုပ်၏ တာဝန်၊ လုပ်ပိုင်ခွင့်များကို ပုဒ်မ ၂၃ မှ ၂၇ အထိ ဖော်ပြထားပြီးဖြစ်ပါတယ်။ အခန်း ၄ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များအား ပုဒ်မ ၂၈ မှ ၄၅ အထိ ဆောင်ရွက်နိုင်ရန် ၎င်းဥပဒေမှ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄(ဃ)အရ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်ဟု ဖော်ပြပါရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးဌာနများ၊ ဝန်ကြီးများဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)ပါအတိုင်း ကဏ္ဍအလိုက် တာဝန်ယူအကောင်အထည်ဖော်မည့် ဝန်ကြီး ဌာနများ၊ ဝန်ကြီးများကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့၊ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန် အစည်းအဝေးမှာ

D/real(wide) (4

ဒီကနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ် ခွင့်ယူသူရဲ့ ကိုယ်စားတင်ပြတောင်းခံ အပ်ပါတယ်-

(၁) ဦးညီလေးချမ်း၊ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်ကို ခွင့်ပြုပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၅)ဦး ယခင်က ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၄)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ

ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၅)ပါအတိုင်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်နှင့် ဇယား(၂)ပါ ကဏ္ဍအလိုက်ဖော်ပြပါကိစ္စရပ်များကို ပြည်ထောင်စုမှ ထုတ်ပြန်ထားသော တည်ဆဲဥပဒေနှင့်အညီ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၏ တာဝန် ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ပိုင်ပိုင်နိုင်နိုင်ဖြင့် စနစ်တကျ နည်းဥပဒေ သတ်မှတ်ဆောင်ရွက် သွားရန်နှင့် သံသယကင်းရှင်းပြီး ဖိအားနှောင်ကြိုးကင်းစွာနှင့်ဆောင်ရွက်နိုင်ရန်အတွက် နည်းဥပဒေ ပုဒ်မ ၉၉ အရ အစီအစဉ် ရှိ/မရှိသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်မေးမြန်းလာတဲ့ မေးခွန်းကို ကျွန်တော်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်

ဝန်ကြီးချုပ်အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ခွဲဝေဆောင်ရွက်မှုကို ဆက်လက်ပြီး တင်ပြသွားပါမယ်-

(က) ပြည်နယ်ဝန်ကြီးချုပ်မှ တာဝန်ယူဆောင်ရွက်ရသည့် ဌာနများကို ဦးစွာ ပထမ တင်ပြသွားပါမယ်-

(၁) ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၂) ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(၃) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
(၄) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြုပြင်ရေးဇုန်
(၅) မြန်မာရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန
(၆) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
(၇) ပြည်နယ်သာသနာရေးဦးစီးဌာန
(၈) ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
(၉) လူမှုဝန်ထမ်းဦးစီးဌာန

(ခ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ တာဝန်ခံဆောင်ရွက်ရသည့် ဌာနများကို ဆက်လက် တင်ပြသွားပါမယ်-

(၁) ပြည်နယ်တရားရေးဦးစီးမှူးရုံး
(၂) ပြည်နယ်ဥပဒေရုံး
(၃) ပြည်နယ်ရဲတပ်ဖွဲ့
(၄) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

D/real(wide) (4

ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖွဲ့စည်းပုံကို ဦးစွာ တင်ပြ လိုပါတယ်။

(က) ပြည်နယ်ဝန်ကြီးချုပ်
(ခ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး
(ဃ) လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး
(င) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး
(စ) လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး
(ဆ) စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး
(ဇ) လူမှုရေးဝန်ကြီး
(ဈ) ဘဏ္ဍာရေး ဝန်ကြီး
(ည) စည်ပင်သာယာရေးဝန်ကြီး
(ဋ) ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(ဌ) ကယန်း(ပဒေါင်) တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး
(ဍ) ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(ဎ) လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(ဏ) လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(တ) အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(ထ) အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(ဒ) ပြည်နယ်ဥပဒေချုပ်
(န) အတွင်းရေးမှူးဆိုပြီး ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

(၅) ပြည်နယ်အကျဉ်းဦးစီးဌာန
(၆) ပြည်နယ်မီးသတ်ဦးစီးဌာန
(၇) အမှတ်(၄) သတင်းရဲတပ်ဖွဲ့ခွဲမှူးရုံး
(၈) ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
(၉) ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ သင်တန်းကျောင်းများ
(၁၀) ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန
(၁၁) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန
(၁၂) အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဦးစီးဌာန
(၁၃) အလုပ်သမား ဆက်ဆံရေးဦးစီးဌာန
(၁၄) လူမှုဖူလုံရေးအဖွဲ့

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ တာဝန်ခံ ဆောင်ရွက်ရသည့် ဌာနများကို ဆက်လက် တင်ပြပါမယ်-

(၁) ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန
(၂) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
(၃) ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန
(၄) ကုန်းမြင့်ဒေသလယ်ယာဖော်ထုတ်ရေး စီမံကိန်းရုံး
(၅) ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

D/real(wide) (4

(၆) ပြည်နယ်ပျားလုပ်ငန်းဌာန
(၇) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
(၈) ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန
(၉) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
(၁၀) ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန

(ဃ) လမ်ပန်း ဆက်သွယ်ရေး ဝန်ကြီးမှ တာဝန်ခံဆောင်ရွက်ရသည့် ဌာနများကို ဆက်လက်တင်ပြပါမယ်-

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန
(၂) ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန
(၃) ကုန်းလမ်း ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ
(၄) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၅) မြန်မာ့မီးရထား
(၆) မြန်မာ့အမျိုးသားလေကြောင်း
(၇) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
(၈) မြန်မာ့စာတိုက်လုပ်ငန်း
(၉) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန
(၁၀) လမ်းဦးစီးဌာန
(၁၁) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၆) မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
(၇) စားသုံးသူရေးရာဦးစီးဌာန
(၈) ပြည်နယ်စီမံကိန်းဦးစီးရုံး
(၉) ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
(၁၀) ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၁၁) အိမ်တွင်းမှုသင်တန်းကျောင်း

(ဇ) လူမှုရေးဝန်ကြီးမှ တာဝန်ခံ ဆောင်ရွက်ရသည့် ဌာနများကို ဆက်လက်တင်ပြ ပါမယ်-

(၁) ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်(တောင်ကြီး/ ပင်လုံ/ လားရှိုး/ကျိုင်းတုံ)
(၂) ပညာရေးကောလိပ်(တောင်ကြီး/ လားရှိုး)
(၃) နည်းပညာတက္ကသိုလ် (တောင်ကြီး/ ပင်လုံ/ လားရှိုး/ကျိုင်းတုံ)
(၄) ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး/ ပင်လုံ/ လားရှိုး/ကျိုင်းတုံ)
(၅) ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး
(၆) အစိုးရနည်းပညာအထက်တန်းကျောင်း
(၇) ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(၈) ပြည်နယ်ကုသရေးဦးစီးဌာန
(၉) ဆေးတက္ကသိုလ်(တောင်ကြီး)
(၁၀) တိုင်းရင်းဆေးပညာဦးစီးဌာန
(၁၁) သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (တောင်ကြီး/ လားရှိုး/ကျိုင်းတုံ)

D/real(wide) (4

(၁၂) အားကစားနှင့်ကာယပညာဦးစီးဌာန
(၁၃) အားကစားနှင့်ကာယပညာသိပ္ပံ

(စျ) ဘဏ္ဍာရေးဝန်ကြီးမှ တာဝန်ခံ ဆောင်ရွက်ရသည့် ဌာနများကို ဆက်လက်တင်ပြပါမယ်-
(၁) ပြည်နယ်စာရင်းစစ်ရုံး
(၂) အကောက်ခွန်ဦးစီးဌာန
(၃) ပြည်တွင်းအခွန်များဦးစီးဌာန
(၄) မြန်မာ့စီးပွားရေးဘဏ်
(၅) ပြည်နယ်ပင်စင်ဦးစီးဌာန
(၆) ပြည်နယ်ရသုံးမှန်းခြငွေစာရင်းဦးစီး ဌာန
(၇) ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
(၈) မြန်မာ့အာမခံလုပ်ငန်း
(၉) ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး

(ည) စည်ပင်သာယာရေးဝန်ကြီးမှ တာဝန်ခံ ဆောင်ရွက် ရသည့် ဌာနများကို ဆက်လက်တင်ပြပါမယ်-
(၁) စည်ပင်သာယာရေးဌာန
(၂) ဗဟိုပြည်တွင်းကုန်တင်ကုန်ချ

(ဋ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများမှ ၎င်းတို့၏ လူမျိုးရေးရာလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်အရ သီးခြားတာဝန် ပေးအပ်မှုများကို ဆောင်ရွက်ပါသည်။

(ဌ) ပြည်နယ်ဥပဒေချုပ်သည် ရှမ်းပြည်နယ်အစိုးရ

(ဍ) သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးမှ တာဝန်ခံ ဆောင်ရွက်ရသည့် ဌာနများကို ဆက်လက်တင်ပြပါမယ်-
(၁) သစ်တောဦးစီးဌာန
(၂) မြန်မာ့သစ်လုပ်ငန်း
(၃) မြန်မာ့သစ်လုပ်ငန်း(ပြည်တွင်းရောင်း/စက်)
(၄) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီး ဌာန
(၅) ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
(၆) မြန်မာ့ဆားရောင်းဝယ်ရေးလုပ်ငန်း

(ဎ) လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးမှ တာဝန်ခံ ဆောင်ရွက်ရသည့် ဌာနများကို ဆက်လက်တင်ပြပါမယ်-
(၁) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(၂) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(၃) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ဆ) စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တာဝန်ခံ ဆောင်ရွက်ရသည့် ဌာနများကို ဆက်လက်တင်ပြပါမယ်-
(၁) မြန်မာရေနံထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း
(၂) သမဝါယမဦးစီးဌာန
(၃) ရှမ်း(တောင်/မြောက်/ရှေ့)သမဝါယမ အသင်းစုချုပ်
(၄) ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်း
(၅) ရက်ကန်းနှင့်အသက်မွေး ပညာသင်တန်းကျောင်း

D/real(wide) (4

အဖွဲ့အား ဥပဒေပိုင်းဆိုင်ရာအကြံပေးခြင်းနှင့် ပြည်နယ်အတွင်းဥပဒေရေးရာကိစ္စများဆောင်ရွက်ရပါသည်။

(၃) အတွင်းရေးမှူးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ ရုံးလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ဌာနဆိုင်ရာများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ပိုင်ပိုင်နိုင်နိုင်ဖြင့် စနစ်တကျနည်းဥပဒေ သတ်မှတ်ဆောင်ရွက်သွားရန်အတွက် ပြည်နယ်ဥပဒေချုပ်မှတစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ထံတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဦးစစ်အောင်မြတ်က မေးခွန်း(၂)နှင့်(၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစစ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စုနှင့် ယကြီးကျေးရွာအုပ်စုတွင် အခြေခံပညာအထက်တန်းကျောင်းများမှာ မြင်းကျဒိုးမှာ ကျောင်းသူ၊ကျောင်းသားစုစုပေါင်း (၇၉၅) ဦးနှင့် ယကြီးမှာ ကျောင်းသူကျောင်းသား စုစုပေါင်း(၃၉၃) ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါကျောင်းများမှာ ကျောင်းသူ၊ကျောင်းသားနှင့်

ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစစ်အောင်မြတ်၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ရွာငံမြို့နယ်၊ယကြီးအခြေခံပညာအထက်တန်းကျောင်း သည် မြေဧရိယာ ၇. ၂၇ ဧက ကျယ်ဝန်းပြီး စာသင်ဆောင် ၄ ဆောင်ရှိပါသည်။ အထက်တန်းဆင့် ၁၀၈ ဦး၊ အလယ်တန်းအဆင့် ၂၀၄ ဦး၊ မူလတန်း အဆင့် ၈၁ ဦး၊ စုစုပေါင်းကျောင်းသား၊ ၃၉၃ ဦးရှိပြီး ရုံးခန်း ၂ ခန်းနှင့် တန်းခွဲပေါင်း ၁၂ ခန်းရှိပါသည်။ ကျောင်းသား နှင့် စာသင်ခန်း အချိုးအရ ထပ်မံလိုအပ်သော စာသင်ခန်းနှင့် မီဒီယာ ခန်းများရရှိရေးအတွက် (၁၄၀×၃၀)ပေ RC နှစ်ထပ်တစ်ဆောင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေရရှိရေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ရွာငံမြို့နယ်၊ မြင်းကျဒိုးအခြေခံပညာအထက်တန်းကျောင်းသည် မြေဧရိယာ ၂. ၃ ဧက ကျယ်ဝန်းပြီး ကျောင်းဆောင် ၅ ဆောင်ရှိပြီး အထက်တန်းဆင့် ၂၀၄ ဦး၊ အလယ်တန်းဆင့် ၃၄၂ ဦး၊ မူလတန်းဆင့် ၂၁၃ ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၇၅၉ ဦးရှိပါသည်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၆၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် ဆောက်လုပ်ခွင့်ရရှိထားပြီး ကျောင်းသားနှင့် စာသင်ခန်း အချိုးအရ ထပ်မံလိုအပ်သော စာသင်ခန်းနှင့် မီဒီယာခန်းများ ရရှိရေးအတွက် (၁၄၀×၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်တစ်ဆောင်ကို အမှုတွဲတည်ဆောက်ပြီး ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးမှတစ်ဆင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရရှိရေး

D/real(wide) (4

တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ် ယကြီးကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသည်ဆိုသော မေးခွန်းနှင့်စပ်လျဉ်း၍ ရွာငံမြို့နယ်၊ ယကြီးကျေးရွာအုပ်စုတွင် အိမ်ခြေ ၃၅၉၊ လူဦးရေ ၁၇၃၂ ဦးရှိပြီး ရွာငံပြည်သူဆေးရုံမှ ၂၄ မိုင်၊ မြို့ငတိုက်နယ်ဆေးရုံမှ ၁၄ မိုင်ခန့် အကွာအဝေးတွင်ရှိပါသည်။ ယကြီးကျေးလက်ကျန်းမာရေးဌာနခွဲသည် မြင်းကျဒိုးကျေးလက်ကျန်းမာရေးဌာန လက်အောက်ရှိ ဌာနခွဲတစ်ခုဖြစ်ပြီး ၁၉၆၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးပါက ယကြီးကျေးရွာအုပ်စု အပါအဝင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ စုစုပေါင်းအိမ်ခြေ ၅၇၆၆ အိမ်နှင့် လူဦးရေ ၂၉၉၅၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မည်ဖြစ်ပါသည်။ ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး၏ ၁၃-၁၀-၂၀၁၅ ရက်စွဲပါစာအမှတ်၊(၆၂၃)/ အဆအဥ/ ကုသရေးဖြင့် ကုသရေးဦးစီးဌာန၊ရုံးချုပ်သို့ မြေပြင်အနေအထား စိစစ်တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်သူရအောင်က မေးခွန်း(၁၂၊ ၃၊ ၄)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်

စာသင်ဆောင် လုံလောက်မှုမရှိပါသဖြင့် တိုးချဲ့နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါ၍ နည်းဥပဒေပုဒ်မ ၉၈ အရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကို တစ်ဆက်တည်းမေးမြန်းလိုပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၊ ရွာငံမြို့နယ်အတွင်းမှာရှိတဲ့ ယကြီးကျေးရွာအုပ်စု၊ မြင်းကျဒိုးကျေးရွာအုပ်စု၊ ဘုရားကြီးကုန်းကျေးရွာအုပ်စုနှင့် နန်းကွန်းကျေးရွာအုပ်စုတို့မှာ ကျေးရွာပေါင်း ၁၈ ရွာ၊ အိမ်ခြေ ၃၁၇၈ အိမ်နှင့် လူဦးရေ ၁၅၉၀၅ ဦးရှိပြီး ၎င်းကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလည်းလိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကျေးရွာတွင်နေထိုင်ကြသော ပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် ယကြီးကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင်ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ

D/real(wide) (4

ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဂါရဝမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ကြီး မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ဒေသခံ မိဘပြည်သူများ၏ လိုလားတောင့်တ လိုအပ်ချက်များကို ကိုယ်စားပြုပြီး လွှတ်တော်သို့ မေးမြန်းတင်ပြခွင့်ရတဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြီးတော့ တင်ပြအပ်ပါတယ်။ ကျွန်တော်မေးမြန်းတဲ့ မေးခွန်းနံပါတ် (၁)မှာဆိုလျှင် ကျောက်တလုံးကြီးမြို့မှ ပင်တွန်ကျေးရွာအုပ်စု၊ ပင်တွန်ကျေးရွာအထိ လက်ရှိဆက်သွယ်ထားသော ကျောက်ချော လမ်းသည် ၁၉၉၄-၁၉၉၅ ခုဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ခဲ့ပါတယ်။ အဆိုပါလမ်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း(၂၀) ကျော်ကြာခဲ့ပြီးဖြစ်ပါသည်။ ၄င်း နှစ် ၂၀ အတွင်း ဒေသခံပြည်သူများမှာ ကိုယ့်အားကိုယ့်ကိုး စနစ်ဖြင့် နှစ်စဉ်နှင့်အမျှ မိုးမကျခင် ၁ ကြိမ်၊ မိုးတွင်းကာလပြီးဆုံးလျှင် ၁ ကြိမ် စုစုပေါင်းတစ်နှစ်လျှင် ၂ ကြိမ်နှုန်းဖြင့် ပြုပြင်ထိန်းသိမ်း ဖြတ်သန်းသွားလာခဲ့ပါတယ်။ ယခုအခါ ကျေးလက်ဒေသနေမိဘပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ကုန်ထုတ် လမ်းမကြီးသဖွယ် ယင်းကျေးရွာအုပ်စုမှ ကျောက်တလုံးကြီးမှ တောင်ကြီးသို့ ထွက်ပေါက်တစ်လမ်းသာရှိတဲ့အတွက် သက်တမ်းအားဖြင့် နှစ် ၂၀ ကျော်ရှိပြီးဖြစ်သောကြောင့် အဆင့်မြင့် ကတ္တရာလမ်းများခင်း

(၄၀၀၀၀)ခန့်ရှိပါသည်။ နမ့်တဘက်ချောင်းကို အမှီပြု၍ ချောင်းတစ်လျှောက် ရှိ ရွာများအခြေကျနေကြပါတယ်။ ၄င်းရွာ(၇)ရွာ၏ ချိတ်ဆက်ထားသော မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လမ်းအသစ်ကို ဖောက်လုပ်ပေးရန် မဟုတ်ပါ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ လက်ထက်က မြေသားလမ်းအဖြစ် ဖောက်လုပ်ထားပြီးဖြစ်သည့်လမ်းအား ခေတ်နှင့်အညီ ထပ်မံပြုပြင်ပေးရန် တင်ပြခြင်းဖြစ်ပါသည်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နမ့်တဘက်ချောင်းအရှေ့ဘက်ကမ်းမှာရှိတဲ့ ၄င်းရွာများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ပါဝင်သွား၍ တစ်ရွာတည်းဖြစ်သော်လည်း ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့ ဦးစီးဆောင်ရွက်ထားမှုကြောင့် လမ်းသည်အောက်ခြေပေ(၃၀)၊ အပေါ်(၇၅)ပေရှိပြီးသွားလာရန်နှင့် ကုန်ထုတ်လုပ်ရန် လွယ်ကူပါကြောင်း၊ နမ့်တဘက်ချောင်းကနေ လယ်ထဲသို့ ရေလွှဲ မြောင်း၊ ရေဝင်ပေါက်၊ ထွက်ပေါက်တို့ကို ဒေသဦးစီး အဖွဲ့မှ စနစ်တကျ မြောင်းဖောက်လုပ်ပေးခြင်း၊၄င်းမြေများကို စနစ်တကျဘောင်လုပ်ပေးခြင်းကြောင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ရှိသော တောင်သူဦးကြီး များသည် အဆင်ပြေလျက်ရှိပြီး လယ်တောအထိမော်တော်ယာဉ်ဖြင့် လည်းကောင်း၊ ဆိုင်ကယ်ဖြင့်လည်းကောင်း သွားလာနိုင်ပါကြောင်း၊ ရေစီးရေလာကောင်းမွန်အောင်ဖောက်လုပ်ထားသည့်အတွက် စက်များဖြင့် သွားရောက်ချိန်၌ ချောင်းတစ်ဘက် ခြမ်းမှာ ကျန်ရှိနေသည့် တောင်သူများမှာဆိုလျှင် လက်ရှိတာဘောင်လမ်းပေါ်တွင် ကားတစ်စီးသာသွားလာရ၍ ကျန်ရှိသော ရွာ ၇ ရွာ၏ အိမ်ခြေ၊ လူဦးရေနှင့်နှိုင်းယှဉ်၍ ကုန်ကျစရိတ် များပြားသည်ဟု ယူဆပါက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ပါဝင်သော တောင်သူဦးကြီး များသည် စိုက်ပျိုးရာသီတွင် အချိန်မီစိုက်ပျိုးနိုင်ကြပြီး အချိန်မှန်

D/real(wide) (4

ရိတ်သိမ်းရပါတယ်။ အကြောင်းရင်းမှာ နမ့်တဘက်ချောင်းမှ ရေကို လွှဲထုတ်သည့်အခါတွင် အဆင်ပြေလွယ်ကူပြီး၊ ကျန်တစ်ဘက် ခြမ်းမှာ အချိန်မီမရရှိဘဲ နောက်ကျခဲ့ပါတယ်။ မြေသားလမ်းနှင့် ပတ်သက်၍ တောင်သူဦးကြီးများမှာ ချောင်းခြားပြီး ဘဝ မခြားအောင် ဆက်သွယ်ရေး အဆင်ပြေချောမွေ့အောင် အချိန်မီ စိုက်ပျိုးရိတ်သိမ်းနိုင်ရေး၊ မိုးသည်းထန်စွ ရွာသွန်း၍ လယ်ယာမြေများ ရေလွှမ်းမိုးမှုမှ ကင်းဝေးစေရန် အကျိုးကို မျှော်ကိုး၍ ကျေးရွာ ချင်းဆက်မြေသားလမ်းအား ဦးစားပေး ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်းကို လွှတ်တော်ဥက္ကဋ္ဌ မှတစ်ဆင့် မေးမြန်းပေးပါရန် တင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၄)၊ တောင်ကြီးမြို့နယ်၊ နောင်ကားကျေးရွာ အုပ်စုနှင့် အသုံးတော်ကျေးရွာအုပ်စုကို ချိတ်ဆက်ထားသော လမ်းဖြစ်ပါတယ်။ ၄င်းလမ်းသည် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နောင်ကားမှ ညောင်ကောက် အထိ (၁)မိုင်ကျော် ကျောက်ချောလမ်းခင်းထားပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ၇၃ သိန်း ပံ့ပိုး၍ ကျေးရွာမှ သဲများပေါင်းစပ် ကူညီပြီးခင်းသည့်အခါမှာ မိုးတွင်းကာလတွင်သွားလာရန် ခက်ခဲသောနေရာကို ရွေးပြီးပေပေါင်း ၁၂၀၀ ခင်းခဲ့သော်လည်း ကျန်ရှိနေသော လမ်းအား ဆက်လက်ခင်းပေးမည် ဆိုပါက နောင်ကား - ဆန်ဆိုင် - နမ့်တဘက်ချောင်း နမ့်ဖောင်း တံတားကို ကူးပါက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတောင်ကြီး- ဟိုပုံး - ဆီဆိုင် - လွိုင်ကော်လမ်းမပေါ်ရှိသော နမ့်ခုတ်ကို အချိန်မရွေး ဖြတ်သန်းသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုအကျိုးရှိမည် ဖြစ်ပါတယ်။ ဒီအကျိုးကိုမျှော်ကိုး၍ မိဘပြည်သူများသည်လည်း

ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်။ ခင်းပေးနိုင်ပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ခင်းပေးနိုင်မည်ဆိုသည့် ကတိကဝတ် သိရှိ လိုပါကြောင်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းပေးနိုင်ပါရန် မေးခွန်းနံပါတ်(၁)အဖြစ် ဆွေးနွေးရန်ဖြစ်ပါတယ်။

အမှတ်စဉ်(၂)၊ နောင်ပစ်ကျေးရွာအုပ်စုရှိ ပုံဆွေပင်- တခေါ်မူးထီဖောင်းကျေးရွာချင်းဆက်သော မြေသားလမ်းသည် ခေတ်အဆက်ဆက် ဘိုးဘွားဘီဘင်လက်ထက်က နှစ်စဉ်နှင့်အမျှ ကိုယ့်အားကိုယ့်ကိုး စနစ်ဖြင့် ဖောက်လုပ်ပြီး ယနေ့တိုင် ကျေးရွာချင်း ဆက်လမ်းအဖြစ်တည်ရှိနေပါတယ်။ ၄င်းရွာများမှာ တောင်ပေါ် တောင်စောင်းတွင် တည်ရှိပြီး နှစ်စဉ်နှင့်အမျှ ပြုပြင်ထိန်းသိမ်း သော်လည်း မိုးသည်းထန်စွာရွာပါက အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေရပါသောကြောင့် အဆိုပါ ကျေးရွာချင်းဆက်မြေသား လမ်း(၃)မိုင် (၄)ဖာလုံခန့်မြေသားလမ်းအား ကျောက်ချောလမ်း အဖြစ်သို့ အဆင့်မြှင့် တိုးပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလို ပါတယ်။

မေးခွန်းနံပါတ်(၅)တောင်ကြီးမြို့နယ်၊ အသုံးတော်ကျေးရွာ အုပ်စုအတွင်းရှိ ဟိုတပ် - ဟန်လွဲ - ဆီဆုံ -တီးဟေး - ဝမ်ဆမိုင်း- ရေဝန်း - ဝန်းနောက်စသော ကျေးရွာ (၇)ရွာသည် ရှမ်း တိုင်းရင်းသားအများစုနေထိုင်ပြီး လယ်ယာ၊စပါးစိုက်ပျိုး အသက်မွေးဝမ်းကျောင်းပြုသည့် ကျေးရွာများဖြစ်သောကြောင့် အလေးပေးပြီးဆွေးနွေးခြင်းဖြစ်ပါတယ်။ ၄င်း(၇)ရွာအပြင် လက်ရှိ အနေအထားအရ ၄င်းရွာမှာ ဆက်၍ဆင်းလျှင် တောင်ကြီးမြို့နယ်၊ နားဟီးကျေးရွာအုပ်စုတွင်ပါဝင်သည့် ဖက်ကွန်- ဆိုင်လဲ- နောင်ကြပ်- တားလိုကျန်တို့ ပါဝင်ပါတယ်။ ရလိုသော ဆန္ဒနှင့် အပိုင်းလိုက် တောင်းဆိုခြင်းဖြစ်ပါတယ်။ ၄င်းရွာများသည် ဟိုပုံးနှင့် ဆီဆိုင် လွင်ပြင် တို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် လယ်ကေ (၃၀၀၀၀) ကျော်

D/real(wide) (4

လမ်းကို ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌ မှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မဂ်လာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းလာသည့် မေးခွန်းအနက်မှ မေးခွန်း(၃)ခုကို ဖြေကြားပြီး ကျန်မေးခွန်း(၁)ခုကိုတော့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးမှ ဖြေကြားပေးမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ကျောက်တလုံးကြီး မြို့မှ ပင်တွန်ကျေးရွာအထိ ကတ္တရာလမ်း ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း၍ ကျောက်တလုံးကြီး မြို့မှ ပင်တွန်ကျေးရွာအထိ လမ်းမှာ အရှည် (၈/၄)မိုင် ရှည်လျားပြီး လက်ရှိအခြေအနေတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ကျောက်ကြမ်းလမ်း(၁)လမ်းဖြစ်ပါသည်။ အဆိုပါလမ်းအရှည် (၈/၄)မိုင်အားကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက စုစုပေါင်းခန့်မှန်း ကုန်ကျ စရိတ်ငွေကျပ် ၈၉၆ သန်းခန့်ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၇)ရွာ၊ အိမ်ခြေ(၉၂၉) အိမ်၊ လူဦးရေ (၃၆၂၈)ဦးအား အကျိုးပြု နိုင်မည်

မေးခွန်း(၃)ဖြစ်တဲ့ အသုံးတော်ကျေးရွာအုပ်စုအတွင်းရှိ ဟိုတပ် - ဟန်လွဲ - ဆီဆုံ - တီးဟေး - ဝမ်ဆမိုင်း - ရေဝန်း - ဝန်းနောက် ကျေးရွာချင်းဆက်မြေသားလမ်းအား ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ မေးမြန်းလာမှုနှင့်ပတ်သက်၍ အသုံးတော် ကျေးရွာအုပ်စုအတွင်းရှိ ဟိုတပ် - ဟန်လွဲ - တီဟေး - ဝမ်ဆမိုင်း လမ်းမှာ အရှည်(၄/၆)မိုင်ရှည်လျားပြီး လက်ရှိအခြေအနေတွင် (၈) ပေခန့်သာ ကျယ်သောမြေသားလမ်းဖြစ်ပြီး အဆိုပါလမ်းအား ကျောက်ကြမ်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုလျှင် စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၂၆၉၊ ၈၁၅) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ(၆)ရွာ၊ အိမ်ခြေ (၃၈၃) အိမ်၊ လူဦးရေ (၁၁၀၂) ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအား မြေလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၊ မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေ ရရှိရေးလျာထားတင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည် ဖြေကြားအပ်ပါတယ်။ မေးခွန်း (၄)ကိုတော့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားပေးမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာ ရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်ဆုတောင်းအပ်ပါတယ်။ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်

D/real(wide) (4

လွတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်၏ ကြယ်ပွင့်ပြမေးခွန်း (၅)ခုအနက် နောင်ကားကျေးရွာအုပ်စုနှင့် အသုံးတော်ကျေးရွာအုပ်စု၊ ကျေးရွာချင်း ဆက်လမ်းဖြစ်သော ညောင်ကောက်- ဆန်ဆိုင်ကျောက်ချောလမ်းပိုင်းအား ဆက်လက်ခင်းပေးမည့် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါလမ်းမှာနောင်ကားကျေးရွာ၊ ညောင်ကောက်ကျေးရွာ၊ ကန်လုံးကျေးရွာနှင့် ဆမ်ဆိုင်ကျေးရွာများသို့ ဆက်သွယ်ထား၍ အရှည်မိုင် (၇/၃)မိုင်ရှိပြီး (၁/၄) မိုင်ခန့်မှာ ကျောက်ချောလမ်းဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကျန် (၅/၇)မိုင်အား ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် (၄၇၀. ၀၀)သန်းအားခွင့်ပြုထားရှိပြီးဖြစ်ပါ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်သူရအောင်က မေးခွန်း နံပါတ်(၅)ကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မေးခွန်းနံပါတ်(၅)ကိုမေးမြန်းမှာဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်၊ ကတ္တူကျေးရွာအုပ်စုရှိ ဆောင်းဖိုး ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အဦများ ဆောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး ဆောင်ဖိုးကျေးလက်ကျန်းမာရေးဌာနခွဲသည် ၁၉၉၄ ခုနှစ်မှာ နောင်ကား ကျေးလက်ကျန်းမာရေးဌာနနှင့်တွဲ၍ ရပ်တည်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ Sanction တိုးမြှင့်ခြင်းခံရပါတယ်။ ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ပတ်သက်၍ ကျေးလက်နေ ပြည်သူ

D/real(wide) (5

ဖြစ်ပါသည်။ လွတ်တော် ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအားကတ္တရာလမ်းအဖြစ် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခွင့်ပြု ရန်ပုံငွေဖြင့် တည်ဆောက် နိုင်ရန် ရန်ပုံငွေရရှိရေး လျာထား တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်း ဖြေကြားအပ်ပါသည်။

မေးခွန်း(၂)ဖြစ်တဲ့ နောင်ပစ်ကျေးရွာအုပ်စုရှိ ပုံဆွေပင် - တခွေ့မူး - ထီဖောင်းကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းမှာလည်း ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ မေးမြန်းလာမှုနှင့်ပတ်သက်၍ နောင်ပစ်ကျေးရွာအုပ်စုရှိ ပုံဆွေပင် - တခွေ့မူး - ထီဖောင်းကျေးရွာချင်းဆက်လမ်းမှာ အရှည် (၃/၄)မိုင် ရှည်လျားပြီး လက်ရှိအခြေအနေတွင် မြေသားလမ်းဖြစ်ပြီး အဆိုပါ လမ်းအရှည် (၃/၄)မိုင်အား ကျောက်လမ်း အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၂၆၉. ၈၁၅ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး၊ ကျေးရွာ (၅) ရွာ၊ အိမ်ခြေ (၇၄၇) အိမ်၊ လူဦးရေ (၃၅၀၃) ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ လွတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအားကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခုဘဏ္ဍာရေးနှစ်၊ မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထား တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

များကလိုလိုလားလားနှင့် ၁၉၉၅ တွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ မြေနေရာရရှိရန် ဆောင်းဖိုးရှေ့ရွာ(၀.၅၀)ဧကကို သတ်မှတ်ရွေးချယ်ခဲ့ပြီး ဒေသခံမိဘပြည်သူများ၏ ကိုယ့်အား ကိုယ်ကိုးစနစ်ဖြင့် အင်္ဂတေခင်း၊ပျဉ်ကာ၊ သွပ်မိုး အဆောက်အဦအား ယနေ့တိုင်မြင်တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိကျန်းမာရေး စောင့်ရှောက်မှုမှာ ဆောင်ဖိုးကျေးရွာ(၄) ရွာအပြင်၊ ကက္ကူကျေးရွာ တောင်ဘက်ခြမ်း မှာ ကျေးရွာ (၂၀)ရွာ၊ စုစုပေါင်းကျေးရွာ(၂၄)ရွာ တို့ကို ကျန်းမာရေး စောင့်ရှောက်လျက် ရှိပါတယ်။ ၂၀၁၂ ခုနှစ်တွင် Sanction တိုးမြှင့်ခြင်းခံရသည့်အခါတွင် ဒေသခံပြည်သူများမှ ကျပ်သိန်း (၂၀)ကျော် အကုန်အကျခံပြီး အဆောက်အဦ ဖောင်ဒေးရှင်းဆောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ သို့ပါ၍ဆောင်းဖိုး ကျေးလက် ကျန်းမာရေးဌာနခွဲတွင် ဆေးပေးခန်းနှင့်ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဆောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့်မေးမြန်းပေးပါရန် လေးစားစွာတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးခွန်သူရအောင်မှ မေးမြန်းလာသည့် ကက္ကူကျေးရွာအုပ်စုရှိ ဆောင်းဖိုးကျေးလက် ကျန်းမာရေးဌာနခွဲတွင် ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဆောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိ မေးခွန်း နှင့်စပ်လျဉ်း၍ တောင်ကြီးမြို့နယ်၊ ပြည်သူ့ကျန်းမာရေး

ပြည်သူများ၏ကျေးရွာများ၊ နေအိမ်အဆောက်အဦများ၊ အသုံးအဆောင်ပစ္စည်းများ၊ ခြံထွက်ပစ္စည်းများ၊ တောင်ယာသုံး စက်ကိရိယာပစ္စည်းများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ လုယက်ဖျက်ဆီးခြင်း၊ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်းအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးသည့် အစီအစဉ်များရှိကြောင်းနှင့် လုယက်ဖျက်ဆီးခြင်းခံရ၍ ဆုံးရှုံးမှုများ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို မည်ကဲ့သို့ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ တိုင်းရင်းသား လူမျိုးများကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်စ၊ အခန်း(၆) ၊ ပုဒ်မ ၁၄ တွင် တိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ပါ၍ သီပေါမြို့နယ်၊ ဟူးမြီကျေးရွာအုပ်စု၊ နားတော်ကျေးရွာ၌ (၁၈-၅-၂၀၁၆) ရက်နေ့တွင် မြန်မာ့တပ်မတော်နှင့် SSDP နှင့် SSA တပ်ဖွဲ့သို့ ထိတွေ့တိုက်ပွဲဖြစ်ကြရာ ရွာသူရွာသားများသည် အသက်ဘေးအန္တရာယ်အတွက် ကြောက်ရွံ့ကြပြီး သီပေါမြို့သို့ ထွက်ပြေးခိုလှုံကြပါသည်။ (၁၃-၆-၂၀၁၆) ရက်နေ့တွင် စစ်ဘေးရှောင်ပြည်သူများ နေရပ်ပြန်သည့်အခါ နားတော်ရွာရှိ နေအိမ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ လယ်ယာထွက်သီးနှံများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ဝင်ရောက်ဖျက်ဆီးခြင်းကိုမြင်တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထိုသို့သောဒေသခံတိုင်းရင်းသားများ၏ အသက်အိုးအိမ်များ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ

D/real(wide) (5

ဦးစီးဌာနတွင် ရွှေညောင်နှင့် ကျောက်တလုံးတိုက်နယ်ဆေးရုံ ၂ ခုနှင့် ကျေးလက် ကျန်းမာရေးဌာန (၄) ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ (၂၃) ခုရှိ ပါသည်။ ဆောင်းဖိုးကျေးလက် ကျန်းမာရေး ဌာနခွဲမှာ ကျောက်တလုံးတိုက်နယ်ဆေးရုံအောက်တွင်ပါဝင်ပြီး ကျေးရွာအုပ်စုအနေဖြင့် ကက္ကူကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး လျာထားစာရင်းတွင် ဆောင်းဖိုးကျေးလက်ကျန်းမာရေးဌာနခွဲ အတွက် ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦ ဆောက်လုပ်ရန် ပါရှိခြင်း မရှိသည့်အတွက် ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ၂၉-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၃/ကမရ- လွှတ်တော်/ (၁၂၃၀) ဖြင့် ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦဆောက်လုပ်ပေးနိုင်ရေး ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး၊သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းခမ်းအောင်က ပထမမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးဆောင်သည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးကို လေးစားကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် ဖြစ်ပါတယ်။ ပြည်တွင်းစစ်ဖြစ်ပွားသည့် ဒေသတွင် နေထိုင်သည့် တိုင်းရင်းသား

ပျက်စီးဆုံးရှုံးမှု မရှိရလေအောင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များမှ မည်ကဲ့သို့ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးရန်၊ တာဝန်ရှိ/ မရှိနှင့် ဆုံးရှုံးနစ်နာမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ပေးရန် ရှိ/မရှိ သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အထူးကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံ ဖြစ်ပါတယ်။ယခုသီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် မေးမြန်းသည့် မေးခွန်းကို ကျွန်တော့်အနေနှင့် ဖြေရှင်းလိုပါတယ်။

ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ဟူးမြီကျေးရွာအုပ်စုအနီးနားတော်ကျေးရွာတွင် ၁၈-၅-၂၀၁၆ ရက်နေ့မှစ၍ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများသည် မိမိအသက်အန္တရာယ်ထိခိုက်မည်ကိုစိုးရိမ်၍ သီပေါမြို့ရှိ ဘုန်းကြီးကျောင်းများနှင့် မြို့နှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာအုပ်စုများတွင် ခေတ္တ

D/real(wide) (5

စခန်းဖွင့်လှစ်ပြီး လူသုံးကုန်တန်ဖိုး ၇၄၁၇၃၄စ
ကျပ်၊ စားသောက်ကုန်တန်ဖိုး ၈၁၄၉၃၀၀ ကျပ်နှင့်
အလှူငွေတန်ဖိုး ၁၃၂၄၉၀၀၀ ကျပ်၊ စုစုပေါင်း
၂၈၈၁၅၆၄ ကျပ် ထောက်ပံ့ပေးအပ်နိုင်ခဲ့
ပါကြောင်းနှင့် ခေတ္တတိမ်းရှောင်ပြည်သူများ
နေရပ်ထံ ပြန်လည် ထွက်ခွာသွားသည့် (၁၄-၆-
၂၀၁၆) ရက်တွင် အဆိုပါ တိမ်းရှောင်စုရပ်
စခန်းအား ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

(ဌ) မခေါ်ကျေးရွာအုပ်စု၊ နားလျှိုကျေးရွာမှ ခေတ္တ
တိမ်းရှောင်လာသည့် အိမ်ထောင်စု (၃၉) စု၊ ကျား
(၈၂) ဦး၊ မ (၉၇) ဦး၊ ပေါင်း(၁၇၉)
ဦးနှင့်ပတ်သက်၍ (၂၂-၅-၂၀၁၆) ရက်မှစ၍
ရွှေကျောင်းရပ်ကွက်၊ ရွှေကျောင်းဘုန်းကြီး
ကျောင်းတွင် တိမ်းရှောင်စုရပ် စခန်းဖွင့်လှစ်ပြီး
လူသုံးကုန်တန်ဖိုး ၃၂၆၁၄၇၄ ကျပ်၊
စားသောက်ကုန်တန်ဖိုး ၂၉၈၆၉၀၀ ကျပ်နှင့်
အလှူငွေတန်ဖိုး ၆၁၈၂၀၀၀ ကျပ်၊ စုစုပေါင်း
၁၂၄၃၀၃၇၄ ကျပ် ထောက်ပံ့ပေးအပ်နိုင်ခဲ့
ပါကြောင်း နှင့် ခေတ္တတိမ်းရှောင်ပြည်သူများ
နေရပ်ထံ ပြန်လည် ထွက်ခွာသွားသည့်
(၁-၆-၂၀၁၆)ရက်တွင် အဆိုပါတိမ်းရှောင်စုရပ်
စခန်းအား ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ခေတ္တတိမ်းရှောင်ရောက်ရှိလာသော ဒေသခံ
ပြည်သူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် လွတ်တော်
ကိုယ်စားလှယ်များမှ ပေါင်းစပ်ညှိနှိုင်း၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ
အကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့်

ပြောင်းရွှေ့နေထိုင်မှုရှိခဲ့ပါသည်။ ခေတ္တတိမ်းရှောင်မှုနှင့်ပတ်သက်၍
အောက်ပါအတိုင်းတင်ပြလိုပါသည်-

(က) နောင်တုံကျေးရွာအုပ်စု၊ နားဖြိုင်းကျေးရွာနှင့်
ကွန်ခိုက်ကျေးရွာအုပ်စု၊ လုံခန်ကျေးရွာ၊ ပူခါး
ကျေးရွာတို့မှ ခေတ္တတိမ်းရှောင်လာသည့်
အိမ်ထောင်စု (၇၁) စု၊ ကျား (၁၁၇) ဦး၊ မ (၁၇၃)
ဦး၊ပေါင်း(၂၉၀) ဦးနှင့်ပတ်သက်ပြီး (၂၀-၅-၂၀၁၆)
ရက်မှစ၍ကွန်ခိုက်ကျေးရွာအုပ်စု၊အောင်စေတနာ
ဘုန်းတော်ကြီးကျောင်းတွင် တိမ်းရှောင်စုရပ်စခန်း
ဖွင့်လှစ်ပြီး လူသုံးကုန်တန်ဖိုး ၃၆၁၆၇၂၆ကျပ်၊
စားသောက်ကုန်တန်ဖိုး ၃၂၉၉၄၀၀ ကျပ်နှင့်
အလှူငွေတန်ဖိုး ၃၆၁၆၇၂၆ ကျပ်၊ စားသောက်
ကုန်တန်ဖိုး ၃၂၉၉၄၀၀ကျပ်နှင့် အလှူငွေတန်ဖိုး
၂၃၀၆၀၀၀ ကျပ်၊ စုစုပေါင်း ၉၂၂၂၁၂၆
ကျပ်ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါကြောင်းနှင့် ခေတ္တ
တိမ်းရှောင်ပြည်သူများနေရပ်ထံပြန်လည် ထွက်ခွာ
သွားသည့် ၂၅-၅-၂၀၁၆ ရက်တွင် အဆိုပါ
တိမ်းရှောင်စုရပ်စခန်းအား ပိတ်သိမ်း ခဲ့ပြီး
ဖြစ်ပါသည်။

(ခ) ဟူးမြီကျေးရွာအုပ်စု၊ နားတော်၊ ပန်ငါးကျေးရွာနှင့်
နမ္မကျေးရွာအုပ်စု၊ နားကွန်၊ ကုန်းပေါင်းကျေးရွာ
တို့မှ ခေတ္တတိမ်းရှောင်လာသည့် အိမ်ထောင်စု
(၁၀၉) စု၊ ကျား (၉၈) ဦး၊ မ (၁၇၂) ဦး၊ ပေါင်း
(၂၇၀) ဦး နှင့်ပတ်သက်၍ (၂၁-၅-၂၀၁၆) ရက်
မှစ၍ ပန်းတိမ်တောင်ရပ်ကွက်၊အောင်မင်္ဂလာ

D/real(wide) (5

ပူးပေါင်းဆောင်ရွက်ကာ သီပေါမြို့နယ်၊ ကွန်ခိုက်ကျေးရွာအုပ်စု၊ အောင်စေတနာဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း၊ ပန်းတိမ်တောင်ရပ်ကွက်၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်တွင်လည်းကောင်း၊ တောင်မြို့ရပ်ကွက်၊ ခန္ဓီရာမစာသင်တိုက်တွင်လည်းကောင်း၊ ရွှေကျောင်းရပ်ကွက်၊ ရွှေကျောင်းဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ ပန်စောက်မိန်းကျေးရွာအုပ်စု၊ မြို့ဟောင်းကျောင်းတိုက်တွင်လည်းကောင်း တိမ်းရှောင်စုရပ်စခန်းများဖွင့်လှစ်၍ အသီးသီးနေရာချထားဆောင်ရွက်ခဲ့ပါသည်။

ထိုသို့တိမ်းရှောင်စဉ်ကာလအတွင်း ဒေသခံပြည်သူများအား စားသောက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ အဆင်ပြေ ချောမွေ့စေရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်ထားသည့် ကျပ်သိန်း ၁၀၀ ရန်ပုံငွေမှ ငွေကျပ် ၂၁၁၉၀၀ ကျပ်အား ဆန်၊ဆီ၊ ဆား ၊ အာလူး၊ ကြက်သွန်စသည့် စားသောက်ကုန်ပစ္စည်းများအား ဝယ်ယူ၍ ထောက်ပံ့မှုပြုခဲ့သည့် အပြင် ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် တိမ်းရှောင်စခန်း အလိုက် ယာယီဆေးပေးခန်းများ ဖွင့်လှစ်၍ဆောင်ရွက်ပေးခဲ့ ပါသည်။ ထို့အပြင် ကျောက်မဲခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဦးစီးဌာနမှလည်း အိမ်ထောင်စု၊ တစ်စုချင်းအလိုက် မိသားစုအသုံးအဆောင်ပစ္စည်း (၉) မျိုးအားလည်းကောင်း၊ အခြား လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ၏ ကူညီ ထောက်ပံ့မှုများဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါသည်။

(၁၃-၆-၂၀၁၆) ရက်တွင် တိုက်ပွဲရှောင်ပြည်သူများ ၄င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသည့် အခါတွင်လည်း လွတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာကျေးရွာများအရောက်

ဘုန်းတော်ကြီးကျောင်း တွင် တိမ်းရှောင်စုရပ်စခန်းဖွင့်လှစ်ပြီး လူသုံးကုန် တန်ဖိုး ၉၀၅၂၉၄ ကျပ်၊ စားသောက်ကုန်တန်ဖိုး ၅၀၄၅၉၉၁၁ ကျပ်နှင့် အလှူငွေတန်ဖိုး ၁၂၆၉၂၀၀၀ ကျပ်၊ စုစုပေါင်း ၂၆၇၉၀၁၈၅ ကျပ် ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါကြောင်း နှင့် ခေတ္တတိမ်းရှောင်ပြည်သူများ နေရပ်ထံ ပြန်လည် ထွက်ခွာသွားသည့် ၁၃-၆-၂၀၁၆ ရက်တွင် အဆိုပါ တိမ်းရှောင်စုရပ်စခန်းအား ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

(ဂ) နမ္မကျေးရွာအုပ်စု၊ နမ္မကျေးရွာမှ ခေတ္တတိမ်းရှောင်လာသည့် ရဟန်း၊ သာမဏေ၊ သံဃာတော် (၉၄) ပါးနှင့်ပတ်သက်၍ ၂၁-၅-၂၀၁၆ ရက်မှစ၍ တောင်မြို့ရပ်ကွက်၊ ခန္ဓီရာမစာသင်တိုက်တွင် ခေတ္တသီတင်းသုံးနိုင်ရန် စီစဉ်ပေးခဲ့ပြီး လှူဒါန်းထောက်ပံ့မှုအနေဖြင့် စုစုပေါင်း ၇၇၉၃၇၀၀ ကျပ် လှူဒါန်းထောက်ပံ့ပေးအပ်နိုင်ခဲ့ပါကြောင်းနှင့် မူလသီတင်းသုံးရာကျောင်းတိုက်သို့ ပြန်လည် ထွက်ခွာသွားသည့် (၂-၆-၂၀၁၆)ရက်တွင် အဆိုပါ ခေတ္တနေရာချထားမှုအား ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။

(ဃ) ဟူးမြီကျေးရွာအုပ်စု၊ တိန်းဟိုင်း၊ ကျောင်းမိုင်ကျေးရွာတို့မှ ခေတ္တတိမ်းရှောင်လာသည့် အိမ်ထောင်စု (၇၈) စု၊ ကျား (၁၂၁) ဦး၊ မ (၁၈၄) ဦး၊ပေါင်း (၃၀၅)ဦးနှင့်ပတ်သက်၍(၂၂-၅-၂၀၁၆) ရက်မှစ၍ ပန်စောက်မိန်းကျေးရွာအုပ်စု၊ မြို့ဟောင်းဘုန်းကြီးကျောင်းတွင် တိမ်းရှောင်စုရပ်

D/real(wide) (5

ဦးစီးဌာန၊ အမှတ်(၃)တည်ဆောက်ရေး အဖွဲ့မှ တည်ဆောက်လျက်ရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ တောင်ဘက်မိုင် ၂၀ ခန့်အကွာ တောင်ရှည်ကျေးရွာအနီးရှိ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။ ယင်းစီမံကိန်းကြောင့် သီပေါမြို့နယ်၊ နမ္မခေါ်ကျေးရွာအုပ်စု၊ တာလုံအရှေ့ရွာတွင် လူနေအိမ် (၁၃၀)၊ ကျောက်မဲမြို့နယ်၊ အနောက်တာလုံကျေးရွာရှိ လူနေအိမ် (၁၂) အိမ်နှင့် လယ်မြေ (၁၃၀) ဧက ၊ ဥယျာဉ်ခြံမြေ (၁၆၇) ဧက၊ ယာမြေ (၄၀၁) ဧကနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ကျေးရွာမီးလင်းရေးအတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ငွေကျပ် (၃၁၄) သိန်း အကုန်အကျခံ တည်ဆောက်ထားသည့် ရေအားလျှပ်စစ်လုပ်ငန်း၊ အခြားသော အဆောက်အဦများ ရေလွှမ်းမိုး နစ်မြုပ်မှုအန္တရာယ်နှင့်ကြုံတွေ့ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တာလုံ ကျေးရွာတွင် နေထိုင်သော ရွာသူရွာသားများသည် ရှေးနှစ်ပေါင်း များစွာက အခြေချနေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၊ လူနေမှုအသိုက် အဝန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများအားလုံး ဆုံးရှုံးစွန့်လွှတ်ရမှာဖြစ်ပါတယ်။ ဤကဲ့သို့ ဆုံးရှုံးနစ်နာမှုများကို ရွာသူ၊ ရွာသားများက လုံးဝမလိုလားပါ။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ကွန်ကရစ်ရေလှောင်တမံအမျိုးအစားဖြစ်ပြီး ရေလှောင်တမံ အလျား (၈၁၀) ပေ၊ ရေလှောင်တမံအမြင့် (၃၁၈) ပေ ဖြစ်ပါသည်။ ကန်ရေ အပြည့်ရေပြင်ကျယ်ဧရိယာ (၇.၅) စတုရန်းမိုင်ရှိပြီး ၊ အမြင့်ဆုံးရေမျက်နှာပြင်နိမ့်မြင့်မှ EL ၁၂၉၆ ပေ၊ အနိမ့်ဆုံး ရေမျက်နှာပြင်နိမ့်မြင့်မှ EL ၁၂၆၃ ပေရှိမှာဖြစ်ပြီး ကန်ရေပြည့် ရေသိုလှောင်

ပို့ဆောင်ပေးခဲ့သည့် အပြင် စားသောက်နေထိုင်ရေးအဆင်ပြေချောမွေ့စေရန်နှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ကွန်ခိုက်ကျေးရွာအုပ်စု၊ အောင်စေတနာဘုန်းကြီးကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများအား လူတစ်ဦးလျှင် ငွေ ၇၀၀၀ ကျပ်အားလည်းကောင်း၊ ပန်းတိမ်တောင်ရပ်ကွက်၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများအား လူတစ်ဦးလျှင် ငွေ ၁၅၇၅၀ ကျပ်၊ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်စီအားလည်းကောင်း၊ တောင်မြို့ရပ်ကွက်၊ ခန္တီရာမ စာသင်တိုက်ရှိ တိုက်ပွဲရှောင်သံဃာတော်များအား တစ်ပါးလျှင် ငွေ ၁၅၀၀၀ ကျပ်နှင့် သင်္ကန်းပရိက္ခရာများအားလည်းကောင်း၊ ရွှေကျောင်းရပ်ကွက်၊ ရွှေကျောင်းဘုန်းကြီးကျောင်းရှိ တိုက်ပွဲရှောင် ပြည်သူများအား လူတစ်ဦးလျှင် ငွေ ၂၅၀၀၀ ကျပ်အား လည်းကောင်း၊ ပန်စောက်မိန်းကျေးရွာအုပ်စု၊ မြို့ဟောင်း ကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများအား လူတစ်ဦးလျှင် ငွေ ၃၉၅၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီး ထောက်ပံ့ ပေးခဲ့သည့်အပြင် ဆန်၊ ဆီ၊ ဟင်းချက်စရာများနှင့် အဝတ်အထည် များအား အိမ်ထောင်စုတစ်စုချင်းအလိုက် လူတစ်ဦးချင်းအလိုက် အသီးသီး ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

သီပေါမြို့နယ်အတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားများ၏ အသက်အိုးအိမ်များ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ၊ ပျက်စီးဆုံးရှုံးနစ်နာမှုမရှိစေရန်အတွက် နိုင်ငံတော်အဆင့်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်၍ တိုက်ပွဲများ ရပ်စဲစေရန် ဆောင်ရွက်နေသကဲ့သို့ မြို့နယ်အတွင်းတွင်လည်း အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍

D/real(wide) (5

လိုက်ပါက တာလုံကျေးရွာတွင် ရေမျက်နှာပြင်၏ မြေပြင်နိမ့်မြင့်မှတ်မှာ EL ၃၉၅ မီတာရှိမှာဖြစ်ပြီး တာလုံကျေးရွာ၏ နိမ့်မြင့်မှတ်မှာ EL ၃၈၀ M ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ တာလုံကျေးရွာ၊ အရှေ့၊ အနောက်အားလုံး ရေလွှမ်းမိုးနစ်မြုပ်မည်ဖြစ်၍ နေထိုင်လျက်ရှိကြသော ရွာသူရွာသားများ၏ သဘာဝက ပေးသော သယံဇာတများ၊ လူနေမှုဘဝများ၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးနစ်နာမှုမရှိရလေအောင် အထက်ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို ပြင်ဆင်ဆောင်ရွက်နိုင်မှု ရှိ/မရှိ မေးမြန်းလိုပါတယ်။ ယင်းနှင့်တစ်ဆက်တည်း အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ရရှိသည့် အကျိုးအမြတ်များ၊ လျှပ်စစ်မာတ်အား စီမံကိန်းတည်ရှိရာ ဖြစ်သော သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် နောင်ချိုမြို့နယ်များရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်းရှိ ကျေးရွာများသို့ ဖြန့်ဖြူးပေးရန် လုပ်ငန်းအစီအစဉ်ရှိ/မရှိ နှင့် ဆည်တည်ဆောက်ရေးနှင့် တည်ရှိမှုကြောင့် ဒေသခံပြည်သူများ၏ ဘဝလုံခြုံရေးမည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားမှု ရှိ/မရှိကို သိရှိလိုကြောင်း ပြည်သူပြည်သားများကိုယ်စားမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးဆွေသိန်း ၊ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည်စုံပါ

အထက်ဌာနညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယနေ့အချိန်အထိ တိုက်ပွဲဖြစ်ပွားသည့် ကျေးရွာများရှိ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ နေအိမ်အဆောက်အဦ၊ ကွဲ၊ နွား၊ တိရစ္ဆာန်၊ လူအသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အခြေအနေအား တင်ပြလာခြင်းမရှိသည့်အတွက် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကျေးရွာအုပ်စုရှိ ဌာနဆိုင်ရာအသီးသီး ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များမှ လိုအပ်သော စုံစမ်းစိစစ်မှုများ ပြုလုပ်၍ ဆုံးရှုံးနစ်နာမှုများရှိပါက ပြန်လည်ထူထောင်ရေးလုပ်ငန်း များအား မြို့နယ်အစီအစဉ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းများကလည်းကောင်း ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းခမ်းအောင်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများခင်ဗျား။ ဒုတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်၊ ဒုတိယ ပုံမှန်အစည်းအဝေးတွင် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းခမ်းအောင်မှ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းလိုပါတယ်။ ဒုဋ္ဌဝတီမြစ် ခေါ် မြစ်ငယ်မြစ်၊ ရှမ်းဘာသာအခေါ် နမ့်တူမြစ်ပေါ်တွင် ရေအား လျှပ်စစ်စွမ်းအင် ရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး

D/real(wide) (5

လူနာများ၏ အသက်လည်းမဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်ဖွဲ့စည်းပုံအရ ခန့်အပ်ရန် ကျန်ရှိတဲ့ လက်ထောက်ဆရာဝန်များ ခန့်ထားမည်ဆိုပါက လူနာအတွက် များစွာအဆင်ပြေမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ ခန့်အပ်ရန် ကျန်ရှိတဲ့ လက်ထောက် ဆရာဝန်များအား အမြန်ဆုံးခန့်ထားပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ လွှတ်တော်မှတင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

မေးခွန်း နံပါတ် (၂) ကတော့ နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာ ၁၆ ခုတင်ဆံ့ဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဤမေးခွန်းကို လွန်ခဲ့သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ခြင်းဖြစ်ပါတယ်။ ယင်းမေးမြန်းချက် နှင့်ပတ်သက်၍ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ပြန်လည် ဖြေကြားရာတွင် မြို့သစ် ၁၆ ခုတင်ဆံ့ဆေးရုံတည်ဆောက်ရေး အတွက် တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁၃-၇-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရမ/ခွဲ-၄(၂)(အဆိုပြု) ၂၀၁၅/ ၃၄၈ ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ကြောင်းဖြေကြားခဲ့သော်လည်း ယနေ့ထိထူးခြားမှု တစ်စုံတစ်ရာ မရှိသောကြောင့် ပြန်လည်မေးမြန်းရခြင်းဖြစ်ပါတယ်။

မြို့သစ်ကျေးရွာသည် နမ့်ဆန်မြို့နယ်မှ ကျောက်လမ်းသို့ (၂၆) မိုင်ကွာဝေးပါတယ်။ မိုင်းငေါ့ကျေးရွာမှ ကျောက်လမ်းသို့(၁၆) မိုင်ကွာဝေးပြီး လူဦးရေ ၅၀၀၀ ကျော်ရှိပါတယ်။ မြို့သစ်ကျေးရွာ ဘေးပတ်လည်တွင် ရွာပေါင်း (၃၀) ခန့်ရှိပြီး လူဦးရေ ၂၀၀၀၀ ကျော်ရှိပါတယ်။ မြို့သစ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန (၁) ခု ၊ ကျန်းမာရေးမျူး (၁) ဦး၊ နေ့စဉ်လူနာ(၁၅) ဦးနှင့် လစဉ်

စေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး၊ ဦးဆွေသိန်း ဖြစ်ပါတယ်။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်မှ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ အထက်ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းသည် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၃) တည်ဆောက်ရေး၊ ပြင်ဦးလွင်မြို့မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်စီမံကိန်းလုပ်ငန်းကြီး ဖြစ်ခြင်းကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားနိုင်မှုမရှိသော လုပ်ငန်းဖြစ်၍ သက်ဆိုင်ရာ လွှတ်တော်များမှတစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်သို့ မေးမြန်းဆောင်ရွက်သင့် ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း(၁ ၊၂ ၊၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး၊ ဒုတိယနေ့ကို တက်ရောက်ခွီးမြှင့်ပေးပါသော လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့

D/real(wide) (5

ပျမ်းမျှလူနာ ၅၀ ဦးခန့် ကုသပေးလျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် လူနာများကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ဆေးရုံသို့ အချိန်မီပေးပို့ရန် များစွာအခက်အခဲရှိသဖြင့် ၁၆ ခုတင်ဆံ့ဆေးရုံ ဆောက်လုပ်ရန်အတွက်လိုအပ်သောမြေနေရာ ၃ ဧကအကျယ်အဝန်း ရှိပြီးဖြစ်ပါတယ်။ ယခင်အေးချမ်းဖြူးလက်ထက်က မြို့သစ်ကို တိုက်နယ် ဆေးရုံအဖြစ်ဆောက်ပေးရန် အစီအစဉ် ရှိခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်တွင် မန်တုံမြို့အဖြစ် တိုးမြှင့်လိုက်သောအခါ မြို့သစ်အစား ၊ မန်တုံမြို့ကို ပြောင်းရွှေ့ပြီး တိုက်နယ်ဆေးရုံကို ဖွင့်လှစ်ပေးရတဲ့အတွက် မဆောင်ရွက်နိုင်ခြင်းဘဲ ဖြစ်ပါတယ်။ ဒါကြောင့် မြို့သစ်ကျေးရွာကို တိုက်နယ်ဆေးရုံအဖြစ် ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာမှာ ၁၆ ခုတင် ဆံ့ဆေးရုံတည်ဆောက်ရန် အတွက် ၂၀၁၃-၂၀၁၄ နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆေးရုံပင်မအဆောက်အဦ (၁) ခုဆောက်လုပ်ရာ သိန်း ၁၀၀၀ ကုန်ကျပါတယ်။ အဲဒီကွမ်ဟယ်ကျေးရွာ ပတ်ဝန်းကျင်မှာ ကျေးရွာ ပေါင်း (၃၀)၊ လူဦးရေ ၅၀၀၀ ခန့်ရှိပြီး၊ ကျေးရွာအုပ်စုအနေဖြင့် ကွမ်ဟယ်ကျေးရွာအုပ်စု၊ မန်နောက်ကျေးရွာအုပ်စု၊ ပုံထွန်ကျေးရွာ အုပ်စု၊ ပန်နင်းကျေးရွာအုပ်စု၊ ပုံပျက်စသည့်ဖြင့် ကျေးရွာအုပ်စု ၅ စု ဝန်းရံထားသော မြို့၊ ရွာကြီးဖြစ်ပါတယ်။ ကွမ်ဟယ်ကျေးရွာမှာ ကျေးလက်ကျန်းမာရေး (၁) ခု၊ လက်ထောက်ကျန်းမာရေးမျှူး(၁) ဦးရှိပြီး ၂၀၁၃-၂၀၁၄ နတလဘတ်ဂျက်ဖြင့် သိန်း ၁၀၀၀ ကုန်ကျခံပြီး ဆောက်လုပ်ပြီးစီးပြီးဖြစ်သည့် ပင်မဆေးရုံ အဆောက်အဦအပြင် ဆေးရုံတစ်ခုဖြစ်ရန်လိုအပ်တဲ့ ဆရာဝန်နေအိမ်များ၊ သူနာပြုနေအိမ်များ၊ ဝန်ထမ်းနေအိမ်များနှင့် အလုပ်သမားတန်းလျားစသည့် လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးခြင်း

D/real(wide) (5

ရှေးဦးပဏာမ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော် အနေနဲ့ ပထမမေးခွန်းဖြစ်တဲ့ နမ့်ဆန်မြို့နယ်၊ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် (၆) ဦးအား အမြန်ဆုံး ခန့်ထားပေးနိုင်ရေး အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ တင်ပြ မေးမြန်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။နမ့်ဆန်မြို့နယ်သည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရုံးစိုက်ရာမြို့ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်မှာ ပြည်သူ့ဆေးရုံသည် ခုတင် ၅၀ ဆံ့ဆေးရုံဖြစ်သည့်အတွက် ဖွဲ့စည်းပုံအရ မြို့နယ် ဆရာဝန်ကြီး (၁) ဦး၊ လက်ထောက်ဆရာဝန် (၆) ဦး၊ စုစုပေါင်း (၇) ဦးဖြစ်ပါတယ်။ မြို့နယ်လူဦးရေသည် ၈၀၀၀၀ ကျော်ရှိပြီး လက်ရှိတွင် မြို့နယ်ဆရာဝန်ကြီး (၁) ဦးသာလျှင်ခန့်ထားလျက်ရှိပြီး လက်ထောက်ဆရာဝန် (၁) ဦးကို ညောင်ရွှေမြို့နယ်ပြည်သူ့ဆေးရုံမှ ခေတ္တယာယီတွဲထားပါတယ်။ လက်ထောက်ဆရာဝန် (၆) ဦး လစ်လပ်လျက်ရှိပါတယ်။ မြို့နယ်ဆရာဝန်ကြီးသည် မြို့နယ်အုပ်ချုပ်ရေးကိစ္စ၊ ပြည်နယ်/မြို့နယ် အစည်းအဝေး တက်ရောက်သည့်အခါများတွင် ကုသရေးဘက်၌ လုံးဝ အချိန်မပေးနိုင်ပါသဖြင့် တွဲဖက်ထားသည့် ဆရာဝန် (၁) ဦးကသာ မြို့နယ်လူဦးရေ ၈၀၀၀၀ ကျော်၏ ကျန်းမာရေးကုသမှုကို တာဝန်ယူဆောင်ရွက်နေရပါတယ်။ နေ့စဉ် ပြင်ပမှ လာရောက် ကုသသည့် လူနာ ၅၀နှင့် ဆေးရုံတက်ရောက်ကုသသည့်အတွင်း လူနာ စုစုပေါင်း ၅၀ ကျော်ကို ကုသပေးရာမှာ ဆရာဝန်နှင့် လူနာ အင်အားမျှတမှုမရှိသောကြောင့် လားရှိုးနှင့် မန္တလေးပြည်သူ့ ဆေးရုံကြီးကို အရေးပေါ်လူနာများအား နေ့စဉ်လွှဲပြောင်းပေးနေရပါတယ်။

ရှိ/မရှိနှင့် တိုက်နယ်ဆေးရုံအဖြစ်ဖွင့်လှစ်ခွင့်ရှိ/မရှိဆိုသည့် မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ နမ့်ဆန်မြို့နယ်၊ ဟူးမန်းကျေးရွာအုပ်စု၊ ကျန်းမာရေးဌာန၊ ဟူးခင်ကျေးရွာ ကျန်းမာရေးဌာနနှင့် နမ့်လင်းကျေးရွာ၊ ကျန်းမာရေးဌာနရှိ လက်ထောက်ကျန်းမာရေးမျူးများတာဝန်ကို အပြည့်အဝ ဆောင်ရွက်ခြင်းမရှိဘဲ မြို့ပေါ်တွင် ရှိနေခြင်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ နမ့်စန်မြို့နယ်မှာ ပြည်သူ့ဆေးရုံလက်အောက်ခံ ကျေးလက်ကျန်းမာရေးဌာန (၆) ခု ရှိပါတယ်။၄င်းတို့မှာ မြို့သစ်ကျေးရွာ၊ကွမ်ဟယ်ကျေးရွာ၊ ဇယန်ကြီးကျေးရွာ၊ ဟူးခင်ကျေးရွာ၊ ဟူးမန်းကျေးရွာနဲ့ နမ့်လင်းကျေးရွာ၊ ကျန်းမာရေးဌာနတို့ဖြစ်ပါတယ်။ ၄င်း (၆) ခုအနက် (၃) ခုဖြစ်တဲ့ ဟူးမန်းကျေးရွာ၊ ဟူးခင်ကျေးရွာနှင့် နမ့်လင်းကျေးရွာ ကျန်းမာရေးဌာနတွေမှာရှိတဲ့ လက်ထောက်ကျန်းမာရေးမျူးများသည် မိမိတာဝန်ကျရာ နေရာများတွင် မရှိကြ၍ မြို့ပေါ်တွင်သာ နေထိုင်ကြသောကြောင့် ဒေသခံပြည်သူများနှင့် ကွင်းဆင်းသောအခါများတွင် တင်ပြလျက်ရှိပါတယ်။ ကျေးရွာလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ဆောင်ရွက်ပေးခြင်းမရှိဘဲ ပြည်သူ့ဆေးရုံမှ ရရှိသော ဆေးခွဲတမ်းများနှင့် ဆေးခြင်ထောင်များလည်း ကျေးရွာလူထုများထံ ခွဲပေးခြင်း မရှိကြောင်း သိရှိရပါတယ်။ အခြို့လက်ထောက်ကျန်းမာရေးမျူးများသည် ထုတ်ယူလာသော ဆေးခွဲတမ်း များကို ခင်မင်ရာကိုသာ မြို့ထဲကအိမ်များတွင် ထားပြီး လူထုကိုဖြန့်ဝေခြင်းမရှိသောကြောင့် Date Out သွားသည်ကို သိရှိရပါတယ်။ ထို့ကြောင့် နမ့်ဆန်မြို့နယ်၊ ဟူးမန်းကျေးရွာအုပ်စု၊ ကျန်းမာရေးဌာန၊ ဟူးခင်ကျေးရွာ ကျန်းမာရေးဌာနနဲ့ နမ့်လင်းကျေးရွာ ကျန်းမာရေးဌာနရှိ လက်ထောက်ကျန်းမာရေးမျူးများတာဝန်ကိုအပြည့်အဝဆောင်ရွက်နိုင်စေရေးအတွက် သက်ဆိုင်ရာ

ဒုတိယမေးခွန်းဖြစ်တဲ့ ကွမ်ဟယ်တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် ထပ်မံလိုအပ်သော ဆရာဝန်နေအိမ်၊ ဝန်ထမ်းနေအိမ် တိုက်ခန်းများ၊ အလုပ်သမား တိုက်ခန်းများစသည့် အဆောက်အဦ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းများ ခန့်ထားပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် မြို့သစ်ကျေးရွာအတွက် တိုက်နယ်ဆေးရုံ ခွဲခြံပြုပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် လိုအပ်သော အကျိုးပြုလူဦးရေ၊ အိမ်ခြေ၊ အနီးဆုံး ကျန်းမာရေးဌာနနှင့် အကွာအဝေးတို့ကို တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ သဘောထားမှတ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ၂၆-၆-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ရမ- ခွဲ ၄(၁)အဆိုပြု /၂၀၁၅(၂၆၀)ဖြင့် တင်ပြဆောင်ရွက် ထားပါသည်။

နမ့်ဆန်မြို့နယ်၊ မြို့သစ် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ပြုရန် တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁၃-၇-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရမ - ခွဲ၄(၁) အဆိုပြု/ ၂၀၁၅/ ၃၄၈ ဖြင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြဆောင်ရွက်ထားပါသည်။

နမ့်ဆန်မြို့နယ်အတွင်း ကွမ်ဟယ်နှင့် မြို့သစ်တိုက်နယ်ဆေးရုံများ ဖွင့်လှစ်ခွင့်နှင့်ဖွဲ့စည်းပုံခွင့်ပြုချက်များရရှိရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါသည်။ ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိပါက လိုအပ်သည့် ဝန်ထမ်းများ အဆောက်အဦများ ရရှိရေးအတွက် ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

D/real(wide) (3

မေးခွန်း(၃)ဖြစ်တဲ့ နမ့်ဆန်မြို့နယ်၊ ဟူးမန်းကျေးရွာအုပ်စု၊ ကျန်းမာရေးဌာန၊ ဟူးခင်ကျေးရွာ ကျန်းမာရေးဌာနနှင့် နမ့်လင်းကျေးရွာကျန်းမာရေးဌာနရှိ လက်ထောက်ကျန်းမာရေးမှူးများတာဝန်ကို အပြည့်အဝ ဆောင်ရွက်နိုင်စေရေး သက်ဆိုင်ရာမှ ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်ဆန်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ၂၃-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ပတကမ(၂၅၀)ဝထရ-တာဝန်/ ၂၀၁၆ဖြင့် တင်ပြချက်အရ နမ့်လင်း REC၊ ဟူးမန်း REC၊ ဟူးခင် REC ကျေးလက်ကျန်းမာရေးဌာန(၃)ခုတို့မှ တာဝန်ကျ လက်ထောက်ကျန်းမာရေးမှူး ၃ ဦးသည် တာဝန်ကျကျေးရွာများတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ခြင်း မရှိသည့်အတွက် ကျေးရွာလူထုဆေးကုသရန် အခက်အခဲရှိကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသဦးစီးအဖွဲ့ လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးများတွင် နှုတ်ဖြင့် တင်ပြချက်အရ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးမှ လကုန်လစာထုတ်ရက်နှင့် သင်တန်းရက်များမှအပ ကျန်ရက်များတာဝန်ကျ ကျေးရွာများတွင် အချိန်ပြည့် နေထိုင်ရန် နှုတ်ဖြင့် အကြိမ်ကြိမ် သတိပေးသော်လည်း လိုက်နာခြင်း မရှိ၍ မည်သို့ဆောင်ရွက်ရမည်ကို လမ်းညွှန်ပါရန် တွဲဖက်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့သို့ တင်ပြချက်အရ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ၃-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရမ/ခွဲ - ၄(၂)(HA)/ ၂၀၁၆/၉၅၄ ဖြင့် တာဝန်ကျရာဌာနတွင် နေထိုင်၍ တာဝန်ကျပွန်စွာထမ်းဆောင်ရန် နှင့် တာဝန်ဖြင့် ခရီးသွားပါက ကျေးရွာအုပ်ချုပ်ရေးမှူးထံ အသိပေးရန်၊ အလားတူ ဖြစ်ရပ်မျိုးထပ်မံဖြစ်ပွားပါက ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်းဖော်ပြ၍ ခံဝန်ကတိရေးထိုး ခိုင်းရန်နှင့် ဆောင်ရွက်ပြီးစီးမှုနှင့် လိုက်နာမှု ရှိ/မရှိ အစီရင်ခံရန် ညွှန်ကြားခဲ့

D/real(wide) (6

မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုသိရှိလို၍ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းက ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းများကို ကျွန်တော်အနေဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်၊ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် (၆) ဦးအား အမြန်ဆုံးခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်ဆန်မြို့နယ်၊ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဖွဲ့စည်းပုံအရ မြို့နယ်ကုသရေးဦးစီးဌာနမှူး (၁) ဦး ခန့်ထားပါသည်။ လက်ထောက်ဆရာဝန် ခွင့်ပြု(၆)ဦးရှိပြီး ဖြည့်စွက်ခန့်ထားပေးရေး တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရမ/လရ/ခွဲ-၄ (၁/၂၀၁၆/၁၂၅၁)ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြ တောင်းခံထားပြီးဖြစ်ပါသည်။ နောင်ခါမြို့နယ်ဆေးရုံမှာ ဒေါက်တာစိုးလင်းဦး(တာဝန်ခံဆရာဝန်၊ ဘန့်ဘွေးတိုက်နယ် ဆေးရုံအင်အားဖြင့်)အား ခေတ္တတွဲဖက်တာဝန်ထမ်းဆောင်စေရေး စေလွှတ်ပြီးဖြစ်ပါတယ်။ လက်ထောက်ဆရာဝန်များ ခန့်ထားပေးရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ပါသည်။ နမ့်ဆန်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ၁၇-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ပသကမ(၂၉၂)ဂတိဝန်ခံချက်/၂၀၁၆ ဖြင့် ခံဝန်ကတိအား ၁၅-၆-၂၀၁၆ ရက်တွင် ရေးထိုးစေပြီး လိုက်နာခြင်း ရှိ/မရှိ ကြီးကြပ်သွားမည်ဖြစ်ကြောင်း တင်ပြလာပြီး ယင်းလက်ထောက် ကျန်းမာရေးမှူးများမှ တာဝန်ကျရာဒေသတွင် အချိန်ပြည့် တာဝန် ထမ်းဆောင်ခြင်း မရှိကြောင်း ထပ်မံစိစစ်တွေ့ရှိပါက ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကြယ်ပွင့်ပြမေးခွန်းအနေနှင့် မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းမြို့၊ ရှမ်းရွာများအဝင် ဆိုင်းဘုတ်များတွင် ရှမ်းဘာသာဖြည့်စွက်ရေးသားနိုင်ရေး ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်း။ အထက်အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ရက်၁၀၀ စီမံကိန်းကာလအတွင်း ရှမ်းပြည်နယ်စည်ပင် သာယာရေးဌာနမှ ၂၉-၅-၂၀၁၆ နေ့စွဲပါ ညွှန်ကြားချက်တွင် ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းမြို့၊ ရှမ်းရွာများအဝင် ဆိုင်းဘုတ်များတွင် ရှမ်းဘာသာဖြည့်စွက် ရေးသားရန် သက်ဆိုင်ရာမြို့နယ်စည်ပင် သာယာရေးဌာနသို့ ညွှန်ကြားချက်

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည်စုံကြွပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ ရှမ်းပြည်နယ် အတွင်းရှိ ရှမ်းနာမည်ပေါက် ရှမ်းမြို့၊ ရှမ်းရွာများကို ရှမ်းဘာသာနှင့် မြန်မာဘာသာယှဉ်တွဲရေးသားခွင့်ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၈-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးများ ပုံမှန်အစည်းအဝေးအမှတ်စဉ်၃-၆/၂၀၁၆၊ ဆုံးဖြတ်ချက်အပိုဒ်၅(ခ) အရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ မြို့များ၏ ဆိုင်းဘုတ်များတွင် အသုံးပြုမည့် ဘာသာစကားများကို အများသုံး ရုံးသုံးဖြစ်သည့် မြန်မာ ဘာသာစကားအပြင်မည်သည့် တိုင်းရင်းသား ဘာသာစကားကိုသာ ထည့်သွင်းရမည်ဟု ကန့်သတ်ညွှန်ကြားခြင်းကိုလည်းကောင်း၊ မည်သည့်ဘာသာစကားအား ထည့်သွင်းခွင့်မပြုဟုတားမြစ် ပိတ်ပင်ခြင်းကိုလည်းကောင်း ပြုလုပ်မည်မဟုတ်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်/မြို့များ၏ ဒေသခံ အများစု ဆန္ဒအလျောက် မြို့ဝင်ဆိုင်းဘုတ် တစ်ခု၏အရွယ်အစားနှင့်ကိုက်ညီနိုင်မည့် မြန်မာစာနှင့်တိုင်းရင်းသား စာအရေအတွက်ကို ဆုံးဖြတ်ကာ ထည့်သွင်းထွင်းထုနိုင်ကြောင်း၊ သက်ဆိုင်ရာများကို ဆက်လက်

D/real(wide) (6

ပေးပို့ခဲ့ကြောင်း သိရှိရသည်။ ထိုညွှန်ကြားချက်အတိုင်း လိုက်လံအကောင်အထည်ဖော်ခဲ့ရာ အမည်မသိသူ လူတစ်စု၏ တိုင်ကြားခြင်းခံခဲ့ရ၍ ၄င်းရှမ်းဘာသာ ဆိုင်းဘုတ်ဖော်ဆောင်မှု လုပ်ငန်းချက်ခြင်း ရပ်ဆိုင်းခြင်း၊ ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ အလားတူဖြစ်ရပ်မျိုး ကွန်ဟိန်းမြို့တွင်လည်း ရက် ၁၀၀ စီမံချက်ကာလအတွင်း မြို့နယ်စည်ပင်သာယာရေးဌာနသို့ မြို့ဝင်ဆိုင်းဘုတ်များကို ရှမ်းဘာသာစာလုံးများ ဖြည့်စွက်၍ ရေးသွင်းရန် ညွှန်ကြားထားကြောင်း၊ ညွှန်ကြားချက်နှင့် အညီလုပ်ငန်း အကောင်အထည်ဖော်ရာ မြို့ဝင်ဆိုင်းဘုတ်ကို ရှမ်းဘာသာ ဖြည့်စွက် ရေးသွင်းခဲ့ပြီး ၁၈-၆-၂၀၁၆ ရက်နေ့တွင် အထက်၏ ညွှန်ကြားချက်ဟုဆိုကာ ရှမ်းဘာသာစာလုံးများကို ပြန်လည် ဖျက်ပစ်ခဲ့ကြောင်း သိရှိရပါသည်။ သို့ပါသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာနှင့် ရှမ်း၊ မြန်မာနှစ်ဘာသာလုံး ယှဉ်တွဲရေးသားထားခဲ့သည်မှာ ယခင် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်း ၅ နှစ်ကတည်းကဖြစ်ပါတယ်။ ဤသို့ဆိုလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသထက် အဆင့်မြင့်သော ပြည်နယ်အဆင့်ဖြစ်သည့် ရှမ်းပြည်နယ်သည် ၄င်းပြည်နယ်အတွင်းရှိ ရှမ်းမြို့၊ ရှမ်းရွာများတွင် မြန်မာ၊ ရှမ်းနှစ်ဘာသာ ယှဉ်တွဲရေးခွင့် မရသည်မှာ မှန်ကန်ပါ၏လော။ ထို့ကြောင့်ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းနာမည်ပေါက် ရှမ်းမြို့ ရှမ်းရွာများတွင် ရှမ်းဘာသာနှင့်မြန်မာဘာသာ ယှဉ်တွဲခွင့်ရှိ/မရှိ နှင့်ရှိပါက မည်သည့်ကာလတွင် လုပ်ငန်းပြန်လည် စတင် အကောင်အထည်ဖော်နိုင်မည်ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြန်လည်ဖြေကြားပေးနိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။လေးစားပါတယ်။

အသိပေးသွားရန်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ သဘောထားကို ၃၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆၈၁၀/စ-၂၁၁/ အစရ(ရှမ်း)ဖြင့် ပေးပို့ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဌာနမှ ၃၀-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၃၈၈၉/ဆ-၇/ရပစ (၀၃၀)ဖြင့် သက်ဆိုင်ရာမြို့နယ်၊ မြို့စည်ပင်သာယာရေးဌာနများသို့ ဆက်လက် ညွှန်ကြားထားပါကြောင်း လေးစားစွာ ဖြေကြားအပ် ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေရှင်။ ကျွန်မကတော့ နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ဖြစ်ပါတယ်။ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်တွင် မေးမြန်းလိုသည့် အကြောင်းအရာကတော့ ကျောက်မဲခရိုင်၊ နမ့်တူမြို့နယ်၊ ဝိန်းနန်းကျေးရွာအုပ်စုရှိ ဝိန်းနန်းကျေးရွာတွင် မြေနေရာနှင့် ကျန်းမာရေးဝန်ထမ်းများရှိပြီး ဖြစ်ပါသဖြင့် ၁၆၀ ပေရှိသော ဆေးခန်းအဆောက်အဦရရှိရေး ဆောင်ရွက်ပေးရန် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ လ ၂၀ ရက်စွဲဖြင့် တင်ပြတောင်းခံခဲ့ပါတယ်။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဝိန်းနန်းကျေးရွာအတွက် ဆေးပေးခန်း

D/real(wide) (6

ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ဆက်လက်တောင်းခံဖို့အတွက် အဆိုတင်ပြချက်နှင့်ပတ်သက်ပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်တွင် လူမှုရေးဝန်ကြီးမှ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနကို စိစစ်စေပြီး ၂၀-၉-၂၀၁၃ရက်စွဲပါ စာအမှတ်၊၉၆၆၀/စ-စ၅၂/အစရ(ရှမ်း)ဖြင့် ကျန်းမာရေးဦးစီး ဌာနသို့ တင်ပြရန် ညွှန်ကြားခဲ့ပါသည်။ ဝိန်းနန်းကျေးရွာအုပ်စုသည် ဝိန်းနန်းအောက်ပန်းခမ်း၊ အထက်ပန်းခမ်း၊ ပန်တောက်၊ ဟုန်းတတ်၊ ကောင်းခန်၊ ကောင်းတတ်၊ နမ့်အွန်၊နမ့်တတ်စသည့် ရွာပေါင်း (၉) ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေပေါင်း ၃၆၈ အိမ်၊ လူဦးရေ (၁၅၄၉) ယောက်ဖြင့် နေထိုင်ကြပြီး ရွာသားများ၏ ကျန်းမာရေးကို အပြည့်အဝ ပေးနိုင်ရန် အလို့ငှါ တောင်းခံရခြင်းဖြစ်ပါတယ်။ ဝိန်းနန်း ကျေးရွာသည် မိုင်းရင်ဆေးရုံနှင့် (၂)မိုင်ခန့်သာ ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တခြားရွာထက် ပိုဝေးသော ဒေသမှာရှိခြင်းကြောင့် မိုးတွင်းကာလတွင် သွားလာရန် ခက်ခဲပါ သဖြင့် ပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကူညီပေးသော ကျန်းမာရေးဝန်ထမ်းရှိပါသော်လည်း လုံလောက်သော ဆေးဝါးကိရိယာနှင့် အဆောက်အဦလိုအပ်နေပါတယ်။ ယခုရှိနေသော ကျန်းမာရေးဝန်ထမ်းသည် နှစ်ပေါင်း ၃၀ ကျော်က ဝိန်းနန်း ကျေးရွာတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းရှိပါသော်လည်း ဝိန်းနန်းကျေးရွာ၏ ဆေးခန်း မြေနေရာကို ရွာမှ စီစဉ်ပေးထားပါတယ်။ ပေ (၁၀၀×၆၀)ရှိသော ဆေးခန်းအဆောက်အဦရှိနိုင်ပါရန် ပြည်သူလူထုကိုယ်စားတင်ပြ တောင်းခံအပ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် သက်ဆိုင်ရာဝန်ကြီးများရှင် ဒုတိယမေးခွန်းအနေနှင့် နမ့်တူမြို့နယ်

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်၏ကျောက်မဲခရိုင်၊ နမ့်တူမြို့နယ်၊ ဝိန်းနန်းကျေးရွာအုပ်စု၊ ဝိန်းနန်းကျေးရွာ၊ ဆေးခန်းအား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဆိုသောမေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်မဲခရိုင်၊ နမ့်တူမြို့နယ်၊ မိုင်းရင်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ဝိန်းနန်းကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အဦဆောက်လုပ်ရေးအတွက် ခွင့်ပြုပေးနိုင်ပါရန် တွဲဖက်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လားရှိုး မြို့၏ စ-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၇မခွဲ(၃)ပက/၂၀၁၆(၁၃၀၀) ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ထပ်မံတင်ပြထားပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲ ခရိုင်၊ နမ့်တူမြို့နယ်တွင် မြို့နယ်ပညာရေးမှူးရုံး အဆောက်အဦ အသစ်ကို သက်ဆိုင်ရာမှ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် လျာထားပေးနိုင်မည်နှင့် မရှိပါက အဘယ်ကြောင့် မပေးနိုင်သည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြို့နယ်ပညာရေးမှူးရုံး (၂၃)ရုံးရှိသည့် အနက် သီးခြားမြို့နယ် ပညာရေးမှူးရုံး မရှိသည့် မြို့နယ်ပညာရေးမှူးရုံး (၁၄)ရုံးရှိပါသည်။ ရန်ပုံငွေရရှိရေးအတွက် အခြေခံပညာဦးစီး

D/real(wide) (6

ဌာနသို့တင်ပြခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သီပေါမြို့နယ်ရုံးနှင့် နောင်ချိုမြို့နယ်ပညာရေးမှူးရုံးများဆောက်လုပ်ခွင့်ပြုပြီးဖြစ်ပါသည်။ ကျန်ရှိသည့် မြို့နယ်ပညာရေးမှူးရုံး(၁၂)ရုံးကိုလည်း ဘဏ္ဍာရေးနှစ်အလိုက်ဆောက်လုပ်ခွင့်ရရှိရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နမ္မတူမြို့နယ်ပညာရေးမှူးရုံးသည် အထက(၁) နမ္မတူတွင် ဖွင့်လှစ်ထားရှိပါသည်။ မြို့နယ် ပညာရေးမှူးရုံးအတွက် မြေနေရာ ရရှိထားသော (၀.၂၉၉) ဧကသည် ပုံစံ(၁၀၅)လည်း ရရှိပြီးဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေရရှိရေး လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဦးကျော်ဌေး။ မေးခွန်းများမေးမြန်းခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

ပညာရေးမှူးရုံးအဆောက်အဦတောင်းခံခြင်းကိစ္စရပ်နှင့်ပတ်သက်၍ နမ္မတူမြို့နယ်တွင် မြို့နယ်ပညာရေးမှူးရုံးအတွက် သီးခြားအဆောက်အဦ မရှိခြင်း၊ နမ္မတူအထက(၁) အဆောက်အဦတစ်ခုတွင် ယာယီ ဖွင့်လှစ်ထားပါသော်လည်း ကျောင်းသားဦးရေတိုးလာသဖြင့် ပြန်လည်တောင်းခံနေပါသဖြင့် ယခု ပညာသင် နှစ်တွင် မြို့နယ်ပညာရေးမှူးရုံး ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံ အသစ် အရာထမ်း၊ အမှုထမ်းများ ခန့်ထားပြီးဖြစ်တဲ့အတွက် နေရာလုံလောက်မှု မရှိသဖြင့် တောင်းခံရခြင်းဖြစ်ပါတယ်။ ယခုတည်ဆောက်နေသော အနာဂတ် နိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်စေရေးတွင် ပညာရေးသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်ဟုယူဆသဖြင့် ပညာရေးဝန်ထမ်းများ စိတ်အေးချမ်းသာစွာနှင့် နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လိုအပ်လျက်ရှိသော ပညာရေးမှူးရုံး အဆောက်အဦ ပေ (၁၀၀×၃၀) RC နှစ်ထပ် ခွင့်ပြုချထားပေးနိုင်ပါရန် ပုံစံ ၁၀၅ မိတ္တူနှင့် မြေနေရာဓာတ်ပုံမှတ်တမ်း အဆောက်အဦ လျှောက်လွှာ ပုံစံ တို့ကို ၂၉-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စိတ်/(၁)/၃၂၄/ အစအ(၂၀၁၆)ဖြင့် နမ္မတူမြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြား ရေးမှူး၊ ရှမ်းပြည်နယ်ပညာရေးမှူးရုံးခွဲ၊ လားရှိုးမြို့သို့ လိပ်မူပြီး တင်ပြခဲ့ပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်တွင် မြို့နယ်ပညာရေးမှူးရုံးအား သက်ဆိုင်ရာမှ ဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ ရှိပါက မည်သည့် ပညာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို လျာထားပေးနိုင်ပါမည်နည်း။ မရှိပါက အဘယ်ကြောင့်မပေးနိုင်သည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (6

ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုး ညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာ များ၏ ချီးမြှင့်ငွေကိစ္စ စသည် တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် တိုင်းရင်းသား စာပေသင်ကြားရေး တွဲဖက်ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနိုင်ပါရန်" အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းဝင်း ၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းရင်းသား စာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေကိစ္စ စသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသား စာပေသင်ကြားရေး တွဲဖက်ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ပါရန်"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့အမည်စာရင်းပေးသွင်း ထားပါတယ်။ ပထမဦးစွာ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်လွှတ်တော်

များစွာ ကြုံတွေ့နေရပါသည်။ သို့ပါ၍ တိုင်းရင်းသားစာပေသင်ကြားမှု ပိုမိုထိရောက်နိုင်စေရန် အတွက် တိုင်းရင်းသားစာပေသင်ကြားရေး တွဲဖက်ဌာနတစ်ခုအဖြစ် ရှိမည်ဆိုပါက ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ကြောင်းကို ဦးစိုင်းစံထွန်းမှ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းထွန်းဝင်း၏ အဆိုကို ထောက်ခံ ဆွေးနွေးပြီး နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမြတ်ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသော အစိုးရဝန်ကြီးများနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမြတ်ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဝင်း တင်သွင်းသော တိုင်းရင်းသားစာပေသင်ကြားရေးနှင့် တွဲဖက်ဦးစီးဌာနတစ်ခုမရှိမဖြစ်လိုအပ်သလို ရေရှည်ရပ်တည် နိုင်အောင်လည်း ဖွဲ့စည်းသင့်ကြောင်း အဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

D/real(wide) (6

၁၃၂

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး များမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ ။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၅(ဂ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း၏ တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုး ညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက် ဆရာ များ၏ ခြီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက်ပေးနိုင်ရန် အဆိုကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာ မျိုးထွန်းမှ ရှင်းလင်းဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း

(က) အဆင့်မြင့်ပညာဦးစီးဌာန
(ခ) ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
(ဂ) လူစွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်း ဦးစီးဌာန
(ဃ) အခြေခံပညာဦးစီးဌာန
(င) မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန

၁၃၀

ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကျန်းမာ ချမ်းသာကြပါ စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းထွန်းဝင်း တင်သွင်းထားသော အဆိုဖြစ်တဲ့ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားရေး သင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းပေး၍ သင်ကြားသည့် ဆရာ/ ဆရာမများ၏ ခြီးမြှင့်ငွေနှင့် တိုင်းရင်းသား စာပေ သင်ကြားမှုကို ပိုမိုထိရောက် အောင်မြင်အောင် တွဲဖက် ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ် ပါတယ်။ ယခင်နှစ်များတွင် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားမှုများ အားနည်းလျက်ရှိပါတယ်။ တစ်နေ့တာစာသင်ချိန်များအတွင်း သတ်မှတ်ထားပေးခြင်း မရှိသည့် အတွက် ထိရောက်မှုများ မရှိခဲ့ပါ။ ယခင်နှစ်များတွင် **"တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း"** ဆိုသကဲ့သို့ သင်နေခဲ့သော ကျောင်းများရှိခဲ့ပါတယ်။ သို့ပါ၍ အခြေခံပညာ ကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြား မှုတွင် အချိန် သတ်သတ်မှတ်မှတ် ထားရှိပေးနိုင်ရန်နှင့် တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း စာအုပ် တစ်အုပ်ဖြင့် တစ်ပြေးညီ ပြဋ္ဌာန်း ပေးနိုင်မည်ဆိုပါက ပိုမိုထိရောက် အောင်မြင် နိုင်မည်ဖြစ်ပါတယ်။ တိုင်းရင်းသားစာပေ သင်ကြားပေးသည့် ဆရာ/ ဆရာမများ၏ ခြီးမြှင့်ငွေများ ခြီးမြှင့်ခြင်း၊ ဆရာ/ဆရာမများ၏ ကျောင်းအလိုက် ခွဲဝေချထားမှု၊ စီမံအုပ်ချုပ်မှု စသည်တွင် ယခင်နှစ်များ၌ သက်ဆိုင်ရာ မြို့နယ်ပညာရေးဌာနများ၏ စီမံအုပ်ချုပ်မှုအောက်တွင်ရှိသဖြင့် သင်ကြားမှုတွင် အဆင်မပြေခြင်း၊ စီမံ အုပ်ချုပ်မှု မထိရောက်ခြင်း၊ စီမံအုပ်ချုပ်ရသော ပညာရေးဌာနများ အနေဖြင့်လည်း အခက်အခဲ

D/real(wide) (6

(စ) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

(ဆ) မြန်မာစာနှင့်ဘာသာစကားပညာဦးစီးဌာန

(ဇ) နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနစသည့် ဌာန(၈)ခုဖြင့် ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

တိုင်းရင်းသားဘာသာစာပေသင်ကြားရေးဆိုင်ရာကိစ္စများကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ မန္တလေး (ရုံးချုပ်)ရှိ ဌာနခွဲ(စ-က)မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်ရှိ ဌာနခွဲ (၂၄-ဂ)မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်တွင် ရှမ်း၊ ပအိုဝ်း၊ အင်း၊ ဓနု၊ ကယန်း၊ လားဟူ၊ ပလောင်၊ လီဆူ၊ ကချင်စာပေများကို ၂၀၁၂ - ၂၀၁၃ ခုနှစ်မှ စတင် သင်ကြားပေးခဲ့ပါသည်။

တိုင်းရင်းသားဘာသာ ပြဋ္ဌာန်းစာအုပ်များကို ၂၀၁၃ - ၂၀၁၄ ခုနှစ်မှစ၍ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ်တွင် တိုင်းရင်းသား (၁၀)မျိုးအတွက် ဖတ်စာအုပ် (၈၆၄၃၀) စုံဖြန့်ဝေခဲ့ပါသည်။ ယခုနှစ်တွင်လည်း ပြဋ္ဌာန်းစာအုပ်များ ရရှိလာပါက မြို့နယ်များသို့ ဖြန့်ဝေပေးမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ်တွင် တိုင်းရင်းသား ဘာသာသင် ဆရာ၊ ဆရာမ (၂၂၅၃)ဦးအား တစ်ဦးလျှင် ၃၀၀၀၀/- နှုန်းဖြင့် (၈)လအတွက် စုစုပေါင်းငွေကျပ် (၅၄၀၊ ၇၂)သန်းအား ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးခဲ့ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းများကို ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ဌာနခွဲ၂၄(ဂ)မှ တာဝန်ယူ ဆောင်ရွက်နေပြီဖြစ်ပါ၍ တိုင်းရင်းသားဘာသာစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာန

တင်ပြလာပါသဖြင့် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇(က)အရ အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခုအဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ အတည်ပြုသည်ကို သဘောတူလျှင် မတ်တတ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒပြုကြပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုအား အတည်ပြုရန် သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်ဆိုသည့် နေရာမှာ သဘောတူသူ (၅၀) ဦး ၊ သဘောမတူသူ (၈၁) ဦး ၊ စုစုပေါင်း အစည်းအဝေးတက်ရောက်သူ (၁၃၁) ဦးဖြစ်ပါတယ်။ ဒါကြောင့် အဆိုအား အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်နည်းသည့်အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုနေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁နာရီ ၃၀ မိနစ်) ရပ်နားပါမယ်။

D/real(wide) (6

အခမ်းအနားမျှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို ၁၃း၃၀ နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

၁ ခု ဖွဲ့စည်းရန် မလိုအပ်ပါကြောင်း အဆိုအား မှတ်တမ်းတင် ထားရှိပြီး ပြည်ထောင်စုအစိုးရအား တိုက်တွန်းသင့်ပါကြောင်း ပြန်လည် ဆွေးနွေးတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည် ရှင်းလင်း ဆွေးနွေး သွားပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆို တင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေးဖို့ရှိပါက ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော်ဦးစွာ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်း ဆရာ၊ ကျောင်းသားအရေအတွက် ဆရာများ၏ ခြီးမြှင့်ငွေကိစ္စ စသည်တို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေ သင်ကြားရေး တွဲဖက်ဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပြီး ဆောင်ရွက် ပေးနိုင်ရန် အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ရန်အတွက် မဲခွဲဆုံးဖြတ် ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည် ရှင်းလင်း ဆွေးနွေးပြီး အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကတော့ ၎င်းအဆိုကို အတည်ပြုပေးပါရန် လွှတ်တော်၏ အဆုံးအဖြတ် ခံယူလိုပါကြောင်း

D/real(wide) (6

၁၃၇

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှတ်တမ်း

၁၃၇စ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၁၃ ရက်

[ပုဒ္ဓဟူးနေ့]

(နေ့လည်ပိုင်း)

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)နေ့လည်ပိုင်းအစီအစဉ်များ အားဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

D/real(wide) (6

၁၃၉

အစိုးရကာလက သေချာစွာ စိစစ် ပေးခဲ့ခြင်းမရှိဘဲ ပွင့်လင်းမြင်သာမှုအားနည်းစွာဖြင့် လျင်မြန်စွာ လုပ်ကိုင်ခွင့်ပေးခဲ့သည်ကို တွေ့ရှိရပါတယ်။ မြေပြင်လုပ်ကွက်များ အပေါ် မူလပိုင်ရှင်ရှိနေမှုများကို ပုံစံ(၁၀၅) ထုတ်ပေးခဲ့မှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုကို သေချာစွာ ကွင်းဆင်း လေ့လာခဲ့မှုမရှိခြင်း၊ ဒေသခံများ၏ လူနေမှုဘဝ ထိခိုက်နိုင်မှုကို သေချာစွာ ကွင်းဆင်းလေ့လာမှုမရှိခြင်း၊ ဒေသခံများ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းတွက်ချက်ဆောင်ရွက်မှု မရှိခြင်း၊ သတ္တုလုပ်ငန်းများသည် သတ်မှတ်စည်းမျဉ်း၊ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခဲ့မှု အားနည်းခြင်း၊ ဝန်ကြီးဌာနမှလည်း သတ္တုလုပ်ငန်းများအား ကြီးကြပ်စိစစ်မှု အပြည့်အဝ မဆောင်ရွက်နိုင်ခြင်းစသည့် အားနည်းချက်များစွာကို လေ့လာတွေ့ရှိရပါတယ်။ အဆိုပါ အားနည်းချက်များစွာကို ယခု သိန်နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့်ကောင်းအိုင်ကျေးရွာအုပ်စု၊ အလင်းသစ်(၇) သတ္တုကုမ္ပဏီလုပ်ငန်းလည်း ပါဝင်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ယခုအလင်းသစ်(၇) ကုမ္ပဏီ လုပ်ကိုင်လျက်ရှိနေသော ယခုကာလသည် ဒေသခံ ပြည်သူများ ကန့်ကွက်နေသည့်ကြားမှ ယခင်ဝန်ကြီးဌာနများသည် ကွင်းဆင်း စိစစ်မှုမရှိဘဲ နိုင်ငံရေး အပြောင်းအလဲကာလအတွင်း ပုံမှန်မဟုတ်သော၊ ပွင့်လင်းမြင်သာမှုမရှိသော အနေအထားဖြင့် လျင်မြန်စွာ သက်တမ်းတိုးပေးခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ယခုအစိုးရသက်ဆိုင်ရာဝန်ကြီးဌာနသည် အဆိုပါ အားနည်းချက်များစွာရှိနေသော သိန်နီမြို့နယ်၊ မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စု၊ အလင်းသစ်(၇)သတ္တု လုပ်ကွက်အား ဒေသခံဆန္ဒများနှင့်အညီ ပြန်လည်စိစစ်ပေးပါရန် ဆွေးနွေးထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါရှင်။ လေးစားရပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇) ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် အဆိုကို ဆွေးနွေး ထောက်ခံသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မနေ့က ဒေါ်နန်းခင်ထားရီ တင်ပြသွားသော ကျောက်မီးသွေးတူးဖော် ရာတွင် စက်ယန္တရားကြီးများအသုံးပြု၍ တူးဖော် နေကြသည့် အတွက် စွန့်ပစ်မြေစာများ၊ ကျောက်တုံး ကျောက်ခဲများ၊ ဖြုန်းသဲ များသည် နမ္မတူမြစ်ထဲသို့ ပြိုကျပိတ်ဆို့ခြင်းကြောင့် စိုက်ပျိုးမြေများ၊ လယ်များ၊ ရေကြီးနစ်မြုပ်နိုင်သည့် ဆိုးကျိုးများဖြစ်လာနိုင်ကြောင်း Power Slide ဖြင့် ပြသခဲ့ပြီးသည်များကို အားလုံး တွေ့မြင်ခဲ့ကြ ရပါတယ်။ ၄င်းအကျိုးဆက်များကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးခြင်း၊ ဒေသခံပြည်သူလူထု စားဝတ်နေရေး ကျပ်တည်းခြင်းနှင့် မလိုလားအပ်သည့် နောက်ဆက်တွဲ

“ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် အဆိုနှင့်စပ်လျဉ်းပြီးလွှတ်တော်ကိုယ်စားလှယ် (၂) ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်လုပ်ကိုင်နေသော လုပ်ကွက်များသည် ယခင်

D/real(wide) (7

ဖြစ်ရပ်များဖြစ်ပေါ်လာနိုင်ပါတယ်။ ထိုအပြင် တောင်သူများ အနေဖြင့် မကျေနပ်၍ တောင်းဆိုလာပါက လူထုလှုပ်ရှားမှု အသွင်ထိဖြစ်ပေါ်လာနိုင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဤကျောက်မီးသွေးသတ္တုတူးဖော်သည့်လုပ်ငန်းနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် အတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်နေ့စွဲပါ ခွင့်ပြုမိန့်အမှတ်၊ ဝဝ၃/၂၀၁၅ အရ အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်ဟုပါရှိထားပါတယ်။ စည်းကမ်းချက် (၇) ချက်ရှိသည့် အနက် စည်းကမ်းချက်အပိုဒ် (၆) တွင် ဤခွင့်ပြုချက်အား သတ်မှတ်စည်းကမ်းဘောင် အတွင်း မြေပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သော အငြင်းပွားမှုများ စောဒကတက်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးစေမှုနှင့် ပတ်သက်သော တိုင်ကြားချက်များ၊ အငြင်းပွားမှုများဖြစ်ပွားပါက ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းရန်။မဖြေရှင်းနိုင်ပါက လုပ်ကိုင်ခွင့် ရပ်ဆိုင်းခြင်း၊ ပေးသွင်းထားသည့် အခွန်အခနှင့် အခြား ပေးသွင်းမှုများ သိမ်းယူခြင်း၊ လုပ်ကွက် ပြန်လည်သိမ်းယူခြင်း ခံရမည်ကို သဘောတူ ဝန်ခံကတိပြုရမည်ဟု ပါရှိထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၂၉-၄-၂၀၁၆)ရက်နေ့တွင် နိုင်ငံတော်သို့ ပြောကြားခဲ့သည့် နှစ်သစ်မိန့်ခွန်းတွင်လည်း မြန်မာနိုင်ငံသည် သဘာဝသယံဇာတပစ္စည်းများ ပေါများသည့် နိုင်ငံဖြစ်သော်လည်း သယံဇာတထက် နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအင်ကိုသာ အလေးထားကြောင်း ၊ သယံဇာတပစ္စည်းများသည် တစ်ကြိမ် တစ်ခါမှာ ကုန်ခမ်းသွားနိုင်ကြောင်း၊ သယံဇာတပစ္စည်းမရှိသည့်

စီစစ်ပေးဖို့ တိုက်တွန်းတဲ့ အဆိုကို ကျွန်တော့် အနေနဲ့ ပြန်လည် ရှင်းလင်းပေးမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ရုံးမှ တစ်ဆင့် မေးမြန်းလာတဲ့ အဆို မေးခွန်းနှင့် ပတ်သက်၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၄၊ ပုဒ်မ ၅ အရ သတ္တု လုပ်ငန်းလုပ်ကိုင် လျှောက်ထားလိုသူများသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေအခန်း(၂)၊ နည်းဥပဒေ ၃ အရ သတ္တုရှာဖွေခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှုတွင်းထွက်ကုန်ကြမ်း သို့မဟုတ် ကျောက်ရှာဖွေခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနသို့လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၁)ဖြင့် လျှောက်ထားရမည်။ နည်းဥပဒေ အခန်း(၃)၊ နည်းဥပဒေ ၁၂ အရ သတ္တုစမ်းသပ် တိုင်းတာခြင်းလုပ်ငန်းကို လုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်စမ်းသပ် တိုင်းတာခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနသို့လည်းကောင်း ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၁)ဖြင့် လျှောက်ထားရမည်။ နည်းဥပဒေအခန်း(၄) နည်းဥပဒေ ၂၃ အရ သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ(၃)ဖြင့် လျှောက်ထားရမည်။

နည်းဥပဒေအခန်း(၅)၊ နည်းဥပဒေ ၃၅ အရ သတ္တု အသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ်

D/real(wide) (7

အဖွဲ့အစည်းသည် ဦးစီးဌာနသို့လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၃)ဖြင့် လျှောက်ထားရမည်။

နည်းဥပဒေအခန်း(၆)၊ နည်းဥပဒေ ၄၃ အရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ဧရိယာ လုပ်ကွက်များတွင် သတ္တုစက်မှု၊ တွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ သတ္တုတွင်း လုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိထံသို့ ပုံစံ(၅)ဖြင့် လျှောက်ထားရမည်။

နည်းဥပဒေ အခန်း(၇)၊ နည်းဥပဒေ ၄၇ အရ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း(၃)ရပ်အနက် တစ်ရပ်ထက်ပိုသောလုပ်ငန်းများကို တစ်ပေါင်းတည်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ရရှိလိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ(၁)နှင့် ပုံစံ (၃)တို့ကို လိုအပ်သလို ဖြည့်စွက်၍ လျှောက်ထားရမည်ဖြစ်ပြီး ပြည်ထောင်စု ဝန်ကြီးရုံးမှ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အား သဘောထား မှတ်ချက်တောင်းခံခြင်းကိစ္စကိုသာ ဆောင်ရွက်တာဖြစ်ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှစိစစ်ပြီး အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုရန် သင့်/မသင့် သဘောထားမှတ်ချက်အား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ပြီး ပြည်ထောင်စုဝန်ကြီးရုံးမှခွင့်ပြုပါက မြန်မာ့သတ္တုတွင်း နည်းဥပဒေပါ ပုံစံများနှင့်အညီ ခွင့်ပြုမိန့် ထုတ်ပေးထားခြင်းဖြစ်ပါတယ်။ သတ္တုများကို စိစစ်ကြပ်မတ်ရေးနှင့်ပတ်သက်ပြီး မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၅

နိုင်ငံများသည်ပင် အင်မတန်ဩ လွှမ်းမိုးနေသည်များကို သတိပြုမိမှာဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများကိုသာ အားကိုးပါကြောင်း စသဖြင့် အတိအလင်းပြောကြားသွားခဲ့ပြီးဖြစ်သည်ကို သိရှိကြပြီးဖြစ်ပါလိမ့်မယ်။ သို့ပါသောကြောင့် သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီတင်သွင်းခဲ့သော အဆိုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီ မြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ် (၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းကို ပိတ်သိမ်းပေးနိုင်ရေး အတွက် စိစစ်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း လေးလေးနက်နက် ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဇ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ကရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်း ပေးနိုင်ဖို့

D/real(wide) (7

အရ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ တာဝန်ယူပြီးတော့ စိစစ် ကြပ်မတ်ပေးခြင်းဖြစ် ပါတယ်။

သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ အဆိုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၁)၊ နည်းဥပဒေ ၉၂ အရ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား မေးမြန်းသော သို့မဟုတ် အဆို မေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှု တစ်ရပ်ရပ်နှင့်သက်ဆိုင်စေရမည်" ဟု ပြဋ္ဌာန်းထားရှိပြီး အဆိုပါ ဓာတ်သတ္တုရှာဖွေရန်၊ စမ်းသပ် တိုင်းတာရန်၊ ဓာတ်သတ္တုအကြီးစား၊ အသေးစားထုတ်လုပ်ရန် လုပ်ငန်း၊ခွင့်ပြုမိန့်များချပေးရန် စိစစ် ကြပ်မတ်ပေးရန် လုပ်ငန်းများနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ သဘောထားမှတ်ချက်ပြုခြင်းသာ ဆောင်ရွက်ရပြီး ခွင့်ပြုမိန့်များ ထုတ်ပေးခြင်းနှင့် စစ်ဆေး ကြပ်မတ်ခြင်းလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှသာဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ဌာနသတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း ထုတ်လုပ်မှု ရှိ/မရှိ ၊ ပတ်ဝန်းကျင် ထိခိုက်မှုရှိ/မရှိ၊ ကျွမ်းကျင်သူ များဖြင့် ကွင်းဆင်းစစ်ဆေးပေးရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဆွေးနွေးဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဲဒီတော့အဆိုကို မှတ်တမ်းတင်ရန် သဘောတူတယ်။ ထပ်ဆင့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ကို သိချင်သည့်သဘောဖြစ်ပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီးသိချင်သည့်အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်သီးခြားဆက်သွယ်ပြီး ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ လောလောဆယ်မှာ မှတ်တမ်းတင်တာကို သဘောတူတယ်ဆိုတာကို သဘောပေါက်မိပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်က ၄င်းအဆိုကို မှတ်တမ်းတင်ရန် သဘောတူတဲ့အတွက် ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခင်ထားရီ၏ တင်သွင်းသည့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူတဲ့အတွက် ၄င်းအဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

D/real(wide) (7

“ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင် ပေးရန်” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏“ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသား စိစစ်ရေးကတ်ပြားဦးစားပေးလုပ်ဆောင်ပေးရန်” အဆိုဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျော်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသည့် အဆို ဖြစ်သော **“ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စု**

ဥက္ကဋ္ဌ။ ဒေါ်နန်းခင်ထားရီတင်သွင်းသည့် အဆိုကို ပြည်နယ်အဖွဲ့အစည်းဝင်အနေနဲ့ အတည်ပြုရန် သဘောတူသည်ဆိုသည့်အကြောင်း ရှင်းရှင်းလင်းလင်းမသိရှိပါ။ အဆိုနှင့်ပတ်သက်၍ အတည်ပြုသည်ကို ဖြစ်စေချင်သလား။ ဒါမှမဟုတ် အခြားနည်းဖြင့် ဖြစ်စေချင်သလား။ ရှင်းရှင်းလင်းလင်း ပြောကြားပေးဖို့ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆိုကို အတည်ပြုရန် သို့မဟုတ်အခြားနည်းလမ်းဖြင့် ဖြစ်စေရန်ရှင်းရှင်း လင်းလင်းပြောကြားဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ မှတ်တမ်းတင်ထားဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်ရန်အတွက် သဘောထားပေးပါတယ်။ ၄င်းအဆိုနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆို တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်။ ယခုရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျွန်မ၏ အဆိုကို မှတ်တမ်းတင်သည်ကို သဘောတူပါတယ်။ ဒါပေမဲ့ တစ်ခုတော့ မေးချင်ပါတယ်။ ပြည်ထောင်စုအဆင့် ကသာ ဒီလုပ်ငန်းတွေကို ပြန်လည် စိစစ်ပေးနိုင်သည်ဆိုလျှင် ရှမ်းပြည်နယ်မှာ ရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဘာတွေများလုပ်ခွင့်ရှိပါသလဲ။ ပြီးလျှင် ပြန်လည်စိစစ်ပေးဖို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မလုပ်ဆောင် နိုင်ဘူးလားဆိုသည်ကို ရှင်းရှင်းလင်းလင်းသိပါရစေ။

D/real(wide) (7

စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်” ဆိုသည့် အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်သည် လူမျိုးပေါင်းစုံ နေထိုင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများဆုံး ပြည်နယ် ဖြစ်ပါတယ်။ လက်နက်ကိုင် ပဋိပက္ခအဖြစ်ဆုံး ပြည်နယ်လည်း ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခကြောင့်သော်လည်းကောင်း၊ ဆင်းရဲမွဲတေမှုကြောင့်သော်လည်းကောင်း၊ ဒေသခံဌာနေ တိုင်းရင်းသားအချို့မှာ မိမိနေရပ်ကိုစွန့်ခွာပြီးအခြားဒေသသို့သော်လည်းကောင်း၊ အိမ်နီးချင်းတိုင်းပြည်များသို့သော်လည်းကောင်း သွားရောက်စားသောက်လုပ်ကိုင်နေရပါတယ်။ ယခုအခါ နိုင်ငံတော်၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာ၍ မိမိနေရပ်သို့ အသီးသီး ပြန်လာကြပြီးဆိုတာကိုလည်း ကြားသိရပါတယ်။ ဆယ်စုနှစ်များစွာ မိမိနေရပ်ကို စွန့်ခွာရ၍ မိမိ နေရင်းဒေသ၌ အချက်အလက်များ ပျောက်ဆုံးခြင်း၊ မိမိတို့မှ မွေးဖွားလာသော သားသမီးများသည် နေရပ်စွန့်ခွာစဉ်ကလသား၊ နှစ်သား အရွယ်သာဖြစ်သော်လည်း ယခုအခါ နိုင်ငံသားကတ်တစ်ခုခု ကိုင်ဆောင်သင့်သည့် အရွယ်ပြန်လည်ရောက်ရှိလာမည်ဖြစ် ပါတယ်။ ၎င်းတို့မှာ ယခုထက်ထိ နိုင်ငံသားကတ်မဆိုထားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသည်ကို တွေ့ရပါတယ်။ ဒါကြောင့် အစိုးရ၏ ရက် ၁၀၀ သစ္စာစီမံချက်ဖြစ်သော ရွှေ့ပြောင်း နေထိုင်သူ များအား အိမ်ထောင်စုစာရင်းကို ဦးစားပေးထုတ်ပေးခြင်းထက် ပြန်လည်ရောက်ရှိလာသော ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းပြုလုပ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းကို ပို၍ သင့်တော်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုရက် ၁၀၀ စီမံချက်လုပ်ငန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့

ပြောင်းရွှေ့ကြတာမဟုတ်ဘူး။ အများ အားဖြင့် မိမိကိုယ်တိုင် ဇာတိနေရာ၌ အလုပ်အကိုင်ရှားပါးမှု အသက်မွေးဝမ်းကျောင်း၌ အခက်အခဲရှိ၍ပြောင်းရွှေ့နေထိုင်ကြရပါတယ်။ မည်ကဲ့သို့ နေရာဒေသ တစ်ခု၊ မြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်သူသည် ဒေသခံ ဆန္ဒမဲပေးနိုင်သူ လူဦးရေထက် ပိုမို များပြားလာပါက ရွေးကောက်ပွဲ၌ ဒေသခံများ၏ အသံ၊ ဒေသခံများ၏ ဆန္ဒများအပေါ် လွှမ်းမိုးသွားနိုင်၍ ဌာနေဒေသခံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆုံးရှုံးသွားနိုင်သည်ကို တွေ့ရှိရပါတယ်။

(၂) **ကျူးကျော်နေထိုင်ခြင်း**။ ပြောင်းရွှေ့နေထိုင်သူများသည် မိမိ၏ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ စားဝတ်နေရေးအရ ပြောင်းရွှေ့နေရသဖြင့် မည်ကဲ့သို့ ပြောင်းရွှေ့နေထိုင်သည့်အခါ နေရာအခက်အခဲဖြစ်ပါတယ်။ အချို့မှာအိမ်ဌားနေထိုင်သူများနှင့် ကျူးကျော်နေထိုင်ကြရပါတယ်။ ကျူးကျော်နေထိုင်ကြပြီဆိုလျှင် မည်သူကိုမှ ဂရုမစိုက်ဘဲ မည်သည့် ဌာန၏စည်းမျဉ်းစည်းကမ်းကိုမျှ ဂရုမစိုက်ဘဲ ကျူးကျော်နေထိုင်ကြသည်ကို မြန်မာနိုင်ငံအနှံ့တွေ့မြင်ရပါတယ်။ ပိုင်ရှင်ရှိသူခြံများ၊ စည်ပင်ဌာနပိုင်လမ်းများ ၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့် ရှိသောမြေများပေါ်၌လည်းကောင်း ကျူးကျော်နေထိုင်ကြခြင်းစသဖြင့် အစိုးရမှဖြေရှင်းရခက်သောကိစ္စရပ်များကို ပေါ်ပေါက်စေနိုင်ပါတယ်။

D/real(wide) (7

အင်အားဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့် အနည်းငယ် လွဲချော်နေသည်ကိုတွေ့ရပါတယ်။ လုပ်ထုံးလုပ်နည်းအရ မိမိအိမ်ထောင်စုစာရင်းပေါက်သော မြို့နယ်မှ အခြားမြို့နယ်သို့ ပြောင်းရွှေ့လိုပါက မိမိအိမ်ထောင်စုစာရင်းပေါက်သော မြို့နယ်မှ ပုံစံ(၁၀)ကို အရင်ထုတ်ယူပြီးမှ အခြားပြောင်းရွှေ့လိုသည့် မြို့နယ်သို့ ပြောင်းဝင်ရပါတယ်။ ရက် ၁၀၀ စီမံချက်သည် ဤကဲ့သို့ မဟုတ်ဘဲ မိမိရောက်ရှိနေသည့် မြို့နယ်မှ အိမ်ထောင်စုစာရင်းကိုအရင် ထုတ်ပေးပြီးမှ မိမိအမည်ပေါက်မြို့နယ်က နောက်မှ အိမ်ထောင်စု စာရင်းပယ်ဖျက်မည်ဟုလုပ်ငန်းစဉ်ပါရှိရာ အကယ်၍ မိမိအမည်ပေါက် မြို့နယ်၌ မပယ်ဖျက်ရသေးပါက မြို့နယ် (၂) မြို့နယ်၌ အိမ်ထောင်စုစာရင်း (၂)ခုရှိနေသည့် သဘောသက်ရောက်နေပါတယ်။ ဒါကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ ထုတ်ပြန်ထားသည့် ဥပဒေနှင့် နည်းနည်းလွဲ နေသည်ကိုတွေ့ရပါတယ်။ ရွှေပြောင်းနေထိုင်လုပ်ကိုင်သူများအား အိမ်ထောင်စုစာရင်းဦးစားပေးထုတ်ပေးမည်ဆိုပါက အောက်ပါအချက်များကို သတိပြုသင့်ပါတယ်-

(၁) **ဒေသခံများ၏အသံ၊ ဒေသခံများ၏ ဆန္ဒ များကို လွှမ်းမိုးသွားနိုင်ခြင်း။** ယင်းအချက်နှင့်ပတ်သက်ပြီး ဆွေးနွေးရလျှင် ပြောင်းရွှေ့ အခြေချနေထိုင်သူများ၏ ရည်ရွယ်ချက် သည် စားဝတ်နေရေး ဖူလုံမှုဖြင့် နေထိုင်မှု သက်သာရာ ရရှိရေး ရည်ရွယ်ချက်ဖြင့် ပြောင်းရွှေ့နေထိုင်ကြခြင်းဖြစ်ပါတယ်။ပြောင်းရွှေ့နေထိုင်သူများမှ မိမိပြောင်းရွှေ့နေထိုင်မည့်နေရာ၌ စီးပွားရေး၊လူမှုရေး၊ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးမည်ဟု ရည်ရွယ်ပြီး

(၃) **ရာဇဝတ်မှုမျှားထူပြောခြင်း။** ပြောင်းရွှေ့နေထိုင်သူများသည် ဒေသခံ ဌာနေတိုင်းရင်းသားများနှင့် လူမှုရေးအရသဟဇာတဖြစ်ရန် မလွယ်ကူပါ။ သဟဇာတမဖြစ်ပါက ဒေသခံများနှင့် ပဋိပက္ခဖြစ်ပွားလေ့ရှိပါတယ်။ ပဋိပက္ခဖြစ်ပွားလာပါက ရာဇဝတ်သည် မလွဲမသွေဖြစ်ပေါ်လာရပါတယ်။ ဥပမာရွှေ့ပြောင်းနေထိုင်သူများသည် မူဆယ်မြို့နယ်မှာ ၂-၇-၂၀၁၆ ရက်နေ့တွင် မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူးအား သွားရောက်တွေ့ဆုံရာ ၄င်းအချုပ်ခန်းမှာ ရှိသည့် အချုပ်သားဦးရေ ၃၀၀ ကျော်ရှိသည့် အနက် ၁၀ ရာခိုင်နှုန်းမှာ ဒေသခံများဖြစ်ပြီး ကျန် ၉၀ ရာခိုင်နှုန်းမှာ ပြောင်းရွှေ့နေထိုင်သူများဖြစ်ပါတယ်။ ပြောင်းရွှေ့နေထိုင်သူများကို အိမ်ထောင်စုစာရင်း ဦးစားပေးလုပ်ဆောင်ခြင်းထက် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား ဦးစားပေး လုပ်ဆောင်ပေးရန် ဆိုသည့် အဆိုကို လေးလေး နက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

D/real(wide) (7

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ၁၂-၇-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးရန် ရှမ်းပြည်နယ်လွှတ်တော်ဆန္ဒဖြင့် သဘောတူညီချက်ရယူခဲ့ပြီး ဖြစ်သော သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသော "ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်" အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေဖြစ်သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၈)၊ ပုဒ်မ ၃၄၅အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသောသူသည် မြန်မာနိုင်ငံ၏ နိုင်ငံသားများဖြစ်သည်ဟု တွေ့မြင်ရပါသည်။ ရှမ်းပြည်နယ်မှာ နယ်မြေဒေသအရ သော်လည်းကောင်း၊ ငြိမ်းချမ်းရေးမရရှိသေး၍ သော်လည်းကောင်း၊ ကျန်ရှိနေသေးသော ဌာနေတိုင်းရင်းသား ပြည်သူအများစုမှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင် မရရှိသေးပါ။ မှတ်ပုံတင် မရရှိသော မိဘနှစ်ပါးမှ မွေးဖွားလာသော သားသမီးများမှာလည်း နိုင်ငံသား တစ်ယောက် ရသင့်ရထိုက်သော အခွင့်အရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးရပါတယ်။ ထို့အပြင် အခြားတိုင်းတစ်ပါး နိုင်ငံမှ ယိုစိမ့်ဝင်လာမှုကို မကာကွယ်နိုင်ရုံသာမက ဌာနေတိုင်းရင်းသားများ၏ ဘဝလုံခြုံရေးဆိုင်ရာ အကာအကွယ် ရရှိမှုကိုလည်း ဆုံးရှုံးနေရပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ "ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်" အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအတွင်းမှာ တိုင်းရင်းသားပြည်သူ (၁၃၅) မျိုး မှီတင်းနေထိုင်လျက်ရှိပြီး ရှမ်းပြည်နယ်အတွင်းမှာတော့ တိုင်းရင်းသားလူမျိုးစု (၃၃) မျိုးရှိတယ်လို့ သိရှိမှတ်သားရပါတယ်။ ၄င်းတိုင်းရင်းသားများအနက် ကိုးကန့်တိုင်းရင်းသားများနဲ့ 'ဝ' တိုင်းရင်းသားများ အပါအဝင်ဖြစ်ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြန်မာနိုင်ငံအနှံ့အပြားမှာ ကိုးကန့်တိုင်းရင်းသား ၅ သိန်းကျော်ရှိပြီး ကိုးကန့်တိုင်းရင်းသားအများစုဟာ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကိုးကန့်တိုင်းရင်းသားများနှင့် 'ဝ'တိုင်းရင်းသားများဟာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် တိုင်းရင်းသားများ တန်းတူအခွင့်အရေး ဆုံးရှုံးနေတယ်လို့ ခံစားရပါတယ်။

D/real(wide) (7

တိုင်းရင်းသားများအနေနဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား မရှိတဲ့အတွက် ခရီးသွားလာရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုစီးပွားလုပ်ငန်းများ ဆောင်ရွက်တဲ့အခါ အခက်အခဲများ ကြုံတွေ့ရင်ဆိုင်နေရပါတယ်။

သို့ဖြစ်ပါ၍ "ရှမ်းပြည်နယ်အတွင်းရှိ ဌာနေ တိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်" အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်း ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော် ကတော့ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ **"ရှမ်းပြည်နယ် အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်"** အဆိုတင်သွင်းခြင်းနှင့် ပတ်သက်၍ ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာအရ

တွင် ရှမ်းတစ်မျိုးတည်းနေရုံမက ရှမ်းပြည်နယ်အတွင်းအတူလက်တွဲနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအများစုမှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားကို အမှန်တကယ်လိုအပ်နေပါသော်လည်း နိုင်ငံတော် ဝန်ထမ်းများသွားလာရန် လုံခြုံမှုနှင့် ဌာနရုံးများမရှိသောကြောင့်လည်းကောင်း၊ ဘာသာစကားအခက်အခဲကြောင့်သော်လည်းကောင်း၊ ငွေကြေးအကုန်အကျမတတ်နိုင်၍သော်လည်းကောင်း၊စစ်ဘေးဒဏ်ကြောင့် စာပေမတတ်သဖြင့် ရုံးသွားရန်ကြောက်ခြင်း၊ တာဝန်ရှိသူ ဝန်ထမ်းများ၏ ဆက်ဆံရေးကြမ်းတမ်းမှုရှိခြင်း၊ မြို့နှင့်အလှမ်းဝေးခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရရှိသေးသော ဌာနေတိုင်းရင်းသား အများအပြား ကျန်ရှိနေပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် အစိုးရ အဖွဲ့များခင်ဗျား။ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား နိုင်ငံသားတိုင်းရရှိရေးမှာ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး ခြေလှမ်းအစတစ်ရပ်ပင်ဖြစ်ပါတယ်။ အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် အဂတိ လိုက်စားမှုမရှိစေရန်နှင့် တိုင်းတစ်ပါးသား နိုင်ငံမှ လိမ်လည်လှည့်ဖြား လုပ်ဆောင်မှု မရှိစေရန်အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ စီမံကိန်းများ ချမှတ်၍ ဌာနေတိုင်းရင်းသားများ၏ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးကို ပထမဦးစားပေးအနေနှင့် မြို့နယ်/ကျေးရွာအဆင့်၊ တောင်တန်းဒေသပါ မကျန်လုပ်ဆောင်ပေးသင့်ကြောင်း သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး၏အဆိုကို လေးစားစွာ ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

D/real(wide) (7

ရှမ်းပြည်နယ်တွင် မည်သည့်လက်မှတ်မှ ကိုင်ဆောင်ထားခြင်း မရှိသူ ၂.၆ သန်းကျော်ရှိကြောင်း သိရှိရပါတယ်။ ဒီအရေအတွက်ကတော့ အထူးဒေသ(၂)၊ 'ဝ'ဒေသ၊အထူးဒေသ (၄)နှင့် မိုင်းလားဒေသအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ နေရာတွေအပါအဝင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာတော့ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုမှာ ရှမ်းပြည်နယ်တစ်ခုလုံး ကွက်ပြည့် ကောက်ယူနိုင်ခဲ့သာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ပါလျက် နိုင်ငံသား စိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုး ကိုင်ဆောင်နိုင်ခြင်း မရှိသည့် နိုင်ငံသားများမှာ ၄င်းတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား ဦးစားပေး၍ တိုင်းရင်းသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရာမှာ အဓိက လိုအပ်ချက် တစ်ခု ဖြစ်သည့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို လုပ်ဆောင်ပေးရန် ထောက်ခံဆွေးနွေး ရပါတယ်။ သို့သော်လည်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ ကိုင်ဆောင်သင့်သော ကတ်ပြား တစ်မျိုးမျိုး ကို ထုတ်ပေးခြင်းလုပ်ငန်း၌ အခြားဒေသတစ်ခုတွင် ရာဇဝတ်မှုကျူးလွန်ပြီး ထွက်ပြေး တိမ်းရှောင်၍ ရောက်ရှိနေသူများ၊ နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်ပြီး ပြန်လည်ဝင်ရောက်လာသူများ အနက် နိုင်ငံခြား သွေးနှောနေသူများ၊ ဦးဝင်နိုင်ငံခြားသားများ နိုင်ငံတော်ကို ဆန့်ကျင်ပြီး တရားမဝင်လက်နက်ကိုင်ဆောင်သည့် အဖွဲ့ဝင်များပါဝင်လာနိုင်တာကြောင့် စနစ်တကျဖြင့် ဥပဒေနှင့်အညီ သေသေချာချာစိစစ်ပြီး မှသာ

နှင့် ကရင်ပြည်နယ်များရှိ ဒေသအချို့မှ လွဲ၍ မြန်မာနိုင်ငံတစ်ဝှမ်းနှင့် ရှမ်းပြည်နယ်တစ်ခုလုံးတွင် ကွက်ပြည့်ကောက်ယူခဲ့ပါသည်။ သန်းခေါင်စာရင်း အစီရင်ခံစာအရ ရှမ်းပြည်နယ်၏ လူဦးရေမှာ (၅၈၂၄၃၃၂) ဦးဖြစ်ပြီး အဆိုပါ လူဦးရေများအနက် ၁၀ နှစ် အထက် လူဦးရေ (၄၆၀၁၈၉) ဦးရှိရာ ၄င်းအနက် ကတ်ပြား အမျိုးမျိုး ကိုင်ဆောင်သူမှာ(၂၉၇၄၈၁၄)ဦးဖြစ်ပါသဖြင့် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူမှာ (၁၆၂၆၃၇၅) ဦးဖြစ်ကြောင်း စာရင်းကောက်ယူရရှိခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အိမ်ထောင်စု လူဦးရေစာရင်းအပါအဝင် မည်သည့် စာရွက်စာတမ်းအထောက်အထားပေါ်တွင်မျှ အခြေခံခြင်းမရှိဘဲ မြေပြင်ပေါ်ရှိ အခြေအနေအတိုင်း လွတ်လပ်စွာ ကောက်ယူခြင်းဖြစ်ပါသဖြင့် အထက်ပါ စာရင်းထဲတွင် ရှမ်းပြည်နယ်၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နေထိုင်သူများနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ စာရင်းလည်း အပါအဝင်ဖြစ်သည်။

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ၁-၇-၂၀၁၁ ရက်နေ့မှစ၍ ကျေးရွာများအရောက်ကွင်းဆင်း၍ မိုးပွင့် စီမံချက်များဖြင့် ဖြေလျှော့နည်းများအရ ဆောင်ရွက်ပေးခဲ့ရာ မိုးပွင့် အဆင့် ၁ မှ ၇ အထိလည်းကောင်း၊ မိုးပွင့်အထူးစီမံချက်၊ မိုးပွင့်အထူးအပိုင်း ၂ စီမံချက်၊ အခြေခံပညာကျောင်းများ ကွင်းဆင်းစီမံချက်များဖြင့်လည်းကောင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ယခုလက်ရှိကာလတွင်လည်း အခြေခံပညာကျောင်းများတွင်လည်းကောင်း၊ မြို့နယ်ရုံးများတွင်လည်းကောင်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

D/real(wide) (7

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် မိမိဝန်ကြီးဌာနမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေး လုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ၃၀-၆-၂၀၁၆ ရက်နေ့အထိ အိမ်ထောင်စုပေါင်း(၉၃၄၉၅၁၂) စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (၃၈၃၃၈၈၈) ဦး၊ ဧည့်နိုင်ငံသားလက်မှတ် (၃၆၅၇၄) ဦး၊ နိုင်ငံသားခွင့်ပြုလက်မှတ်(၁၂၄၄၉၇) ဦး၊ အမျိုးသား မှတ်ပုံတင် သက်သေခံကတ်ပြား (၅၀၀၉၃၀) ဦး၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (၂၀၄၆၇) ဦးနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် (၂၉၅၆၈) ဦး တို့အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်သော မှတ်ပုံတင် တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၃၀-၆-၂၀၁၆ ရက်နေ့အထိ အိမ်ထောင်စုပေါင်း (၈၈၈၁၇၂) စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (၃၆၂၄၁၉၂) ဦး၊ ဧည့်နိုင်ငံသားလက်မှတ် (၇၅၃၇) ဦး၊ နိုင်ငံသားခွင့်ပြုလက်မှတ် (၁၁၅၂၂) ဦး၊ အမျိုးသား မှတ်ပုံတင် သက်သေခံ ကတ်ပြား (၁၄၉၈၈၉) ဦး၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံ ကတ်ပြား (၉၉၂၈) ဦးနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်(၃၉၄၄)ဦးတို့အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင် ထုတ်ပေးမည့် လုပ်ငန်းသည် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်း တစ်ရပ်ဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်သူအများစုတို့သည်ရောက်ရှိရာအရပ်တွင် စားဝတ်နေရေးအတွက် အဓိက

ထုတ်ပေးသင့်ကြောင်း ထောက်ခံ ဆွေးနွေး အပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ကရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်တဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတင်သွင်းသော အဆိုကို ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ မတ် လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ကောက်ယူခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ် လတွင် ရှေ့ပြေး အစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မေလတွင် သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း ကောက်ယူခဲ့ရာ၌ ရခိုင်၊ ကချင်၊

D/real(wide) (8

ထား၍ နေထိုင်ကြသူများဖြစ်ပြီး နေထိုင်မှုပုံစံပေါ်မူတည်၍ အောက်ပါအတိုင်း ခွဲခြားတွေ့ရှိရပါသည်-

(က) **သာမန်ရွှေ့ပြောင်းနေထိုင်သူများ။** အလုပ်လုပ်ကိုင်ရန်၊ ပညာသင်ကြားရန်နှင့် အခြားအခြေအနေများကြောင့် မြို့ကြီးများ၊ အလုပ်အကိုင်အခွင့်အလမ်းပေါများသည့် မြို့ပြများ၊ စက်မှုလုပ်ငန်း ရှိသည့် မြို့များ၊ နယ်စပ်ဒေသများ စသည့် အရပ် ဒေသများတွင် ဆွေမျိုးသားချင်းနှင့် အသိမိတ်ဆွေများ၏ နေအိမ်များတွင် လည်းကောင်း၊ နေအိမ် ငှားရမ်း၍လည်းကောင်း အိမ်ထောင်စု လူဦးရေ စာရင်းမရှိဘဲ နေထိုင်သူများဖြစ်ပါသည်။ တစ်နည်းအားဖြင့် ယာယီရွှေ့ပြောင်း နေထိုင်ခြင်း မဟုတ်သူများအားလုံးတို့သည် သာမန်ရွှေ့ပြောင်း နေထိုင်သူများဖြစ်ပါသည်။

(ခ) **ယာယီရွှေ့ပြောင်းနေထိုင်သူများ။** အစိုးရဌာနပိုင် မြေ၊ သစ်တောကြိုးဝိုင်း၊ စည်ပင်ပိုင်၊ အဖွဲ့အစည်းပိုင်၊ ကုမ္ပဏီပိုင်၊ စီမံကိန်းပိုင်၊ သာသနာ့နယ်၊ ပုဂ္ဂလိကပိုင်၊ မြေနုကျွန်း၊မီးရထားလမ်းဘေး၊ ကားလမ်းဘေးမြေ စသည့်နေရာများနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများက ခွင့်ပြုထားခြင်းမရှိသော မြေနေရာများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဝင်ရောက် နေထိုင်ကြသူများနှင့် မူလနေထိုင်ရာဒေသမှ အလုပ်အကိုင် အခွင့်အလမ်းရှိသည့် နယ်စပ် မြို့များ၊ ရွှေတွင်း၊ ကျောက်မှော်၊ ရေနံတွင်း အစရှိသည့်

အောက် ၆ လအထက် နေထိုင်သူ တိုင်းရင်းသားများအား အိမ်ထောင်စု လူဦးရေ စာရင်းယာယီပေးမည်။ ကတ်ပြား မပေးပါ။

(၃) ၃နှစ်အထက် နေထိုင်ပြီးမှ သာ အိမ်ထောင်စု လူဦးရေစာရင်းယာယီမှ အိမ်ထောင်စု လူဦးရေစာရင်းသို့လဲလှယ် ထုတ်ပေးမည်။ ရသင့်သည့်ကတ်ပြား ပေးမည်။

(၄) မူလဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်းရှိသူဖြစ်ပါက လက်ရှိဒေသတွင် ၆ လအောက် နေထိုင်သူများအား စာရင်းပြုစုမှတ်တမ်းထားရှိမည်။

(၅) ၆ လကျော်လျှင် ၄င်းတို့အား အိမ်ထောင်စု လူဦးရေ စာရင်းပေးပြီး ရသင့်သည့် ကတ်ပြားထုတ်ပေးမည်။

(၆) မူလဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်းမရှိ၊ နေထိုင်ခဲ့ခြင်းမရှိသူများအား စာရင်းပြုစု မှတ်တမ်းထားရှိ၍ တစ်မှုချင်း အလိုက် စဉ်းစားမည်။

(၇) တစ်ဦးချင်းနေထိုင်သူများအား တစ်မှုချင်း အလိုက် စဉ်းစားမည်။

(၈) အထက်ပါအမျိုးအစားအလိုက် တိုင်းရင်းသား မဟုတ်သူ သွေးနှောများအား စာရင်းပြုစုထားရှိပြီး သီးခြား စဉ်းစားမည်။

D/real(wide) (8

သယံဇာတများ ထွက်ရှိရာဒေသများ၊ ပင်လယ်ကမ်းခြေ၊ မြစ်ချောင်းကမ်းနားစသည့် ဒေသများတွင် ကြုံရာ ကျဘမ်း ရွှေ့ပြောင်းအလုပ်လုပ်ကိုင်၍ နေထိုင်ကြသူများ ဖြစ်ကြပါသည်။

အဆိုပါ လုပ်ငန်းအား ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်အခက်အခဲများ ဖြေရှင်း ဆောင်ရွက်ရာတွင် အဓိကလိုအပ် ချက်များအနက် တစ်ခုအပါအဝင်ဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင် တစ်မျိုးမျိုး ထုတ်ပေးရန်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းအား ဆောင်ရွက်ရန်အတွက် အခြေခံလုပ်ငန်း (စံနှုန်း)အား ဗဟုသုတရရှိအောင် အောက်ပါအတိုင်း သတ်မှတ်ထားပါကြောင်း ဆက်လက်၍ တင်ပြပေးသွားမှာဖြစ်ပါတယ်-

(က) **သာမန်ရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက်ပေးမည့် သတ်မှတ်ချက်များ။** ရက် ၁၀၀ စီမံချက်ဖြင့် အောက်ပါအတိုင်း ပြုလုပ်ပေးသည့် လုပ်ငန်းများဖြစ်ပါတယ်-

(၁) မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းရှိသူဖြစ်ပါက လက်ရှိဒေသတွင် ၆လ နေထိုင်သူဖြစ်ပြီးလျှင် တိုင်ရင်းသားများအား အိမ်ထောင်စု လူဦးရေစာရင်းပေးမည်။ ရသင့်သည့်ကတ်ပြားပေးမည်။

(၂) မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းမရှိသော်လည်း နေထိုင်ခဲ့ကြောင်း မှန်ကန်ပါက လက်ရှိဒေသတွင် ၃ နှစ်

(ခ) **ယာယီရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက် ပေးမည့်သတ်မှတ်ချက်များ။**

(၁) ၃ နှစ်အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသူများ စာရင်းပြုစုထားရှိမည်။

(၂) ၃ နှစ်အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်းမှန်ကန်သူများအား စာရင်းပြုစုထားရှိမည်။

(၃) ၃ နှစ်အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်းမရှိသူများအား စာရင်းပြုစုထားရှိမည်။

(၄) ၃ နှစ်အောက် ၆ လ အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်းမရှိသူများအား စာရင်းပြုစုထားရှိမည်။

(၅) ၃ နှစ် အောက် ၆ လ အထက် မူလဒေသ အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်း မှန်ကန်သူများအား စာရင်းပြုစုထားရှိမည်။

(၆) ၃ နှစ် အောက် ၆ လ အထက် မူလဒေသ အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ ခြင်း မရှိသူ စာရင်းပြုစုထားရှိမည်။

D/real(wide) (8

(၇) ၆ လ အောက် နေထိုင်သူအားလုံးကို စာရင်းပြုစုထားရှိမည်။

(၈) အထက်ပါ အမျိုးအစားအလိုက် တိုင်းရင်းသားမဟုတ်သူ သွေးနှောများအား စာရင်းပြုစုထားရှိပြီးသီခြားစဉ်းစားမည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ဖော်ပြပါ အခြေခံလုပ်ငန်းစဉ်စံနှုန်းသတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ နည်းလမ်းများအား ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ၏ အိမ်ထောင်စု လူဦးရေစာရင်းကောက်ယူခြင်း။

(ခ) အခြေခံလုပ်ငန်းစဉ်စံနှုန်းသတ်မှတ်ချက်များနှင့် အညီ မှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်း။

(ဂ) စိစစ်မှန်ကန်သူများကို သတ်မှတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးခြင်း။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလိုရွှေ့ပြောင်းနေထိုင်သူများအား ဒေသအလိုက် နေထိုင်မှု ပုံစံအပေါ် မူတည်၍ သာမန် ရွှေ့ပြောင်းနေထိုင်သူများနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူများဟူ၍ ခွဲခြားစာရင်း ကောက်ယူပြီးနောက် မှန်ကန်မှုရှိ/မရှိ မူလနေထိုင်ခဲ့သောမြို့နယ်သို့ ပေးပို့ စိစစ်ပြီး မှန်ကန်မှုရှိသူများကိုသာ ကာယကံရှင်များ၏ လျှောက်ထားချက်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ မည်သည့်အခြေအနေဖြင့် နေထိုင်ကြောင်း ထောက်ခံချက်တို့အရ သတ်မှတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်

ရှမ်းပြည်နယ်အတွင်းတွင်လည်း အနှံ့အပြား ဆောင်ရွက်ပေးလျက်ရှိပါသည်။

တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသောသူများသည် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေ ပုဒ်မ ၅ အရ မွေးရာပါနိုင်ငံသား များဖြစ်ကြပြီး နိုင်ငံခြား တိုင်းပြည်တစ်ခုခုတွင် နိုင်ငံသားအဖြစ် ခံယူ မှသာ မြန်မာနိုင်ငံသားအဖြစ်ကို ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ အခြားအကြောင်း မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံသားအဖြစ်ကို မဆုံးရှုံး သဖြင့် နိုင်ငံသားဖြစ်လျက်နှင့် နိုင်ငံမဲ့နေသည်ဆိုသည်မှာ မဟုတ် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

ဖြေလျော့နည်းများအရ ကျေးရွာအရောက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများဖြစ်သည့် မိုးပွင့်စီမံချက်များ ဆောင်ရွက်ခဲ့ရာ၌လည်း မြို့နယ် လဝကရုံးမှ ကြိုက်နှစ်သက်သည့် ကျေးရွာအုပ်စုသို့ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းမျိုး မဟုတ်ဘဲ မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံသည့် အစည်းအဝေးများတွင် ကြေညာပြီး လုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်သည့် ကျေးရွာများမှ စုစည်းပေးပြီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ချိန်းဆိုဖိတ်ခေါ်ပါက မြို့နယ်/ကျေးရွာအုပ်စုနိုင်ငံသား စိစစ်ရေးအဖွဲ့များနှင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ကျေးရွာတွင်ဆောင်ရွက်ရာ၌လည်း ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဆင့်ဆိုပေးသည့် အလွှာရှင်များကိုသာ ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မြေပြင်ပေါ်ရှိ ကျေးရွာအနေအထားအတိုင်း ကွင်းဆင်း ဆောင်ရွက် ကြခြင်းဖြစ်ပါ၍ ပြည်ထဲရေးစာရင်းအမည်ပေါက်ခြင်း/မပေါက်ခြင်းပေါ်တွင် အခြေခံခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

D/real(wide) (8

မှတ်ပုံတင်တစ်မျိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် သာမန် ရွှေ့ပြောင်းနေထိုင်သူများ အနက် မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းရှိသူဖြစ်ပြီး လက်ရှိဒေသတွင် ၆ လ နေထိုင်ပြီး ဖြစ်သည့် တိုင်းရင်းသားများအား အိမ်ထောင်စု လူဦးရေ စာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားဆောင်ရွက်ပေးမည်ဖြစ် ပါသည်။ မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်း မရှိ သော်လည်း နေထိုင်ခဲ့ကြောင်း မှန်ကန်သူများအနက် လက်ရှိ ဒေသတွင် ၆ လ နေထိုင်ခဲ့သည့် တိုင်းရင်းသားများအား အိမ်ထောင်စု လူဦးရေစာရင်း ယာယီ ထုတ်ပေးထားမည်ဖြစ်ပြီး ၃ နှစ်အထက် နေထိုင်ပြီးမှသာ အိမ်ထောင်စုစာရင်း ယာယီမှ အိမ်ထောင်စု လူဦးရေစာရင်းသို့ လဲလှယ်၍ အိမ်ထောင်စု လူဦးရေ စာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြား ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။ ဖော်ပြပါ မှန်ကန်သူများအပ ကျန်သာမန် ရွှေ့ပြောင်း နေထိုင်သူများနှင့် ယာယီရွှေ့ပြောင်း နေထိုင်သူများအား စာရင်းမှတ်တမ်းပြုစုထားရှိ ပါသည်။

ရက် ၁၀၀ သစ္စာစီမံချက်၏ မူရင်းသဘော ရည်ရွယ်ချက်မှာ မိမိအရပ်ဒေသတွင် စီးပွားရေး၊ ပညာရေး၊ လူမှုရေး အကြောင်းအမျိုးမျိုးကြောင့် မနေဖြစ်ဘဲ မြန်မာနိုင်ငံအတွင်း အခြားဒေသများသို့ပြောင်းရွှေ့၍ စီးပွားရေး၊ ပညာရေး တိုးတက်မှုအတွက် နေထိုင်လျက်ရှိသော ပြည်သူတစ်ရပ်လုံးကို ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း နေထိုင်သူ ပြည်သူအားလုံးကို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ သက်ဆိုင်သည့် စိစစ်ရေး ကတ်ပြား တစ်မျိုးမျိုး စိစစ် ထုတ်ပေးခြင်း လုပ်ငန်းကိုလည်း မြန်မာနိုင်ငံအနှံ့အပြား ဆောင်ရွက်လျက်ရှိ သကဲ့သို့

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ လုပ်ငန်းတစ်ရပ်ဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အစရှိသည့် ဆက်စပ်ဌာနများမှ တစ်ဖက်နိုင်ငံတွင် အတိဒုက္ခရောက်နေသော ထိန်းသိမ်းခံနေရသည့် မိမိနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးရန်ရှိသည့် မိမိနိုင်ငံသားများ၏ အချက်အလက်များကို မေးမြန်းစုံစမ်း အတည်ပြုသည့် ဖြစ်စဉ်များ၌လည်း မြို့နယ်အလိုက် စိစစ်ပြန်ကြားပေးရသည့် တစ်ဖက်နိုင်ငံရောက် နိုင်ငံသားများတွင် နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ်များ ဖော်ပြပါရှိသည်ကိုသာ စိစစ်တွေ့ရှိရပါသည်။ ထို့အပြင် လဝကဦးစီးဌာန၊ အလုပ်သမားဦးစီးဌာန၊ မြန်မာနိုင်ငံရဲ့ သတင်းတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ထိုင်းနိုင်ငံရှိ စခန်းများတွင် အခြေပြုပြီး မိမိနိုင်ငံသား ရွှေ့ပြောင်း လုပ်သားများအား ယာယီ မြန်မာနိုင်ငံကူးလက်မှတ် စိစစ်ထုတ်ပေးရာ၌လည်း လာရောက် လျှောက်ထားသူ တိုင်းရင်းသားအများစုမှာ နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကိုင်ဆောင်၍ လာရောက်လျှောက်ထားကြသူများ ဖြစ်ကြပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသား စိစစ်ရေးကတ်ပြား မတင်ပြနိုင်ပါကလည်း မိမိနိုင်ငံ တိုင်းရင်းသားဖြစ်ကြောင်း စိစစ်၍ ယုံကြည်မှုရှိလျှင် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ကို ဆောင်ရွက် ထုတ်ပေးလျက်ရှိပါသည်။ နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများကိုလည်း လဝကလုပ်ငန်းရှုထောင့်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်း နေထိုင်သော ပြည်သူအချို့မှ နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင် ထိုက်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး လုံးဝမရှိသေးသူများ ကျန်ရှိနေသေးပါသဖြင့် ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု

D/real(wide) (8

အုပ်ချုပ်ရေးမှူးမှ မြို့နယ်လဝကရုံးသို့ အကြောင်းကြားချက်များ ရှိပါကလည်း သက်ဆိုင်ရာ မြို့နယ်လဝကရုံးအား ကွင်းဆင်း ဆောင်ရွက်ရေး ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်သွားရန် ညွှန်ကြားထား ရှိပြီး ဖြစ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထက်တွင် ညွှန်ကြားခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက် များနှင့်ပတ်သက်ပြီး ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ ကြုံတွေ့ နေရသည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခက်အခဲများ ဖြေရှင်းဆောင်ရွက်ရာတွင် အဓိက လိုအပ်ချက်များအနက် တစ်ခု အပါအဝင် ဖြစ်သော အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင် သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရန် ရည်ရွယ်၍ ဝန်ကြီး ဌာန၏ ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အိမ်ထောင်စု စာရင်းအရေအတွက်များ ဖောင်းပွခြင်း၊ မှတ်ပုံတင် အရေအတွက်ဖောင်းပွခြင်းများ မဖြစ်စေရန် အခြေခံ လုပ်ငန်းစဉ် (စံနှုန်း)များ သတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေသော လုပ်ငန်း စီမံချက်ဖြစ်ပါကြောင်းနှင့် ပြည်သူများ လိုအပ်ချက် ရှိပါကလည်း ဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သွားရောက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားရင်း ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုအား ထောက်ခံ ပါကြောင်းနှင့် ဌင်းအဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးပြီး အတည်ပြုရန် သဘောတူတဲ့ အတွက် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို

လွှတ်တော်သို့ ပေးပို့လာပါတယ်။အဆိုမှာ **"လွိုင်လင်မြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ခရီးသွား အပန်းဖြေ လည်ပတ်ရာ စခန်း မြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီ ကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်၏ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ် အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင် အမျိုးသား ရုက္ခ ဗေဒဥယျာဉ်ဖော်ဆောင်ပေးသင့်ပါကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းမျိုးမြင့်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမည့် အဆိုကတော့ **"လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွား အပန်းဖြေ လည်ပတ်ရာ စခန်း မြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီ ကာလတွင် ဖြစ်ထွန်း လာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့်ခရီး သွားလာရေး လုပ်ငန်းအတွက် ကြီးမားသောဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင် အမျိုးသား ရုက္ခ ဗေဒ ဥယျာဉ်ဖော်ဆောင်ပေးသင့်ပါကြောင်း"** အဆိုတင်သွင်း မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်မြို့သည် ရှမ်းပြည်နယ်

D/real(wide) (8

(တောင်ပိုင်း) ဗဟိုမှာ တည်ရှိပါတယ်။ တောင်ကြီး - ကျိုင်းတုံ ကားလမ်းမကြီးပေါ်မှာတည်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နှင့် တိုက်ရိုက်လမ်းရှိပါတယ်။ မိုင်းပန် -လင်းခေး- မောက်မယ် - မိုးနဲကားလမ်းနှင့် ဆုံရာအရပ်ဖြစ်ပြီး အချက်အချာကြတဲ့ ခရိုင်၊ မြို့တစ်မြို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အခြားမြို့ကြီး များတွင် အပူချိန် ၄၂ ၊ ၄၃၊ ၄၄ ဒီဂရီရှိခဲ့ချိန်၌ လွိုင်လင်မြို့အပူချိန် မှာ ၃၀ ဒီဂရီခန့်သာရှိပါသဖြင့် အေးမြပြီး နေထိုင်ကောင်းသည့် မေမြို့၊ ကလောရာသီဥတုနှင့်တူသော ရာသီဥတုဖြစ်ပါတယ်။ မေမြို့၊ ကလော၊ လွိုင်လင် ၊ လွိုင်မွေ(၄)မြို့မှာ သဘာဝရာသီဥတု တူသော မြို့ဖြစ်ပါတယ်။ လွိုင်လင်မှ ကျိုင်းတုံသို့အထွက် တာရိုး ကားလမ်း၏ ညာဘက်တွင် အင်္ဂလိပ်ခေတ်က တည်ရှိခဲ့သော ဧက ၃၀၀၀ ရှိသော မြို့ကျက်သရေဆောင် သဘာဝလွိုင်လင် ရေကန်ကြီး တစ်ကန်ရှိပြီး၊ တာရိုးကားလမ်းမကြီး၏ အောက်ဘက်၊ ဘယ်ဘက် ဧက ၂၀ ခန့် ရှိ ကွင်းပြင်ကျယ်တစ်ခုရှိပါတယ်။ ထို့ကွင်းပြင်ကျယ်၏ အဆုံးတွင် မိုးရာသီ၌ ရေလျှံထွက်လာသော ရေများ စီးဝင် ပျောက်ကွယ် သွားတဲ့ သဘာဝ ရေငုတ်ပေါက်ကြီးရှိရာ ထိုသဘာဝ ရေငုတ်ပေါက်ကို ဝိုက်၍ ရေထိန်းတစ်ခုပါသော ဆည်လေးတစ်ခု တည်ဆောက် ပြုလုပ်လိုက်ပါက အနက် ၅ ပေ သို့မဟုတ် အနက် ၈ ပေရှိ ဧက ၂၀ ရေကန်ကြီး တစ်ကန်ဖြစ်ပေါ်လာစေနိုင်ပါတယ်။ ရေကန်သစ်နှင့် ကပ်လျက် မြောက်ဘက်မှာ ကုန်းလျှောကြီးမှာ ဧက ၄၀ လောက်ထိ ရှိပါတယ်။ ၄င်းဧရိယာမှာ ပန်းဥယျာဉ် စိုက်ပျိုးပြီး၊ တိရစ္ဆာန်ရုံ ဖန်တီးနိုင်ပါတယ်။ ရေကန်သစ်၏အရှေ့ တောင်ဘက်တောင်ကုန်း ပေါ်တွင် ဧက ၄၀ ခန့်ကျယ်သော သဘာဝတောအုပ်ရှိရာ သစ်ပင် ပေါင်းစုံယူလာပြီး ဖြည့်စွက် စိုက်ပျိုးခြင်းဖြင့် ရုက္ခဗေဒဥယျာဉ် တောအုပ်ကြီး တစ်အုပ်အဖြစ် ဖန်တီးနိုင်ပါတယ်။ မြို့စွန်းကျသဖြင့် လိုအပ်ပါက ပိုမိုကျယ်ဝန်းသော မြေနေရာများကိုလည်း တိုးချဲ့ရယူ

D/real(wide) (8

အတည်ပြုရန်လွှတ်တော်၏ဆန္ဒကိုရယူပါမယ်။ဒေါ်နန်းစမ်းအေး တင်သွင်းသော အဆိုကို အတည်ပြုရန် သဘောထားပေးပါတယ်။ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ "လွိုင်လင်မြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ခရီးသွား အပန်းဖြေလည်ပတ်ရာ စခန်းမြို့ကြီး တစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီ ကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင် အမျိုးသား ရုက္ခဗေဒဥယျာဉ် ဖော်ဆောင်ပေးသင့်ပါကြောင်း " အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က အဆိုတစ်ရပ်အား

ဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းအတွက် ကြီးမားသောဆွဲဆောင်မှုတစ်ခုဖြစ်လာကာ ပြည်သူ တို့ စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်အစိုးရမှ လွိုင်လင် အမျိုးသား ရုက္ခဗေဒဥယျာဉ်ဖော်ဆောင်ပေးသင့်ပါကြောင်း တင်သွင်းသော အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းမျိုးမြင့် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ “ လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွားအပန်းဖြေလည်ပတ်ရာ စခန်းမြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီအတွင်းဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှု တစ်ရပ်ဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ်

နိုင်ပါတယ်။ ၎င်းတို့ကို ပါဝါပွိုင့်နှင့်ပြသချင်ပါတယ်။ ယခုမြင်တွေ့နေရသောပုံမှာ လွိုင်လင်ကနေ ကျိုင်းတုံဘက် အထွက် တာရိုး ထိပ်ကနေ ဘယ်ဘက်ကရိုက်ထားသော ပုံဖြစ်ပြီး မြင်နေကြ မြင်ကွင်းဖြစ်ပါတယ်။ ကားလမ်းမတာရိုးကနေ ဘယ်ဘက်ကြည့် မည်ဆိုလျှင် ကွင်းပြင်ရှိပြီး တစ်နှစ်ပတ်လုံး အဲဒီလိုဖြစ်ပါတယ်။ လွန်ခဲ့သော ၇ နှစ် ၈ နှစ်က မိုးကောင်းသောကြောင့် ရေကန်ရေသည်ချက်ချင်းမပျောက်သွားတဲ့ မှတ်တမ်းဓာတ်ပုံ ရိုက်ထားခြင်းဖြစ်ပါတယ်။ ၎င်းကိုရေထိန်းတံခါးနှင့် ဆည်တစ်ခု တည်ဆောက်ပြီး ထိန်းထားနိုင်မည်ဆိုပါက တစ်နှစ်ပတ်လုံး ဖန်တီးထားနိုင်တဲ့ အနေအထား ရှိပါတယ်။နောက်တစ်ချက်ကတော့ တာရိုးအဝင်ကနေ ကိုက် ၁၀၀ ရှိ တာရိုးအထွက် နောက်ပြန် ဘယ်ဘက်ရိုက်မည်ဆိုလျှင် ဒီလိုပုံစံမြင်ရမှာဖြစ်ပါတယ်။ မိုးရာသီ ရေကြီးစဉ်က ရိုက်ထားသော မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ အဲဒီ ရေကန်ကို ထိန်းသိမ်းမည်ဆိုလျှင် ရေလာအားကောင်းတဲ့ အင်မတန်လှပသည့် ရေကန်ကြီးတစ်ကန် ဖြစ်လာနိုင်သည့် အလားအလာရှိကြောင်းတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွိုင်လင်ရုက္ခဗေဒဥယျာဉ်ဖော်ဆောင်ရခြင်းဖြင့် လွိုင်လင်မှ (၆) မိုင်ခန့် သာဝေးသည့် ပင်လုံမြို့ရှိ လွှတ်လပ်ရေးအတွက် ပင်လုံသဘော တူညီချက် လက်မှတ်ရေးထိုးရာ လွှတ်လပ်ရေး သမိုင်းဝင် ပင်လုံ စာချုပ် ကျောက်တိုင်ရှိရာသို့ သွားရောက် လည်ပတ်နိုင်ပါတယ်။ ပတ္တမြားထွက်ရှိရာ မိုင်းရွာရတနာမြေ၊ လွိုင်လင်-ကျိုင်းတုံ ကားလမ်းမပေါ်ရှိ လွိုင်လင်မှ မိုင် (၅၀)ကွာဝေးသည့် ခိုလမ်၊ နောင်ဖိုင် ရေကန်ရှိပြီး အလျား ၃ မိုင်၊ အနံ ၁.၅ မိုင် ကျယ်သော သဘာဝ ရေကန်ဖြစ်ပါတယ်။ ရေကန်မြောက်ဘက်ထိပ်မှာ ဦးပိန်တံတားဟု ခေတ်စားလာတဲ့

D/real(wide) (8

အကိုင်များ ဖန်တီးပေးရာလည်းရောက်ရှိသွားနိုင်ပါသည်။ ထို့ကြောင့်ရှမ်းပြည်အစိုးရအဖွဲ့မှ လွိုင်လင် အမျိုးသား ရုက္ခဗေဒ ဥယျာဉ်ဖော်ဆောင်ပေးသင့်ကြောင်း" အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဦးစိုင်းမျိုးမြင့်၏ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၁၄ ရက်၊ ကြာသပတေးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေး ရပ်နားသည့်အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

တံတားကြီးတစ်ခုရှိကြောင်း၊ ဒုတိယ ပုဂံလို့ခေါ်တဲ့ ရှေးဟောင်းဘုရားမြောက်များစွာရှိတဲ့ မိုးနဲမြို့၊ ဒုတိယ လောပိတ ဟုခေါ်သော ကျိုင်းတောင်းရေအားလျှပ်စစ်နှင့်ရေတံခွန်စသည့် နာမည်ကြီးသည်များကိုလည်း လွိုင်လင်မှတစ်ဆင့် နေ့ချင်း ပြန်သွားရောက် လည်ပတ်အပန်းဖြေနိုင်ပါတယ်ဆိုတဲ့ သဘာဝ အခွင့်အလမ်းကောင်းတွေ အများအပြားရှိပါတယ်။ လွိုင်လင် မြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ခရီးသွား အပန်းဖြေ အနားယူစခန်း တစ်ခုဖြစ်လာနိုင်ပြီး မကြာမီကာလမှာပေါ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့၏ စားဝတ်နေရေးအတွက် အလုပ် အကိုင်များ ဖန်တီးရာလည်း ရောက်သွားနိုင်ပါတယ်။ ရှမ်းပြည်နယ် အစိုးရမှလည်း လွိုင်လင်အမျိုးသား ရုက္ခဗေဒဥယျာဉ်ဖော်ဆောင်သင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးဘဲမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်ဖြစ်ပါတယ်။ ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွားအပန်းဖြေလည်ပတ်ရာ စခန်း မြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီကာလတွင်

D/real(wide) (8

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ မြို့အဝင်ဆိုင်းဘုတ် များတွင် တိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များအား ပြန်လည်ဖျက်သိမ်း ဆောင်ရွက်စေခြင်း/ တိုင်းရင်းသားဘာသာဖြင့် ရေးသား စိုက်ထူခွင့် ပိတ်ပင်ခြင်းများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းမပြုပါရန် တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းနောင့်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ မြို့အဝင်ဆိုင်းဘုတ်များတွင် "ရှမ်းတိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များအား ပြန်လည်ဖျက်သိမ်း ဆောင်ရွက်စေခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ရေးသား စိုက်ထူခြင်း ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ် ဆောင်ရွက်ခြင်းများ မပြုရန် တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းနောင့်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ဖြစ်

လွှတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းရေး၊ (၃) နိုင်ငံတော်တွင် လူမျိုးရေး တန်းတူမှုနှင့် စစ်မှန်သော မျိုးချစ်စိတ် ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်ကြရေးစသည့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကိုဖော်ဆောင် ပေးနိုင်ရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး ပြဋ္ဌာန်းပေးထားခဲ့တာ ဖြစ်ပါတယ်လို့ သိမြင်နားလည်လက်ခံ ယုံကြည်ကြရမှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားများ၏ စာပေနှင့်ပတ်သက်သည့် ယခင်ကာလများထက် အနည်းငယ်ပြန်လည်ထုတ်ဖော် ရေးသားခွင့် ရရှိလာပြီး နိုင်ငံတော်အနေဖြင့် ကျောင်းချိန်ပြင်ပများမှာ တိုင်းရင်းသား စာပေများ သင်ကြားခွင့်အတွက်ဖော်ဆောင်ပေး လာခဲ့တာကိုလည်း ကြည်နူးဝမ်းမြောက်စွာတွေ့မြင်ခဲ့ရပြီးဖြစ် ပါတယ်။

သို့ပါသော်လည်း လွန်ခဲ့သည့်လက ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များတစ်ချို့ရှိ မြို့အဝင်ဆိုင်းဘုတ်များတွင် မြို့အမည်များ ရှမ်းဘာသာဖြင့် ရေးသားကပ္ပည်းထိုးထားပြီး ယခု အခါတွင် ပြန်လည်ဖျက်ဆီးပြီး ပြန်လည်ပြုပြင်ရေးသားခြင်း ဆောင်ရွက်လျက်ရှိနေတာကို ကိုယ်တိုင်သော်လည်းကောင်း၊ လူမှု ကွန်ရက်သတင်းများအရ တွေ့မြင်ကြားသိနေရသည့်အတွက် တိုင်းရင်းသားတစ်ဦးအနေဖြင့် များစွာစိတ်မကောင်း ဖြစ်ရပါတယ်။

D/real(wide) (8

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များစွာတို့၏ အမည်နာမသည် ရှမ်းဘာသာစကားအပေါ် အခြေပြုကာ မှည့်ခေါ်ထားတာဖြစ်ပါတယ်။ ထိုအမည်နာမများကို မြန်မာဘာသာဖြင့် ရေးသားသုံးစွဲခဲ့ရာတွင်လည်း စာပေအရေးအသားနှင့် အသံထွက်အရ ရေးသားခေါ်ဝေါ်နေကြသော်လည်း မူလမြို့အမည်များ၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင်ဖော်ပြနိုင်ခဲ့ခြင်း မရှိပါ။ မူလအသံထွက်နှင့် များစွာ ကွဲလွဲ ရေးသား ခေါ်ဝေါ် သုံးစွဲနေရခြင်းများဖြစ်ပေါ်နေလျက်ရှိပါတယ်။ မြို့အဝင်ဆိုင်းဘုတ်များတွင် မြို့အမည်များကို မြန်မာဘာသာအပြင် သက်ဆိုင်ရာဒေသခံ တိုင်းရင်းသားဘာသာစကားဖြင့် ရေးသားဖော်ပြရခြင်းသည် တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းခွင့်အား တစ်စိတ်တစ်ဒေသအားဖြင့် ဆောင်ရွက်ခွင့်ရရှိခြင်းမျှသာဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံ၏ မြို့ကြီးပြကြီးဒေသများမှာ ဆိုင်ခန်းများ၊ ဟိုတယ်များ၊ မိုတယ်များ၊ စားသောက်ဆိုင်များ၊ ကုမ္ပဏီကြီးများ၏ အမည်များကို မြန်မာဘာသာ မဟုတ်သော၊ တိုင်းရင်းသားဘာသာမဟုတ်သော၊ နိုင်ငံခြားဘာသာစကား၊ စာပေများကို အသုံးပြုပြီး ကြော်ငြာခြင်း၊ ဆိုင်းဘုတ်ထူခြင်းများကိုလည်း ခွင့်ပြုနေလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း မြို့အဝင်ဆိုင်းဘုတ်များ ရှမ်းဘာသာဖြင့်လည်းကောင်း၊ ဒေသရှိတိုင်းရင်းသားဘာသာဖြင့်လည်းကောင်း၊ ရေးသားသုံးစွဲခြင်းကို ခွင့်မပြုနိုင်စရာအကြောင်း မရှိဟုလည်း သုံးသပ်မိပါတယ်။

ပါတယ်။ ကျွန်တော်တင်သွင်းသွားမည့် အဆိုမှာ "ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမြို့အဝင်အထွက်ဆိုင်းဘုတ်များ တိုင်းရင်းသားဘာသာ၊ (ရှမ်းဘာသာ)ဖြင့်ရေးသားထားသည်များကို ပြန်လည်ဖျက်သိမ်းဆောင်ရွက်ခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ရေးသားစိုက်ထူခွင့်ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းမပြုရန် တိုက်တွန်းကြောင်း" အဆိုကိုတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမြင့်ဆုံးဥပဒေတစ်ရပ်ဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုး တိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂(ခ)တွင် တိုင်းရင်းသား အချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂ (ဂ)တွင် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုရေး၊ စီးပွားရေးအတွက် ကူညီဆောင်ရွက်မည်ဟု လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

ဒါဟာလည်း (၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဦးတည်ချက် ၊ (၂) နိုင်ငံတော်၏ တရားမျှတခြင်း၊

D/real(wide) (9

လက်ရှိ နိုင်ငံတော်အနေနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံလို့ဆိုသည့် ၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေသည့်အခိုက်မှာ ယခုလို ဖြစ်ရပ်မျိုးပိတ်ပင်တားဆီးဆောင်ရွက်နေပါက ငြိမ်းချမ်းရေးကို ဦးတည်နေသည့်လမ်းကြောင်းကနေ လွဲချော်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ ထိခိုက်ပျက်ပြားစေနိုင်သည့် အခြေအနေပေါ်လွင်စေခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အပေါ် တိုင်းရင်းသားများ၏ စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲနေသည့် ဆောင်ရွက်ချက်မျိုးကို ဖြစ်ပါတယ်လို့ အတိအလင်း တင်ပြလိုပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားများ၏ စာပေ၊ စကား၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရမည့် တာဝန်ရှိနေသည့်အပြင် တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုများအား ပြန်လည်ဖော်ကျူးသည့် တာဝန်ရှိသည့်အပြင် တိုင်းရင်းသားဘာသာ၊ စာပေများကို သက်ဆိုင်ရာ တိုင်းရင်းသားဘာသာ၊ စာပေနှင့် ကဗျည်းထိုးခြင်းကို တားမြစ်ပိတ်ပင်ခြင်း မပြုဘဲလိုအပ်သည့် ကူညီပံ့ပိုးမှုကိုဆောင်ရွက်ပေးမှသာ နိုင်ငံတော်၏ စေတနာမှန်ကို တိုင်းရင်းသား လုပ်သားပြည်သူများ မြင်တွေ့ခံစားနိုင်မှာလည်းဖြစ်ပါတယ်။

လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ မိုင်းပန် မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းနောင့် အဆိုတင်သွင်း ထားသည့် "ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ မြို့အဝင်ဆိုင်းဘုတ်များတွင် ရှမ်းတိုင်းရင်းသားဘာသာ(ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များ ပြန်လည်ဖျက်သိမ်းဆောင်ရွက်စေခြင်း၊ တိုင်းရင်းသား ဘာသာဖြင့် ရေးသားစိုက်ထူခွင့်ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ် ဆောင်ရွက်ခြင်းမပြုပါရန် တိုက်တွန်းကြောင်း "အဆိုကို ကျွန်တော်မှ နက်နက်နဲနဲ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ သို့မဟုတ် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနောင့် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၊ မြို့အဝင် ဆိုင်းဘုတ်**

D/real(wide) (9

နိုင်ငံတော်၏ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ထိန်းသိမ်းနိုင်ရန်၊ နိုင်ငံအတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်ရေးစသည့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို လက်တွေ့မှာလည်း မဖြစ်မနေ ဆောင်ရွက်နေရန် အထူးပင် လိုအပ်နေသည့်အတွက်ကြောင့် ကျွန်တော်အနေဖြင့် ဒီကနေ့ လွတ်တော်အစည်းအဝေးမှာ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များ၊ မြို့အဝင်ဆိုင်းဘုတ်များကို တိုင်းရင်းသားဘာသာဖြစ်သော ရှမ်းဘာသာဖြင့် ရေးသားထားသည်များကို ပြန်လည်ဖျက်သိမ်း ဆောင်ရွက်စေခြင်း၊ ရေးသားစိုက်ထူခွင့် ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးများထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းမပြုရန် တိုက်တွန်းသည့် အဆိုကို လွတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးစိုင်းလုံ၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွတ်တော် ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့

များတွင် တိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များ အား ပြန်လည်ဖျက်သိမ်းဆောင်ရွက်စေခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ရေးသားစိုက်ထူခွင့် ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းများ မပြုရန် တိုက်တွန်းကြောင်း "အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွတ်တော်၏ ဆန္ဒကိုရယူပါမယ်။ ၎င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်၏ အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၊ မြို့အဝင်ဆိုင်းဘုတ် များတွင် တိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထား သည်များအား ပြန်လည်ဖျက်သိမ်းဆောင်ရွက်

D/real(wide) (9

စေခြင်း၊ တိုင်းရင်းသား ဘာသာဖြင့် ရေးသားစိုက်ထူခွင့် ပိတ်ပင်ခြင်းများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ် ဆောင်ရွက်ခြင်း မပြုပါရန် တိုက်တွန်းကြောင်း”အဆိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

၂၈-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ ပုံမှန်အစည်းအဝေး အမှတ်စဉ် ၃-၆/၂၀၁၆ ဆုံးဖြတ်ချက် အပိုဒ် ၅ (ခ)အရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ မြို့များ၏ ဆိုင်းဘုတ်များတွင် အသုံးပြုမည့် ဘာသာစကား များကို အများသုံး ရုံးသုံးဖြစ်သည့် မြန်မာဘာသာစကားအပြင်မည်သည့်တိုင်းရင်းသားဘာသာ စကားကိုသာ ထည့်သွင်းရမည်ဟု ကန့်သတ်ပြောကြားခြင်းကို လည်းကောင်း၊ မည်သည့်ဘာသာ စကားအားထည့်သွင်းခွင့်မပြုဟု တားမြစ်ပိတ်ပင် ခြင်းကိုလည်းကောင်း၊ ပြုလုပ်မည် မဟုတ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ မြို့များ၏ ဒေသခံအများစု ဆန္ဒအရ မြို့အဝင်ဆိုင်းဘုတ် တစ်ခု၏ အရွယ်အစားနှင့် ကိုက်ညီမည့် မြန်မာစာနှင့် တိုင်းရင်းသားစာ အရေအတွက်ကို ဆုံးဖြတ်ကာ ထည့်သွင်းထွင်းထုနိုင်ကြောင်း သက်ဆိုင်ရာများသို့ အသိပေးသွားခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရ၏ သဘောထားကို ၃၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆၈၁၀/စ-၂၁၁/အစရ (ရှမ်း)ဖြင့် ပေးပို့ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၃၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ် ၃၈၈၉/ဆ-၇/ရပစ ၀၃၀ ဖြင့် သက်ဆိုင်ရာ မြို့နယ်၊ မြို့၊ စည်ပင်သာယာရေးဌာနများသို့လည်း ဆက်လက်ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ယင်းညွှန်ကြားချက်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရ၏

D/real(wide) (9

ပါမယ်။ ဒီနေ့ကတော့ ဆွေးနွေးဖို့ သဘောတူတယ်လို့ပဲ မှတ်ယူပါတယ်။

ယခု ကျွန်တော်တို့ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒကိုရယူပါမယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇(က)အရ အစည်းအဝေးသို့ တက်ရောက်သည့် ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ်၏ များရာမဲဆန္ဒဖြင့် ဆုံးဖြတ်မှာဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ကျွန်ုပ် ၂၃-၆-၂၀၁၆ ရက်နေ့က တင်သွင်းထားသော အဆိုဖြစ်ပြီး၊ အဆိုကို ၁၅ ရက်ကြိုတင်တင်သွင်းရမည့်အချိန်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ Cabinet အဆုံးအဖြတ်ဖြင့် ဆိုင်းဘုတ်များစိုက်ထူ ခွင့်ပြုလာသည်မှာ ၃၀ ရက်နေ့ ဖြစ်ပါတယ်။ ထို့ကြောင့် တင်သွင်းပြီးဖြစ်သော ကျွန်ုပ်၏အဆိုကို မှတ်တမ်းတင်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုတစ်ခုကို ဆွေးနွေးခြင်းမပြုဘဲ မှတ်တမ်းတင်ပေးဖို့အတွက် သက်ဆိုင်ရာကိုယ်စားလှယ်က တင်ပြလာပါတယ်။ အဲ့ဒါကြောင့် ဒီအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ ၎င်းအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်က ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "တောင်သူလယ်သမားများမှ စိုက်ပျိုးသောလယ်ယာထွက်သီးနှံများကို လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ "တောင်သူလယ်သမားများမှ စိုက်ပျိုးထားသော လယ်ယာထွက် သီးနှံများကို လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းစိန်လူက အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုကျွန်တော်တင်သွင်းမည့် အဆို

သဘောထားမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ဖယ်ဒရယ်ကို အခြေခံသော ညွှန်ကြားချက်ဖြစ်ကြောင်း သိသာထင်ရှားလှပါတယ်ခင်ဗျား။

ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်၏ အဆိုနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးရန် မသင့်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောထားကို မေးမြန်းခြင်းမဟုတ်ဘဲ အခုဒီအဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးဖို့ လွှတ်တော်က သဘောတူ/မတူ မေးခြင်းတာဖြစ်ပါတယ်။ ဒါကြောင့် အစောက ကျွန်တော် မေးတဲ့နေရာမှာ ဒီအဆိုကို လက်ခံဆွေးနွေးဖို့ သင့်/မသင့် လွှတ်တော်ဆန္ဒကို ရယူမယ်ဆိုတဲ့အခါမှာ တချို့ အများစုက သဘောတူတဲ့အသံထွက်လာသလို အခု ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဖြစ်သည့် ပုဂ္ဂိုလ်ကလည်း ပိုသဘောမတူတဲ့အကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ထပ်ပြီးတော့ လွှတ်တော်၏ ဆန္ဒကို ခံယူပါ့မယ်။ ဆွေးနွေးဖို့ကိစ္စပဲဖြစ်ပါတယ်။ ကျွန်တော်တို့ သဘောထားမှတ်ချက်ကို တင်ပြတဲ့အနေအထားမဟုတ်ပါဘူး။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ မနက်ဖြန် အဆိုကို ဆွေးနွေးသည့်အခါမှာ ရှမ်းပြည်နယ်အဖွဲ့၊ အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တင်ပြပြီး ဒီအဆိုကို ရုပ်သိမ်းသင့်တယ်၊ မှတ်တမ်းတင်သင့်တယ်ဆိုတာကို ဆွေးနွေးကြ

D/real(wide) (9

ကတော့ **“တောင်သူလယ်သမားများမှ စိုက်ပျိုးထားသော လယ်ယာ ထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက် စီးပွားရေး စနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်သည် လူဦးရေ ၅ သန်းကျော်ရှိသည့်အနက် ၈၀%သည် တောင်သူလယ်သမားများဖြစ်ကြပါတယ်။ ထို့ကြောင့် တောင်သူလယ်သမားများသည် မိမိခြံမှ စိုက်ပျိုးထားသော သီးနှံများကို လွတ်လပ်သော ဈေးကွက် ပိုင်ဆိုင်နိုင်ရေး၊ လက်ဝါးကြီးအုပ် ဈေးကွက်စနစ် လွတ်ကင်းရေးနှင့် အမှီအခိုကင်းရှင်းပြီး လွတ်လပ်သော ဈေးကွက်စနစ် ကို ပိုင်ဆိုင်သည့် ထိုက်သင့်သည့်ကောင်းမွန်သော ဈေးရရှိရေး အတွက် ဖော်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တိုက်တွန်းကြောင်း အဆိုကိုတင်သွင်း အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်သည် နယ်စပ်ဒေသ ကုန်သွယ်ရေးကိစ္စများနှင့် ထိစပ်မှု အများဆုံးပြည်နယ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှ လယ်ယာထွက်သီးနှံများဖြစ်သည့် ဆန်စပါး၊ ကြံ၊ ပဲ၊ ပြောင်းနှင့် အခြားပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးဂိတ် မူဆယ် ၁၀၅ မိုင် ဂိတ်တွင်သာ အားကိုးနေရပါတယ်။ နယ်စပ်ကုန်သွယ်ရေးဂိတ် ၁၀၅ မိုင်မှ ပြည်ပတရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ဆန်၊ ပြောင်းနှင့် အခြားကုန်ပစ္စည်းများကိုလည်း မိမိအတွက် ဈေးနှုန်းမသတ်မှတ်နိုင်ပါ။ တစ်ဘက်နိုင်ငံ ကုန်သည်များ၏ ကြိုက် ဈေးအတိုင်းသာ ရောင်းနေရပါတယ်။ မရောင်းပေးပါက ပြည်တွင်းလယ်ယာထွက်သီးနှံဈေးကွက်မရှိပါ။ ထို့ကြောင့်လိုအပ်ချက်အရ မဖြစ်စလောက်ဈေးနှုန်းဖြင့်သာ

ဖြစ်နေပါသဖြင့် ဤပြဿနာကိုဖြေရှင်းနိုင်ရန် ပြည်ထောင်စုအစိုးရနှင့် ရှမ်းပြည်နယ်အစိုးရသည် နိုင်ငံခြားမှ လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းရှင်များကိုဖိတ်ခေါ်ပြီး ပြည်တွင်းဈေးကွက်ဖန်တီးပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းတင်ပြရင်း အဆိုကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ရိုသေလေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ဆန္ဒပြုလိုက်ရပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ဦးစိုင်းစိန်လူ၏ တောင်သူလယ်သမားများမှ စိုက်ပျိုးထားသော လယ်ယာထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ဖော်ဆောင်ပေးနိုင်ရန် တိုက်တွန်းကြောင်း အဆိုကို ပြည့်ပြည့်ဝဝထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

D/real(wide) (9

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ သို့မဟုတ် အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းစိန်လူ တင်သွင်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "တောင်သူလယ်သမားများမှ စိုက်ပျိုးထားသော လယ်ယာထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

သဘောမတူသည့်ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းစိန်လူ၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ သိန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့်အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ကြာသပတေးနေ့မှာ ဆွေးနွေးပါမယ်။

ရောင်းနေရပါတယ်။ထို့အပြင် ပြည်တွင်းမှပြောင်းကုန်သည်များကိုလည်း တစ်ဘက်နိုင်ငံကုန်သည် များ၏ လိမ်လည်လှည့်ဖြားမှုများကို ခံရသေးပါတယ်။ ယခုချိန်အထိ ငွေကြေးသိန်းပေါင်းသောင်းချီ၍ ကုန်ပစ္စည်းဖိုးရရှိနိုင်ခြင်းမရှိသေးပါ။ ၎င်းဖြစ်စဉ်ကို ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းလယ်ယာထွက်သီးနှံဈေးကွက်ဖန်တီးပေးပါရန် တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများသည် အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာသုံးစွဲနိုင်ရေးအတွက် မိမိတို့ ရှမ်းပြည်နယ်အတွင်း ဓာတ်မြေဩဇာစက်ရုံထူထောင်နိုင်ရန် နိုင်ငံခြားနှင့် ပြည်တွင်းလုပ်ငန်းရှင်များ အသိပညာ၊ အတတ်ပညာရှင်များအား ဖိတ်ခေါ်၍ တည်ဆောက်ရန် လိုအပ်ပါတယ်။ ပိုးသတ်ဆေး၊ မြက်သတ်ဆေးနှင့် အခြားလယ်ယာသုံးဓာတုဆေးရည်များကိုလည်း အလားတူပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအများစုသည် မိမိလယ်ယာအတွင်း အသုံးပြုရန် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မြက်သတ်ဆေး၊ ပေါင်းရှင်းဆေးစသည့် ဓာတုပစ္စည်းများသည်လည်း တစ်ဘက်နိုင်ငံမှ ပစ္စည်းများကိုသာ မှီခိုနေရပါတယ်။ ဓာတ်မြေဩဇာသည်လည်း အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ၊ ဓာတုဆေးရည်သည်လည်း မိမိမြေဆီလွှာနှင့် ကိုက်ညီမှုရှိ/ မရှိ သိရှိနိုင်မှုမရှိပါ။ မျက်ကန်းတစ္ဆေမကြောက်သလို မှန်းပြီးသုံးနေရ ပါတယ်။ တစ်ဘက်နိုင်ငံမှ ပစ္စည်းသွားဝယ်ရာတွင်လည်း သူတို့၏ သတ်မှတ်သည့် ဈေးနှုန်းအတိုင်းသာ ပေးဝယ်နေရပါတယ်။ သို့ဖြစ်ပါ၍ မိမိ၏ ဒေသထွက်ကုန်ဖြစ်သော်လည်း မိမိတို့ဈေးနှုန်းသတ်မှတ်နိုင်ခွင့်မရှိပါ။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုအကျိုး စီးပွားနည်းပြီး တစ်ဘက်စောင်းနင်း ကုန်သွယ်မှုစနစ်

D/real(wide) (9

(၅) မှတ်ပုံတင်ပြီးသောပစ္စည်းများ ပြည်တွင်းခွဲလွှတ်လပ် စွာ ထုတ်လုပ်ရောင်းချနိုင်ခြင်း။

(၆) တင်ဒါခေါ်ယူမှုများတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ခြင်း။

(၇) လုပ်ငန်းရှင်များစုပေါင်း၍ အလုပ်ရုံ ဆွေးနွေးပွဲများ၊ အရောင်းပြပွဲများ ဆောင်ရွက်နိုင်ခြင်း။

(၈) ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ရရှိသော နိုင်ငံခြားငွေကို သတ်မှတ်နည်းလမ်းနှင့်အညီ ကုန်ကြမ်း၊ စက်မှုနှင့်စက်ကိရိယာ အရန်ပစ္စည်းများဝယ်ယူရန် အကူအညီတောင်းခံနိုင်ခြင်း တို့စသည့် အကျိုးကျေးဇူးများစွာရရှိနိုင်ပါတယ်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အနာဂါတ် မျှော်မှန်းချက်များမှာ-

(၁) အိမ်တွင်းစက်မှုလုပ်ငန်းမြှင့်တင်ခြင်း၊ ဥပဒေအရ ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့် ဆိုင်သောလုပ်ငန်းများ၊ မြှင့်တင်ထိန်းသိမ်းခြင်းနှင့် ဆိုင်သောလုပ်ငန်းများကို အသေးစားမှ အလတ်စားအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း။

(၂) ဒေသတွင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်း။

(၃) ဒေသထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် တီထွင်ဖန်တီး ထုတ်လုပ်နိုင်ရန်။

ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင် ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)ကို တင်သွင်းရှင်းလင်းပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အိမ်တွင်းစက်မှုလက်မှု ဥပဒေ ဘာကြောင့် ပြဋ္ဌာန်းရန်လို အပ်ပါသလဲဆိုလျှင် ဥပဒေပြဋ္ဌာန်းခြင်းတွင် ဒေသတွင်း တိမ်မြုပ်နေသော အိမ်တွင်း စက်မှု လက်မှုလုပ်ငန်းများအား ဖော်ထုတ်ပြီးနည်းပညာအကူအညီနှင့် ကျွမ်းကျင်မှုအတွက် အဆင့်မြှင့် တင်ပေးနိုင်ခြင်း၊ ရိုးရာနည်းစဉ်များမပျက်စေဘဲ

D/real(wide) (9

(၄) ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းနှင့် အရည်အသွေး တူညီသော လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်သော လုပ်ငန်းရှင်များစွာ ပေါ်ထွက်လာစေရန်။

(၅) ဒေသအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏ ဝင်ငွေ ပိုမိုရရှိလာစေရန်ဆိုသည့် အနာဂါတ် မျှော်မှန်းချက်များစွာကို ယင်းဥပဒေကြမ်းတွင် ပြဋ္ဌာန်းခြင်းဖြင့် ရရှိနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဖြန့်ဝေထားပြီးဖြစ်သည့် ဒီဥပဒေကြမ်း ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေကြမ်းနှင့် ပတ်သက်ပြီး နိဒါန်းမှစ၍ အခန်း ၁၂ ခန်းပါပါတယ်။ နိဒါန်းတွင် ရှမ်းပြည်နယ်အတွင်းရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁ ။ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်-

(၁) ဤဥပဒေကို ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေဟုခေါ်စေရန်။

(၂) ဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်ဆိုပြီး (က) မှ (ည)အထိပါပါတယ်။

အခန်း ၂ ။ အခြေခံမူများ။ အခြေခံမူများမှာလည်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အောက်ပါအခြေခံမူများနှင့်

ခေတ်မီ နည်းစနစ် များပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန် Value Attached ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှု အရည်အသွေးမြင့်မားရေးနှင့် စျေးကွက်ဝင်နိုင်ရေးအတွက် အသေးစားအရင်းအနှီးချေးငွေများရရှိနိုင်ခြင်း၊ မျိုးတူစုများဖွဲ့စည်းနိုင်ခြင်း၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများအား နိုင်ငံခြားသို့တင်ပို့နိုင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံရပ်ခြားအထိ အလုပ်ရုံ ဆွေးနွေးပွဲများ Seminar များတက်ရောက်၍ နည်းပညာများ ဖလှယ် နိုင်ခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုခြင်းဖြစ်ပါတယ် ခင်ဗျား။

ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ရရှိနိုင်သည့်အကျိုးတရားများမှာ-

(၁) အိမ်တွင်းမှု တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များ အများအပြားပေါ်ထွက်လာခြင်း။

(၂) ၎င်းလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှု အရည်အသွေး မြင့်မားစေရေး၊ ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီပေးနိုင်ခြင်း။

(၃) ဒေသထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန် Value Attached အမည်သစ်များကို တီထွင်ထုတ်လုပ်နိုင်ရေး၊ နည်းပညာအကူပေး နိုင်ခြင်း။

(၄) ပြည်ပအစားထိုး နိုင်ငံခြားစံချိန်မီ လူသုံးကုန်နှင့် စားသောက်ကုန်များ စျေးကွက်အတွင်း ဝင်ရောက်နိုင်ခြင်းတို့အပြင် မှတ်ပုံတင်လုပ်ငန်းရှင် များသည် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တစ်စပ်တည်း (၃)နှစ်အတွင်းကျပ်သိန်း ၁၀၀ အထိ ဝင်ငွေအပေါ် အခွန်ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်ရှိခြင်း။

D/real(wide) (9

အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဆိုပြီး စနစ်တကျ ပြဋ္ဌာန်းထားပါတယ်။ (က) မှ (ဌ)အထိရှိပါတယ်။

အခန်း ၃။ ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ။ ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပြည်နယ်ဦးစီးမှူးမှလည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် လုပ်ငန်းရှင်များပါဝင်သည့် ကော်မတီ (၇) ဦး သို့မဟုတ် (၉) ဦးဖြင့် ဖွဲ့စည်းရမည်ဆိုပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် ဆိုပြီး (က) မှ (ဇ)အထိပါ ပါတယ်။

အခန်း ၄ ။ ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ။ ဝန်ကြီး၏ လုပ်ပိုင်ခွင့်များမှာ ဝန်ကြီးသည်ကော်မတီနှင့် ဦးစီးဌာနကို ဦးဆောင်၍ အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ရမည်ဆိုပြီး (က) မှ (ဆ) အထိပါ ပါတယ်။

အခန်း ၅ ။ ပြည်နယ်ဦးစီးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။ ပြည်နယ်ဦးစီးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဆိုပြီး (က) မှ (ဆ) အထိပါပါတယ်။ ပြည်နယ်ဦးစီးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် ဆိုပြီး (က) မှ (ဃ) အထိ ပါပါတယ်။

အခန်း ၆ ။ မှတ်ပုံတင်ခြင်း။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်ဆိုပြီး မှတ်ပုံတင်ခြင်း အခန်းကဏ္ဍလည်းပါပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းကို လုပ်မည်ဆိုလျှင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနအောက်တွင် မှတ်ပုံတင်ခြင်းကို အမြန်ဆုံးဆောင်ရွက်ပေးနေပါတယ်။ လက်ရှိအနေဖြင့် ရှမ်းပြည်နယ်အစိုးရမှ ပြည်နယ်

D/real(wide) (9

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

(ဂ) မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း။

(ဃ) လုပ်ငန်းရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုကို ခွင့်ပြုခြင်းဆိုပြီး မှတ်ပုံတင်ပျက်ပြယ်ခြင်းကို အခန်း ၇ တွင် ပြဋ္ဌာန်းထားပါတယ်။

အခန်း ၈ ။ လုပ်ငန်းရှင်၏ တာဝန် နှင့် ခံစားခွင့်များ။ လုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဆိုပြီး (က) မှ (ဇ)အထိ လေ့လာ သိရှိ နိုင်ပါတယ်။ အပိုဒ် ၁၄ လုပ်ငန်းရှင်၏ ခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဆိုပြီး (က) မှ (ဌ)အထိ ပြဋ္ဌာန်းထားပါတယ်။

အခန်း ၉။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း။ ပုဒ်မ ၁၅။ လုပ်ငန်းရှင်သည် -

(က) ပုဒ်မ ၁၃ ပါ တာဝန်သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) ပုဒ်မ ၁၄ ပါ ခံစားနိုင်ခွင့်တစ်ရပ်ရပ်ကို အလွဲသုံးစား မပြုရ။

ပုဒ်မ ၁၆။

(က) သတိပေးခြင်း။

(ခ) ကျပ် ငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း။

(ဂ) မှတ်ပုံတင်ကို ယာယီရပ်ဆိုင်းခြင်း။

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း တို့ဖြစ်ပါတယ်။

အရေးယူသည့်အခါမှာ **အခန်း ၁၀ ။ အယူခံခြင်း။** လုပ်ငန်းရှင် အနေဖြင့် အယူခံ ဆက်လက် ဝင်ရောက်နိုင်ပါတယ်။ အယူခံခြင်းကို ပုဒ်မ ၁၇၊ ၁၈ မှာပြဋ္ဌာန်းထားပါတယ်။

အခန်း ၁၁ ။ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ။ တားမြစ်ချက်နှင့် ပြစ်ဒဏ် များကို ပုဒ်မ ၁၉ နှင့် ၂၀ မှ ပြဋ္ဌာန်း ထားပြီးဖြစ်ပါတယ်။

အခန်း ၁၂ ။အထွေထွေ။ အထွေထွေအခန်းတွင် ပုဒ်မ ၂၁၊ ပုဒ်မ ၂၂(က) (ခ)ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်ဆိုပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးတင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆ (က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းများကို ဆောင်ရွက်ပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့်အချက်ကို ပြည်နယ်လွှတ်တော်ရုံးသို့ ၃၀-၇-၂၀၁၆ ရက်နေ့ အရောက်ပေးပို့ကြပါရန် အသိပေး ပြောကြားလိုပါတယ်။

အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ ရက် ၁၀၀ အတွင်း လုပ်ဆောင်မှု အခြေအနေ များကိုလည်း အနည်းငယ်တင်ပြလို ပါတယ်။

နံပတ် (၁) အနေဖြင့် ရက် (၁၀၀) အတွင်းမှာ နည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပါတယ်။ သစ်သီးဝလံအခြေခံစားသုံး ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း (၅) ကြိမ်၊ ဝါးအခြေခံလက်မှု ထည်သင်တန်း (၁) ကြိမ်၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း (၂) ကြိမ်၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း (၃) ကြိမ်၊ အထည်၊ ပန်းပုံရိုက်နှင့် ဆေးရေး၊ ပန်းချီသင်တန်း (၂) ကြိမ်၊ ရက် ၁၀၀ အတွင်းမှာ နည်းပညာ သင်တန်း ပေါင်း စုစုပေါင်း (၁၃) ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား (၂၄၆) ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ကျန်ရှိနေသည့် ရက် ၂၀၀ ကျော်မှာ ကျွန်တော်တို့အနေဖြင့် ဒီထက်များစွာ သင်တန်းများကို ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် အသေးစား စက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆောင်ရွက်ခြင်း လုပ်ငန်း များကိုလည်း အချိန်နှင့်တစ်ပြေးညီ လျင်လျင်မြန်မြန် One Stop Service နှင့် ဆောင်ရွက်ပေးနေပါတယ်ဆိုသည့်အကြောင်း သတင်းကောင်းပါးလိုက်ပါရစေ။

ဆက်လက်ပြီး ဥပဒေ (မူကြမ်း)နှင့်ပတ်သက်ပြီး မှတ်ပုံ တင်ခြင်း ကဏ္ဍကလည်း အင်မတန်အရေးကြီးပါတယ်။

အခန်း ၇ ။ မှတ်ပုံတင် ပျက်ပြယ်ခြင်း။ အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ် ပေါက်လာသည့်အခါ မှတ်ပုံတင် ပျက်ပြယ်သည်-

(က) မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း။

D/real(wide) (1

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ကိုယ်စားလှယ်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ပေါင်း(၁၃၅)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ်စုစုပေါင်း၏ (၉၇.၀၄)% ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

D/real(wide) (1

၂၀၂

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက် ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)အား ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ပြည်နယ်လွှတ်တော်

၂၀၄

ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးထွန်းရင်၊ ဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

D/real(wide) (1

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်

(၁)။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ့်စန်မြို့နယ် ဒေသခံ ပြည်သူလူထု၏ တောင်းဆိုချက်နှင့် သိရှိလိုသော ကြယ်ပွင့်ပြထားသောမေးခွန်းကို ယခုလွှတ်တော် အစည်းအဝေးမှာ ပြည်သူလူထု၏ကိုယ်စားဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

နမ့်စန်မြို့နယ်သည် ခိုလမ်မြို့နယ်ခွဲမပါ၊ မြို့ပေါ်ရပ်ကွက် (၅)ခု၊ ကျေးရွာအုပ်စု(၁၅)စုနှင့် လူဦးရေ (၆၀၀၀၀)ကျော်တို့မှ ဒေသခံ တိုင်းရင်းသားတို့မှာ ၎င်းတို့၏ ကျန်းမာရေးအတွက် နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံကို အားကိုးအားထားပြုနေရပါတယ်။ နမ့်စန်မြို့နယ် လက်ရှိ(၂၅)ခုတင်ဆံ့ဆေးရုံမှာ ဆေးရုံအုပ်ကြီး (၁)ဦး၊ လက်ထောက် ဆရာဝန် (၂)ဦး အပါအဝင် သူနာပြု၊ ဆေး၊ စက်၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်း၊ စာရေး၊ အထွေထွေ စုစုပေါင်း (၃၃)ဦး ရှိပါတယ်။ မြို့ပြလူထုလူဦးရေများပြားလာသည်နှင့်အမျှ မြို့နယ်ဆေးရုံကို အမှီပြု အားထားနေရသူများ၊ များပြားလာပြီး ဆေးရုံမှာ အထူးကု၊ ပါရဂူ၊ သမားတော်၊ သွားဆရာဝန်စသည့် ဆရာဝန်

(တတိယနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်း မရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၂)ဦးအား လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးပါရန် လျှောက်ထားတင်ပြမှု အပေါ်တွင် ခွင့်ယူသူ အားလုံး၏ ကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးဆွေသိန်း၊ လျှပ်စစ် စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၂) ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၄) ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊(၈)၊(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ် လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

D/real(wide) (1

များသည် ဆေးရုံ၏ ဖွဲ့စည်းပုံအရ ပါဝင်မှု နည်းပါးနေပါသဖြင့် လက်ရှိ အခြေအနေမှာ အရေးပေါ် အခြေအနေတစ်ခု ဖြစ်ပွားလာပါက ပြင်ပပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများကို လည်းကောင်း၊ ငွေကြေးမပြည့်စုံသည့် တိုင်းရင်းသား၊ ဒေသခံ တိုင်းရင်းသားများက ၁၆ မိုင် ၄ ဖာလုံခန့် ကွာဝေးသည့် လွိုင်လင် ခရိုင်ပြည်သူ့ဆေးရုံကိုလည်းကောင်းသွားရောက် ကုသ ဆောင်ရွက် နေရသဖြင့်မလိုလားအပ်သည့် အားနည်းချက်များ၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်လာခဲ့ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ နမ့်စန်မြို့နယ် ပြည်သူလူထု ကြုံတွေ့နေရသည့် ကျန်းမာရေးအခက်အခဲများ အဆင်ပြေချောမွေ့စေရန်နှင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် မြို့နယ် အတွက် အမှန်တကယ်လိုအပ်လျက်ရှိသည့် မြို့နယ် (၅၀)ခုတင်ဆံ့ ဆေးရုံသို့ အဆင်မြှင့်ပေးနိုင်ခြင်း ရှိ/မရှိ၊ ဆေးရုံအတွက် လိုအပ် သော သက်ဆိုင်ရာ ဆေးကုသမှု ဆရာဝန်၊ အထူးကု၊ ပါရဂူ၊ သမားတော် တာဝန်ချထားဖြည့်တင်းပေးနိုင်မှု ရှိ/မရှိနှင့် လက်ရှိ ဆေးရုံ၏ ဖွဲ့စည်းပုံ အင်္ဂါရုပ်တွင်ပါရှိသည့် ဆရာဝန် နေအိမ်၊ သူနာပြုဝန်ထမ်း နေအိမ်များ ဆောက်လုပ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိတို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူ ပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်တွေက ဖြေကြားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

D/real(wide) (1

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၏ ကြွယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့်စန်မြို့နယ် (၅၀)ခုတင်ဆံ့ ဆေးရုံ သို့ အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ၊ ဆေးရုံအတွက် လိုအပ်သော သက်ဆိုင်ရာ ဆေးကုသမှု ဆရာဝန်၊ အထူးကု၊ ပါရဂူ၊ သမားတော် များ တာဝန်ချထားဖြည့်တင်းပေးနိုင်မှုရှိ/မရှိ၊ လက်ရှိဆေးရုံ၏ ဖွဲ့စည်းပုံ အဂိါရပ်တွင်ပါရှိသည့် ဆရာဝန်နေအိမ်၊ သူနာပြုဝန်ထမ်း နေအိမ်များ ဆောက်လုပ် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည် ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်စန်မြို့နယ် (၂၅)ခုတင်ဆံ့ ဆေးရုံကို ၁၉၈၅ ခုနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ (၅၀) ခုတင်ဆံ့ဆေးရုံသို့ အဆင့်တိုးမြှင့်ပေးနိုင်ရန်အတွက် ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံး၏ ၉-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆၃၀/အဆမြင့်/ကုသ ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပါတယ်။ (၂၅) ခုတင်ဆံ့ ဆေးရုံတွင် ဖွဲ့စည်းပုံအရ မြို့နယ်ကုသရေး ဦးစီးဌာနမှူး (၁) ဦး၊ လက်ထောက်ဆရာဝန် (၄) ဦး၊ သွားဘက်ဆိုင်ရာ လက်ထောက်ဆရာဝန် (၁) ဦးရှိပါတယ်။ ခွင့်ပြုဝန်ထမ်း (၅၅)

အမှုဆောင်အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် နမ့်ဆန်မြို့နယ် အများပြည်သူ သတင်းနှင့် မာတ်ပုံဗီဒီယိုများ အသုံးပြုနိုင်ရန် 3G Internet စနစ်ကို ZTE ကုမ္ပဏီမှ မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့် ကြွယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မှာ ဆက်သွယ်မှုစနစ်အနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CDMA 450 ၊ CDMA 800 လိုင်းဖုန်းများကို ၂၈-၁-၂၀၁၀ ရက်နေ့တွင်လည်းကောင်း၊ အော်တိုတယ်လီဖုန်း၊ ကြိုးဖုန်း များကို ၂၈-၃-၂၀၁၂ ရက်နေ့တွင်လည်းကောင်း စတင်အသုံးပြု နိုင်ခဲ့ပြီး ၁၆-၆-၂၀၁၅ ရက်နေ့မှစ၍ GSM မိုဘိုင်းဖုန်းများ 2G စနစ်ဖြင့် စတင်ချိတ်ဆက် ဆက်သွယ်အသုံးပြုနိုင်ခဲ့ပါတယ်။ ယနေ့အချိန်အခါသည် ဆက်သွယ်ရေးနည်းပညာများ နိုင်ငံတစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ Internet ဖြင့် ချိတ်ဆက်၍ အသိ

D/real(wide) (1

ပညာဗဟုသုတများ၊ သတင်းအချက်အလက်နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သော်လည်း နမ့်ဆန်မြို့နယ်တွင် 2G စနစ်ဖြစ်သည့်အတွက် Internet အသုံးပြုနိုင်ခြင်းမရှိသည့်အပေါ် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနိမ့်ကျလျက်ရှိကြောင်း၊ တိုင်းရင်းသားတို့၏ အသိပညာဗဟုသုတတို့နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေသည့်အတွက် 3G ကွန်ရက်စနစ် အမြန်ဆုံးတပ်ဆင်ပေးနိုင်ရေး မျှော်လင့်နေပါကြောင်း၊ ဒေသခံပြည်သူများမှ တင်ပြလာပါသဖြင့် MPT 2G စနစ်မှ 3G စနစ်တို့ အဆင့်မြှင့်တင်နိုင်ရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နမ့်ဆန်မြို့နယ်သို့ ဆက်သွယ်မေးမြန်းခဲ့ရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော JO ၏အစီအစဉ်ဖြင့် ပြုလုပ်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ၂၆-၄-၂၀၁၆ ရက်နေ့တွင် ပြုလုပ်သည့် နမ့်ဆန်မြို့နယ်ကော်မတီ ၃ ရပ်အစည်းအဝေးတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ အထက်ဌာနသို့ တင်ပြဆွေးနွေးခဲ့ပါကြောင်းနှင့် 3G ကွန်ရက်စနစ်သို့ အမြန်ဆုံးအဆင့်မြှင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးနိုင်ပါရန် ကျွန်တော်တို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ၉-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂/၄-၁၃/ ဦး ၆ (၃၂၉)ဖြင့် ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၎င်း 3G စနစ် တပ်ဆင်မှုအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ZTE ကုမ္ပဏီ ကို လွှဲပြောင်းပေးပြီးဆိုတာလည်းပဲ သိရှိရပါတယ်။ ဒါကြောင့် 3G စနစ်တိုးမြှင့်ရန် စက်ပစ္စည်းကိရိယာများ ၂၀-၉-၂၀၁၅ ရက်နေ့တွင် မြန်မာ့

ဦးအနက် လက်ရှိခန့်ထားဝန်ထမ်း (၃၃) ဦးရှိပါတယ်။ ဝန်ထမ်း နေအိမ် (၁၀) ခန်းတွင် သူနာပြုဆရာမများ ပူးပေါင်းနေထိုင်သဖြင့် လက်ရှိ ဝန်ထမ်း (၁၉) ဦးအား ဝန်ထမ်း အိမ်ရာများချထားပေးနိုင် ပါတယ်။

ဆရာဝန်နေအိမ် (၂) ခန်းတွဲ ဆောက်လုပ်ရေးလုပ်ငန်းအတွက် ကုသရေးဦးစီးဌာန၊ နေပြည်တော်၏ ၁၇-၃-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂၃၀/ဘဝ(စ)ဒွေလုံးဒွေရင်း/၂၀၁၆၊ ရန်ပုံဒွေလွှဲပြောင်းသုံးစွဲခြင်းဖြင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ဒွေကျပ် (၃၈၊ ၉)သန်း ခွဲဝေချထားပေးခဲ့ပါတယ်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ရန်အချိန်မလုံလောက်ခဲ့ပါသဖြင့် ရန်ပုံဒွေ ပြန်လည်အပ်နှံခဲ့ရပါတယ်။ ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ ၆-၇-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၇၃၄/အဆအဥ/၂၀၁၆ ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ရန်ပုံဒွေပြန်လည်ခွဲဝေပေးနိုင်ပါရန် ထပ်မံတင်ပြတောင်းခံထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်ထွဏ်းက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကို ကြွရောက်ပေးပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်

D/real(wide) (1

ပညာရေးမှူးရုံးအဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်သည့် မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့နယ် ပညာရေးမှူးရုံးသည် လွန်ခဲ့သည့် ၁၉၇၂ ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်းမှာ အခန်းတစ်ခန်းရပြီဆိုတော့မှ ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်မှာ စာသင်ခန်းမလုံလောက်သည့် ၎င်းအခန်းကို အထက်တန်းကျောင်းက ပြန်တောင်းသည့်အခါမှာ ပြန်ပေးလိုက်ရပါတယ်။ ၁၉၈၃ ခုနှစ်မှ ယနေ့ အထိ ယခင် အမက (၂)၊ ယခု အလက (၁)ထ/ခွဲကို ပြောင်းလွှဲပြီး ဖွင့်လှစ်ထားသည့် အနေအထားမှာ ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် မှာ အလက (၁)သည် လက်ရှိမှာ(ထ/ခွဲ)ကျောင်းအဖြစ် တိုးမြှင့် ရရှိပြီးဖြစ်သည့်အတွက် ကျောင်းသားဦးရေ ၇၀၀ ကျော်ရှိပါတယ်။ အထက(ခွဲ)ဖြစ်သည့် အားလျော်စွာ ကျောင်းသားများလည်း တစ်နှစ် ထက်တစ်နှစ် များပြားလျက်ရှိသဖြင့် ၎င်းပညာရေးမှူးရုံးအား အထက(ခွဲ)ကျောင်းကော်မတီက အကြိမ်ကြိမ် ပြန်လည်တောင်းယူ လျက်ရှိတာကိုတွေ့ရပါတယ်။ ပညာရေးမှူးရုံးကိုလည်း ရုံးအဆောက်အဦသစ် ဆောက်လုပ်ဖို့ အတွက် အထက်ကိုတင်ပြခဲ့ပေမယ့်လည်း ဆောက်လုပ်ခွင့်မရ သေးဘူးဆိုတာသိရပါတယ်။ ယခင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တုန်းက နမောရပ်ကွက်မှာရှိသည့် ယခု ရုံးပေါင်းစုံနေရာမှာ ပေ (၆၀×၄၀) မြေကွက်တစ်ကွက်ကို မြို့နယ် ပညာရေးမှူးရုံးဆောက်ဖို့အတွက် ချပေးထားပြီးဖြစ်ပါတယ်။ အဲဒီပညာရေးမှူးရုံးနေရာမှာ အဆောက်အဦဆောက်လုပ်ခြင်း မရှိပါက အခြားသော အဆောက်အဦလိုအပ်သည့် ရုံးတစ်ခုခုကို လွှဲပြောင်းဆောက်ရွက်ခွင့်ပြုသင့်သည်ဆိုပြီးတော့မှ ဒေသဦးစီး အဖွဲ့က အစည်းအဝေးဆုံးဖြတ်ချက်ချပြီး

ဆက်သွယ်ရေးလုပ်ငန်း နမ့်ဆန်မြို့သို့ ရောက်ရှိပြီးဖြစ်သော်လည်း ယနေ့အချိန်ထိ တပ်ဆင်ခြင်းလုပ်ငန်းများ စတင်ခြင်းမရှိသေးပါသဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက်မိုဘိုင်းဖုန်းများအား 2G စနစ်မှ 3G စနစ်သို့ အဆင့်မြှင့်တင် နိုင်ရေးအတွက် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့် အချိန်၊ မည်သည့်ကာလတွင် တပ်ဆင်မည်ကိုသိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိလို၍ ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ မင်္ဂလာ ပါခင်ဗျား။ လေးစားအပ်သော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းလာသည့် နမ့်ဆန်မြို့နယ် အများပြည်သူများ ခေတ်နှင့်အညီ သတင်းနှင့် ဓာတ်ပုံဗီဒီယိုသတင်းများ သိရှိအသုံးပြုနိုင်ရန်အတွက် 3G Internet စနစ်ကို ZTE ကုမ္ပဏီမှ မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်း

D/real(wide) (1

ဖြစ်ပါတယ်။ ဆိုလိုတာကပညာရေးမှူးရုံးမဆောက်နိုင်ရင် နမ့်ဆန်မြို့နယ်မှာမြေနေရာ ကျဉ်းသည့်အတွက် အခြားလိုအပ်သည့် ဌာနကိုသာ လွှဲပြောင်းပေး မှာဖြစ်ပါတယ်။ မြို့နယ်ပညာရေးမှူးရုံးသီးခြားဆောက်လုပ်ဖို့ အတွက် ၅-၁၂-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၄၆၃/အစအ ၂၀၁၃ ဖြင့် ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံးခွဲ၊ လားရှိုးကို ဒေသဦးစီးထောက်ခံချက်၊ ဦးစားပေး အဆင့်လိုက်ပုံစံ (၁) အင်ဂျင်နီယာတွက်ချက်မှု BP/BQ နှင့် မြေစာရင်းပုံစံ (၁၀၅) အမှုတွဲကို တည်ဆောက်ပြီးပေးပို့ထားပြီးဖြစ်ပါတယ်။ ဒီကိစ္စကို လွန်ခဲ့သည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ် မြောက် အစည်းအဝေးမှာလည်း ကျွန်တော် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက လူမှုရေးဝန်ကြီးက ပြန်လည်ဖြေကြားရာမှာ ဥပဓိရုပ်မကောင်းတဲ့ကျောင်း၊ အန္တရာယ်ရှိတဲ့ကျောင်း၊ တိုးချဲ့ရန် လိုအပ်သည့် အခြေခံပညာကျောင်းတွေကိုသာ ဦးစားပေး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပညာရေးမှူးရုံး အတွက် ရန်ပုံငွေခွဲဝေ ပေးခြင်းမရှိကြောင်း ဖြေကြားခဲ့ပါတယ်။ ဒါဟာမဖြစ်မနေ ဆောက်ဖို့ရန်လိုအပ်သည့်အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပညာရေးမှူးရုံးကိုဖြင့် လက်ရှိအစိုးရမှာ ပြန်လည်ဆောက်လုပ်ခွင့်ပြုပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိသိရှိလိုပါ၍ ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။

နမ့်ဆန်မြို့နယ်မှာ 2G စနစ်မှ 3G စနစ်ကို တပ်ဆင်ပေးနိုင်ရန်အတွက် Tower အမှတ် (SHN 00204) လွယ်ဆိုင် Tower နှင့် Tower အမှတ် (SHN 00124) နှစ်ခု အကြားမှာ Transmission Link ကို ပြောင်းလဲတပ်ဆင်ရန် လိုအပ်ပါတယ်ခင်ဗျား။ အဲလိုပြောင်းလဲတပ်ဆင်ဖို့အရေးမှာ လွယ်ဆိုင် Tower အနေနှင့် တိုင်တစ်တိုင် စိုက်ထူထားပြီးတော့ ပတ်လည်မှာ စတီးကြိုးဖြင့် ထိန်းထားသည့် Guy Tower အမျိုးအစားဖြစ်နေခဲ့သည့် အတွက်ကြောင့် Microwave စလောင်းတပ်ဆင်ရန်အတွက် လက်ရှိမှာအဆင်မပြေမှုတွေရှိနေပါတယ်။ ဒါကြောင့် Tower တိုင်အသစ်ကို ထပ်မံတည်ဆောက် ရေး စတင်ဆောင်ရွက်လျက်ရှိပါတယ်။ နမ့်ဆန်မြို့နယ်နေ အများပြည်သူများအတွက် GSM စနစ်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးအပတ်ခန့်မှာ တပ်ဆင်ပေးနိုင်ရန် အတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအောင်ထွဏ်းက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒုတိယမေးခွန်းကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ နမ့်ဆန်မြို့နယ် ရုံးစိုက်ရာမြို့ဖြစ်သည့်အားလျော်စွာ မြို့နယ်

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ နမ့်ဆန်မြို့နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရုံးစိုက်ရာ မြို့အင်္ဂါနှင့်လျော်ညီသော မြို့နယ်ပညာရေးမှူးရုံး အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြို့နယ်ပညာရေးမှူးရုံး (၂၃) ရုံး ရှိသည့်အနက် သီးခြားမြို့နယ်ပညာရေးမှူးရုံးမရှိသည့် မြို့နယ်ပညာရေးမှူးရုံး (၁၄) ရုံးရှိပါတယ်။ ရန်ပုံငွေရရှိရေးအတွက် အခြေခံပညာဦးစီးဌာနသို့ တင်ပြခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သီပေါမြို့နယ်ရုံးနှင့် နောင်ချိုမြို့နယ် ပညာရေးမှူးရုံးများ ဆောက်လုပ်ခွင့်ပြုပြီးဖြစ်ပါတယ်။ ကျန်ရှိသည့် မြို့နယ်ပညာရေးမှူးရုံး (၁၂) ရုံး ကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆောက်လုပ်ခွင့်ရရှိရန် လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ် ပညာရေးမှူးရုံး သည် အထက(ခွဲ) အလက(၁)တွင် ဖွင့်လှစ်ထားရှိပါတယ်။ မြို့နယ်ပညာရေးမှူးရုံးအတွက် ရရှိသောမြေနေရာမှာ (၆၀×၄၀)ပေသာရှိပြီး မြေဂရန် လျှောက်ထားဆဲဖြစ်ကြောင်းသိရှိရပါတယ်။ ဌာနသတ်မှတ်ချက်အရ မြို့နယ်ပညာရေးမှူးရုံးများကို (၁၀၀×၃၀)ပေ RC ၂ ထပ် ဆောက်လုပ်ရမှာဖြစ်သည့်အတွက် မြေနေရာ လုံလောက်မှု

လမ်းတံတားကဏ္ဍနှင့်ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွိုင်လင်မြို့နယ်ဆိုလျှင် လူဦးရေ (၁၂၀၀၀၀) ခန့် နေထိုင်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသား၊ ယင်းနက်၊ ယင်းကြား၊ လီဆူ၊ တောင်ရိုး စသည့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုငယ်လေး မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်ကြည့်မည်ဆိုလျှင် မြို့ပြဒေသဖြစ်သည့် ပင်လုံ၊ လွိုင်လင်သည် ဖွံ့ဖြိုးမှုအတော်အတင့်ရှိပေမဲ့ ကျေးလက်ဒေသမှာဆိုလျှင် ဖွံ့ဖြိုးမှုနောက်ကျပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ထပ်မံကြိုးစားပြီးတော့မှ ဖော်ဆောင်ရမည့်အနေအထားဖြစ်ပါတယ်။ မြို့နယ်၏ အခြေအနေကို ပြန်လည်ပြီး အပိုင်းလိုက် ပြန်ဆန်းစစ်ကြည့်မည်ဆိုလျှင် မြို့နယ်၏ တောင်ဘက်အစွန်းဒေသဖြစ်သည့် နောင်လိုင်မူဖိတ် ကျေးရွာအုပ်စု၊ မြန်မာဘာသာအားဖြင့် ရေနီကန်နှင့် ဝက်ဖြူကျေးရွာအုပ်စုလို့အဓိပ္ပါယ်ရပါတယ်။ ဒီဒေသမှာဆိုလျှင် မြို့နယ်၏တောင်ဘက်အစွန်မှာတည်ရှိပြီး အနောက်ဘက်မှာဆိုလျှင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ဟိုပုံးမြို့နယ်၊ ဆီဆိုင် မြို့နယ်၊ တောင်ဘက်မှာဆိုလျှင် မောက်မယ်မြို့နယ်၊ အရှေ့ဘက်မှာဆိုလျှင် နမ့်ဆန်မြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ ဒီဒေသဟာဖွံ့ဖြိုးမှုနောက်ကျသည့် အပိုင်းမှာပါရှိပြီး ဖွံ့ဖြိုးမှု နောက်ကျသည့် အကြောင်းရင်းကို ဒီဒေသဟာခေတ်အဆက်ဆက် ကျွန်တော်တို့ ဒေသမှာဖြစ်ထွန်းနေသည့်ဒေသတွင်း ပဋိပက္ခဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ရတာ

D/real(wide) (1

ဖြစ်ပါတယ်။ ဒါကြောင့် ရှေးယခင်က ဖွံ့ဖြိုးရေး လုပ်ငန်းများကို အစိုးရအသီးသီးက မဖော်ဆောင်နိုင်ခဲ့တာကို ဒေသခံ တစ်ယောက် အနေဖြင့် နားလည်သဘောပေါက်ပါတယ်။ သို့သော်လည်း ယခု ၂၀၁၁ ခုနှစ်ကစပြီး ကျွန်တော်တို့ နိုင်ငံကို ဦးဆောင်လာသည့် ဒီမိုကရေစီအစိုးရ ယနေ့အထိ အစိုးရ အသီးသီး၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှုလုပ်ငန်းစဉ် အသီး အပွင့်များကို အဲဒီဒေသမှာများစွာပဲ တည်ငြိမ်အေးချမ်းလာတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ယခင်ကဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ဖို့ အခွင့်မသာအခါနှစ်မှာ အခုအခါနှစ်မှာ အတိုးချပြီး ပြန်လည်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်သင့်ပြီလို့ ယုံကြည်ပါတယ်။ အဲ့ဒါကြောင့် ဒီဒေသ၏ လိုအပ်ချက် ပေါင်းမြောက်များစွာထဲက မရှိမဖြစ် လိုအပ်သည့် တံတားတစ်ခု ပြည်နယ်အစိုးရအနေဖြင့် တည်ဆောက်ပေးပါရန် တင်ပြတောင်းဆိုခြင်း ဖြစ်ပါတယ်။

တည်ဆောက်ပေးရမည့် တံတားကတော့ လွိုင်လင်မြို့နယ် နောင်လိုင်မူဖိတ်ကျေးရွာအုပ်စုရှိ မူဆိုကျေးရွာနှင့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၊ နားခိုင်းကျေးရွာအုပ်စု၊ ဝမ်တိ ကျေးရွာကို ချိတ်ဆက်ထားသည့် ကိုယ်ထူကိုယ်ထသစ်သား တံတားမှာ ပေအားဖြင့် ၂၀၀ ဝန်းကျင်လောက်ရှိပြီး သစ်သား တံတား သည် “လူ”သို့မဟုတ် “ လား ” ယခုခေတ်မှာ ဆိုင်ကယ်နှင့် သာလျှင် ဖြတ်သန်းသွားလာနေသည့် တံတားတစ်စင်းဖြစ်ပါတယ်။ အဲဒီတံတားကို မော်တော်ယာဉ်တွေ ဖြတ်သန်းသွားလာနိုင်သည့် ကွန်ကရစ်တံတားအဖြစ်သို့ တည်ဆောက်ပေးနိုင်ပါက တင်ပြ ခဲ့သည့် လွိုင်လင်မြို့နယ်အပြင် ပတ်ဝန်းကျင်ရှိ တစ်ခြားမြို့နယ်

မရှိသဖြင့် ဌာနသတ်မှတ်ချက်နှင့်အညီ ဆောက်လုပ် နိုင်ရန်အတွက် လုံလောက်သော မြေနေရာချထားပေးနိုင်ပါရန် သက်ဆိုင်ရာ ဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြု ပေးနိုင်ပါရန် အခြေခံပညာဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း (၁)နှင့်(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ဒီကနေ့ ပြုလုပ်ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေး သို့ ကြွရောက်လာကြတဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် တာဝန် ရှိပုဂ္ဂိုလ်များ အားလုံးမင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင် မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ယခုကဲ့သို့ ကျွန်တော်တို့၏ ပြည်နယ်၏အကျိုး၊ ဒေသခံပြည်သူများ၏အကျိုး ကို ရှေးရှုပြီး ပြည်နယ်လွှတ်တော်မှာ တင်ပြခွင့်ရရှိတဲ့အတွက်ကြောင့် များစွာဂုဏ်ယူမိပါတယ်။ ကျွန်တော်တင်ပြမည့်မေးခွန်းက ပြည်နယ် သို့မဟုတ် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်တာလည်းဖြစ်ပြီး၊ အခြေခံအဆောက်အဦလည်းဖြစ်သည့်

D/real(wide) (1

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးခေတ်ကာလတုန်းက လွှိုင်လင်မြို့နယ်သည် လက်ဖက်စိုက်ပျိုးသော မြို့နယ်ဖြစ်ရမည်ဆိုပြီး စီမံချက်ချပြီးလုပ်ဆောင်ခဲ့သည့်နေရာမှာ အဲဒီစီမံချက်၏ အကျိုးဆက်ကြောင့် ဟွေတောက်ကျေးရွာအုပ်စုဆိုလျှင် လက်ဖက်ကောင်းမွန်စွာဖြစ်ထွန်းပြီး လက်ဖက်စို၊ လက်ဖက်ခြောက်ကို စီးပွားဖြစ်ထုတ်လုပ်ပြီး ပင်လုံစျေးကွက်၊ တောင်ကြီးစျေးကွက်သို့ နေ့စဉ်နှင့်အမျှ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ဟွေတောက်ကျေးရွာအုပ်စုသည် မြေဆီဩဇာကောင်းမွန်ပြီး စိုက်ပျိုးဧရိယာများပြားသည့်အတွက်ကြောင့် လက်ဖက်အပြင်၊ ဆန်စပါး၊ ပြောင်း၊ သစ်သီးဝလံများကို တောင်ကြီးစျေးကွက်နှင့် ပင်လုံစျေးကွက်သို့ တင်ပို့ပြီးရောင်းချနေသည့် ချဉ်စော်ခါးသီးသည် ဟွေတောက်ကျေးရွာအုပ်စုမှ စိုက်ပျိုးထွက်ရှိတာဖြစ်ပါတယ်။

ယခင်အစိုးရလက်ထက်က ဒီကျေးရွာ၏ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်ရေးလမ်းလည်းဟုတ်၊ ကျေးလက်ကုန်ထုတ်လမ်းလည်း ဟုတ်သည့် ချိုခမ်း-ဟွေတောက်လမ်း (၆) မိုင်ကတ္တရာနှင့် စံချိန်စံညွှန်း ပြည့်မီစွာ တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီအတွက် ကျေးရွာသူ/ သားများလည်း ယနေ့အထိ ပြောမဆုံးပျော်မဆုံး အထူးကျေးဇူးတင်စွာဖြင့် လက်ခံရရှိပြီးဖြစ်ပါတယ်။ အခုဒီလမ်းကို ဆက်လက်ပြီး ချိုခမ်း-ဟွေတောက်ကနေပြီး နီလမ်း၊ ပန်လျန်း၊ နောင်ဟိုင်းပြီးတော့ ဆက်သွားမည်ဆိုလျှင် ပင်လုံမြို့ပြည်ထောင်စု ကျောက်တိုင်နားအထိ ပေါက်မည့်လမ်းဖြစ်ပါတယ်။ ဆက်လက် ဖောက်မည်ဆိုလျှင် အဲဒီထိပေါက်ပါတယ်။

များဖြစ်သည့် ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ နမ့်စန်မြို့နယ်၊ မောက်မယ်မြို့နယ်စသည့် အကျိုးပြုမည့်တံတားတစ်စင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီတံတားကို တင်ပြရခြင်းဖြစ်ပါတယ်။ အကယ်၍ ဒီတံတားကို အမှန်တကယ်တည်ဆောက်ပြီးစီးပါက ရရှိမည့် အကျိုးကျေးဇူးကို ဆက်လက်ပြီး တင်ပြအပ်ပါတယ်။

နောင်လိုင်မူဖိတ်ကျေးရွာအုပ်စုသည် လူဦးရေအရတွက်မည် ဆိုလျှင် လူဦးရေနည်းပါးပေမဲ့ မြေဆီဩဇာကောင်းမွန်ပြီး စိုက်ပျိုးမြေ ဧရိယာများစွာချဲ့ထွင်နိုင်သည့် ဧရိယာတစ်ခုဖြစ်ပါတယ်။ နောက်ပြီး ဒီဒေသမှာဆိုလျှင် အဖိုးတန်သတ္တုတွေထွက်ရှိပြီး စမ်းသပ်တူးဖော် နေသည့်အပိုင်းလည်းရှိပါတယ်။ ဒီဒေသမှာဆိုလျှင် အဖိုးတန် ကျွန်းသစ်တွေ ကောင်းမွန်စွာ ဖြစ်ထွန်းပြီး သဘာဝအလျောက် ပေါက်ရောက်နေသည့် သစ်တောမြောက်များစွာ ရှိပါတယ်။ ပြည်နယ်အတွက် အနာဂါတ်ကာလမှာ ဖြစ်ထွန်းလာနိုင်မည့် အကျိုးကျေးဇူးကို တင်ပြခြင်းဖြစ်ပါတယ်။

အစောက တင်ပြသွားသည့်အတိုင်း မြို့နယ် ၄ မြို့နယ်မှာရှိသည့် တိုင်းရင်းသားပေါင်းစုံ၊ နမ့်စန်ဘက်မှာဆိုလျှင် လားဟူတိုင်းရင်းသားများနေထိုင်ပြီး၊ မောက်မယ်ဘက်မှာဆိုလျှင် ပအိုဝ်းတိုင်းရင်းသားနှင့် လီဆူတိုင်းရင်းသားများနေထိုင်ပြီး၊ လွှိုင်လင်မြို့နယ်နှင့် ဟိုပုံး၊ ဆီဆိုင်မြို့နယ်မှာဆိုလျှင် ရှမ်းတိုင်းရင်းသားနှင့် ပအိုဝ်းတိုင်းရင်းသားများ နေထိုင်ကြတာဖြစ်ပါတယ်။ အကယ်၍ တံတားတည်ဆောက်ပြီးစီးလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်းသွေးစည်းညီညွတ်ရေးကို ဖော်ဆောင်ပေး

D/real(wide) (1

အဲဒီနားအထိ မဖောက် လုပ်ခင်မှာ ကျေးရွာသူ/သား များနှင့် အထူးအခက်အခဲကြုံ နေရသည့် အပိုင်းကို အစိုးရအနေဖြင့် အမာခံကျောက်ခင်းလမ်း အဖြစ် တည်ဆောက်ပေးရန် တင်ပြခြင်း ဖြစ်ပါတယ်။ ဒီခက်ခဲသည့် အပိုင်းက ယခု ဖောက်လုပ်ပြီးဖြစ်သည့် ကတ္တရာလမ်း (၆) မိုင် အဆုံးကနေပြီး တခေါ်ပလုံးကျေးရွာ၊ ရန်အောင်ဘုန်းကြီးကျောင်း အထိ (၂) မိုင်ရှိပါတယ်။ လမ်းပိုင်းသည် လယ်ကွက်ကို တာဘောင်ဖို့ပြီးမှ ဖြတ်သန်းသွားသည့်လမ်း ဖြစ်ပါတယ်။ အဲဒါကြောင့် သွားလာရေးအင်မတန်ခက်ခဲပါတယ်။ ခက်ခဲသည့် အပိုင်း (၂) မိုင် ကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မြေသားမှာ အမာခံကျောက်သား လမ်းအဖြစ် တိုးမြှင့်ဖောက်လုပ် ပေးနိုင်ပါရန်တင်ပြ မေးမြန်းမှု အပေါ်တွင် အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည့် ဆိုသည့်အကြောင်း သိရှိလိုပါ၍ လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်။ အထူးပဲ ကျေးဇူးတင်ရှိ ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို တာဝန်ယူရသည့် ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။

နိုင်မည့် တံတားတစ်စင်းဖြစ်မှာဖြစ်ပါတယ်။ လက်ရှိ ၎င်းဒေသမှာ နေထိုင်နေသည့် တိုင်းရင်းသားတွေသည် တံတား၊ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲကြောင့် မိုင်းပွန်နှင့်မနီး၊ နမ့်စန်နှင့်မနီး စသည်ဖြင့် ချောင်ကျနေသည့် အနေအထားမှာရှိပါတယ်။ သူတို့၏ အနီးဆုံးထွက်ပေါက်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်သည့် ဆီဆိုင်မြို့နယ်၊ ဘန်းယဉ် သို့မဟုတ် ဆိုက်ခေါင်၊ စံပြ ကျေးရွာနှင့် အနီးဆုံးထွက်ပေါက်ဖြစ်ပါတယ်။ တံတားကို တည်ဆောက်ဖြစ်ပြီဆိုလျှင် အဲဒီဒေသမှာရှိသည့် တိုင်းရင်းသား လူမျိုးတွေသည် တစ်နာရီအတောအတွင်းမှာ တံတားကိုဖြတ်ပြီး လွှင့်ကော်၊ ဟိုပုံး၊ ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်နိုင်ပြီး ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တံတား၏ အကျိုးပြုပုံကို တင်ပြရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီတံတားကို အမှန်တကယ်ဖြစ်မြောက်ရေး အတွက် ပြည်နယ်အစိုးရအနေဖြင့် အထူးဦးစားပေးဆောင်ရွက်ပေး နိုင်ပါရန် တင်ပြအပ်ပါတယ်။ တင်ပြမှုအပေါ်ကို ဘယ်လိုများစီမံ ဆောင်ရွက်ပေးမည်ဆိုတာကို အခက်အခဲတွေ့ကြုံနေရသည့် ပြည်သူများ၏ကိုယ်စား သိရှိလိုပါ၍ လွှတ်တော်မှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။

နောက်ပြီး ကျွန်တော်၏ ဒုတိယမေးခွန်းဖြစ်ပါတယ်။ လွှင့်လင်မြို့နယ်၊ ဟွေးတောက်ကျေးရွာအုပ်စု၊ ချုံခမ်း-ဟွေတောက် လမ်းကိစ္စဖြစ်ပါတယ်။ လွှင့်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာ အုပ်စုဆိုလျှင် လွှင့်လင်မြို့နယ်၏ လူဦးရေအထူထပ်ဆုံး၊ ကျေးရွာ အထူထပ်ဆုံး ကျေးရွာအုပ်စုတစ်စုဖြစ်ပါတယ်။ ယခင် နိုင်ငံတော်

D/real(wide) (1

လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ မေးမြန်းလာသည့် မေးခွန်း (၂)ခုကို ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်သည့် လွိုင်လင်မြို့နယ်၊ နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု၊ မူဆိုကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ နားခိုင်းကျေးရွာအုပ်စု၊ ဝမ်တိကျေးရွာကိုဆက်သွယ်တည်ဆောက်ထားသော ဝမ်တိပွန်ချောင်းကူးတံတားသည် ပေ (၂၀၀) ခန့်ရှိပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်သည့် သံကူကွန်ကရစ်တံတားအဖြစ်သို့ တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး လွိုင်လင်မြို့နယ်၊ နောင်လိုင်မူဖိတ်ကျေးရွာအုပ်စုအတွင်းမှာရှိသည့် ကျေးရွာများဖြစ်သည့် မိုင်းပွန်-လုံခိုန်လမ်းအား အဓိကမှီခိုအားထားအသုံးပြုလျက်ရှိ ကြောင်း သိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြလာသည့် တံတားမှာ ၎င်းလမ်းပေါ်မှာရှိသည့် နောင်ပါတက်ကျေးရွာမှ ခွဲထွက်သွားလာနိုင်သည့် (၄) မိုင်ခန့်အကွာရှိ မူဆေးကျေးရွာအနီးမှာ တည်ရှိပါတယ်။ လက်ရှိအခြေအနေမှာ အဆိုပါ တံတားမှာ ဆိုင်ကယ်နှင့် လူများသာသွားလာနိုင်သည့် မူဆေးကျေးရွာမှ ဆီဆိုင်မြို့နယ်အတွင်းသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် အဓိကအသုံးပြုနေရသည့် သစ်သားတံတားတစ်စင်းဖြစ်ပါတယ်။ အဆိုပါသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မည်ဆိုလျှင် ခန့်မှန်းကုန်ကျစရိတ် ကျပ် (၂၄၀) သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၃) ရွာ၊ အိမ်ခြေ (၉၁) အိမ်၊ လူဦးရေ (၄၁၆) ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြု ထားသည့် ကွန်ကရစ်တံတားတည်ဆောက်ခြင်း

လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသည့်လမ်းအားကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက် နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းကျော်ဇေယျက မေးခွန်း(၁)(၂)(၃)(၄)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းအားလုံးကို ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်၏ မေးခွန်း (၁)(၂)(၃)(၄)ကို တစ်ဆက်တည်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချား မြို့နယ်သည် လွိုင်လင်ခရိုင်အတွင်းမှာရှိပြီး ယခင်ကာလကနယ်မြေ မအေးချမ်းခဲ့လို့ ဒေသမှာဒေသဖွံ့ဖြိုးရေးအလွန်အားနည်းခဲ့ပါတယ်။ ဒီအချိန်မှာရရှိလာသည့် ငြိမ်းချမ်းရေးကို အခြေခံပြီး ဒေသဖွံ့ဖြိုးရေး ကိုအားသွန်ခွန်စိုက်လုပ်ရမည့်အချိန်

D/real(wide) (1

ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်မှာဆိုလျှင် လွိုင်လင်ခရိုင်နှင့် လင်းဆေးခရိုင်သည် ဒေသဖွံ့ဖြိုးရေး အနိမ့်ကျဆုံး ခရိုင်လို့ အများအားဖြင့် ပြောနေကြတာရှိပါတယ်။ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး လဲချား မြို့နယ်၏ ကျေးရွာချင်း ဆက်လမ်း၊ တံတားမှာ ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အလွန်တရာမှ အရေးကြီးနေတာကို တွေ့ရှိရပါတယ်။ မေးခွန်းနံပါတ် (၁)မှာပါသည့် လဲချားမြို့နယ်၊ မြို့မ ကျေးရွာအုပ်စု၊ နောင်ပန်ကျေးရွာမှ ပန်တန်ကျေးရွာအုပ်စု၊ ကုန်းကျောင်းကျေးရွာအုပ်စုစသည့် နေရာတွေမှာ များစွာ အခက်အခဲဖြစ်နေသည့်အတွက် အဆိုပါလမ်းများအား ဖောက်လုပ်ပေးခြင်းအားဖြင့် မေးခွန်းပါ ကျေးရွာအုပ်စုများကို မြောက်များစွာ အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ၎င်းကျေးရွာချင်းဆက်လမ်းတွေကလည်း လဲချားမြို့နယ်၏ ရှေးယခင်ကတည်းက အထင်ကရလမ်းများလည်းဖြစ်ပါတယ်။ လမ်း၏ (၃) မိုင်ခန့်မှာ လွယ်ဖိုင်းလို့ခေါ်သည့် တောင်တက်လမ်းဖြစ်ပါတယ်။

၎င်းလမ်းများကို ၂၀၁၃-၂၀၁၄မှာ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၁) မိုင်၊ ၂၀၁၅-၂၀၁၆မှာ (၁) မိုင် (၁) ဖာလုံ၊ ယခင်အစိုးရလက်ထက်က မြို့နယ်စည်ပင်သာယာမှ (၃) မိုင် ကျောက်ချောလမ်းခင်းထားပြီး (၈) မိုင်သာ ကျန်ပါတယ်။ အကျိုးပြုအိမ်ခြေပေါင်းအနေဖြင့် ထောင်ဂဏန်းရှိပြီး၊ လူဦးရေအားဖြင့် သောင်းဂဏန်းရှိပါတယ်။ ဖြစ်နိုင်မည်ဆိုလျှင် ကျေးရွာချင်းဆက်လမ်းကို လာမည့်ဖြည့်စွက် ရန်ပုံငွေမှာဖြစ်ဖြစ်၊ လာမည့် ဘဏ္ဍာရေးနှစ်မှာဖြစ်ဖြစ် ထည့်သွင်းပေးစေချင်ပါတယ်။ ဒါကြောင့် မေးခွန်း (၁)ပါ ကျေးရွာချင်းဆက်လမ်းများကို ရှမ်းပြည်နယ်အစိုးရ

လုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေးလျာထားတင်ပြဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ်။ ၎င်းခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြန်လည် ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနံပါတ် ၂ ဖြစ်သည့် လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာ၊ ချိုခမ်း-ဟွေးတောက်ကတ္တရာလမ်းအဆုံးမှာ တခွေ့ပြုံး(တခွေ့ပလုံး) ကျေးရွာ၊ ရန်အောင်ဘုန်းကြီးကျောင်းအထိ (၂) မိုင် မြေသားလမ်းကို အမာခံကျောက်ခင်းလမ်းအဖြစ်သို့ တိုးမြှင့်ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ ချိုခမ်း-ဟွေတောက်ကတ္တရာလမ်းပေါ်မှာ အရှည် (၆) မိုင်ရှည်လျားပြီး လမ်းဦးစီးဌာနပိုင်လမ်း (၁) လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအဆုံးမှာ တခွေ့ပြုံး(တခွေ့ပလုံး) ကျေးရွာ၊ ရန်အောင်ဘုန်းကြီးကျောင်းအထိ လမ်းမှာ (၂) မိုင်ခန့် ရှည်လျားပါတယ်။ လက်ရှိအခြေအနေမှာ ကျဉ်းမြောင်းသည့် မြေသားလမ်း (၁)လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအရှည် (၂) မိုင်ခန့်အား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဆိုလျှင် မြေသားလမ်းဖောက်လုပ်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် (၁၄၅၊ ၆၈) သန်းနှင့် အားလုံးစုစုပေါင်းခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၁၈၉၊ ၆၈) သန်းကုန်ကျမှာဖြစ်ပြီး အိမ်ခြေ (၂၇၃) အိမ်၊ လူဦးရေ (၁၃၅၈) ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

အနေဖြင့် ဆောက်လုပ်ပေးရန် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်မည်နည်းနှင့် မရှိပါက မည်သည့်အကြောင်းကြောင့် မရှိပါကြောင်းကိုလည်း ဒေသခံပြည်သူများဆန္ဒအရ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၂)အနေနှင့် လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုဝင်၊ နောင်မိန်းကျေးရွာ ပြည်ထောင်စုလမ်းမမှတစ်ဆင့် ဝမ်ပန်းကျေးရွာအုပ်စု၊ ဟိုနားကျေးရွာအထိ(၃) မိုင်ခန့်၊ ဟိုနားကျေးရွာမှ ဝမ်ဖိုင်းကျေးရွာအုပ်စုဝင် ဝမ်ဖိုင်(နောင်လုံ)ကျေးရွာအထိ ခန့်မှန်း (၄) မိုင်ခန့်၊ ဟိုနားကျေးရွာမှ ပုံနေကျေးရွာအုပ်စုဝင် ဝမ်မိုင်ဆုံ(ဖာဆေး)ကျေးရွာအထိ ခန့်မှန်း (၃)မိုင်ခန့်ကို ကျောက်ချောလမ်းအဖြစ် ဆောက်လုပ်ပေးရန် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းပါ ကျေးလက်လမ်းများသည် ၎င်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများအတွက် အမှန်တကယ် အရေးကြီး လိုအပ်နေသည့် ကျေးရွာချင်းဆက်လမ်းများဖြစ်ပါတယ်။ မိုးတွင်းကာလများမှာ ဒေသခံများအနေဖြင့် အလွန်တရာမှ လမ်းပန်းဆက်သွယ်ရေးခက်ခဲလွန်းသည့်အတွက် ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် များစွာထိခိုက်ရပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒေသခံပြည်သူများအနေဖြင့် မေးခွန်းပါ ကျေးလက်လမ်းများ အမြန်ဆုံး ကျောက်ချောလမ်းအဖြစ် ဖြစ်မြောက်ရန် အားကိုးတကြီး မျှော်လင့်လျက်ရှိပါတယ်။ ထို့ကြောင့် ကျေးရွာချင်းဆက်လမ်းများကို ကျောက်ချောလမ်းဖြစ်မြောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ

လျက်ရှိပါတယ်။ နမ့်တုတ်ကျေးရွာအုပ်စု၊ ဟွေမူကျေးရွာအဝင် တံတားနှင့်ပတ်သက်သည့်မေးခွန်းဖြစ်ပါတယ်။ တံတား ပေ အရှည် (၆၀)၊ အနက်(၁၂)ပေ၊ အကျယ် (၁၄)ပေခန့်ရှိပြီး ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်ခဲ့သည့် ဟွေမူ၊ ဟွေလောင်းမြေသားလမ်းပေါ်ရှိ တံတားတစ်စင်းဖြစ်ပါတယ်။ တံတားမှာ ယိုယွင်းပျက်စီးနေပြီးဖြစ်သောကြောင့် အန္တရာယ်ရှိနေသည့်တံတားတစ်စင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ၎င်းတံတားအား ကွန်ကရစ်သို့မဟုတ် ကျောက်ရိုးစီသစ်သားတံတား ဆောင်ရွက်ပေးရန် ရှိ/မရှိသိရှိလိုပါကြောင်း ဒေသခံများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းကျော်ဇေယျ မေးမြန်းသည့်မေးခွန်း (၄) ခုကို ရှမ်းပြည်နယ်အစိုးရကိုယ်စား ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

D/real(wide) (1

မေးခွန်းနံပါတ် (၁)ဖြစ်သည့် လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ နောင်ပန်ကျေးရွာမှ ပန်တန်ကျေးရွာအုပ်စု၊ ကုန်းကျောင်းကျေးရွာ ဆက်သွယ်ထားသည့်လမ်းမှာ အရှည် (၁၅) မိုင်ခန့် ရှိပါတယ်။ ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ခု ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးဌာနမှ ကျောက်လမ်း (၃)မိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ကျောက်လမ်း ၁ မိုင်၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ကျောက်လမ်း (၁)မိုင် (၁) ဖာလုံ၊ စုစုပေါင်း ကျောက်လမ်း (၅) မိုင် (၁)ဖာလုံကို ဆောင်ရွက်ပေးပြီးဖြစ်သည့်အတွက် ကျန်ရှိသည့်လမ်းအရှည် (၉) မိုင်(၇)ဖာလုံအား မြေသားလမ်းသတ်မှတ်အကျယ်ရရှိရေးဆောင်ရွက်မည်ဆိုပါက ခန့်မှန်း ကုန်ကျစရိတ်ငွေကျပ်(၂၁၇)သန်းခန့်ကုန်ကျမည် ဖြစ်ပါတယ်။ အကျိုးပြုမည့်ကျေးရွာအုပ်စု (၃) အုပ်စု၊ ကျေးရွာ (၂၄) ရွာ၊ အိမ်ခြေပေါင်း (၃၀၁၆) အိမ်၊ လူဦးရေ (၆၄၈၁)ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ လွတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအရှည် (၉) မိုင် (၇) ဖာလုံအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ဖြစ်သည့် လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ နောင်မိန်းကျေးရွာ ပြည်ထောင်စုလမ်းမ

အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသောကြောင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို မေးမြန်းလိုပါတယ်။

မေးခွန်းနံပါတ် (၃)အနေနှင့် လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုဝင်၊ နောင်ပန်ကျေးရွာနှင့် ပန်တန်ကျေးရွာအုပ်စု၊ ကုန်းကျောင်းကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိသည့် နမ့်ဗီး ချောင်းကူးတံတားနှင့်ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။ နမ့်ဗီး ချောင်းကူးတံတားသည် ကွင်းဆင်းတိုင်းတာချက်အရ အရှည် ပေ ၃၀၊ အကျယ်(၁၄)ပေ ၊ အမြင့် (၁၅)ပေခန့်ရှိပြီး ဝမ်မိုင်၊ နောင်လုံရွာနှင့် ကပ်လျက်တည်ရှိနေပါတယ်။ လက်ရှိသွားလာလျက်ရှိသောယာဉ်များမှာ မော်တော်ယာဉ်၊ ဆိုင်ကယ်များသည် နမ့်ဗီးချောင်းမှဆင်းပြီး နိစ္စမူဝ ဖြတ်သန်းသွားလာနေရပြီးအန္တရာယ်အလွန်များလျက်ရှိပါတယ်။ မိုးတွင်းကာလမှာချောင်းရေကြီးခိုက်များတွင် ဖြတ်သန်းသွားလာလို့မရပဲ ရေကျသွားခိုက်အထိ အချိန်ကြာမြင့်စွာစောင့်ဆိုင်းရပါတယ်။ ထိုတံတားဆောက်ပေးရန်အတွက် ဒေသခံပြည်သူများအနေဖြင့်လည်း မျှော်လင့်လျက်ရှိနေပါသဖြင့် သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရမှဆောင်ရွက်ပေးနိုင်ရန် ရှိ/ မရှိ၊ ရှိမည်ဆိုလျှင်မည်သည့်ကာလတွင်ဆောက်လုပ်ပေးမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။

မေးခွန်းနံပါတ်(၄)အနေနှင့် လဲချားမြို့နယ်၊ နမ့်တုတ်ကျေးရွာအုပ်စုမှာ အများအားဖြင့် ပအိုဝ်းတိုင်းရင်းသားများ နေထိုင်

D/real(wide) (1

မှတစ်ဆင့် ဝမ်ပန်းကျေးရွာအုပ်စု (၃)မိုင်ခန့်၊ ဟိုနားကျေးရွာမှဝမ်ဖိုင်း ကျေးရွာအုပ်စုဝင် ဝမ်ဖိုင်(နောင်လုံ) ကျေးရွာအထိ ခန့်မှန်း(၄)မိုင် ခန့်နှင့် ဟိုနားကျေးရွာမှ ပုံနေအုပ်စုဝင် ဝမ်မိုင်ဆုံ(ဖာဆေး) ကျေးရွာ အထိ ခန့်မှန်း (၃)မိုင်နှင့် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသည့်ကျေးရွာချင်းဆက်လမ်း(၃)လမ်းအားကွင်းဆင်းစစ်ဆေးချက်များအရ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ (၁၀) ရွာ အနေဖြင့် ဝမ်မိုင်ဆုံ-ဟိုနား-ဝမ်ပန်လမ်း အရှည် (၄) မိုင် (၄)ဖာလုံရှည်လျားသည့် လမ်းအားအသုံးပြုသွားလာနိုင်ပြီး ကျောက်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ကျပ် (၃၂၈)သန်း ကုန်ကျမှာဖြစ်ပါတယ်။ အကျိုးပြုမည့်ကျေးရွာ (၁၀) ရွာ၊ အိမ်ခြေ (၅၂၁) အိမ်နှင့် လူဦးရေ (၃၀၄၆) ဦးအား အကျိုးပြုမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အဆိုပြုတင်ပြသော လမ်းအရှည် (၄)မိုင် (၄) ဖာလုံအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မေးခွန်းနံပါတ် (၃) ဖြစ်သည့် လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ နောင်ပန်ကျေးရွာနှင့် ပန်တန်ကျေးရွာအုပ်စု၊ ကုန်းကျောင်းကျေးရွာတို့မှာ ကျေးရွာချင်း

ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ကျပ် (၆၀)သန်းကုန်ကျမှာဖြစ်ပါတယ်။ ကျေးရွာ (၁) ရွာ၊ အိမ်ခြေ (၈၄) အိမ်နှင့် လူဦးရေ (၄၂၉) ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အဆိုပြုတင်ပြသည့်ကွန်ကရစ်တံတား တည်ဆောက်ခြင်းအား ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းကျော်ဇေယျက မေးခွန်း (၅)နှင့် (၆)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးခွန်း (၅)နှင့်(၆)မှာ လဲချားမြို့နယ်၊ ပညာရေးကဏ္ဍနှင့်ပတ်သက်သည့်မေးခွန်းဖြစ်ပါတယ်။ မေးခွန်း (၅)နှင့် (၆) နှစ်ခုစလုံးကို တစ်ကြိမ်တည်းမေးခွန်းမေးပါမယ်ခင်ဗျား။

လဲချားမြို့နယ်၊ နောင်မိန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်သည့် မေးခွန်းနှင့် လဲချားမြို့ပေါ်ရှိ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲ အဆင့်သို့တိုးမြှင့်

D/real(wide) (1

ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းပြီး လဲချားမြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းသာရှိပါတယ်။ ဒါကြောင့် ကျောင်းသူ/သား ဦးရေများပြားလာသည်နှင့်အမျှ ကျောင်းစာသင်ခန်း မလုံမလောက်မှုနှင့် ကျောင်းသား/သူများ သည်လည်း ကြပ်ကြပ်တည်းတည်း ပညာသင်နေရပါတယ်။ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းနှင့် နောင်မိန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းများကို အဆင့်တိုးမြှင့်လိုက်မည်ဆိုလျှင် ကျောင်းသားများအနေနှင့် အဆင်ပြေပြေနှင့် လက်ရှိကျောင်းသားဦးရေများလာသည်ကို ဖြေလျှော့နိုင်မည့် သဘောဖြစ်ပါတယ်။

အမှတ်(၁) မူလတန်းလွန်ကျောင်းသည် လက်ရှိ အထက-လဲချား အခြေခံပညာအထက်တန်းကျောင်းနှင့်ကိုက် (၁၀၀) လောက် သာကွာဝေးပါတယ်။ နောင်မိန်းကျောင်းမှာ အထက-လဲချား ကျောင်းနှင့် (၂)မိုင်ခန့်ကွာဝေးပါတယ်။ လဲချားမြို့နယ် ပညာရေး အခြေအနေအရ ကျောင်းများကိုအဆင့်တိုးမြှင့်ရန်အတွက် လိုလား လျက်ရှိနေပါတယ်။ သက်ဆိုင်ရာဝန်ကြီးအနေဖြင့် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်

D/real(wide) (1

ဆက်လမ်းပေါ်ရှိ နမ့်ဗွီးချောင်းကူးတံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုဝင် နောင်ပန်ကျေးရွာနှင့် ပန်တန်ကျေးရွာအုပ်စုဝင် ကုန်းကျောင်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ နမ့်ဗွီးချောင်းကူးတံတားအရှည် (၃၀)ပေ၊ အကျယ် (၁၄) ပေနှင့် အမြင့် (၁၅)ပေ ရှိသည့် လက်ရှိအခြေအနေတွင် သစ်သားတံတားတစ်စင်းဖြစ်ပြီး အဆိုပါ တံတားအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မည် ဆိုပါက ခန့်မှန်း ကုန်ကျစရိတ်ကျပ် (၂၄) သန်းကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးရွာ (၁၀) ရွာ၊ အိမ်ခြေ (၁၃၆၆) အိမ်နှင့် လူဦးရေ (၆၄၈၁) ဦးအား အကျိုးပြုနိုင်မည့်တံတားဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသည့် အရှည် (၃၀)ပေတံတားအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၄)ဖြစ်သည့် လဲချားမြို့နယ်၊ နမ့်တုတ်ကျေးရွာအုပ်စု၊ ဟွေမူကျေးရွာအဝင်တံတားအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသည့်မေးခွန်းနှင့် ပတ်သက်ပြီး လဲချားမြို့နယ်၊ ဟွေမူ-ဟွေလောင်းလမ်းပေါ်ရှိသည့် လက်ရှိသစ်သားတံတား အရှည် (၆၀) ပေ၊ အကျယ်(၁၄)ပေနှင့် အမြင့်(၁၃)ပေမှာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သည့်အတွက် ဆွေးမြေ့နေပြီး ခိုင်ခန့်မှုအားနည်းလျက်ရှိပြီး ယာဉ်ငယ်များသာ သွားလာအသုံးပြုနိုင်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါတံတားကို

များခင်ဗျား။ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ၏ လဲချားမြို့နယ်၊ နောင်မိန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်း အဆင့်သို့တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ လွှိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ နောင်မိန်း အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ပင်မကျောင်းဖြစ်သည့် အထက-လဲချားနှင့် (၂) မိုင်ဝေးပြီး (၁၀.၅) ဧက ကျယ်ဝန်း၍ ပုံစံ ၁၀၅ လည်းရရှိပြီးဖြစ်ပါတယ်။ ၁၄၀×၃၀ ပေ သွပ်မိုး၊အုတ်ကာ၊ အင်္ဂတေခင်း နှစ်ထပ်ဆောင် (၁) ဆောင်၊ ၁၂၀×၃၀ ပေ သွပ်မိုး အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်ဆောင် (၁) ဆောင်ရှိပြီး အထက (ခွဲ)ဖွင့်လှစ်သည့် ကျောင်းသက်တမ်းမှာ (၁၂) နှစ်ရှိပြီးဖြစ်ပါတယ်။ အထက်တန်းအဆင့်ကျောင်းသား (၆၀) ဦး၊ အလယ်တန်းအဆင့် ကျောင်းသား (၃၂၃) ဦး၊ မူလတန်းအဆင့်ကျောင်းသား (၃၇၃) ဦး၊ စုစုပေါင်း ကျောင်းသား/သူ (၇၅၆) ဦးရှိပါတယ်။ အထက်တန်း ကျောင်းအဆင့်သို့တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၃၀-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁)/၄၀၈၆/အခ-မြဲ (က)၂၀၁၅ ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားသော်လည်း အခြေခံပညာဦးစီးဌာနမှ ပေးပို့လာသည့် အဆင့်တိုးရရှိသည့် ကျောင်းစာရင်းတွင်မပါရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကျောင်းအဆင့်တိုးရရှိရေးအတွက် အခြေခံပညာဦးစီးဌာနသို့ ညှိနှိုင်း တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

နေပြည်တော်သို့ တင်ပြထားသော်လည်း အခြေခံပညာဦးစီးဌာနမှ ပေးပို့လာသည့် အဆင့်တိုးရရှိသည့် ကျောင်းစာရင်းတွင် မပါရှိသေးသည့်အတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကျောင်းအဆင့်တိုးရရှိရေးအတွက် အခြေခံပညာဦးစီးဌာနသို့ ညှိနှိုင်းတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၏ကျောင်းအဆင့်တိုးသတ်မှတ်ချက်မှာ ကျောင်းသားအင်အားသတ်မှတ်ချက်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အမက(ခွဲ)ကျောင်းအဆင့်တိုးတင်ပြပါက ကျောင်းသား (၂၅) ဦး၊ အမကကျောင်းအဆင့်တိုးတင်ပြပါက ကျောင်းသား/သူ (၅၅) ဦးနှင့်အထက်၊ မူလတန်းလွန်ကျောင်း တင်ပြပါက ကျောင်းသားဦးရေ (၂၅၀) ဦး၊ အလယ်တန်းကျောင်းခွဲအတွက် အလယ်တန်းအဆင့် ကျောင်းသား (၁၅၀) နှင့် (၂၄၀) ကြား၊ အလယ်တန်းကျောင်းအတွက် အလယ်တန်းအဆင့်ကျောင်းသား (၂၄၀)နှင့်အထက်၊ အထက်တန်းကျောင်းခွဲအတွက် အထက်တန်းအဆင့်သင် ကျောင်းသား (၅၀)ဦးနှင့်အထက်၊ အထက်တန်းကျောင်းအတွက် အထက်တန်းအဆင့်သင် ကျောင်းသား (၁၇၀) ဦးအထက်သတ်မှတ်ထားပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမောင်ညိုက ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားကြည်ညိုရပါသော ရှမ်းပြည်နယ်

D/real(wide) (1

လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညို ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ မဘိမ်းမြို့နယ်တွင်ရှိသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ပြင်ဆင်မှု ရှိ/မရှိသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မဘိမ်းမြို့မှာ မြန်မာ့ဆက်သွယ်ရေးကို အားထားရသော တစ်ခုတည်းသော ဆက်သွယ်အားထားရသည့်ပုံစံဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးမှာ စက်နည်းပညာကြောင့် သော်လည်းကောင်း သို့မဟုတ် ဆက်သွယ်ရေးဝန်ထမ်း၏ ချို့ယွင်းချက်ကြောင့်သော်လည်းကောင်း မြန်မာ့ဆက်သွယ်ရေးသည် ပြတ်တောက်ပြတ်တောက်ဖြစ်နေပါတယ်။ သို့အတွက်ပြင်ဆင်ရန် ရှိ/မရှိကို သိရှိလိုပါကြောင်း လေးစားစွာ ကြယ်ပွင့်ပြမေးခွန်းနှင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်း

D/real(wide) (1

ဒါအပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၄-၇-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆၉၈၆/၈-၃၀၄/အစရ (ရှမ်း)ဖြင့် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပေးရန်နှင့် ၁၀၀×၃၀ ပေ RC (၂) ထပ် ကျောင်းဆောင်သစ် ခွင့်ပြုပေးနိုင်ပါရန် ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဌာနထံ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်စဉ် (၂)ဖြစ်သည့် လဲချားမြို့ပေါ်ရှိ အမှတ် (၁)အခြေခံပညာမူလတန်းလွန်ကျောင်းမှအခြေခံပညာအလယ်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ လွှိုင်လင်ခရိုင်၊ လဲချားမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်းသည် ပင်မကျောင်းဖြစ်သည့် အထက-လဲချားနှင့် (၁) ဖာလုံကွာဝေးပြီး ကျောင်းအကျယ်အဝန်းမှာ (၁.၅၀၉) ဧကရှိပါတယ်။ ပုံစံ ၁၀၅ လည်းရရှိပြီးဖြစ်ပါတယ်။ လက်ရှိ ၁၂၀×၄၆ ပေ သွပ်မိုး၊ အုတ်ကာ၊အင်္ဂတေခင်းနှစ်ထပ် ဆောင် (၁)ဆောင်နှင့် ၉၀×၃၀ ပေ သွပ်မိုး၊ အုတ်ကာ ၊အင်္ဂတေခင်း တစ်ထပ်ဆောင် (၁)ဆောင်ရှိပါတယ်။ မူလွန်ဖွင့်လှစ်သည့် ကျောင်းသက်တမ်းမှာ (၁၁) နှစ် ရှိပြီးဖြစ်ပါတယ်။ အလယ်တန်း အဆင့်ကျောင်းသား (၁၄၃) ဦး၊ မူလတန်းအဆင့်ကျောင်းသား (၃၂၀) ဦး၊ စုစုပေါင်း ကျောင်းသား/သူ (၄၆၃) ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အလယ်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့် ရရှိရေးအတွက် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၏ ၃၀-၁၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ (၁)/၄၀၈၆/အခ-မြဲ (က)၂၀၁၅ ဖြင့် အခြေခံပညာဦးစီးဌာန၊

လာသည့် မဘိမ်းမြို့နယ်၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မကြာခဏဆက်သွယ်ရေးပြတ်တောက်လျက်ရှိရာ ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော်ဦးခွန်ရဲထွေးမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ် ခင်ဗျား။

မဘိမ်းမြို့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM မိုဘိုင်းစခန်းနှင့်အော်တိုအိတ်ချိန်းတပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ ၎င်းစခန်းတွေအတွက် အဝေးဆက်သွယ်မှုလိုင်းကို မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်မှာရှိသည့် ကြေးနီတောင်မှတစ်ဆင့် ရယူအသုံးပြုထားရပါတယ်။ ရာသီဥတုဆိုးရွားမှုကြောင့် မဘိမ်းစခန်းမှာ တပ်ဆင်ထားသည့် ပါဝါပိုင်းဆိုင်ရာ ဆိုလာဖြစ်ပါတယ်။ ဆိုလာချို့ယွင်းခြင်း၊ အရန်ဓာတ်အားပေးစက်ရှိသော်လည်း စက်ပစ္စည်းအစိတ်အပိုင်းဆိုင်ရာ အချို့ ချို့ယွင်းခြင်းကြောင့် မကြာခဏ ဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပွားခဲ့ရပါတယ်။ ယခုအခါမှာ အရန်ဓာတ်အားပေးစက်၏ ချို့ယွင်းပစ္စည်းများ လဲလှယ် တပ်ဆင်ခြင်း၊ အရန်ဓာတ်အားပေးစက်တစ်လုံး တိုးချဲ့တပ်ဆင်ခြင်း၊ စက်မှုပိုင်းဆိုင်ရာ ချို့ယွင်းမှုများကို မွမ်းမံခဲ့ပြီး ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

သွားတက်ချိန်၊ ဆေးသွား ထုတ်ချိန်များ၌ ဆရာဝန်မရှိသည့် အချိန်တွင် အရေးပေါ်လူနာများအတွက် အခက်အခဲများ တွေ့ကြုံနေရပါတယ်။ ၂၅ ခုတင်ဆံ့ဆေးရုံဝန်ထမ်းဖွဲ့စည်းပုံ အတိုင်း ဆရာဝန်ခွဲဝေချထားမှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ မဘိမ်းမြို့နယ် ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအဖြစ် ကျန်းမာရေးဦးစီးဌာန၏ ၂၁-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ စမ-၁/ဖစခ (၂၅)/၆ ဖြင့် တိုးမြှင့်ဖွင့်လှစ်ပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး (၁) ဦး၊ လက်ထောက်ဆရာဝန် (၄) ဦး၊ ခွဲစိပြုထားသော်လည်း မြို့နယ်ကုသရေးဦးစီးဌာနမှူး (၁) ဦးသာခန့်ထားပါတယ်။ နေ့စဉ်ပျမ်းမျှကုသသည့် လူနာဦးရေ အတွင်းလူနာ (၉) ဦး၊ ပြင်ပလူနာ (၃၂) ဦး ရှိပါတယ်။ ၂၅ ခုတင်ဆံ့ ဆေးရုံတွင် ဆရာဝန်နှင့် လူနာကုသမှု အချိုးမှာ မမျှတဖြစ်နေပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူးအနေဖြင့် အခြားသင်တန်းကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာ ကွင်းဆင်းကြီးကြပ်မှုများ ဆောင်ရွက်ရန် ခက်ခဲနေပါသဖြင့် လက်ထောက်ဆရာဝန် (၁) ဦးအမြန်ဆုံးဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊ လားရှိုးမြို့၏ ၂၉-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရမ/လရ/ခွဲ ၄ (၁) / ၂၀၁၆/စ၆၂ ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ရှမ်းပြည်နယ် တစ်ခုလုံးအတွင်း လစ်လပ်လျက်ရှိသည့် တိုက်နယ်တာဝန်ခံဆရာဝန် (၃၄) ဦး၊ သွားဘက်ဆိုင်ရာ လက်ထောက်ဆရာဝန် (၁၀) ဦး၊ လက်ထောက်ဆရာဝန် (၂၅၆)

D/real(wide) (1

ဦး၊ စုစုပေါင်းဆရာဝန် (၃၀၀) ဦး ခန့်ထားပေးနိုင်ပါရန် ၁၃-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅၂၁၄/စ-၃၂၅/အစရ (ရှမ်း) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးမောင်ညိုက တတိယ မေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တတိယ မေးခွန်းအနေဖြင့် မဘိမ်းမြို့နယ်၊ တုံကွာကျေးရွာတွင် လယ်မဲ့ယာမဲ့ တောင်သူများကို မြေလွတ်မြေရိုင်းဖော်ထုတ်ခဲ့ရာ နိုင်ငံတော်မှ ကုန်ကျသောငွေနှင့် လက်တွေ့နယ်ပယ်မှာ ကိုက်/မကိုက် မေးခွန်းကို ကြယ်ပွင့်ပြ မေးခွန်းနှင့် မေးမြန်းခြင်းဖြစ်ပါတယ်။

မဘိမ်းမြို့နယ်၊ တုံကွာကျေးရွာတွင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလအတွင်း တပ်ရင်း (၂၂၃)နှင့် တပ်ရင်း (၂၇၆)တို့မှ စွန့်လွှတ်ထားသော လယ်များတွင် လယ်မဲ့၊ ယာမဲ့ ဖော်ထုတ်ခဲ့ပါတယ်။ အဲ့ဒီနေရာမှာ ဖော်ထုတ်ရာတွင် (၆၅) ဧကမှာ ကြေးတိုင်နှင့်မြေစာရင်းဌာနက ဖော်ထုတ်ပြီး ယခုတုံကွာ အုပ်ချုပ်ရေးမှူးအသစ် ဦးထွန်းဝင်းမှာ ကျပ် (၁၁၅)သိန်းကို ဧက (၄၀)ဖော်ထုတ်ခဲ့ပါတယ်။ မြေစာရင်းဦးစီးဌာနသို့သွား၍ လုပ်ကိုင် ဆောင်ရွက်မှုလုပ်ငန်းပမာဏကို မေးမြန်းသော်လည်း ပြန်လည်

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးမောင်ညိုက ဒုတိယ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါ။ ချစ်ခင်လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးများနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမောင်ညို ဖြစ်ပါတယ်။

မဘိမ်းမြို့ဆေးရုံမှာ ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပါတယ်။ ဆရာဝန် တစ်ယောက်အမြန်လိုအပ်ကြောင်း ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မဘိမ်းမြို့ဆေးရုံမှာ ၂၅ ခုတင်ရှိသော်လည်း ဆရာဝန်မှာ လက်ရှိတစ်ယောက်တည်းသာ ရှိပါတယ်။ ဆရာဝန်သည်ဆေးထုတ်သွားသော်လည်းကောင်း၊ အစည်းအဝေးသွားတက်သော်လည်းကောင်း၊ အဲဒီအချိန်ကာလ များမှာ မဘိမ်းမြို့ဆေးရုံသည် ဆရာဝန် လစ်လပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါသောကြောင့် ဆရာဝန် ခွဲတမ်းချထားမှု ရှိ/မရှိ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၏ မဘိမ်းမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီး (၁) ဦးသာ ရှိသဖြင့် အစည်းအဝေး

D/real(wide) (1

စသည့် စုစုပေါင်း (၇) ဦးဖြင့် ဖွဲ့စည်းပြီး လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းကို ၁-၃-၂၀၁၆ ရက်နေ့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းအဖွဲ့မှ မြေလွတ်၊ မြေရိုင်း (၆၅) ဧက တောရှင်းခြင်း၊ မြေညှိခြင်း၊ လယ်ထယ်ခြင်း၊ ကန်သင်းဖော်ခြင်း၊ ထွန်မွှေခြင်းအဆင့်ဆင့်ဆောင်ရွက်ပြီး (၁) ဧက အကွက် (၆၅) ကွက်ကို ဖော်ထုတ်ပေးခဲ့ပါတယ်။

အရှည် (၄၂၉၀) ပေ၊ အကျယ် (၃) ပေ၊ အမြင့် (၁.၆) ပေရှိ ရေသွင်းမြောင်းဖောက်လုပ်ခြင်း၊ အရှည် (၁၃၂၀) ပေ၊ အကျယ် (၂၀) ပေ၊ အမြင့် (၂.၅)ပေရှိ ဗန်းမော်လမ်းမကြီးမှ အဝင်လမ်းကို ကျောက် ရောမြေဖြင့်ဖောက်လုပ်ခြင်း၊ အရှည် (၄၃၇၀) ပေ၊ အကျယ် (၂၀) ပေ၊ အမြင့် (၂)ပေခန့်ရှိသည့် ကုန်ထုတ်လမ်းကို ကျောက်ရော မြေဖြင့်ဖောက်လုပ်ခြင်း၊ ရှင်းလင်းဆောင် ဆောက်လုပ်ခြင်းစသည့် လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ ပါတယ်။

လယ် (၆၅) ဧကကို ဖော်ထုတ်ရန် တွက်ချက်မှုဖြင့် ကျပ် (၉၇၀.၅) သန်းလျာထားပေးခဲ့မှုအပေါ် ထယ် (၂) စပ်၊ ထွန် (၂) စပ် ကန်သင်း တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၅-၃-၂၀၁၆ ရက်နေ့တွင် မြေလွတ်၊ မြေရိုင်း၌ လယ် (၆၅) ဧက ဖော်ထုတ်ခြင်း လုပ်ငန်းပြီးစီးခဲ့ပါတယ်။ လူတစ်ဦးလျှင် (၀.၂) ဧကနှုန်းဖြင့် လူဦးရေ ပေါင်း (၃၂၅) ဦးအား လယ်ယာမြေဖော်ထုတ် ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒေသခံတောင်သူများ၏ လုပ်အား ပါဝင်မှုကြောင့် မူလခွဲဝေပေးခဲ့သည့် ငွေ (၉၇၅) သိန်းမှ (၁၁၅)

ဖြေကြားခြင်းမရှိပါ။ တုံကွာအုပ်ချုပ်ရေးမှူးအသစ်မှ ဖော်ထုတ်သော လယ်မြေတစ်ဧကလျှင် (၂.၇)သိန်းသာကုန် ပါတယ်။ သို့ဖြစ်ပါ သောကြောင့် နိုင်ငံတော်မှချထားပေးသော ငွေနှင့်ဖော်ထုတ်သော မြေ ကိုက်/မကိုက်ကို ကြယ်ပွင့်ပြမေးခွန်းနှင့် မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမောင်ညို မေးမြန်းလာသည့် မဘိမ်းမြို့နယ်၊ တုံကွာ ကျေးရွာမှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလအတွင်း တပ်ရင်း (၂၂၃)၊ တပ်ရင်း (၂၇၆)တို့မှ တောင်သူများသို့ စွန့်ထားသော မြေနေရာတွင် လယ်မဲ့၊ ယာမဲ့တောင်သူများအတွက် ဖော်ထုတ်ခဲ့သည့် မြေနှင့်ပတ်သက်၍ နိုင်ငံတော်မှ ကုန်ကျခဲ့သည့် ငွေနှင့် ယခုလက်တွေ့ နယ်ပယ်မှာ ကုန်ကျသည့် ငွေညီမျှမှု မှန်ကန်မှု ရှိ/မရှိ သိလိုသည့် မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ တုံကွာကျေးရွာအုပ်စုနေ လယ်မဲ့၊ယာမဲ့တောင်သူများအတွက် နိုင်ငံတော်အစိုးရမှ (၉၇၀.၅) သန်း ခွဲဝေချထားပေးခဲ့ပြီး ပုံစံ(၃)ရရှိရေး စနစ်တကျ ဆောင်ရွက်

D/real(wide) (1

သိန်းပိုလျှံခဲ့မှုအပေါ် မြို့နယ် လယ်ယာမြေဖော်ထုတ်ရေး ကြီးကြပ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ထပ်မံ၍ မြေလွတ်၊ မြေရိုင်း (၄၀) ဧက ဖော်ထုတ်ပေးခဲ့ပါတယ်။ အဆိုပါ (၄၀) ဧကတွင် သစ်ပင်ခြုံနွယ်များ ရှင်းလင်းခြင်းမရှိဘဲ ထယ်တစ်စပ်ဖြင့် သာမန်ဖော်ထုတ်ပေးခဲ့ခြင်းကြောင့် ငွေကြေး ကုန်ကျစရိတ်ကွာခြား ရခြင်းဖြစ်ကြောင်း၊ ထပ်မံဖော်ထုတ်ပေးခဲ့သည့် (၄၀) ဧကမှာ မူလ လျာထားသည့် (၆၅) ဧကတွင်ပါဝင်ခြင်းမရှိဘဲ သီးခြားဆောင်ရွက် ပေးခဲ့ခြင်းသာဖြစ်ပါတယ်။ ၂၇-၆-၂၀၁၆ ရက်နေ့တွင် မြို့နယ် စာရင်းစစ်မှုလည်း ကိုက်ညီမှုရှိကြောင်း စစ်ဆေး ခံခဲ့ပြီး၊ ၎င်းမြေယာ ဖော်ထုတ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ ကုန်ကျခဲ့သော ငွေနှင့် မြေပြင်တွင်ကုန်ကျခဲ့သော ငွေညီမျှမှုန်ကန်မှုရှိပါကြောင်း လွှတ်တော်မှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးအာကာလင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအာကာလင်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာကာလင်းဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းသွားမည့် မေးခွန်းကတော့ ဓနုကိုယ်ပိုင်

ပေးသွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့၏ ၁-၃-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂၇၉၉/၄-၂/၂၀၁၆/အစရ (ရှမ်း) အရ ခရိုင်လယ်ယာမြေဖော်ထုတ်ရေးကြီးကြပ်မှုကော်မတီ (၃)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပြီးနောက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မဘိမ်းမြို့၏ ၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅/၂-၂ (၄၃၅)/ ဦး ၆ ဖြင့် လယ်ယာမြေဖော်ထုတ်ရေး မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်-

(က) ဦးကျော်ဌေး ဥက္ကဋ္ဌ
မြို့နယ်အုပ်ချုပ်ရေးမှူး

(ခ) ဦးစိန်ဝင်းမြင့် အဖွဲ့ဝင်
ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲ
ရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဂ) ဦးစီးအရာရှိ အဖွဲ့ဝင်
ဆည်မြောင်းဦးစီးဌာန

(ဃ) ဦးစီးအရာရှိ အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန

(င) ဦးသန်းထွန်း အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး
အထောက်အကူပြုကော်မတီ

(စ) ဦးကျော်မင်းစိန် အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ

(ဆ) ဦးထွန်းမျိုးသန့် အတွင်းရေးမှူး
ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး

D/real(wide) (1

အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယနှင့်ရွာငံမြို့နယ်များအတွင်း ရက် ၁၀၀ စီမံချက်၌ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေ ကိုသိရှိလိုပါသဖြင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ဘာကြောင့်ဒီမေးခွန်းကို မေးမြန်းရပါသလဲဆိုလျှင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အနေဖြင့် ဒေသရေးရာလုပ်ငန်းများ ဆောင်ရွက်သည့်နေရာမှာ အခြိတ်အဆက်မိမိ၊ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသောကြောင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပင်းတယ နှင့် ရွာငံမြို့နယ်များအတွင်းရှိ ရက် ၁၀၀ စီမံချက်၌ ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများအား သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၉၈ အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် လေးစားစွာတင်ပြမေးမြန်းအပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်များ မှကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာချွင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်

(ဃ) ပင်းတယမြို့နယ်၊ မြေခြားချိုင့်ကျေးရွာ
(င) ရွာငံမြို့နယ်၊ ပဲရင်းတောင်ကျေးရွာ
(စ) ရွာငံမြို့နယ်၊ လွှစင်ကျေးရွာ
(ဆ) ရွာငံမြို့နယ်၊ ပွေးပြတ်ကျေးရွာ
(ဇ) ရွာငံမြို့နယ်၊ မြင်းဝန်းကျေးရွာများ ဖြစ်ပါတယ်။

၎င်းအပြင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် နှင့် ရွာငံမြို့နယ်အတွင်းရှိ ဓနုစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တိုင်းရင်းသား/သူ(၂၀)ဦးအား ဗဟုသုတအတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် နေပြည်တော်ဒေသအတွင်းသို့ ၂၀-၆-၂၀၁၆ ရက်နေ့မှ ၂၄-၆-၂၀၁၆ ရက်နေ့အထိ လေ့လာရေးခရီးစဉ်အဖြစ် လိုက်ပါ ပို့ဆောင်ပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၎င်းအပြင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် အစိုးရသစ် လက်ထက်တွင် ရက် ၁၀၀ စီမံချက်အရ ပင်းတယမြို့နယ်အတွင်း ၁-၅-၂၀၁၆ ရက်နေ့မှ ၉-၇-၂၀၁၆ ရက်နေ့အထိ မှုခင်းဖြစ်ပွားမှုတွင် အမှုကြီးဖြစ်ပွားမှုမရှိဘဲ အခြားအမှု (၅) မှုဖြစ်ပွားခဲ့ပြီး (၂)မှုတရားစွဲတင်ကာ လက်ကျန်အမှု(၃)မှုရှိပါတယ်။ ကြိုတင်ကာကွယ်မှု အနေဖြင့် (၃) မှုဖြစ်ပွားခဲ့ပြီး (၂) မှုတရားစွဲတင်ကာ လက်ကျန်အမှု (၁)မှုကျန် ပါတယ်။

မှုခင်းကျဆင်းရေးဆောင်ရွက်မှုများအနေဖြင့် ၁-၅-၂၀၁၆ ရက်နေ့မှ ၉-၇-၂၀၁၆ ရက်နေ့ လှည့်ကင်းအရာရှိဦးစီး၍ အကြိမ်ရေ (၇၀)ကြိမ်၊ ဝပ်ကင်းအခြားဆင့်အင်အား (၅) ဦးဖြင့် အကြိမ်ရေ

D/real(wide) (1

(၅၅) ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ပညာပေးဟောပြောမှုများအနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ယာဉ်စည်းကမ်း/လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများကို စုစုပေါင်း အကြိမ်ရေ (၂၀) ဆောင်ရွက်ခဲ့ရာ ကျောင်းသား/သူ၊ ဆရာ/မ၊ ကျေးရွာသူ/သား အားလုံးစုစုပေါင်း (၇၅၀၀)ခန့်ကို ပညာပေးဟောပြောနိုင်ခဲ့ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မှုအနေဖြင့် စုစုပေါင်း အကြိမ်ရေ (၃)ကြိမ်တွင် အင်အား (၇၃)ဦးဖြင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အစိုးရသစ်လက်ထက်တွင် ရက် ၁၀၀ စီမံချက်အရ ရွာငံမြို့နယ်အတွင်း ၁-၅-၂၀၁၆ ရက်နေ့မှ ၉-၇-၂၀၁၆ ရက်နေ့အထိ မှုခင်းဖြစ်ပွားမှုတွင် အမှုကြီးဖြစ်ပွားမှုမရှိဘဲ အခြားအမှု (၅) မှု ဖြစ်ပွားပြီး (၁)မှု တရားစွဲတင်ကာ လက်ကျန်အမှု (၄)မှုရှိပါတယ်။ ကြိုတင်ကာကွယ်မှုအနေဖြင့် ဖြစ်ပွားမှုမရှိခဲ့ပါ။

မှုခင်းကျဆင်းရေးဆောင်ရွက်မှုအနေဖြင့် ၁-၅-၂၀၁၆ ရက်နေ့မှ ၉-၇-၂၀၁၆ ရက်နေ့အထိ လှည့်ကင်းအရာရှိ ဦးစီး၍ အကြိမ်ရေ (၇၀)ကြိမ်၊ ဝပ်ကင်းအခြားဆင့်အင်အား (၅)ဦးဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပညာပေးဟောပြောမှုများတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင် ကျောင်းများတွင်လည်းကောင်း၊ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောမှုများ အကြိမ်ရေ (၂၃) ကြိမ် ဆောင်ရွက်ပေးခဲ့ရာ ကျောင်းသူ/သား၊ ဆရာ/မ၊ ကျေးရွာသူ/သားများ စုစုပေါင်း (၈၂၀၀)ဦးခန့်ကို

D/real(wide) (1

ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအာကာလင်း မေးမြန်းလာသည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များအတွင်း ရက် ၁၀၀ စီမံချက်၌ ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပြည်သူ့ အကျိုးပြုလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေရှိ/မရှိဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ကျွန်တော် ကိုင်တွယ်ရသော ဌာနများ၏ ရက် ၁၀၀ စီမံချက်ကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်များအတွင်းရှိ ရက် ၁၀၀ စီမံချက်နှင့် ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့ အကျိုးပြုလုပ်ငန်းများ နှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များအတွင်း ရက် ၁၀၀ စီမံချက်တွင် အောက်ဖော်ပြပါ ကျေးရွာများ၌ မြေသားရေကန်(၈)ကန်အား တူးဖော်ပေးခဲ့ပြီး အကျယ် ၁၀၀×၁၀၀×၆ ပေ Chain Link ခြံစည်းရိုးကာရံခြင်း၊ တုံကင် တပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

(က) ပင်းတယမြို့နယ်၊ တည်ပင်ကျေးရွာ
(ခ) ပင်းတယမြို့နယ်၊ ပင်စိမ်းပင်ကျေးရွာ
(ဂ) ပင်းတယမြို့နယ်၊ လက်ပံပင်ကျေးရွာ

(က) စာရင်းကောက်ယူရရှိသော သာမန်ရွှေ့ပြောင်း အိမ်ထောင်စု (၆၁) စု၊ လူဦးရေပေါင်း (၇၀) ဦး

(ခ) မူလနေထိုင်ရာမြို့နယ်များသို့ ညှိနှိုင်းမေးမြန်းထားသော အိမ်ထောင်စု (၆၁)စု၊ လူဦးရေပေါင်း (၇၀) ဦး

(ဂ) မူလနေထိုင်ရာမြို့နယ်များမှ စိစစ်ပြန်ကြားချက်ရရှိပြီး အိမ်ထောင်စု (၁၂) စု၊ လူဦးရေပေါင်း (၁၄) ဦး ဖြစ်ပါတယ်။

အထက်ပါရွှေ့ပြောင်းအိမ်ထောင်စု (၆၁) စုမှာ သာစည်၊ တောင်ကြီး၊ ရပ်စောက်၊ နမ့်စန်၊ ဆီဆိုင်၊ တောင်သာ၊ အင်းစိန်၊ သထုံ၊ အောင်လံ၊ သာယာဝတီ၊ ပင်လယ်ဘူးမြို့နယ်များမှ ရွှေ့ပြောင်းသော အိမ်ထောင်စုများဖြစ်ကြပြီး မေးမြန်းထားသည့် အထဲမှ စိစစ်ပြန်ကြားလာသည့် (၁၂) စုမှာ သာစည်၊ ရပ်စောက်၊ ဆီဆိုင်၊ တောင်ကြီး၊ နမ့်စန်၊ သာယာဝတီ၊ ပင်လယ်ဘူးမြို့နယ်များမှ ဖြစ်ပါကြောင်းနှင့် စိစစ်ပြီးပါက အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးသွားမည်ဖြစ်ပါတယ်။

ပင်းတယမြို့နယ်တွင် အခြေခံပညာကျောင်းများ အပါအဝင် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပြီးစီးမှုမှာ အသက် ၁၀ နှစ်ပြည့် (၈၀) ဦး၊ အသက် ၁၈ နှစ်ပြည့် (၆၅) ဦးကို ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၉-၇-၂၀၁၆ ရက်နေ့တွင် ပင်းတယမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသူ/သား (၄၃)ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပပြုလုပ်ရာ ပင်းတယမြို့နယ်

ဟောပြောပေးနိုင်ခဲ့ပြီး ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စုစုပေါင်း (၃)ကြိမ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်တရားရေးဦးစီးမှူးရုံးအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပင်းတယမြို့နယ် တရားရုံးနှင့် ရွာငံမြို့နယ်တရားရုံးများ ဖွင့်လှစ်ထားရှိခဲ့ပါတယ်။ တရားရုံးများအနေဖြင့် ပြည်သူများ ဥပဒေအသိပညာပေးနိုင်ရေးအတွက် ဥပဒေ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တရားရုံးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန်၊ လိုအပ်သည်များ ကိုစုံစမ်းရန်နှင့် အလွယ်တကူလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Intake Counterနှင့် Information Counter များကိုဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ တရားစီရင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် မည်သူမဆို တရားရုံးသို့ အလွယ်တကူ လာရောက်နိုင်ရေး၊ သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရေးအတွက် ပြန်ကြားရေးအရာရှိများ ခန့်ထားပေးခြင်း၊ တရားရုံး စီရင်ချက်အမိန့်များအား မည်သူမဆို သတ်မှတ်သောအခနှုန်းထား ဖြင့် အလွယ်တကူမိတ္တူကူးယူရရှိစေရေးနှင့် ပြည်သူလူထုတရား မျှတမှု လက်လှမ်းမီစေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါ တယ်။ ရက် ၁၀၀ စီမံချက်ကာလအတွင်း ပင်းတယမြို့နယ်တွင် မှုခင်း (၁၄)မှု စစ်ဆေးပေးနိုင်ခဲ့ပြီး(၁၀)မှုကို အမိန့်ချမှတ်ပေးနိုင်ခဲ့ပါတယ်။ ရွာငံမြို့နယ်တွင် မှုခင်း (၂၉)မှု စစ်ဆေးခဲ့ပြီး (၁၄)မှုကိုအမိန့်ချမှတ် ပေးနိုင်ခဲ့ပါတယ်။ ထူးခြားမှုခင်းများ ဖြစ်ပွားမှုမရှိပါ။

D/real(wide) (1

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေးတို့မှ တက်ရောက်အားပေးခဲ့ပြီးဖြစ်ပါတယ်။

ရွာငံမြို့နယ်အနေဖြင့် ၉-၇-၂၀၁၆ ရက်နေ့ ရက် ၁၀၀ စီမံချက်အရ စာရင်းကောက်ယူရရှိသော သာမန်ရွှေ့ပြောင်းအိမ်ထောင်စု (၃၅) စု၊ လူဦးရေပေါင်း (၄၀) ဦးနှင့် မူလနေထိုင်ရာမြို့နယ်များသို့ ညှိနှိုင်းမေးမြန်းထားသော အိမ်ထောင်စု (၃၅) စု၊ လူဦးရေပေါင်း (၄၀) ဦးဖြစ်ပါတယ်။ မေးမြန်းထားသော မြို့နယ်များမှာ ပွင့်ဖြူ၊ ဘုတလင်၊ ဗန်းမော်၊ရွှေကျင်၊လှည်းကူး၊တောင်တွင်းကြီး၊ မိုင်းတုံမြို့နယ်များဖြစ်ပြီး ၎င်းမြို့များသို့ ညှိနှိုင်း မေးမြန်းထားချက်များအား သက်ဆိုင်ရာမြို့နယ်များမှ ပြန်ကြားလာခြင်း မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

ရွာငံမြို့နယ်တွင် အခြေခံပညာကျောင်းများ အပါအဝင် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပြီးစီးမှုမှာ အသက် ၁၀ နှစ်ပြည့် (၂၃)ဦး၊ အသက် ၁၈ နှစ်ပြည့် (၄၄) ဦး ဆောင်ရွက် ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ရက် ၁၀၀ စီမံချက်အရ ၉-၇-၂၀၁၆ ရက်နေ့အထိ ဆောင်ရွက်ပြီးစီးမှု စုစုပေါင်းမှာ အိမ်ထောင်စုလူဦးရေစာရင်း (၁၂) စု၊ နိုင်ငံသားစိစစ် ရေးကတ်ပြား အသက် ၁၀ နှစ်ပြည့် (၁၀၃) ဦး၊ အသက် ၁၈နှစ်ပြည့် (၁၀၉)ဦးတို့အား ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာ မူလမြို့နယ်များသို့ မေးမြန်းချက်အား ပြန်ကြားရရှိပါက အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်

ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များတွင် ရက် ၁၀၀ စီမံချက်အရ လုပ်ဆောင်နိုင်မှုများမှာ ပင်းတယမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးဆောင်ရွက်နိုင်မှု အိမ်ခြေ (၇၂၅)အိမ်၊ စက်ရုံ/ အလုပ်ရုံ စစ်ဆေးမှု (၆) ကြိမ်၊ စျေးစစ်ဆေးမှု (၄)ကြိမ်၊ စက်သုံး ဆီဆိုင်စစ်ဆေးမှု (၁၀)ဆိုင်၊ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု (၄) ကြိမ်၊ မီးဘေးအသိပညာပေးဟောပြော ပို့ချသရုပ်ပြသမှု (၄) ကြိမ်၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှု အနေဖြင့် ဘုန်းကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းများဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရွာငံမြို့နယ်တွင် မီးဘေး ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေး ဆောင်ရွက်နိုင်မှု အိမ်ခြေ (၆၀၀) လုံး၊ စက်ရုံ/ အလုပ်ရုံ စစ်ဆေးမှု (၄) ကြိမ်၊စျေးစစ်ဆေးမှု(၂) ကြိမ်၊ စက်သုံးဆီဆိုင် (၁၀)ဆိုင်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု (၄)ကြိမ်၊ မီးဘေးအသိပညာပေးဟောပြော ပို့ချသရုပ်ပြမှု (၄)ကြိမ်၊ ပြည်သူ့ အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ရွာငံမြို့ပေါ်ရှိ ရေရှားပါးသည့်ရပ်ကွက်များအား သောက်သုံးရေ (၈၀၀၀)ဂါလန်အား လှူဒါန်းပေးနိုင်ခဲ့ပါတယ်။

၎င်းအပြင်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယနှင့် ရွာငံမြို့နယ်များအတွင်း ရက် ၁၀၀ စီမံချက်အရ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ပင်းတယမြို့နယ်အတွင်း ၉-၇-၂၀၁၆ ရက်နေ့အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ-

D/real(wide) (1

မှတ်ပုံတင်တစ်မျိုးမျိုးအား ထုတ်ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးကိုယ်စိတ်နှစ်ပါးငြိမ်းချမ်းကြပါစေလို့ ဦးစွာပထမဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်ဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာကာလင်းမှ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျွန်တော်ကိုင်တွယ်ရသည့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများမှ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ မိဘပြည်သူများဗဟုသုတရရှိရန်အတွက် ရွာငံမြို့နယ်မှာ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲကို တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ရာ(၁၁၂)ဦးတက်ရောက်ခဲ့ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များတွင် ကျေးလက်နေပြည်သူများအလုပ် အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ရွာငံမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့်

ဆီးကျအင်းရွာ(၄)ရွာတို့အား ကွင်းဆင်းကြည့်ရှုညှိနှိုင်းပြီးဖြစ်ပါကြောင်း၊ ၎င်းကျေးရွာများမှ ကျေးရွာသူ/သား (၃၇)ဦးအား ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းများတွင်(၃၃)ဦး၊ ဧည့်လမ်းညွှန်အခြေခံသင်တန်းတွင် (၄) ဦး စေလွှတ်တက်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ CBT အတွက် အဆောက်အအုံ ဆောက်လုပ်ခြင်းအား ၁၀/၂၀၁၆ လပိုင်းအပြီး ဆောက်လုပ်ပြီး ယခုနှစ်တွင် စမ်းသပ်ကာလအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့မှ မြေပြင်ကွင်းဆင်းကြည့်ရှုပြီး ခရီးစဉ်ဒေသအသစ်တစ်ခုအဖြစ် ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေလေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယနှင့် ရွာငံမြို့နယ်များအတွင်း ရက် ၁၀၀ စီမံချက်၌ ဆောင်ရွက်ခဲ့သော ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေကို အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်-

အခြေခံပညာဦးစီးဌာန၏ ဆောင်ရွက်ချက်။ ကျောင်းအပ်နှံရေးနှေ့ အခမ်းအနားများ ကျင်းပဆောင်ရွက် ၍ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ ရောက်ရှိ ရေးကို ပညာရေး

D/real(wide) (1

ဝန်ထမ်းများနှင့် ဒေသအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ကျောင်းထွက်နှုန်းလျှော့ချရေး နှစ်စမှစ၍ ကျောင်းသား/သူများ အခြေခံကောင်းများရရှိအောင် သင်ကြားနိုင်ရေးအတွက် ကျောင်းအုပ်ကြီးများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူမှု တန်းတူရရှိရေးအတွက် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျှော့ချရေးအတွက် Inclusive Education အရ ဆောင်ရွက်နေပြီး၊ ကလေးများကျောင်းပျက်ကွက်မှု လျော့နည်းအောင် အတန်းပိုင်ဆရာ/မများနှင့် ကျောင်းအုပ်ကြီးများက ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံထူးချွန်သော နိုင်ငံသားကောင်းလူရည်ချွန်များပေါ်ထွန်းလာရေးအတွက် ကျောင်းတွင် ပြဋ္ဌာန်းထားသော သင်ရိုးဝင်နှင့် တွဲဘက်သင်ရိုးဝင်ဘာသာရပ်များအားအပြည့်အဝသင်ကြားနိုင်ရေးအတွက် ကျောင်းအုပ်များက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

သင်ကြားနည်းစနစ်များ၊ သင်ယူမှုနည်းစနစ်များ တိုးတက်လာစေရေး၊ ဘာသာရပ်အဖွဲ့များ ဖွဲ့စည်း၍ လစဉ် ဆွေးနွေးပွဲများပြုလုပ်ပြီး သင်ကြားသင်ယူမှု နည်းစနစ်များ တိုးတက်လာစေရေးကို ကျောင်းအုပ်ကြီးများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပင်းတယမြို့နယ်၌ အထက (ခွဲ) (၁) ကျောင်း၊ အလက(ခွဲ) (၁) ကျောင်း၊ အမက(ခွဲ) (၁) ကျောင်း စုစုပေါင်း (၃)ကျောင်း၊ ရွာငံမြို့နယ်၌ အထက(ခွဲ) (၁) ကျောင်း၊ အလက (ခွဲ) (၃)ကျောင်း၊ မူလတန်းလွန်ကျောင်း(၃)

သစ်သီးဝလံ အခြေခံ စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းကို ၂၄-၅-၂၀၁၆ ရက်နေ့မှ ၃၀-၅-၂၀၁၆ ရက်အထိ သင်တန်းသား (၂၀)ဦးဖြင့်လည်းကောင်း၊ ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ၁၆-၅-၂၀၁၆ ရက်မှ ၃၀-၅-၂၀၁၆ ရက်အထိ သင်တန်းသား (၂၀) ဦးဖြင့်လည်းကောင်း၊ ပင်းတယမြို့နယ်အတွင်း ရှိ ဒေသခံ ပြည်သူများအတွက် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းကို ၃-၆-၂၀၁၆ ရက်နေ့မှ ၂-၇-၂၀၁၆ ရက်အထိ သင်တန်းသား (၂၀)ဦးဖြင့်လည်းကောင်း ဖွင့်လှစ် ပေးနိုင်ခဲ့ပါတယ်။

ထို့အပြင်ဟိုတယ်နှင့်ခရီးသွားည့ွှန်ကြားရေး ဦးစီးဌာနအနေဖြင့် ပင်းတယမြို့နယ်မှာ ရက် ၁၀၀ စီမံချက်ဖြင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်း (၄) မျိုးကို ၁၆-၅-၂၀၁၆ ရက်မှ ၁၀-၆-၂၀၁၆ ရက်အထိ သင်တန်းသား (၉၄)ဦးဖြင့်လည်းကောင်း သင်တန်းဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပါက ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အတွက် ပင်းတယမြို့နယ်မှ တက္ကသိုလ်ဝင်တန်းအောင်ပြီး လူငယ် (၃၁)ဦး၊ ရွာငံမြို့နယ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လူငယ် (၁၇)ဦး စုစုပေါင်း (၄၈)ဦးအား ဒေသဆိုင်ရာ ဧည့်လမ်းညွှန် သင်တန်းများပို့ချပေးခဲ့ပြီး ဖြစ်ပါတယ်။

CBT လို့ခေါ်သည့် Community Based Tourism ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရန် ရွာငံမြို့နယ်မှ တောင်မြင့်ကြီးရွာနှင့် ယဇဂြိရွာ၊ ပင်းတယမြို့နယ်မှ ပင်စိမ်းပင်ရွာနှင့်

D/real(wide) (1

ကျောင်း စုစုပေါင်း(၇)ကျောင်း၊ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပင်းတယမြို့နယ်၌ မြို့နယ် အဆင့် ကျောင်းအပ်နှံရေးနေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သော မူလတန်း အဆင့်အတွက် KG Kit ပုံများ၊ ကျောင်းဝတ်စုံ (၁) စုံ၊ ကျောင်းသုံးဖတ်စာအုပ် (ထက်/လယ်/မူ) မူလတန်းအဆင့်အတွက် ဗလာ စာအုပ် (၆) အုပ် (KG မပါ)တို့ကို အခြေခံပညာကျောင်းများ အားလုံးကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။

အခြေခံပညာကျောင်းများ အားလုံး ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေး၊ သာယာလှပရေးအတွက် ကျောင်းများအားလုံး သန့်ရှင်းရေး ဆောင်ရွက်ကြပါတယ်။ အခြေခံပညာကျောင်းများ အားလုံးစိမ်းလန်းစိုပြေရေးအတွက် ကျောင်းများအားလုံးတွင် အရိပ်ရအပင်၊ နေကာပင်၊ ပန်းအလှပင်များ စိုက်ပျိုးကြပါတယ်။ ၂၀-၆-၂၀၁၆ မှ ၂၄-၆-၂၀၁၆ ရက်နေ့ထိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

အခြေခံပညာကျောင်းများ အားလုံးရှိ ကျောင်းသား/သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် မြို့နယ်အတွင်း အခြေခံ ပညာအထက်တန်းကျောင်းများကို ဦးစားပေး၍ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောခြင်း၊ သဘာဝဘေးအန္တရာယ်၊ ယာဉ် အန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

ရေးအဖြစ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းများတွင် တွဲဖက်သင်ရိုးဝင် ဘာသာဖြစ်သည့် သက်မွေးပညာ (အိမ်တွင်းမှု၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး)ကို မိမိတို့ကျောင်းနှင့် သင့်လျော်ရာရွေးချယ်၍ သင်ကြားပေးခဲ့ပါတယ်။

ဆရာ/ဆရာမများ၏ သင်ကြားပို့ချမှုစွမ်းဆောင်ရည်အကဲဖြတ်ဆောင်ရွက်မှုလုပ်ငန်းများအတွက် အထက်ဆင့် ဘာသာရပ်မွမ်းမံသင်တန်း၊ ဆွေးနွေးပွဲများကို ပြည်နယ်အဆင့်မှ ဦးဆောင်ကြီးကြပ်၍ ၁ သုတ်လျှင် (၂) ဘာသာ (၇)ရက်နှုန်းဖြင့် (၃) သုတ်ခွဲ၍ ၈-၇-၂၀၁၆ မှ ၂၉-၇-၂၀၁၆ ရက်ထိ ပင်းတယမှ အထက်တန်းပြ (၂၀) ဦး၊ ရွာငံမှ (၁၀) ဦး၊ ခရိုင်အဆင့်မှ ဦးဆောင်၍ အလယ်တန်းအဆင့် ၁ သုတ် (၂) ဘာသာ (၅)ရက်နှုန်းဖြင့် (၃) သုတ် ခွဲ၍ ၈-၇-၂၀၁၆ မှ ၂၄-၇-၂၀၁၆ ရက်ထိ ပင်းတယမှလယ်ပြ (၄၆) ဦး၊ ရွာငံမှလယ်ပြ (၄၇) ဦး တက်ရောက်ကြမှာဖြစ်ပါတယ်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် ရက် ၁၀၀ စီမံချက်၌ ဆောင်ရွက်ခဲ့သော ကျန်းမာရေးလုပ်ငန်းများအနေဖြင့် ပင်းတယမြို့နယ်တွင် (၁၀) ရက်လျှင် (၁)ရွာနှုန်းဖြင့် နယ်လှည့်ဆေးကုသခြင်းလုပ်ငန်း၊ ကျန်းမာရေးပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါတယ်။ ယင်လုံအိမ်သာတည်ဆောက်ရေးအနေဖြင့် အိမ်သာခွက်(၆၅၀) ဝေငှပေးခဲ့ပါတယ်။ဝမ်းပျက်၊ဝမ်းလျော၊ သွေးလွန်တုပ်ကွေးကာကွယ်

D/real(wide) (1

အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး ဟောပြောခြင်းများကို သက်ဆိုင်ရာဌာနများ၏ စီမံချက်နှင့်အညီ အသိပညာပေး ဟောပြောနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ (၁၀)နှစ်ပြည့်ကလေးများ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရေးကိုလည်း မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် မှတ်ပုံတင် ဦးစီးဌာနက ၎င်းတို့၏စီမံချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြ ပါတယ်။

အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့် လိုအပ်သော ဆရာ လိုအပ်ချက်များ ၁+၄ အရ မူပြ(နေ့စား) ပင်းတယ မြို့နယ်တွင် (၇၈) ဦး၊ ရွာငံမြို့နယ်တွင် (၁၀၂) ဦးတို့ကို ၁-၇-၂၀၁၆ ရက်နေ့တွင် ခန့်အပ်ပြီးဖြစ်ပါတယ်။

ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့် KG သင်တန်းကို ၂၆-၄-၂၀၁၆ မှ ၁၀-၅-၂၀၁၆ ရက်နေ့ထိ အထက ပင်းတယတွင် ပို့ချခဲ့ပြီးဖြစ်ပါတယ်။ ပင်းတယနှင့် ရွာငံမြို့နယ်များရှိ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့် KG သင်တန်းကို ၂၆-၄-၂၀၁၆ မှ ၁၀-၅-၂၀၁၆ ရက်နေ့ထိ အထက ပင်းတယနှင့် အထက ရွာငံတို့တွင် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ ပါတယ်။ ပင်းတယမြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ ဆရာ/ ဆရာမများ CCA သင်တန်းများကို ကျောင်းအုပ်စုအလိုက် ဆောင်ရွက်ကြရာ ၁၁-၆-၂၀၁၆ မှ ၁၂-၆-၂၀၁၆ ရက်နေ့ထိ အမကကန်ထောင့် ကျောင်း၌သင်တန်းများပို့ချပေးခဲ့ပါတယ်။

ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ နည်းပညာနှင့် အသက်မွေးပညာလေ့ကျင့်ပညာပေး

နှိမ်နင်းရေးအနေဖြင့် ပုန်းတလုတ်ကန်ဆယ်ယူရေးလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါတယ်။ သွေးလျှုရှင်အသင်းများမှ သွေးလျှုရှင် (၂၅၀) ဦးအား အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးထိုးနှံ့ ပေးခဲ့ပါတယ်။ အန္တရာယ်ရှိသည့်မွေးမိခင်ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများလည်း စတင်ဆောင်ရွက်လျက်ရှိ ပါတယ်။ ပြင်းထန် အဆုတ်ရောင်ကာကွယ်ဆေးသစ် (PCV) စတင်ထိုးနှံ့ဆောင်ရွက် လျက်ရှိပါတယ်။ ကိုယ်ဝန်ဆောင်မိခင် များကိုလည်း အာဟာရဖြည့် ဆေးဝါးများ တိုက်ကျွေးလျက်ရှိ ပါတယ်။ ရွာငံမြို့နယ်တွင် ကျေးရွာများသို့ အလှည့်ကျ သွားရောက်၍ နယ်လှည့် ဆေးကုသခြင်း၊ ကျန်းမာရေး ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါတယ်။ မြို့ပေါ်ရပ်ကွက် များနှင့် ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေးအတွက် ဆေးခပ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ အထကကျောင်းများတွင် ကျောင်း ကျန်းမာရေး စစ်ဆေးခြင်း၊ ကျန်းမာရေး၊ ပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကျန်းမာရေးလက်ကမ်းစာစောင်များ၊ ပညာပေး စာအုပ်များ ဝေငှခြင်းများဆောင်ရွက်ခဲ့ပါတယ်။

ကုသရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအနေဖြင့် ခွေးရူးကာကွယ်ဆေးထိုးနှံ့နိုင်ရန်အတွက် ကျန်းမာရေးပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခွေးရူး ကာကွယ်ဆေးပြတ်လပ်မှု မရှိစေရေးအတွက် ဆေးရုံများမှ တာဝန်ယူဆောင်ရွက်ခြင်း၊ သွေးလျှုရှင်များကို အသည်းရောင် အသားဝါဘီပိုးကာကွယ်ဆေး

D/real(wide) (1

များကို အခမဲ့ထိုးနှံပေးခြင်း၊ ဒေါက်တာခင်မောင်ဝင်း ဦးဆောင်သည့် အသည်းဖောင်ဒေးရှင်းမှ လျှုဒါန်းသည့် ကာကွယ်ဆေးအလုံးရေ (၂၀၀၀)ကို ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်းထိုးနှံပေးပြီးဖြစ်ပါတယ်။

မြို့ကျက်သရေဆောင် ပုန်းတလုတ်ကန်ကြီးအား မြို့နယ်ကုသရေးဦးစီးဌာနမှူး ဦးဆောင်ကာ မြို့လူထုတစ်ရပ်လုံး ပါဝင်မှုဖြင့် ရေကန်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀% ပြီးစီးနေပြီဖြစ်ပါတယ်။ ရက် ၁၀၀ ပြည့်မြောက်ချိန်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ပါတယ်။ ရေကန်ဆယ်ရန်အတွက် လိုအပ်သည့် ငွေကျပ်သိန်း (၁၀၀၀)ကျော်ကို ပြည်သူလူထုမှ ထည့်ဝင်လျှုဒါန်းထားပါတယ်။

ရွာငံမြို့နယ်၊ မြို့ကြီးတိုက်နယ် ဆေးရုံအဆောက်အဦကို ၅-၆-၂၀၁၆ ရက်တွင် လွှဲပြောင်းလက်ခံပြီးဖြစ်ပါတယ်။ တိုက်နယ် ဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် ရွာငံမြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ၄-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ဝ၉၀/ကုသ(ဆေးပစ္စည်း)/၂၀၁၆ ဖြင့် တင်ပြတောင်းခံထားရာ ပြည်နယ်ကုသရေးဦးစီးဌာန၏ ၇-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၇၄၁/ကုသ(ဆေးပစ္စည်း)/၂၀၁၆ ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားဆဲ ဖြစ်ပါတယ်။

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဆောင်ရွက်ချက် အနေဖြင့် ပင်းတယမြို့နယ်မှာ ပြည်သူလူထုအကြား အားကစား နှင့်ကာယပညာ ဗဟုသုတအတွေးအခေါ်များ စိမ့်ဝင်ပျံနှံ့စေရေး အတွက် ပင်းတယမြို့နယ် အထကခွဲကျောင်းတွင် ၁၅-၆-၂၀၁၆ ရက်နေ့၌ ပြည်သူလူထု (၁၀၀) ဦးအား ဟောပြောခဲ့ပါတယ်။

အုပ်ချုပ်ရေးမှူး ဖလား အသက် (၂၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲ၊ စစ်တုရင်၊ ဘိလိယက်၊ စန္ဒကာပြိုင်ပွဲများအား ၂၆-၅-၂၀၁၆ မှ ၆-၆-၂၀၁၆ ရက်နေ့အထိ ကျင်းပခဲ့ရာမှာ ရွာငံမြို့နယ်မှ ဘောလုံး အသင်း (၁)သင်း၊ ပိုက်ကျော်ခြင်း (၇) ဦး၊ စစ်တုရင် (၂)ဦး၊ ဘိလိယက်၊ စန္ဒကာ (၃)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ မေးထားသည့် မေးခွန်းအပေါ်မှာ ဆောင်ရွက် ထားသည့် ဦးစီးဌာန (၁၀)ခု၏ လုပ်ငန်းစဉ်များဆောင်ရွက်ထားမှု များကို တင်ပြသွားမှဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန အနေဖြင့် ရက် ၁၀၀ အတွင်းမှာ ဆောင်ရွက်သည့်လုပ်ငန်းမရှိပါ။ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ပင်းတယနှင့် ရွာငံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ-

(က) **မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း** ။ စပါးကို ပင်းတယတွင် (၁၂၉၆) ကီလိုနှင့် ရွာငံတွင် (၉၆၀) ကီလို၊ အစေ့ထုတ်ပြောင်းကို ပင်းတယတွင် (၂၅၀) ကီလိုနှင့် ရွာငံတွင် (၂၅၀) ကီလို၊ နေကြာကို ပင်းတယတွင် (၉၀) ကီလို၊ မြေပဲကို ပင်းတယတွင်

D/real(wide) (1

(၁၂၀) တင်းနှင့် ရွာငံတွင် (၂၄၀) တင်း၊ ပဲစင်းငုံကို ပင်းတယတွင် (၂. ၅)တင်းနှင့် ရွာငံတွင် (၃) တင်း၊ ပဲပုတ်ကို ပင်းတယတွင် (၅)တင်းနှင့် ရွာငံတွင် (၁၀) တင်း၊ နှမ်းကို ရွာငံတွင် (၁. ၅)တင်းနှင့် ပဲတီစိမ်းကို ရွာငံတွင် (၅)တင်းဖြန့်ဖြူးပေးနိုင်ခဲ့ ပါတယ်။

(ခ) **တောင်သူပညာပေးစံပြကွက်များ ပြုလုပ်ပြသခြင်း။** တောင်သူပညာပေးစံပြကွက်ပြုလုပ်နိုင်ခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စပါးကို ပင်းတယတွင်(၄၂)ဧက၊အစေ့ ထုတ်ပြောင်းကို ပင်းတယတွင် (၅၀)ဧက၊ ပဲပုတ်ကို ပင်းတယတွင် (၁၀)ဧကနှင့် ရွာငံတွင် (၂၀)ဧက၊ ပဲစင်းငုံကို ပင်းတယတွင် (၁၀)ဧကနှင့် ရွာငံတွင် (၃၀)ဧက၊ မြေပဲကိုပင်းတယတွင် (၂၀)ဧကနှင့် ရွာငံတွင် (၄၀)ဧက၊ နေကြာကို ပင်းတယတွင် (၂၀)ဧက၊အာလူးကို ပင်းတယတွင်(၁၀)ဧကအား တောင်သူ ပညာပေး စံပြကွက်များ ပြုလုပ်ပြသ ပေးနိုင်ခဲ့ပါတယ်။

တောင်သူများပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ပညာပေးသင်တန်းဆွေးနွေးခြင်းကို ပင်းတယတွင် (၅၉၆) ဦးကို (၈) ကြိမ်၊ ရွာငံတွင် (၁၆) ကြိမ်ကို (၇၃၉)ဦးအား ပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါတယ်။ တောင်သူပညာပေးစာစောင်ဖြန့်ဝေခြင်းကို ပင်းတယတွင် (၁၄၀၀)နှင့် ရွာငံတွင်(၄၈၀၀)ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏

ပြည်သူ လူထုအကြား အားကစားအသိပညာပေး ဆိုင်းဘုတ် Vinyl များအား ပင်းတယမြို့နယ် မြို့ပတ်လမ်း၊ အားကစားကွင်း အရှေ့ဘက်၊ ပင်းတယစျေးအနီး၊ မြို့အဝင်များတွင် စိုက်ထူထားရှိပါတယ်။ ပင်းတယမြို့၌ အေရိုးဗစ်အခြေခံသင်တန်းအား ၂-၇-၂၀၁၆ မှ ၁၀-၇-၂၀၁၆ ရက်နေ့အထိ သဲကုန်းတွဲဖက် အထက ကျောင်းတွင် (၁၈)ဦး၊ ပွေးလှ အထကကျောင်းတွင် (၄၂) ဦး၊ ပင်းတယ အထက ကျောင်းတွင် (၁၈)ဦးတို့အား သင်တန်းဖွင့်လှစ်ပေးခဲ့ ပါတယ်။ တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက် (၂၃)နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများအား ၂၆-၅-၂၀၁၆ ရက်နေ့မှ ၆-၆-၂၀၁၆ ရက်နေ့ထိ ကျင်းပခဲ့ရာ ပင်းတယမြို့နယ်မှ ဘောလုံး (၁) သင်း၊ ပိုက်ကျော်ခြင်း (၇)ဦးဝင်ရောက်ယှဉ်ပြိုင် ခဲ့ပါတယ်။

ရွာငံမြို့နယ်အနေဖြင့် ပြည်သူလူထုအကြား အားကစားနှင့် ကာယပညာဗဟုသုတ အတွေးအခေါ်များ စိမ့်ဝင်ပျံနှံစေရေး အတွက် ရွာငံမြို့နယ်အထက (မြင်းကျဒိုး)ကျောင်းတွင် ၆-၆-၂၀၁၆ ရက်နေ့၌ ကျောင်းသား/သူ (၁၅၀)ဦးအားဟောပြောခဲ့ပါတယ်။ ရွာငံမြို့နယ် အထက(မြိုင်)ကျောင်းတွင် ၉-၆-၂၀၁၆ ရက်နေ့၌ ကျောင်းသား/သူ (၂၀၀)ဦးအား ဟောပြောခဲ့ပါတယ်။ အားကစား အသိပညာပေး ဆိုင်းဘုတ် Vinyl များအား ရွာငံမြို့နယ် မြို့အထွက်လမ်း၊ အားကစားကွင်းရှေ့၊ မြို့အဝင်လမ်း၊ မြို့မစျေးအနီး စိုက်ထူထားရှိပါတယ်။ ရွာငံမြို့နယ် အသက်(၁၄)နှစ် လူငယ် ကျောင်းသားပေါင်းစုံ ကျောင်းဇုန်အလိုက် ဘောလုံးပြိုင်ပွဲအား ၈-၆-၂၀၁၆ မှ ၁၃-၆-၂၀၁၆ရက်နေ့အထိ ပြိုင်ပွဲဝင်အသင်း (၆)သင်းဖြင့် ကျင်းပပြုလုပ်လျက်ရှိပါတယ်။ တောင်ကြီးခရိုင်

D/real(wide) (1

ရက် ၁၀၀ အတွင်း ဆောင်ရွက်နိုင်သည့် တိရစ္ဆာန်ရောဂါကာကွယ်ကုသခြင်း၊ ပညာပေးသင်တန်းဖွင့်လှစ်ခြင်းနှင့် ပညာပေးဟောပြောမှုအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယနှင့်ရွာငံမြို့နယ်တွင် အောက်ပါအတိုင်း ဆောင်ရွက်ထားပါတယ်-

ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း။ ကျွဲနွားပေါင်ပုပ်လက်ပုပ် ရောဂါ ပင်းတယတွင် (၃၃၂)ကောင် နှင့် ရွာငံတွင် (၂၄၆) ကောင်၊ ကျွဲနွားလည်ချောင်းကွဲရောဂါ ပင်းတယတွင် (၁၁၃၄)ကောင်နှင့် ရွာငံတွင် (၈၀၇) ကောင်၊ ကုသခြင်းအနေဖြင့် ပင်းတယတွင် ကျွဲ နွား (၅၇)ကောင်နှင့် ရွာငံတွင် (၈၄) ကောင်၊ ပင်းတယတွင် ဝက် (၆၂)ကောင်နှင့် ရွာငံတွင်(၉၃)ကောင်စသည်ဖြင့် ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပါတယ်။

ပညာပေးသင်တန်းအနေဖြင့် ပင်းတယတွင် (၂)ကြိမ် တက်ရောက်သူ (၆၄) ဦးနှင့် ရွာငံတွင် (၂) ကြိမ်နှင့် တက်ရောက်သူ (၇၂)ဦးဖြစ်ပါတယ်။ ပညာပေးဟောပြောခြင်းအနေဖြင့် ပင်းတယတွင် (၃) ကြိမ်၊ တက်ရောက်သူ (၁၁၃) ဦးနှင့် ရွာငံတွင် (၂) ကြိမ် တက်ရောက်သူ (၆၇)ဦးဖြစ်ပါတယ်။

ဆက်လက်ပြီး ဦးစီးဌာနတစ်ခုဖြစ်သည့် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်တင်ပြပေးသွားမှာဖြစ်ပါတယ်။ ကျေးလက်ရေပေးရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းလုပ်ငန်းများအား ဦးစားပေးအဖြစ်ဆောင်ရွက်ရန် လျာထား

(ဃ) စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းအား ဒီဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထိန်းသိမ်းဆောင်ရွက်ရန် Digital Deeds Management System Software အသုံးပြုနည်းသင်တန်း။

အဆိုပါလုပ်ငန်းများအနေဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးဆင့်ပွားသင်တန်းကို ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ၁၈-၅-၂၀၁၆ မှ ၂၀-၅-၂၀၁၆ ရက်ထိ ပို့ချပေးခဲ့ပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ ဝန်ထမ်းများကို လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ၇-၆-၂၀၁၆ မှ ၁၃-၆-၂၀၁၆ ရက်ထိ သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ ဝန်ထမ်းများ ခေတ်မီမြေတိုင်းကိရိယာများဖြစ်သည့် RTK GPS များကို အသုံးပြု၍ မြေတိုင်းတာခြင်းနှင့် Geomedia Professional Software ဖြင့် Digital ကွင်းမြေပုံများရေးဆွဲခြင်း သင်တန်းကို ၂၁-၆-၂၀၁၆ မှ ၃၀-၆-၂၀၁၆ ရက်ထိ သက်ဆိုင်ရာ မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။

စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းအား ဒီဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထိန်းသိမ်းဆောင်ရွက်ရန် Digital Deeds Management System Software အသုံးပြုနည်း သင်တန်းကို ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင်

D/real(wide) (1

၇-၅-၂၀၁၆ မှ ၈-၅-၂၀၁၆ ရက်ထိ ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင်လည်းစတင် စမ်းသပ်အသုံးပြုလျက်ရှိပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယနှင့် ရွာငံမြို့နယ်များတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်ကာလအတွင်း မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တင်ပြရမည်ဆိုလျှင် ၂၄-၆-၂၀၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသခံပြည်သူများပါဝင်လျက် ငါးခုံးမအကောင်ရေ (၅၀၀၀၀)အား ရွာငံမြို့နယ်၊ မြို့ကြီးရေလှောင်တမံတွင် မျိုးစိတ်ထည့်ပေးခဲ့ပါတယ်။ ပင်းတယမြို့ ပုန်းတလုတ်ကန်တွင်လည်း ငါးသားပေါက်အကောင်ရေ (၃၀၀၀၀) အား ၉-၇-၂၀၁၆ ရက်နေ့တွင် ငါးမျိုးစိတ်ထည့်ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် ပျားလုပ်ငန်းဌာနအနေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကို တင်ပြသွားမှာဖြစ်ပါတယ်။ ပျားလုပ်ငန်းဌာန အနေဖြင့် Tag International Development တို့နှင့်ပူးပေါင်းဆောင်ရွက်သည့် အခြေခံပျားမွေးမြူရေးသင်တန်းကို ပင်းတယမြို့နယ်၊ ပျားမွေးမြူရေး

D/real(wide) (1

ရေးဆွဲခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ရက် ၁၀၀ စီမံချက်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ပင်းတယမြို့နယ်အတွင်း မြေသားကန်အသစ်တူးဖော်ခြင်း လုပ်ငန်း (၉)ခု ၊ မြေသားကန်ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း (၃) ခု၊ စုစုပေါင်း ရေပေးရေးလုပ်ငန်း (၁၂) ခုနှင့် လမ်းတံတားမွမ်းမံပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအဖြစ် ပင်းတယမြို့နယ်အတွင်း ကျောက်လမ်း (၁)လမ်း၊ (၁) မိုင် (၂) ဖာလုံအား ဘေးနှစ်ဖက် (၁)ပေစီချဲ့ပြုပြင်ခြင်း၊ သစ်သားတံတား(၁) စင်း၊ (၆၀)ပေအား ကြမ်းခင်း၊ယက္ခ၊ ဘီးလမ်းနှင့် လက်ရမ်းများပြုပြင်ခြင်း၊ ရွာငံမြို့နယ်အတွင်းဆွေးမြေပျက်စီးနေသည့် တံတား (၅)စင်း၊ (၄၀)ပေအား Box Culvert (၅)စင်းဖြင့် အစားထိုး ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် ရက် ၁၀၀ အတွင်း ဆောင်ရွက်သည့် လုပ်ငန်းများကို ဖြေကြားအပ်ပါတယ်။

(က) မြို့နယ်/မြို့ဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်း။

(ခ) ခေတ်မီမြေတိုင်းကိရိယာများဖြစ်သည့် RTK GPS များကို အသုံးပြု၍ မြေတိုင်းတာခြင်းနှင့် Geomedia Professional Software ဖြင့် Digital ကွင်းမြေပုံများ ရေးဆွဲခြင်းသင်တန်း။

(ဂ) ဌာနလုပ်ငန်းများစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း။

ဆောင်ရွက်မှုများကို ကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။ ကျွန်တော် အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာကာလင်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယနှင့်ရွာငံမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်၌ ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှု အခြေအနေ ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယနှင့် ရွာငံမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်၌ ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ပင်းတယမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ရေစီးရေလာကောင်းမွန်စေရန်၊ တောင်ပေါ်ကြီး အဆင်းလမ်း ရေနုတ်မြောင်းတူးဖော်ခြင်း ပေ ၉၅၀၀×၃×၂ ကုန်ကျငွေကျပ် (၉. ၂)သိန်း၊ သရက်ကုန်းမှ ပုန်းတလုတ်ကန်သို့ ရေဝင်မြောင်းတူးဖော်ခြင်း ပေ ၅၅၀၀×၃×၂ ကုန်ကျငွေကျပ် (၄. ၈)သိန်း၊ စုစုပေါင်းကုန်ကျငွေကျပ်(၁၄)သိန်းဖြင့် လည်းကောင်း၊ မြို့သာယာလှပရေးအတွက် ရပ်စောက်အထွက်

နုံးတွင် သင်တန်းသား (၂၈)ဦးဖြင့်၅-၇-၂၀၁၆ ရက်မှစတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ဇင်းသင်တန်းတွင် ပျားမွေးမြူရေးဆိုင်ရာဘာသာရပ်များကို စာတွေလက်တွေ့သင်ကြားပို့ချပြီး ပျားမွေးမြူရေးလုပ်ငန်းကို သင်တန်းသား များမှ ကိုယ်တိုင်မွေးမြူလုပ်ကိုင်စေရန် ရည်ရွယ်ပြီး သင်တန်းသား တစ်ဦးလျှင် ပျားအုံ (၂၀)ကိုပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။

ပင်းတယမြို့နယ်အတွင်းရှိ မိုင်းအင်၊ မိုင်းလီကျေးရွာအတွင်းရှိ ပျားစာရပြောင်းနှင့် နေကြာ၊ မြေပဲစိုက်ခင်းများတွင်လည်း ပုဂ္ဂလိက ပျားအုံများ ချထားမွေးမြူပြီး ပျားအုံဖွံ့ဖြိုးမှုနှင့်ဝတ်မှုကူးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိပါသဖြင့် ပျားလုပ်ငန်းဌာနမှ ပျားစခန်း စစ်ဆေးခြင်းကို အောက်ပါခေါင်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်-

(က) လုပ်ငန်းလိုင်စင် ရှိ/မရှိ။
(ခ) ပျားရောဂါကင်းစင်ခြင်း ရှိ/မရှိ။
(ဂ) ပျားအုံကိုင်တွယ်ထိန်းသိမ်းမှု။
(ဃ) ပျားရည်နှင့် ပျားထွက်ပစ္စည်းရရှိမှု။
(ငံ) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း။
(စ) ပျားစားကျက်များ ခွဲဝေချထားပေးခြင်းတို့ဖြစ်ပါတယ်။

ပျားလုပ်ငန်းဌာနအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ရှမ်းပြည်နယ်စက်မှုလက်မှုဦးစီးဌာနအနေဖြင့် ရက် ၁၀၀ အတွင်းမှာ ပင်းတယမြို့တွင် (၆၁၆)ကော ထွန်ယက်ပေးနိုင်ခဲ့ပြီး လေထိုးကုန်း၊ ကုန်းသာ၊ ရွာငံစုကျေးရွာများတွင် လယ်ထွန်စက် (၃) စီးနှင့် ရွာငံမြို့နယ်၊ ပိန်ခဲကုန်း၊ နွားဘန်းကြီး၊ ကျောက်နက်ကျေးရွာ

D/real(wide) (1

မြို့ဝင် ဆိုင်းဘုတ်စတီးလက်ရန်းတပ်ဆင်ခြင်း ကုန်ကျငွေကျပ် (၅) သိန်း၊ ဟဲဟိုးအထွက် မြို့ဝင်ဆိုင်းဘုတ်စတီးလက်ရန်းတပ်ဆင်ခြင်း ကုန်ကျငွေကျပ် (၉၀ ၆)သိန်း၊ မြို့ဝင်ဆိုင်းဘုတ် (၃)ခုဆေးသုတ်ခြင်း၊ ကုန်ကျငွေကျပ် (၅)သိန်း၊ ပန်းအုတ်ခုံ (၂၀)ခု ပြုလုပ်ခြင်း၊ ကုန်ကျငွေကျပ်(၆)သိန်း၊ စုစုပေါင်းကုန်ကျငွေကျပ်(၂၅၀ ၆)သိန်းဖြင့် လည်းကောင်း စသည့်လုပ်ငန်းများအား ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပထမ ၃ လပတ်ကာလအတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပုန်းတလုတ်ကန် အနောက်ဘက် ပတ်လမ်းကျောက်ချောလမ်းမှ ကတ္တရာခင်းခြင်းနှင့် ရေပြွန် (၁) စင်း တည်ဆောက်ခြင်းလုပ်ငန်း ကုန်ကျငွေကျပ် (၂၀၈) သိန်း၊ ကန်ပတ်လမ်း ကတ္တရာပိုးလွှာခင်းခြင်း ကုန်ကျငွေကျပ် (၁၃၁၀ ၅)သိန်း၊ အော်ယောရပ်ကွက် စက်ရေတွင်းတူးဖော်ခြင်း ကုန်ကျငွေကျပ်သိန်း(၃၀)၊ ဆူးဘိုကုန်းရပ်ကွက်တွင် စက်ရေတွင်းတူးဖော်ခြင်း ကုန်ကျငွေကျပ်သိန်း (၃၀)စသည်တို့အား ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြို့သန့်ရှင်းရေးအတွက် ဌာနပိုင်အမှိုက်သိမ်းယာဉ်ဖြင့် နေ့စဉ်သိမ်းဆည်းပေးလျက်ရှိပါတယ်။

ရွာငံမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သာယာလမ်းအုတ်ရေမြောင်းပြုလုပ်ခြင်းပေ ၂၂၅×၂×၂ ကုန်ကျငွေကျပ် (၃၅၀ ၆၅)သိန်း၊ ရေဆိုးထုတ်မြောင်းဆယ်ယူခြင်းလုပ်ငန်း၊ မြို့သာယာလှပရေးအတွက် ပျိုးပင်များထူထောင်၍ မြို့ဝင်ဆိုင်းဘုတ်များတွင် ပန်းအလှပင်စိုက်ပျိုးခြင်း၊ ပြည်သာယာလမ်းဘေး ဝဲ/ယာပန်းအလှပင်နှင့် အရိပ်ရပင်များစိုက်ပျိုးခြင်း၊ မြို့သန့်ရှင်းရေးအတွက် ဌာနမှ အပတ်စဉ် တနလ်ာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ခေါင်းလောင်းတီး အမှိုက်သိမ်း စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ရွာငံမြို့အဝင်မှ မြို့အထွက်လမ်းဘေး ဝဲ/ယာ

D/real(wide) (1

များတွင် လယ်ထွန်စက် (၇)စီးကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေကိစ္စများကိုလည်း တင်ပြပေးသွားမှာဖြစ်ပါတယ်။ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယနှင့် ရွာငံမြို့နယ်အတွင်းရှိ ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ပင်းတယဒေသတွင် ကျေးရွာအုပ်စု (၂၂)ရွာ၊ အစုအဖွဲ့ (၇၆၈) ၊ လူဦးရေ (၂၂၄၄) ဦးကို ဧကပေါင်း (၉၈၁၄) အတွက် ငွေပေါင်း (၁၂၉၁၅. ၃) သိန်းကိုလည်းကောင်း၊ ရွာငံ ဒေသအတွက် ကျေးရွာအုပ်စု (၁၃) စု၊ အစုအဖွဲ့ (၂၈၄) ဖွဲ့၊ လူဦးရေ (၇၄၁) ဦးကို ဧကပေါင်း (၂၈၄၆) ဧကအတွက် ကျပ်သိန်းပေါင်း (၄၂၆၉) သိန်းကိုလည်းကောင်း မိုးရာသီဘဏ်ချေးငွေအဖြစ် ထုတ်ချေးပေးထားပြီးဖြစ်ပါတယ်။

၎င်းအပြင် လက်ဖက်ထုတ်လုပ်မှုစရိတ်ချေးငွေအဖြစ် ပင်းတယဒေသအတွက် ကျေးရွာအုပ်စု (၂) စု၊ လူဦးရေ (၁၄၈) ဦးအတွက် ဧကပေါင်း (၁၂၅၀)ဧကကို ငွေကျပ် (၂၅၀)သိန်းကိုလည်းကောင်း၊ ရွာငံဒေသအတွက် ကျေးရွာ (၁)အုပ်စု၊ လူဦးရေ (၁၂) ဦးအတွက် ဧကပေါင်း (၁၂၀)ဧကကို ငွေကျပ် (၂၄)သိန်းကိုလည်းကောင်း ချေးငွေများထုတ်ချေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး အမှတ် (၄) ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းအနေဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက် သည့် လုပ်ငန်းမရှိပါကြောင်းနှင့် ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ဦးအာကာလင်း မေးမြန်းသည့် ရှမ်းပြည်နယ်အစိုးရ၏ လုပ်ငန်း

အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီး။ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်ကွပ်ကဲရသည့် ဌာနများအလိုက်ဆက်လက်ဖြေကြား တင်ပြပေးသွားမှာဖြစ်ပါတယ်။ မြန်မာ့စာတိုက်လုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိသည့် ပင်းတယနှင့် ရွာငံမြို့နယ်များအတွင်း မြန်မာ့စာတိုက်လုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လက်အောက်ခံဆက်သွယ်ရေးစခန်းစာတိုက်များဖြစ်သည့် ပင်းတယ၊ ရွာငံ၊ မြင်းကျဒိုးနှင့်ရေဦးစာတိုက်များတွင် မူလပုံမှန်စာတိုက် လုပ်ငန်းများအပြင် Online Shopping လုပ်ငန်းဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များနှင့် ဝယ်ယူသူ တွေ့ကြားမှာ အိမ်တိုင်ရာ ရောက်ပေးဝေခြင်းနှင့် ပစ္စည်းတန်ဖိုး လက်ခံခြင်းလုပ်ငန်းများကို သုံးစွဲသူပြည်သူများ ပိုမိုသိရှိလာစေရန် အတွက် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ ပါတယ်။ ၁၅-၆-၂၀၁၆ မှ ၃၀-၆-၂၀၁၆ ရက်အထိ လုပ်ငန်းများကို စမ်းသပ် ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအပြင် ယခု ၁-၇-၂၀၁၆ ရက်နေ့မှစ၍ Online Shopping လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းရှိ ရွာ (၆)ရွာမှာ မိုဘိုင်းစခန်းတည်ဆောက်လျက်ရှိရာ ကျောက်ပုံကျေးရွာ၊ မြင်းမူးကျေးရွာ၊ တောင်ခေါင်းကျေးရွာနှင့် တက်တောင်ကျေးရွာတို့တွင် မိုဘိုင်းစခန်းများကို တည်ဆောက်ပြီးစီးပြီး ဖွင့်လှစ်သုံးစွဲလျက်ရှိ

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို တင်ပြမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်သစ်တောဦးစီးဌာနအနေဖြင့် ရွာငံမြို့နယ်အတွင်း ပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လာစေရန်၊ သစ်တောသယံဇာတများ ထိန်းသိမ်းတတ်လာစေရန် ရည်ရွယ်ချက်ဖြင့် အသိပညာပေး ဟောပြောပွဲ (၄) ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် တစ်အိမ်ထောင် ကျွန်း (၃)ပင်နှုန်းနှင့် (၄၀၂၀)ပင်၊ တစ်အိမ်ထောင် သစ်မာပင် (၂၀)ပင်နှုန်းနှင့် (၁၂၀၀)ပင်၊ တစ်ရွာတစ်ဧကစိုက်ပျိုးခြင်း (၁၈၀၀)ပင်၊ လူထုဖြန့်ပျိုးပင်ဖြန့်ဝေခြင်း (၆၉၈၀)ပင်၊ စုစုပေါင်း သစ်ပင်ပေါင်း (၁၄၀၀၀)ပင်အား ဖြန့်ဝေစိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။

အခြေခံပညာကျောင်းများတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် သစ်တောသစ်ပင်များ၊ အရိပ်ရအပင်များ လက်တွေ့ စိုက်ပျိုးခြင်း အစီအစဉ်ပါဝင်သည့် ကျောင်းသား/သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ် နိုးကြားတက်ကြွလာစေရန် ပညာပေးဟောပြောပွဲ (၉)ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ပင်းတယမြို့နယ်အတွင်း အသိပညာပေးဟောပြောပွဲ (၆)ကြိမ်၊ တစ်အိမ်ထောင် ကျွန်း (၃)ပင်နှုန်းနှင့် အပင်ပေါင်း (၁၅၀၀)ပင်၊ တစ်အိမ်ထောင် သစ်မာပင် (၂၀)ပင်နှုန်းနှင့် (၄၂၀၀)ပင်၊ တစ်ရွာတစ်ဧက စိုက်ပျိုးခြင်း (၆၀၀) ပင်၊ လူထုဖြန့်ပျိုးပင်ဖြန့်ဝေခြင်း (၃၇၀၀)ပင်၊ စုစုပေါင်းသစ်ပင် (၁၀၀၀၀)ပင် ဖြန့်ဝေစိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင်အသုံးပြုသူ အစုအဖွဲ့ပေါင်း (၇) ဖွဲ့၊ အဖွဲ့ဝင်ပေါင်း

D/real(wide) (1

(၈၆၅) ဦးမှ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာအတွင်းမှာရှိသည့် မြေဧရိယာ စုစုပေါင်း(၁၀၄၇. ၃၇)ဧကအား သဘာဝတော ထိန်းသိမ်းခြင်းအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့်ပြုရန် လျှောက်ထားလာသည့်အတွက် လုပ်ထုံး လုပ်နည်း စည်းကမ်းချက်နှင့်အညီ ခွင့်ပြုနိုင်ရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်းမှအစပြုကာ ဆောင်ရွက်လျက်ရှိနေပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေ ဖြင့် ပြည်သူအကျိုးပြု လုပ်ငန်းများဖြစ်သည့် အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထား ဆောင်ရွက်လျက်ရှိနေပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ပွေးလှမြို့ အခြေခံပညာအထက်တန်းကျောင်းများကို ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရက် ၁၀၀ အတွင်းမှာ စတင်လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ စုပေါင်းတင်ပြခဲ့တာတွေ ကတော့ အစိုးရသက်တမ်း ပထမ ရက် ၁၀၀ အတွင်းမှာ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်း များဖြစ်ပါကြောင်း ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ကိုယ်စားလှယ်တော်ကြီး ဦးအာကာလင်း၏ အမေးကို ဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဖြေဖို့ကျန်ရှိပါသေးလား ခင်ဗျား။ ယခုလို သက်ဆိုင်ရာဝန်ကြီးများက ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားသည့် အတွက် လွှတ်တော်အနေဖြင့်လည်း မှတ်သားစရာအများကြီးဖြစ် ပါတယ်။

D/real(wide) (1

ပါတယ်။ ကင်းတက်ရွာနှင့် ဒုတ်ထိုးရွာတို့တွင် ဆက်လက် ဆောင်ရွက်ဆဲဖြစ်ပါတယ်။

ဆက်လက်ပြီး လမ်းဦးစီးဌာနအနေဖြင့် ဓနုကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသ၊ ပင်းတယမြို့နယ်တွင် အောင်ပန်း-ပင်းတယ-ရပ်စောက် လမ်းပေါ်ရှိ တံတား (၄) စင်းနှင့် ပင်းတယဂူလမ်းပေါ်ရှိ တံတား (၁) စင်း ၊ စုစုပေါင်းတံတား (၅) စင်း၏ တံတား အဝင်/အထွက်များ ၊ အနိမ့်အမြင့် ပြေပြစ်အောင် ဆောင်ရွက်ခြင်း လုပ်ငန်းကို ဆောင်ရွက် လျက်ရှိရာမှာတံတား (၃)စင်းဆောင်ရွက် ပြီးစီးသွားပြီး တံတား (၂)စင်း ကျန်ရှိပါတယ်။ အဲဒီတံတား (၂)စင်း အတွက် ပစ္စည်းများစုဆောင်း ပြီးစီးပြီဖြစ်ပြီး ရာသီဥတု အခြေအနေအရ စက်တင်ဘာလအတွင်း အပြီး ဆောင်ရွက် သွားနိုင်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ဓနု ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယနှင့် ရွာငံမြို့နယ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံးခွဲ အောင်ပန်း ရုံး၏ မှတ်ပုံတင်နယ်မြေအတွင်းမှာ ပါရှိ ပါတယ်။ မြို့နယ်များမှာ ရက် ၁၀၀ စီမံချက်အတွင်းမှာ ပြည်သူ့ အကျိုးပြုလုပ်ငန်းများအနေဖြင့် ၁၈-၆-၂၀၁၆ ရက်နေ့တွင် နယ်လှည့် စီမံချက်ပါအတိုင်း ပင်းတယမြို့မှာယာဉ်နှင့် ယာဉ်မောင်းလိုင်စင် များအား နှစ်လဲမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်း၊ ၇-၇-၂၀၁၆ ရက်နေ့တွင် အထက ကျောင်းခွဲ၊ ပင်းတယမြို့တွင် ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲ ဆောင်ရွက်ခြင်း၊ ယခု ၈-၇-၂၀၁၆ ရက်နေ့တွင် အထကကျောင်းခွဲ၊ ရွာငံမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ဟောပြောခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

၂၈၁

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ မေးခွန်းများမေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ ယခုနေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို (၂) နာရီ ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။နေ့လည်ပိုင်းအစည်းအဝေးကို (၁၄း၀၀) နာရီအချိန်မှာ ပြန်လည် စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်ခင်ဗျား။

၂၈၃

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ လွှိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွားအပန်းဖြေလည်ပတ်ရာ စခန်းမြို့ကြီး တစ်မြို့ ဖြစ်လာ နိုင်ပြီး မကြာမီ ကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အတွက် ကြီးမားသော ဆွဲဆောင်မှုတစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွှိုင်လင်အမျိုးသားရုက္ခဗေဒဥယျာဉ်ဖော်ဆောင် ပေးသင့်ပါကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုကို ဆွေးနွေးမည့် ကိုယ်စားလှယ်အမည်စာရင်းပေးသွင်းခြင်းမရှိသည့်အတွက် အစီအစဉ် (၇)အရ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ပြန်လည် ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

[ကြာသပတေးနေ့]

နေ့လည်ပိုင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)နေ့လည်ပိုင်းအစီအစဉ်များ အားဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်၏ လွှိုင်လင်အမျိုးသားရုက္ခဗေဒဥယျာဉ်ဖော်ဆောင်ရေးအတွက် အဆိုကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး ကျွန်တော်ဒေါက်တာညီညီအောင်မှ ပြန်လည် ဆွေးနွေးမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၇၊ ပုဒ်မ ၁၈၈ နှင့် နောက်ဆက်တွဲ ဇယား ၂၊ အပိုဒ် (၄)(ဂ)မှာ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအောက်မှာ ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ နေ့စွဲနှင့်ထုတ်ပြန်ထားသည့် သစ်တောရေးရာဝန်ကြီးဌာန၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မ ၈ တွင် တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တို့ကို အစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုဝန်ကြီးကနေ တည်ထောင်နိုင်သည်လို့ ဖော်ပြထားတာကိုလည်း တွေ့ရှိရပြီး ဥပဒေတွင် ပြည်ထောင်စုအဆင့် လုပ်ပိုင်ခွင့် ရေးထားတာကို တွေ့ရပါတယ်။

D/real(wide) (1

သစ်တောဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးထံလျှောက် ထားရမည်လို့ ဖော်ပြပါရှိပါတယ်။

နည်းဥပဒေ ၄၈ တွင် ဖော်ပြထားသည်မှာ နည်းဥပဒေ ၄၇ အရ လျှောက်ထားရာတွင် အောက်ပါအချက်များကို ထည့်သွင်း ဖော်ပြလျှောက်ထားရမည်-

(က) လျှောက်ထားလိုသည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ် အမည်၊ နေရပ်လိပ်စာ
(ခ) လုပ်ကိုင်လိုသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခ ဗေဒဥယျာဉ်၏ တည်နေရာ
(ဂ) ရည်ရွယ်ချက်
(ဃ) ရင်းနှီးမြှုပ်နှံသည့် ငွေကြေးပမာဏ၊ ငွေရေး ကြေးရေး အစီအစဉ်နှင့် အထောက်အထားများ
(င) နိုင်ငံတော်အတွက်ရရှိနိုင်မည့် အကျိုးအမြတ်
(စ) ပြသမည့်တောရိုင်းတိရစ္ဆာန် သို့မဟုတ် သဘာဝ အပင်အမျိုးအမည်နှင့် အရေအတွက်
(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်စုဆောင်း မည့်အစီအစဉ်များ
(ဇ) ဥယျာဉ်အကွက်ချပုံစံနှင့် တိရစ္ဆာန်ခြံဝင်း၊ လှောင်အိမ်များ၏ ဒီဇိုင်းပုံစံများ
(စျ) ရေရရှိရေးအစီအစဉ်
(ည) ဥယျာဉ်အားစီမံအုပ်ချုပ်မည့် အစီအစဉ်တို့ဖြစ်ပါတယ်။

အမျိုးသားအဆင့်ရုက္ခဗေဒဥယျာဉ် တစ်ခုတည်ထောင်မည်ဆိုပါက ကျွမ်းကျင်သည့် ရုက္ခဗေဒပညာရှင်တွေ၊ သတ္တဗေဒ ပညာရှင်တွေ ပြုစုထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ရန် လိုအပ်ခြင်း၊ နေ့စဉ်ပြုစုထိန်းသိမ်းရေး ကုန်ကျစရိတ်များ

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေး နည်းဥပဒေ အခန်း ၂၊ အပိုဒ် ၃ မှာ သဘာဝ နယ်မြေများသတ်မှတ်ခြင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ်များ တည်ထောင်ခြင်းနှင့်ပတ်သက်ပြီး ပြည်ထောင်စု ဝန်ကြီးသည် ဥပဒေ ပုဒ်မ ၈ (ဃ)၊ ဥပဒေ၏ ရည်ရွယ်ချက် အလို့ငှာ လိုအပ်ပါက သဘာဝနယ်မြေတစ်ခုခုကိုသတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တစ်ခုခုကိုဖြစ်စေ၊ ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြိုတင် ကြေညာရာတွင် အောက်ပါအချက်များပါဝင်ရမည်-

(က) တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း
(ခ) သဘာဝနယ်မြေအမျိုးအစား
(ဂ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်
(ဃ) နည်းဥပဒေ ၄ ပါကိစ္စရပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း သည့် တားမြစ်ချက်များ
(င) ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း တာဝန်များ

သို့ဖြစ်ပါ၍ လွိုင်လင်မြို့တွင် ဖွဲ့စည်းတည်ထောင်လိုသည့် လွိုင်လင်အမျိုးသားရုက္ခဗေဒဥယျာဉ်၏ တည်နေရာနှင့် ပတ်သက်၍ ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းဦးစီးဌာန၊ စည်ပင်သာယာ ရေးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနလက်အောက်မှာရှိသည့် ဆက်စပ်ဌာနများ တောင်ကြီးတက္ကသိုလ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

D/real(wide) (1

မြင့်မားခြင်း၊ လျှပ်စစ်နှင့် ရေအရင်းအမြစ်များ အသုံးချမှုများ လွန်းခြင်းတို့ကြောင့် နိုင်ငံတော်မှ မတည်ရင်းနှီးရမည့် ငွေကျပ် သိန်းပေါင်းသောင်းချီ၍ ကုန်ကျခံသုံးစွဲရမည့်အခြေအနေဖြစ်နေ ပါတယ်။

သို့ဖြစ်ပါသောကြောင့် ရုက္ခဗေဒဥယျာဉ်အား တည်ထောင် ရန် မသင့်တော်သေးပါကြောင်း၊ ကုန်ကျမည့်ငွေကြေးပမာဏ များကို ဒေသအတွင်း အရေးတကြီးလိုအပ်လျက်ရှိနေသည့် အခြေခံ အဆောက်အဦ ဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးကဏ္ဍတွေမှာ ဦးစားပေးအသုံးပြုသင့်ပါကြောင်းနှင့် အကယ်၍ပြင်ပရင်းနှီးမြှုပ်နှံလိုသူများရှိလာမည်ဆိုလျှင် BOT စနစ်၊ တည်ဆောက်လုပ်ကိုင်သွားသည့် သို့မဟုတ် အကျိုးတူ ပူးပေါင်းသည့် စနစ်ဆောင်ရွက်နိုင်ရေး စဉ်းစားပေးမှာဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဒါကြောင့်မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်၏ အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်းနှင့် မေးခွန်းအဖြစ်ပြောင်းလဲမည် ဆိုလျှင် ကျွန်တော်၏ ဆွေးနွေးချက်ကို အဖြေအဖြစ်မှတ်ယူနိုင်ပါ ကြောင်းတင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဤအဆိုကို မေးခွန်းအဖြစ် ပြောင်းသင့်ကြောင်း ပြန်လည်ဆွေးနွေးသွား ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေးနိုင်ပါတယ်။

မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အောက်ဖော်ပြပါ လုပ်ငန်းများကို ရှေးဦးစွာ ကွင်းဆင်း လေ့လာ ဆောင်ရွက်ရန် လိုအပ်ပါတယ်-

- တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်းတိုင်းတာ ခြင်းလုပ်ငန်း
- လက်ရှိမြေအသုံးချမှုအခြေအနေများလေ့လာခြင်း လုပ်ငန်း
- မြေအမျိုးအစားနှင့် ပေါက်ရောက်လျက်ရှိသည့် သဘာဝပေါက်ပင်စာရင်းကောက်ယူခြင်း လုပ်ငန်း
- အများပြည်သူများအကျိုးထိခိုက်မှုရှိ/မရှိနှင့် ရရှိ နိုင်မည့်အကျိုးကျေးဇူးများလေ့လာခြင်းလုပ်ငန်း
- သဘာဝနှင့် ကိုက်ညီမှုရှိသည့် အပင်များစိုက်ပျိုး နိုင်ရန်လေ့လာခြင်းလုပ်ငန်း
- ဥယျာဉ်အကွက်ချုပ်စံနှင့် ဒီဇိုင်းပုံစံများ
- ရန်ပုံငွေလိုအပ်ချက်နှင့် ငွေရေးကြေးရေး အစီအစဉ်
- ဥယျာဉ်အား စီမံအုပ်ချုပ်မည့် အစီအစဉ်စသည့်တို့ ဖြစ်ပါတယ်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေ ၄၇ အရ စီးပွားရေး အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဥပဒေပုဒ်မ ၈ အရ သတ်မှတ် တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် ဆက်စပ်လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင်လုပ်ကိုင် လိုလျှင်ဖြစ်စေ

D/real(wide) (1

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။
လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တကယ်တော့ ကျွန်တော်တင်ပြသည့်ကိစ္စဆိုလျှင် ရုတ်တရက်ကြည့်လျှင် အင်မတန်ကြီးတယ်လို့ထင်ရပါတယ်။ တကယ်တော့ (၃)ပိုင်းရှိပါတယ်။ တစ်ပိုင်းက ရေလျှောင်ကန် ဖန်တီးရေး၊ နောက်တစ်ပိုင်းက ရုက္ခဗေဒဥယျာဉ်တည်ဆောက်ရေး နှင့် နောက်ဆုံးအပိုင်းက ပန်းဥယျာဉ်တည်ဆောက်ရေးဖြစ် ပါတယ်။ တစ်ခါတည်း အကုန်မလုပ် နိုင်တောင်မှ ပိုင်းခြားပြီး လုပ်မည်ဆိုလျှင် လုပ်လို့ရနိုင်သည့် အနေအထားရှိတယ်လို့ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုလျှင် ရေကန်၏ရေငုပ်ပေါက်ဟာဆိုလျှင် ကျောက်ကပျဲကြီးထဲမှာရှိသည့် အပေါက်ကနေ ရေပြန်ငုပ်သွားပါတယ်။ အဲအခါကျတော့ ကျွန်တော်တင်ပြသလို ဆည်လုပ်စရာမလိုပဲ အဲဒီအပေါက်မှာ ခိုင်ခံ့သည့် ရေတံခါးလုပ်ပြီး ထိန်းကွပ်မည် ဆိုလျှင် မနေ့က ပြသည့်ပုံစံမျိုး ရေကန်ကြီးတစ်ကန် လွယ်လွယ်ကူကူဖြစ်လာနိုင်ပါတယ်။ သိန်း (၁၀၀)လောက်မကုန်ဘူးလို့ ယူဆပါတယ်။

အပိုင်း ၁ ပြီး အပိုင်း ၂ က ရုက္ခဗေဒဥယျာဉ်ဆိုတော့ အပေါ်မှာရှိသည့် တောင်ကုန်း၊ သစ်တောအုပ်၊ တောထဲတွင်ရှိသည့် ပင်ပျို့၊ သစ်ပင်ပေါင်းစုံယူပြီး ရွှေ့စိုက်လိုက်မည်ဆိုလျှင် တောအုပ် တစ်အုပ်ဖြစ်လာနိုင်ပါတယ်။ တတိယပိုင်းမှာဆိုလျှင် အဲနှစ်ခုကို အခြေခံပြီးခိုင်မာပြီဆိုလျှင် ပန်းဥယျာဉ်ကို လွယ်ကူစွာစိုက်ပျိုးလို့ ရပါတယ်။ ၄င်းကိုမေးခွန်းအနေဖြင့် ပြန်ပြောင်းရမည်ဆိုလျှင် အပိုင်း ၃ ပိုင်းကိုနိုင်သည့်အချိန်ကာလတွင် တစ်ဆင့်စီလုပ်သွားရန်ရှိ/မရှိနှင့် ဘယ်အချိန်လောက်စမည်ဆိုသည့် မေးခွန်းကိုမေးမြန်းရင်း နိဂုံးချုပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းကျော်သိန်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူတင်သွင်းသည့် တောင်သူလယ်သမားများ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်ကထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်မှု အားကောင်းသော ပြည်နယ်ဖြစ်ပါတယ်။ ပြည်နယ်အတွင်းနေထိုင်သူများ၏ ၇၀% ကျော်သည် တောင်သူများဖြစ်ကြပါတယ်။ တောင်သူများသည် ကျွန်တော်တို့၏ ကျေးဇူးရှင်ဆိုလည်းမမှားပါဘူး။ တောင်သူများ၏ အခက်အခဲသည်လည်း ကျွန်တော်တို့၏ အခက်အခဲပင်ဖြစ်ပါတယ်။ တောင်သူများမှ စိုက်ပျိုး၍ထွက်ရှိလာသော လယ်ယာထွက်သီးနှံဈေးကွက်ရရှိရေးသည်

D/real(wide) (1

ဥက္ကဋ္ဌ။ ဒီအဆိုကို မေးခွန်းအဖြစ်ပြောင်းလဲခြင်းကို အဆိုရှင်က လက်ခံသဖြင့် သဘောတူကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးသည့်အတိုင်း အဆိုတင်သွင်းသည့် လွှတ်တော် ကိုယ်စားလှယ်အနေဖြင့် ၎င်းအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲရန် သဘောတူသည့်အတွက် မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမျိုးမြင့် တင်သွင်းသောအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ ဆန္ဒရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းမျိုးမြင့် တင်သွင်းသောအဆိုကို လွှတ်တော်က မေးခွန်းအဖြစ် ပြောင်းရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မေးခွန်း အဖြစ်ပြောင်းလဲကြောင်း ကြေညာပါတယ်။

ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ တောင်သူလယ်သမားများမှစိုက်ပျိုးသောလယ်ယာထွက် သီးနှံများကို လွှတ်လပ်သော စျေးကွက် စီးပွားရေး စနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ တောင်သူလယ်သမားများမှ စိုက်ပျိုးသောလယ်ယာထွက်သီးနှံများကို လွှတ်လပ်သော စျေးကွက်

အရေးကြီးပါတယ်။ လွတ်လပ်သော စျေးကွက်ဖော်ဆောင်ရေး နှင့်ပတ်သက်၍ အချက် (၂)ချက်တင်ပြဆွေးနွေးသွားမှာဖြစ် ပါတယ်။

နံပါတ် (၁) အချက် ပြည်တွင်း၌ လွတ်လပ်သော စျေးကွက် စီးပွားရေးစနစ်ဖော်ဆောင်ပေးရေး၊ တောင်သူများသည်သီးနှံ စိုက်ပျိုး ရာ၌ မျိုးစေ့၊သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ လုပ်သားစရိတ် စသည်ဖြင့် အသီးသီးရင်းနှီးမြှုပ်နှံကြပါတယ်။ ၎င်းစရိတ်များသာ တောင်သူများတတ်နိုင်ပါက ၎င်းတို့လယ်ယာမှ ထွက်သောသီးနှံ များကို လွတ်လပ်စွာရောင်းချနိုင်မှာဖြစ်ပါတယ်။ သို့သော် တောင်သူအများစုမှာ ၎င်းစရိတ်များကို မတတ်နိုင်ကြ သဖြင့် ငွေရှင် များထံမှ ကတိဖြင့် ငွေချေးငှားပြီး လုပ်ကိုင်ဆောင်ရွက် ကြတာကိုတွေ့ရပါတယ်။ သီးနှံပေါ်ချိန်၌ တောင်သူများ ပေးထားသည့် ကတိအတိုင်း ငွေရှင်များထံသို့ ၎င်းတို့ သတ်မှတ်သော စျေးနှုန်းဖြင့်သာ ရောင်းချရသောကြောင့် တောင်သူများ အနေဖြင့် ထိုက်သင့်သော အကျိုးအမြတ်မရရှိပဲ ငွေရှင်များသာ အကျိုး ဖြစ်ထွန်းလာတာကို တွေ့ရပါတယ်။ အကယ်၍ အစိုးရကသာ တောင်သူများအား လက်ရှိ ပံ့ပိုးသော စိုက်ပျိုးစရိတ်ထက် ပိုမို ပံ့ပိုးပေးနိုင်မည်ဆိုပါက တောင်သူများသည် ငွေရှင်များကို အားကိုးစရာမလိုတော့ပဲ မိမိ၏သီးနှံကို ကြိုက်စျေးဖြင့် ရောင်းချနိုင်မည် ဖြစ်သောကြောင့် လွတ်လပ်သောစျေးကွက်ကို ဖော်ဆောင်ပေး သကဲ့သို့ ကူညီရာရောက်ပါတယ်။

နံပါတ်(၂) အချက်အနေဖြင့် ပြည်ပသို့ တင်ပို့ရာ၌ စျေးကွက်ဖော်ဆောင်ပေးခြင်း၊ မြန်မာနိုင်ငံမှ ပိုလျှံသောလယ်ယာ ထွက်သီးနှံ များကို နိုင်ငံခြားသို့တင်ပို့ရာ၌ နယ်စပ် ကုန်သွယ်မှုများ ပါဝင်ပါတယ်။ နယ်စပ်ကုန်သွယ်မှုမှာ မိမိမြန်မာနိုင်ငံသား တောင်သူများ၊ တောင်သူ လုပ်ငန်းရှင်များ၊ စျေးကွက်အရ နစ်နာ

D/real(wide) (1

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူတင်သွင်းသည့် တောင်သူလယ်သမားများ စိုက်ပျိုးသောလယ်ယာထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းသော အဆိုအားထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းခတ်စသည့် မြို့များမှာ တောင်သူလယ်သမားများသည် ဆန်စပါး၊ ပြောင်းဖူး၊ ပဲပုတ်၊ ဖရဲသီး၊ ကြက်သွန်ဖြူများကို မိုင်းလားမြို့မှတစ်ဆင့် တရုတ် နိုင်ငံသို့ တင်ပို့ရောင်းချရသည့်အတွက် တောင်သူလယ်သမားများ အထိုက်အလျောက်ပြေလည်ခဲ့ကြပါတယ်။ ယခုအခါတွင် တရုတ်နိုင်ငံမှာလည်း ဝယ်ယူမှု နည်းလာပြီး တောင်သူလယ်သမားများ လယ်ယာထွက်သီးနှံများရောင်းမရ၍ ဈေးကွက်အထူး လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံတောင်သူလယ်သမားများအတွက် နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန် လိုသည့်အတွက် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်

ဆုံးရှုံးမှုရှိနေတာကိုလည်း ကြားသိနေရပါတယ်။ ဒါကြောင့် အစိုးရအနေဖြင့် တောင်သူများ အတွက် ဈေးကွက်ရှာဖွေပြီး အစိုးရနှင့် တောင်သူလုပ်ငန်းရှင်များ ပူးပေါင်းပြီး စီးပွားရေး ဈေးကွက်ကို စနစ်တကျပီပီပြင်ပြင် ဖော်ဆောင်ပေးဖို့လိုတယ်ဆိုတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ ဒါကြောင့်သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူမှတင်သွင်းသည့်တောင်သူလယ်သမားများမှ စိုက်ပျိုးသောလယ်ယာထွက်သီးနှံများကို လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦးက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ မောက်မယ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦး ဖြစ်ပါ တယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ကိုယ်စားလှယ် ဦးစိုင်းစိန်လူတင်သွင်းသော တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများ လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းသော အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

D/real(wide) (1

ကိုယ်စားလှယ် ဦးစိုင်းစိန်လူ တင်သွင်းသော အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်၊စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါ တယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ တစ်နိုင်ငံလုံး လွှတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်အဖြစ် ဖော်ဆောင်ပေးပြီးဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်အရ ဒေသတစ်ခုနှင့်တစ်ခု လွှတ်လပ်စွာ လယ်ယာထုတ်ကုန်များ လွှတ်လပ်စွာ ဝယ်ယူရောင်းချရာတွင် ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ချင်းစသည့် လယ်ယာထွက်ကုန်ဈေးနှုန်းများကိုလည်း ဒေသအသီးသီးများတွင်

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စိုက်ပျိုးသူတောင်သူလယ်သမားများ လွှတ်လပ်သောဈေးကွက်နှိမ့်ကျမှုကြောင့် လယ်ယာမြေများ ရှိသော်လည်း စိုက်ပျိုးရန် စိုက်ပျိုးစရိတ်များကို လုပ်ငန်းရှင်ကုန်သည်များထံချေးငှားရလည်းကောင်း၊ အတိုးဖြင့်လည်းကောင်း၊ ချေးယူရင်းနှီးလုပ်ကိုင်ရသောကြောင့် ရရှိလာသော လယ်ယာထွက်သီးနှံများကို ချေးငှားငွေ၊ အတိုးငွေများ အတိုးပေါ်အတိုးမဆင့်ရန် ငွေရှင်းကုန်သည်များ ပေးသည့်နှုန်းဖြင့်သာ ရောင်းနေရသည့် အတွက် စိုက်ပျိုးသူ၊ တောင်သူလယ်သမားများ နစ်နာနေပြီး ငွေရှင်းကုန်သည်များသာ အကျိုးခံစားနေရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရှင်။ ထို့အတူနည်းပညာများ အရည်အသွေးမီ ဓာတ်မြေဩဇာသုံးစွဲနိုင်ခြင်း မရှိသည့်အတွက် စိုက်ပျိုးမြေဆီလွှာများ ခန်းခြောက်ပျက်စီးခြင်းမှာလည်း စိုးရိမ်စရာဖြစ်နေပါတယ်။ ထို့ကြောင့် လယ်ယာထွက်သီးနှံများဝယ်ယူရောင်းချရန် နိုင်ငံတကာဈေးကွက်ကို ပြည်တွင်းတွင် ဖော်ဆောင်နိုင်ခဲ့ပါလျှင် တောင်သူလယ်သမားများ၏ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အဘက်ဘက်မှ တိုးတက် မြင့်မားအဆင်ပြေသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ထို့ကြောင့်သိန္နီ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွှတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းသော အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဖွင့်လှစ်ထားသည့် တောင်ကြီးကုန်စည်ဒိုင်၊ အောင်ပန်းကုန်စည်ဒိုင်၊ လဲချားကုန်စည်ဒိုင်၊ မူဆယ်ကုန်စည်ဒိုင်များတွင်ကြော်ငြာ၍ ရောင်းဝယ်လျက်ရှိပါတယ်။ ဒေသပိုလျှံသီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်ရန်အတွက်လည်း စီးပွားရေးသံမှူးများကို အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ စင်္ကာပူ၊ ကိုးရီးယား၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံများတွင် ခန့်ထားပြီး စျေးကွက်ရှာဖွေမှုများကို ပြုလုပ်လျက်ရှိပါတယ်။

စျေးကွက်စျေးနှုန်း သတင်းအချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်များမှ နေ့စဉ်သတင်းရယူလျက်ရှိပြီး အဆိုပါ သတင်းအချက်အလက်များကို အပတ်စဉ်ထုတ်စီးပွား/ကူးသန်း ဂျာနယ်တွင် ဖြန့်ဝေပေးလျက်ရှိပါတယ်။ ထို့အပြင်တိုင်းဒေသကြီး/ ပြည်နယ်များရှိ FM ရေဒီယိုများမှလည်းကောင်း၊ Farmer Channel မှလည်းကောင်း သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။

စျေးကွက်သတင်းအချက်အလက်ရရှိရေးအတွက် လယ်ယာ ထွက်ကုန်သီးနှံများအလိုက် လက်ရှိဖြစ်ပေါ်နေသော စျေးနှုန်းများကို အခြေပြု၍ ပြည်ပပို့ကုန်သီးနှံတစ်ခုချင်းအလိုက် တွက်သားကိုက်မှု အခြေအနေကို အပတ်စဉ် ဖြန့်ဝေပေးလျက်ရှိပါတယ်။တိုင်းဒေသကြီး/ ပြည်နယ် များတွင် ဖြစ်ပေါ်လျက်ရှိသော စျေးကွက် စျေးနှုန်းအခြေအနေများကို ကုန်စည်ဒိုင်များ၊ တောင်သူများအထိ သိရှိအောင် ဖြန့်ဝေပေးလျက်ရှိပါတယ်။ တောင်သူများအနေဖြင့် စျေးကွက်ရသီးနှံ အခြေအနေကို သိရှိနိုင်ရန်အတွက် လယ်ယာ ထွက်ကုန်တစ်မယ်ချင်းအလိုက် ပြည်ပတင်ပို့မှုအခြေအနေများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ

မကိုက်ညီသည့် ဆေးများကို ဥပဒေအရ အရေးယူသွားမည် ဖြစ်၍ စနစ်တကျဆေးများသုံးစွဲရန် ပြည်နယ်အစိုးရမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုအဆိုရှင် ဦးစိုင်းစိန်လူ ပြောသည့်ကိစ္စမှာ ကျွန်တော်တို့ စျေးကွက်စီးပွားရေးစနစ်အဆင့်ကို ၂၀၀၃ ခုနှစ်မှစပြီး ဖော်ဆောင်ခဲ့သည်ဆိုတာကိုလည်း လက်ရှိမှာ အခက်အခဲများစွာရှိနေသည်ကို ကျွန်တော်တို့ အစိုးရအနေဖြင့် ဝန်ခံပါတယ်။ ဒါ့အပြင် ကျွန်တော်တို့၏ အဓိကပြဿနာက နယ်စပ်ထွက်ပေါက်ဖြစ်ပါတယ်။ နယ်စပ်ထွက်ပေါက်တွင် နယ်စပ်ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးမှာ Open Trade ပေးဖို့ နှစ်နိုင်ငံ တရုတ်နှင့်ဆက်ဆံမှုတွေကို(၂) ကြိမ် ပြည်ထောင်စုအစိုးရနှင့် ဆွေးနွေးပြီးဖြစ်ပါတယ်။ သို့သော်လည်း အပေးအယူက Fair Trade ဖြစ်ဖို့အတွက် ညှိနှိုင်းဆောင်ရွက် ရာမှာ အခက်အခဲများစွာရှိပါတယ်။ တရားမဝင်ကုန်ကူးသန်းမှုများစွာရှိပါတယ်။ နိုင်ငံတော်၏ Trade Volume မြင့်တက်ဖို့ဆို လျှင် တရားမဝင်ကုန်သွယ်အပေါက်တွေကို စနစ်တကျပိတ်ဆို့နိုင်ရန်လိုပါတယ်။ တရားဝင်အပေါက်များဖြစ်အောင် ကုန်ကူးသန်းမှုဖြစ်အောင် Open Trade ဖြစ်အောင် ပြည်ထောင်စုအဖိုးရ ကလည်း စီမံချက်များချပြီး လက်ရှိဆောင်ရွက်နေပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အတွင်းရှိ နယ်စပ်ကုန်ကူးသန်းရောင်းဝယ်ရေးအပေါက်များကိုလည်း နှစ်နိုင်ငံ Open Trade တရားဝင်ကူးသန်းခြင်းနှင့် Fair Trade မျှတသော ကုန်သွယ်ရေးစနစ်များ ဖြစ်ပေါ်စေရန် ပြည်ထောင်စုအစိုးရမှလည်း စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ကျွန်တော်အနေဖြင့် အဆိုရှင်

D/real(wide) (1

ဦးစိုင်းစိန်လူ၏ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရသို့ ဈေးကွက်စနစ် ပိုမိုပီပြင်လာအောင် တိုက်တွန်းဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းအဆိုကို အတည်ပြုပေးပါရန် ကျွန်တော်အနေဖြင့် လေးစားစွာ ဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ လွှတ်တော်က ဒီအဆိုကို အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

ကုန်စည်ဒိုင်များမှတစ်ဆင့်တောင်သူ များဆီသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဈေးကွက်ချိတ်ဆက်ရရှိရေး ဆောင်ရွက်ရာ၌ လယ်ယာထွက်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့် ခွဲတမ်းများ စည်ဆက်မပြတ် ရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းစသည်များကို ဆောင်ရွက်လျက်ရှိပါတယ်။

အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာစက်ရုံတည်ဆောက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရတို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါတယ်။တောင်သူလယ်သမားများ အသုံးပြုနေသောဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မြက်သတ်ဆေး၊ ပေါင်းရှင်းဆေးတို့တွင် ဓာတုပစ္စည်းသုံးစွဲမှုကို စနစ်တကျအသုံးပြုနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ FDA အဖွဲ့များ ပူးပေါင်း၍ စိစစ်ဆောင်ရွက်လျက်ရှိပြီး စနစ်တကျ သုံးစွဲနိုင်ရန်အတွက် စီမံချက်တစ်ရပ်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူလယ်သမားအများစု အသုံးပြုနေသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းရှင်းဆေးစသည့် ဓာတုပစ္စည်းများ အဆင့်မီ သုံးစွဲနိုင်ရန်အတွက် ဓာတ်မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများကို ထုတ်ပြန်၍ (၃)လပညာပေးကာလအဖြစ် သတ်မှတ်၍ တရားဝင်ရောင်းချသုံးစွဲရန် ကြော်ငြာထားပြီးပညာပေးကာလကုန်ဆုံးသည့် ဇွန်လကုန်မှစ၍ ဥပဒေ သတ်မှတ်ချက်နှင့်

D/real(wide) (1

ဗိုလ်မှူးဝင်းဟန်၊ တပ်မတော်သားကိုယ်စားလှယ်၏ အရေးကြီးအဆိုဖြစ်သော ၁၂-၇-၂၀၁၆ ရက်နေ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ဗထူးတပ်နယ်ရှိ မဲရုံအမှတ်(၁)နှင့် (၂)တို့မှ စစ်မှုထမ်း၊ မှီခိုသူ မိသားစု၊ အရပ်သား ဝန်ထမ်းနှင့်သင်တန်းသားများ၏ မဲရလဒ်များအား ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း အဆိုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ ၁၂-၇-၂၀၁၆ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဗထူးတပ်နယ်ရှိ မဲရုံအမှတ် (၁)နှင့် (၂)တို့မှ စစ်မှုထမ်း၊ မှီခိုသူ မိသားစုတို့မှ အရပ်သားဝန်ထမ်းနှင့် သင်တန်းသားများ၏ မဲရလဒ်များအား ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်းအဆိုဖြစ်ပါတယ်။ ယခုအဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးဝင်းဟန်၊ တပ်မတော်သားကိုယ်စားလှယ်။ အားလုံးပဲမင်္ဂလာပါ။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော

သတ်မှတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ မဲရုံအမှတ်(၁) ဖြစ်သည့် အထက(၁)ဗထူးခန်းမတွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း ဗထူးမှသန္ဓေစစ်မှုထမ်း (၄၁၈) ဦး၊ မှီခိုသူ (၃၁၀) ဦး၊ အရပ်သားဝန်ထမ်း (၄၇) ဦး၊ သင်တန်းသား (၇၆၃) ဦး၊ စုစုပေါင်း (၁၅၃၈) ဦး၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းမှ သန္ဓေစစ်သည် စစ်မှုထမ်း (၂၈၁) ဦး၊ မှီခိုသူ (၃၆၇) ဦး၊ အရပ်သားဝန်ထမ်း (၁၈) ဦး၊ သင်တန်းသား (၂၃၂) ဦး၊ စုစုပေါင်း (၈၉၈)ဦး၊ မဲရုံ အမှတ် (၁)မှာ စုစုပေါင်း (၂၄၃၆) ဦး မဲပေးခဲ့ပါတယ်။ မဲရုံအမှတ် (၂) ဖြစ်သည့် အထက ခွဲ အလက(၂)မှာ အမှတ် (၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းမှ သန္ဓေစစ်မှုထမ်း (၂၈၅) ဦး၊ မှီခိုသူ (၂၈၉) ဦး၊ အရပ်သားဝန်ထမ်း (၁၆) ဦး၊ သင်တန်းသား (၂၁၇၁)ဦး စုစုပေါင်း (၂၇၆၁)ဦး မဲပေးခဲ့ပါတယ်။

မဲရုံ အမှတ် (၁)နှင့် (၂)တို့တွင် မဲပေးခဲ့ရသည့် ပါတီများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဖယ်ဒရယ်ပြည်ထောင်စုပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ဓနုတိုင်းရင်းသားများလူမျိုးရေးဒီမိုကရေစီပါတီ၊ တစ်သီးပုဂ္ဂလတို့ဖြစ်ပြီး မိမိတို့အနေဖြင့် မဲဆန္ဒရှင်များ၏ သဘောဆန္ဒအတိုင်းမဲပေးခဲ့ခြင်းသာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဗထူးတပ်နယ်မဲရုံအမှတ်(၁)နှင့်(၂)တို့တွင် ဆန္ဒမဲပေးခွင့်မရှိသူများပါဝင်သည်ဟု အပေါ်ယံသုံးသပ်ပြီး ဗထူးတပ်နယ်မဲရုံအမှတ် (၁)နှင့် (၂)တို့တွင် ကျင်းပသောရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသောမရှိသော ရွေးကောက်ပွဲမဟုတ်သဖြင့်ဟုသုံးသပ်ကာ ယင်းဗထူးတပ်နယ်မဲရုံအမှတ်(၁)နှင့်(၂)တို့မှ လျှောက်ထားသူ

D/real(wide) (1

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မဂ်လာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ်ကြည်း-၂၅၃၀၃ ဗိုလ်မှူးဝင်းဟန် ဖြစ်ပါတယ်။

ကျွန်တော် ဒီနေ့တင်သွင်းသည့် အရေးကြီးအဆိုကတော့ ၁၂-၇-၂၀၁၆ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)ဗထူးတပ်နယ်ရှိ မဲရုံအမှတ်(၁)နှင့်(၂)တို့မှ သန္ဓေစစ်မှုထမ်းများ၊ မှီခိုသူအိမ်ထောင်စုဝင်များ၊ အရပ်သားဝန်ထမ်းများနှင့် သင်တန်းသားများ၏ မဲလက်မှတ်များ အားလုံးကို ပယ်ဖျက်ခဲ့ခြင်း အပေါ် ကန့်ကွက်ကြောင်း အရေးကြီးအဆိုကို တင်သွင်းသွားမှာဖြစ် ပါတယ်။

၁၂-၇-၂၀၁၆ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ခုံရုံး၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ရပ်စောက် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် အယူခံဝင်ခဲ့သည့်အပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်အရ ဗထူးတပ်နယ် မဲရုံအမှတ် (၁)နှင့် မဲရုံအမှတ် (၂)တို့၏ မဲပေးခဲ့သည့် မဲအရေအတွက် အားလုံးကို ပယ်ဖျက်ခဲ့သည့်အတွက် ရှုံးနိမ့်ခဲ့ရသည်ဟု သိရှိခဲ့ရ ပါတယ်။

ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)တွင် မဲရုံ (၄၂) ရုံရှိပြီး ဗထူးတပ်နယ်တွင် မဲရုံ (၄) ရုံရှိပါတယ်။ မဲရုံအမှတ် (၁)မှာ အထက ဗထူးစာသင်ကျောင်းခန်းမ၊ မဲရုံအမှတ် (၂)မှာ အထက ခွဲ အလက(၂)၊ မဲရုံအမှတ်(၃)မှာ အထက(၁)ဗထူးကျောင်းဆောင် သစ်၊ မဲရုံအမှတ် (၄)မှာ ဗထူးတပ်နယ် ဓမ္မာရုံတို့မှာရပ်စောက် မြို့နယ်ကော်မရှင်မှ

ဦးခိုင်ညီညီကျော်နှင့် လျှောက်ထားခံရသူ ဦးအောင်ကျော်ညွန့်တို့၏ ခိုင်လုံမဲရလဒ်များ အားလုံးကိုပယ်ဖျက်သင့်သည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ခုံအဖွဲ့မှ တညီတညွတ်တည်း သုံးသပ်မှတ်ယူ၍ ဗထူးတပ်နယ် မဲရုံအမှတ် (၁)နှင့် (၂)တို့တွင် လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့၏ မဲရလဒ်များ အားလုံးကို ပယ်ဖျက်ခဲ့ပါတယ်။ ယခုလို မဲရလဒ်များ အားလုံးကို ပယ်ဖျက်ခဲ့သည့်အတွက် ရွေးကောက်ပွဲကော်မရှင် နည်းဥပဒေနှင့် ကိုက်ညီမှုမရှိနိုင်ဟုယူဆပါတယ်။

သင်တန်းသားများကို ဆန္ဒမဲပေးရာတွင် တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် နည်းဥပဒေ ၅၉၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၂)အရ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအား ၎င်းတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရန် ရွေးကောက်ပွဲ မကျင်းပမီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံသို့ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးခြင်းဖြင့်သော်လည်းကောင်း ဆန္ဒမဲပေးခွင့်ပြုရမည်ဟု ဖော်ပြပါရှိပါတယ်။ ဒါကြောင့် အဆိုပါ နည်းဥပဒေအရ သင်တန်းသားများကို မဲပေးစေခဲ့ခြင်းသာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်တိုင်လည်း ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းမှာ တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။ ဗထူးတပ်နယ်မဲရုံအမှတ်(၁)နှင့်(၂)တို့တွင် ဆန္ဒမဲပေးခဲ့သော မဲဆန္ဒရှင်များမှာ သင်တန်းသားများသာမကပဲ သန္ဓေဝင် တပ်မတော်သားများ၊ အိမ်ထောင်စုဝင် မိသားစုများ၊ အရပ်သားဝန်ထမ်းများ မဲပေးခဲ့သော မဲများလည်း အားလုံးပါဝင်ပါတယ်။

D/real(wide) (1

ကြေညာပြီးသည့်နေ့မှ (၇)ရက်အတွင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ ကန့်ကွက် တင်သွင်းနိုင်ပါလျက်မတင်သွင်းခဲ့ခြင်းသည် လျှောက်ထားသူ၏ ချို့ယွင်းချက်ဖြစ်သည်လို့ထင်ပါတယ်။ လျှောက်ထားသူ ချို့ယွင်းချက်ကြောင့် မဲစာရင်းများကို အတည်ပြုကြေညာ၍ မဲဆန္ဒပေးသည့်နေ့မှ အဆိုပါ မဲစာရင်း များအား တရားမျှတမှုမရှိဟု ကန့်ကွက်ခြင်းသည်ဥပဒေနှင့် မညီသည့်အပြင် ယင်းဥပဒေနှင့် မညီသည်ကို အလေးထား ဆုံးဖြတ်ခဲ့သော ခုံအဖွဲ့မှာလည်း ပြဋ္ဌာန်းဥပဒေများကို လိုက်နာရန် ပျက်ကွက်ပြီး ဖြစ်ပါတယ်။

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများ၏ မဲပေးပိုင်ခွင့် အခွင့်အရေးကို ဆုံးရှုံးခြင်းမရှိစေရန်အတွက် ဆောင်ရွက်ပေးခြင်းသည် အခြေခံဥပဒေ၏ အနှစ်သာရကို ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဆန့်ကျင်လျှင် သို့မဟုတ် မညီညွတ်ဖြစ်နေလျှင် ဖွဲ့စည်းပုံအခြေခံကိုသာ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များအား နည်းဥပဒေများအရ လိုက်နာရမည့်အချက်များကို အားနည်းမှုရှိခဲ့သည့်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ မဲပေးပိုင်ခွင့် အခွင့်အရေးကို ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် ဥပဒေနှင့်ညီညွတ်မှုရှိနေပါတယ်။

ရွေးကောက်ပွဲခုံရုံးအဖွဲ့ (၁)၏ သုံးသပ်ချက်သည် အကြောင်းအရာနှင့် ဥပဒေကြောင်းအရ လုံးဝမှားယွင်းနေကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ် ရှမ်းပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)မှ ရွေးချယ်ခံထားရသည့် ဦးအောင်ကျော်ညွန့်အား ကန့်ကွက်ချက်ကို ဥပဒေနှင့်မညီ

သို့ဖြစ်၍ ၎င်းမဲများအားလုံးကို ပယ်ဖျက်လိုက်ခြင်းသည် မိမိတို့၏ ဆန္ဒမဲပေးသူများအား မျက်ကွယ်ပြုသကဲ့သို့ဖြစ်နေပြီး မိမိတို့ပေးခဲ့သော အသည်းကြားမှ မဲတစ်ပြားသည် တန်ဖိုးမရှိသကဲ့သို့ဖြစ်ခဲ့ရပါတယ်။ နိုင်ငံသားတန်းတူအခွင့်အရေး ဆုံးရှုံးခဲ့ရသည်ဟု ကျွန်တော် အနေဖြင့်လည်း ထင်မြင်ယူဆခဲ့ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲ ခုံအဖွဲ့မှ ဆုံးဖြတ်ချက်အရ မဲရုံအမှတ်(၁)နှင့်(၂) တို့တွင် မဲပေးခွင့်မရှိဟု ယူဆထားသော သင်တန်းသားစုစုပေါင်း အရေအတွက် မည်၍ မည်မျှကို သေချာစွာ မစိစစ်ပဲ ဆန္ဒမဲအားလုံးကို ပယ်ဖျက် လိုက်ခြင်းသည် တပ်မတော်သားနှင့် အိမ်ထောင်စုဝင် မိသားစုများ၊ အရပ်သားဝန်ထမ်းများ၏ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးသွားခြင်းဟု ထင်မြင်ယူဆမိပါတယ်။ ယခုကဲ့သို့ တင်ပြနေခြင်းမှာ မည်သည့်ပါတီဘက်ကလိုက်ပါ၍ ရည်ညွှန်းပြောဆိုခြင်း မဟုတ်ဘဲ ကျွန်တော်တို့ တပ်မတော်သားများ၊ အိမ်ထောင်စုဝင် မိသားစုများနှင့် အရပ်သားဝန်ထမ်းများ၏ မဲပေးခွင့်ဆုံးရှုံးရခြင်းမျိုး မဖြစ်စေရေးအတွက် တင်ပြရခြင်းဖြစ်ပါတယ်။ မိမိတို့သည်လည်း နိုင်ငံသားများဖြစ်သည်နှင့် အညီ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ မဲပေးခွင့်အား တရားဝင်ခွင့်ပြုထားသူများဖြစ်၍ ကျွန်တော်တို့၏မဲရလဒ်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ယခုလို သေချာစွာ စိစစ်ခြင်းမရှိပဲ ပယ်ဖျက် လိုက်ခြင်းသည် ပြည်နယ်လွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လေးလေးနက်နက် ကန့်ကွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအဆိုကို ဖြည့်စွက်ဆွေးနွေးဖို့ရှိလျှင် ဖြည့်စွက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

D/real(wide) (1

အဆုံးဖြတ်ပေးခဲ့သော ရွေးကောက်ပွဲခုံအဖွဲ့ (၁)နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အဆိုပါစီရင်ချက်ကို ကန့်ကွက်ပါကြောင်း အဆိုအား အပြည့်အဝထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဖြည့်စွက်ဆွေးနွေးမည့် ဦးစိုင်းအောင်ခမ်းက ဖြည့်စွက်ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါ။ ဒီကနေ့ အစည်းအဝေးကိုတက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် များအားလုံး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်တင်သွင်းသွားသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ စီရင်ချက်ကို ကန့်ကွက်သည့်အဆိုအား ထောက်ခံ ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန် တင်သွင်းသွားသည့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း အဆိုအား အလေးအနက် ထောက်ခံဆွေးနွေးလိုပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန် တင်သွင်းသည့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း အဆိုအား လေးလေးနက်နက်ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ကြောင်း နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာသူများက အသိအမှတ်ပြုထောက်ခံခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ရပ်စောက်မြို့နယ်အတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲ များကိုလည်း စောင့်ကြည့်လေ့လာသူများက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ မဟုတ်ကြောင်း မည်သူကမျှ မည်သည့်အဖွဲ့အစည်းကမျှ ထောက်ပြကန့်ကွက်ခဲ့ဖူးခြင်းမရှိခဲ့ပါ။

အဆိုတင်သွင်းခဲ့သကဲ့သို့ ဗထူးမဲရုံအမှတ် (၁)နှင့် အမှတ် (၂)တို့တွင် ပါဝင်သော မဲစာရင်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတို့က ဥပဒေနှင့်အညီ အကြိမ်ကြိမ် ထုတ်ပြန်ကြေညာခဲ့ပါလျက် ကန့်ကွက်လျှောက်ထားသူသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေအပိုဒ် ၁၁(က)အရ မဲစာရင်းများကို ထုတ်ပြန်

D/real(wide) (1

နောက်တစ်ချက်ကတော့ ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၇၀) အရ လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရွေးကောက် တင်မြောက်ခြင်းသည် ပယ်ဖျက်ကြောင်း ဆုံးဖြတ်နိုင်သည်ဆိုတာမျိုးရှိပါတယ်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀(က)တွင် လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြောက်ခြင်းနှင့် ပယ်ဖျက်ခြင်း အကြောင်းကို ခုံရုံးအဖွဲ့မှ ဆုံးဖြတ်နိုင်တယ်လို့ သတ်မှတ်ပြီးလည်းဖြစ်ပါတယ်။ ရွေးကောက်ပွဲဥပဒေပုဒ်မ (၆၈)တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိကန့်ကွက်လာလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ရွေးကောက်တင်မြောက်ခံရသူ ဖြစ်သည်ဟု ကြော်ငြာစေရန် တောင်းဆိုလိုပါက အောက်ပါ အကြောင်းပြချက်တစ်ရပ်ကို အခြေခံရမည်-

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံမဲအများဆုံး ရသည်မှာအမှန်ဖြစ်သည်ဟူသောအကြောင်းပြချက်။

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြောက်ခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိသော်လည်း လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံး ရရှိထားသည်ဟူသော အကြောင်းပြချက်။

အယူခံလွှာ လျှောက်ခွင့်သည်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ (ခ)နှင့်အညီ ကန့်ကွက်လွှာတင်သွင်းခြင်းဖြစ်ကြောင်း တွေ့ရှိရ၍ မူလရုံးတော် လျှောက်ထားသူ/ခံယူထားသူ ဦးခိုင်ညီညီကျော်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြော်ငြာပေးသည့် အမိန့်

ဗထူးရပ်ကွက် မဲရုံအမှတ် (၁)နှင့် (၂) တို့၏ မဲစာရင်းများကို ရပ်/ကျေးကော်မရှင်၊ မြို့နယ်ကော်မရှင်တို့သည် ဥပဒေနှင့်အညီ သက်ဆိုင်ရာတပ်မှူး၏ အကူအညီဖြင့်ပြုစု၍ ဥပဒေနှင့်အညီ ကြေညာခဲ့ပြီးနောက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့၍ မဲဆန္ဒရှင် တပ်မတော်သားများနှင့် မှီခိုသူများမှလည်း ဥပဒေနှင့်အညီ မိမိဆန္ဒအတိုင်း လွှတ်လပ်စွာမဲပေးခဲ့ကြပြီး မဲရုံမှူးနှင့် အဖွဲ့ဝင်များကလည်း ဥပဒေနှင့်အညီ စိစစ်ရေတွက်၍ သတ်မှတ်ပုံစံများဖြင့် ပြုစုပြီး သက်ဆိုင်ရာကို တင်ပြ၍ သက်ဆိုင်ရာမှလည်း ဥပဒေနှင့်အညီ ရရှိမဲများကို အဆင့်ဆင့်တင်ပြ၍ ဥပဒေနှင့်အညီ ကြေညာခဲ့ပြီးဖြစ်ပါလျက် ဥပဒေနှင့်မညီသော သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှ မဲစာရင်းများသည် တရားမျှတမှုမရှိဟု အကြောင်းပြခြင်းမှာ ဥပဒေနှင့်မညီ၍ ကန့်ကွက်ခြင်းဖြစ်ပါတယ်။ ၎င်းကိုရွေးကောက်ပွဲခုံရုံးအဖွဲ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒပေးခဲ့သူ တပ်မတော်သားများနှင့် မိသားစုများ၏ ဆန္ဒကို မျက်ကွယ်ပြု၍ အဆိုပါမဲရုံများမှ ခိုင်လုံမဲများကို ပယ်ဖျက် သင့်သည်ဟုဆုံးဖြတ်ခြင်းသည် ဥပဒေ၏အထက်မှနေ၍ လိုတစ်မျိုး မလိုတစ်မျိုး ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်အမှတ် (၁)၏ ဗထူးရပ်ကွက် မဲရုံအမှတ်(၁)နှင့်(၂)တို့၏ ဆန္ဒပြုမဲများ အနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ် (၁)မှ မဲများကို တရားမျှတမှုမရှိ၍ ပျက်ပြယ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကမူ အဆိုပါ ဗထူးရပ်ကွက် မဲရုံအမှတ် (၁) နှင့်(၂)တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ခိုင်လုံမဲများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ခိုင်လုံမဲများ၊ ဗမာ တိုင်းရင်းသားကိုယ်စားလှယ်၏ ခိုင်လုံမဲများကို ပယ်ဖျက်ခြင်းမပြုပဲ အတည်ပြုကြေညာခဲ့ပြီးဖြစ်ခြင်းကြောင့်

D/real(wide) (1

ချမှတ်ခြင်းမှာ ဥပဒေနှင့်အညီ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ မူလခုံရုံးအဖွဲ့ (၁) ရွေးကောက်ပွဲနှင့်ပတ်သက်၍ ခုံရုံးအဖြစ် ပြောင်းလဲလာသော ပြည်ထောင်စုရှေ့နေရုံးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးရုံးက မူလခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများနှင့်အညီ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိ၍ အယူခံလျှောက်ထားသူ ဦးခိုင်ညီညီကျော်အား အနိုင်ပေးခြင်းဖြစ်သည်ဟု ကျွန်တော်အနေဖြင့် သုံးသပ်မိပါတယ်။

ပြန်လည်အယူခံရာတွင် ရွေးကောက်ပွဲ နည်းဥပဒေ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာလည်း မူလခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်အညီ ဆုံးဖြတ်ထားသည်ဟု အကြံပြုတင်သွင်းလိုပါတယ်။ အယူခံ တင်သွင်းမှုများတွင် ဥပဒေနှင့် မညီညွတ်သည့် အချက်မတွေ့ရှိရသောကြောင့် စုံညီခုံရုံးမှ မူလ ဆုံးဖြတ်ချက်များကို အတည်ဖြစ်သည်ဟု ဆုံးဖြတ်ထားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၉၅ (ဂ)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးသတ်ဖြစ်၍ အယူခံ ဝင်ခွင့်မရှိစေရဟုပါရှိသည့်အတွက် ၎င်းအဆိုအား ရုပ်သိမ်းပေးနိုင်ပါရန် လျှောက်ထားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဒီအဆိုကို လွှတ်တော်ဆန္ဒခံယူခြင်းမဟုတ်ပါဘူး။ ဆက်လက်ပြီး အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစစ်အောင်မြတ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစစ်အောင်မြတ်ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရှေ့နောက်ညီညွတ်မှုမရှိသော တစ်နည်းအားဖြင့် လိုတစ်မျိုး မလိုတစ်မျိုး ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဗထူးမဲရုံအမှတ် (၁)နှင့်(၂)တို့၏ ခိုင်လုံမဲများကို ပယ်ဖျက်၍ ကန့်ကွက်သူအား အနိုင်ပေးခြင်းသည် ရွေးကောက်ပွဲ ခုံရုံးအဖွဲ့ (၁)အနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့်လည်းကောင်း ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်မှုမရှိစွာ ဆုံးဖြတ်ခဲ့ခြင်းအား ကန့်ကွက်ကြောင်း အဆိုကိုအလေးအနက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်တင့် ဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြော်ငြာချက် ၁၂-၇-၂၀၁၆ ရက်နေ့ မဲဆန္ဒနယ် အမှတ် (၁) ဗထူးတပ်နယ် မဲရုံအမှတ် (၁)နှင့် အမှတ် (၂) စစ်မှုထမ်း၊ မှီခိုသူ မိသားစု၊ အရပ်သားဝန်ထမ်းနှင့် သင်တန်းသားများ၏ မဲရလဒ်များ ပယ်ဖျက်ခြင်းအပေါ် ကန့်ကွက်ကြောင်း အဆိုပေါ်မှာ ကျွန်တော် အနေဖြင့် ဆွေးနွေးချင်တာကတော့ ဗထူးမဲရုံမှာရှိသည့် အမှတ် (၁)နှင့် အမှတ် (၂)မှာ တပ်မတော်သားကိုယ်စားလှယ် များက ရက်ပေါင်း (၁၈၀) မပြည့်သည့်အတွက် မဲပေးခွင့်ဆုံးရှုံး တယ်လို့ပဲမြင်ပါတယ်။

D/real(wide) (1

ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ၂၁ ရာစု ပင်လုံညီလာခံမကျင်းပနိုင်သေးသော ယခုလို ကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ် တစ်ရပ်ကို အစိုးရမှ အမြန်ဆုံး ဆောင်ရွက် ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဥာဏ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ ၂၁ ရာစု ပင်လုံညီလာခံမကျင်းပနိုင်သေးသော ယခုလို ကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ် တစ်ရပ်ကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ယခု ဦးစိုင်းထွန်းဥာဏ်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့

ကျွန်တော်အနေဖြင့် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ အနေဖြင့်လည်း တာဝန်ယူထားရတာဖြစ်သည့်အတွက် အချက် ၅ ချက်ပဲ သုံးသပ်တင်ပြလိုပါတယ်။

ပထမတစ်ချက်ကတော့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၁ အရ ဗထူးမဲရုံ အမှတ် (၁)နှင့် (၂)၏ မဲစာရင်းပယ်ဖျက်ခြင်းမှာ ၎င်းမဲရုံများ တည်ရှိရာဒေသအတွင်း လူမှုရေးအဓိကရုဏ်းဖြစ်ပေါ်ခြင်း၊ သောင်းကျန်းသူများနှင့် ပစ်ခတ်မှုဖြစ်ပွားခြင်း၊ မငြိမ်းချမ်းခြင်း၊ တရားဥပဒေဖိုးမိုးမှုမရှိသော အနက်ရောင် နယ်မြေဖြစ်ခြင်းများမရှိခဲ့တာကို ပထမအချက်အနေဖြင့် သုံးသပ်တင်ပြလိုပါတယ်။

နံပါတ်နှစ်အချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်အနေ ဖြင့် ကိုယ်ကျင့်သိက္ခာပျက်ပြားခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ မတရားပြုကျင့်ခြင်း၊ ရွေးကောက်ပွဲဥပဒေအရ ငြိစွန်း ခြင်း လုံးဝမရှိခဲ့ခြင်းများကိုလည်း စိစစ်တွေ့ရှိရ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် အဆင့်ဆင့်နှင့် ဆက်စပ်သူများ၏ အားနည်းချက်၊ အားသာချက်များကိုသာ စဉ်းစားရမှာဖြစ်တယ်။ မဲစာရင်းများ စိစစ်ရာတွင်လည်း ပြဿနာဖြစ်ရခြင်း၏ အခြေခံ ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါတယ်။ အပိုဒ် (၃)အနေဖြင့် ဗထူး တပ်နယ်တပ်မိသားစုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကိုယ်တိုင် ရွေးချယ်ခံခွင့်၊ ကိုယ်တိုင် မဲပေးခွင့်နှင့် ကိုယ်တိုင်မဲပေးပိုင်ခွင့်ဆိုသည့် ပုဒ်မ ၃၈ (က)နှင့် အများပိုင်ဆောင်ရွက်ခွင့်များကိုလည်း ထိခိုက် ပျက်ပြားစေသည်ဟု သုံးသပ်တွေ့ရှိရပါတယ်။

နံပါတ်လေး အချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃)မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိစေရဟုဖော်ပြပါရှိ၍ ယခင်

D/real(wide) (1

ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ကျွန်တော်ဦးစိုင်းထွန်းဉာဏ်မှ အရေးကြီးအဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

(၁) ရှမ်းပြည်နယ်(မြောက်ပိုင်း)လက်နက်ကိုင် ပဋိပက္ခ စစ်ပွဲများသည် ယခင်ကဖြစ်ပွားမှုရှိခဲ့ပြီး ယခုအစိုးရသစ် လက်ထက်တွင် စစ်ပွဲများအပြင်းထန်ဆုံး အခြေအနေသို့ ရောက်ရှိနေပါသည်။

(၂) လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများကြောင့် အရပ်သားပြည်သူများ ထောင်သောင်းချီ နေရပ်ဒေသမှ ထွက်ပြေးခဲ့ကြရပါသည်။ အရပ်သားပြည်သူများ၏ အသက်၊ အိုးအိမ် များစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

(၃) အဆိုပါ လက်နက်ကိုင် ပဋိပက္ခ စစ်ပွဲများနှင့် ပတ်သက်၍ အစိုးရအနေဖြင့် တစ်စုံတစ်ရာပြုမူဆောင်ရွက်ပေးခဲ့ခြင်း မရှိသလို လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများသည်လည်း ဆက်လက်ပြင်းထန်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ၂၁ ရာစု ပင်လုံညီလာခံမကျင်းပနိုင် သေးသော ယခုလိုကြားကာလတွင်လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့်အစီအစဉ်တစ်ရပ်ကို အစိုးရမှအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်မှုကို ယခုရွေးကောက်ပွဲကော်မရှင်မှာ ပျက်ပြယ်စေခြင်းမှာလည်း မဖြစ်သင့်ပါဘူး။သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ ပထမဆုံး နိုင်ငံတော် အခြေပြမိန့်ခွန်းမှာ ပါသည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး မူဝါဒများနှင့်အညီ နိုင်ငံတော်၏ အဆင့်အမြင့်ဆုံးအဖွဲ့အစည်းသို့ တင်ပြလိုကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်က လွှတ်တော်ကို အဆိုပြုတင်ပြခြင်းဖြစ်ပါတယ်။ တပ်မတော်သားနှင့် ၎င်းတို့၏ မိသားစုဝင်များဖြစ်ကြသည့် ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ခံစားချက်ကို ယခုလို လွှတ်တော်အစည်းအဝေးသို့ ရောက်ရှိလာအောင် တင်ပြခြင်းသာဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးချက်များအရလည်းကောင်း၊ အခြေအနေတစ်ရပ်ရပ် အားလည်းကောင်း၊ နိုင်ငံတော်သမ္မတထံ တင်ပြသင့်သော အခြားကိစ္စရပ်များ ပေါ်ပေါက်လာပါက လွှတ်တော်ဥက္ကဋ္ဌသည် သဝဏ်လွှာပေးပို့နိုင်ကြောင်း မိမိအနေဖြင့် သိရှိထားပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားမှာဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (ခ)အရ ရှမ်းပြည်နယ် လွှတ်တော်၏ ကိုယ်စား၊ လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့သွားမှာဖြစ်ကြောင်း လွှတ်တော်ကို အသိပေးကြေညာပါတယ်။

D/real(wide) (1

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ယခုနှစ်ပိုင်းဖြစ်နေသည့် တိုက်ပွဲနှင့်ပတ်သက်ပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း အပြင်းထန်ဆုံး တိုက်ပွဲဖြစ်ပါတယ်။ မှတ်တမ်းအရ စစ်ဘေးဒုက္ခသည် အများဆုံး ကာလဖြစ်ပါတယ်။ ဒီလိုမျိုး လက်နက်ကိုင်ပဋိပက္ခရှိနေတာကို အစိုးရအနေဖြင့် အရေးကြီးသော ထိထိမိမိ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိဘူးလို့ သုံးသပ်မိပါတယ်။ ကြားထဲလက်နက်ကိုင်ပဋိပက္ခလည်း ရပ်တန့်သွားနိုင်မည့် အခြေအနေမျိုး မတွေ့ပါဘူး။ ဒီနေ့အထိ တိုက်ပွဲဆက်လက် ဖြစ်ပွားလျက်ရှိနေပါတယ်။

အခုလိုအစိုးရက ၂၁ ရာစု ပင်လုံညီလာခံကျင်းပနေတာကို အများကြီးဂုဏ်ယူပါတယ်။ ကြိုဆိုပါတယ်။ အောင်မြင်မယ်လို့လည်း ယုံကြည်ပါတယ်။ သို့သော် ၂၁ ရာစု ပင်လုံညီလာခံမကျင်းပနိုင်သေးသည့် အခုလိုကြားကာလမှာ တိုက်ပွဲနေ့စဉ်ဖြစ်ပွားနေပါတယ်။ အရပ်သားများ နေ့စဉ်သေဆုံးနေရပါတယ်။ ဒီကြားကာလမျိုးကို ပစ်ခတ်တိုက်ခိုက်မှုများကို လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ပေးရန် အဆို တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

နိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းထွန်းဉာဏ်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့်အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် သောကြာနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့် စစ်ရေး တင်းမာမှုများ အနာဂါတ်တွင် ဆက်လက် မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်းအဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများကို အနာဂါတ်တွင် ဆက်လက်မဖြစ်ပွားစေရေးအတွက် ကြိုတင်ပြင်ဆင် မှုများပြုလုပ်ရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းစမ်းစမ်းအေးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သဂါရဝ ပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံး ရပ်တန့်နိုင်ရေးနှင့်စစ်ရေးတင်းမာမှုများ အနာဂါတ်တွင် ဆက်လက်

မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်ဖြစ်ပါတယ်။ အခု ဦးစိုင်းထွန်းဉာဏ် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ အရေးကြီးအဆို တင်သွင်းသွား သည့် ၂၁ ရာစု ပင်လုံညီလာခံ ကောင်းကောင်းမွန်မွန်၊ အဆင် ပြေပြေ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ယခုလို ကြားကာလ တွင် လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ် တစ်ရပ်ကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

သို့မဟုတ်

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါ တယ်။ အဆိုမှာ ၂၁ ရာစုပင်လုံညီလာခံမကျင်းပနိုင်သေးသော ယခုလို ကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွား စေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှ အမြန်ဆုံး ဆောင်ရွက်ပေး

D/real(wide) (1

မဖြစ်ပွားရေး ကြိုတင် ပြင်ဆင်မှုများပြုလုပ်ရန် တိုက်တွန်းခြင်း အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၅ အကုန်မှစ၍ ယခုနှစ် ၂၀၁၆ အထိ ဖြစ်ပွားခဲ့သော တိုက်ပွဲပေါင်းများစွာကြောင့် စစ်ဘေးဒုက္ခသည်များ အိုးအိမ်စွန့်၍ ထွက်ပြေးခဲ့ရပါတယ်။ နှစ်ဖက် စစ်ကြောင်းများကြောင့် အိုးအိမ်၊ လယ်ယာ၊ ကွဲ၊ နွားများကို ပစ်ပြီး တိမ်းရှောင်လာရခြင်း၊ အိုးအိမ်လယ်ယာများ ပျက်စီးခြင်း၊ ကွဲနွားများ သေဆုံးခြင်းဖြစ်ပွားခဲ့ ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ(၃၅၇)အရ နိုင်ငံသားတို့၏ နေအိမ်ဥပစာလုံခြုံမှုနှင့် ပစ္စည်းလုံခြုံမှုတို့ကို ဥပဒေအရ အကာအကွယ်ပေးသွားရမည်ဟုဆိုပါသော်လည်း တိုက်ပွဲအတွင်း စစ်ဘေးရှောင်ဦးရေပေါင်း (၂၀၀၀၀)ကျော်ထွက်ပြေး နေရပြီး ကျန်ရှိ နေအိမ်နှင့်ပစ္စည်းများ ဖျက်စီးခံမှု ရှိနေခြင်းသည် နေအိမ်ဥပစာလုံခြုံမှု မရှိခြင်းနှင့် ပစ္စည်းလုံခြုံမှုမရှိခြင်းတို့ကိုပြသနေပြီး ဥပဒေစိုးမိုးရေးအပိုင်းအားနည်းနေကြောင်းလည်းဖော်ပြလျက် ရှိနေပါတယ်။

အိုးအိမ်များစွန့်ခွာ ရသူ များ၏ အသေးစိတ်အချက်အလက် များမှာ-

- ၆-၁၀-၂၀၁၅ မှ ၁၉-၁၁-၂၀၁၅ အထိ မိုင်းရှူးမြို့နယ် အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲမှ စစ်ပြေးရှောင်ပေါင်း (၁၀၀၀၀) ကျော်၊ လက်ရှိ (၈၀၀)ကျော်မှာ စစ်ဘေး ဒုက္ခသည်စခန်းတွင် ကျန်ရှိနေသေးကြောင်း။
- ၇-၂-၂၀၁၆ မှ ၁၈-၂-၂၀၁၆ အထိ ကျောက်မဲမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲမှ စစ်ဘေးရှောင် ပေါင်း (၅၀၀၀) ကျော်၊ ၅-၅-၂၀၁၆

- နမ့်ခမ်းမြို့နယ် ဟိုပန်စစ်ဘေးရှောင်စခန်းမှ ကျောင်းသားပေါင်း (၇၆)ဦး။
- သီပေါမြို့နယ် စစ်ဘေးရှောင်စခန်းမှ ကျောင်းသား ပေါင်း (၈၇)ဦး။
- စုစုပေါင်းကျောင်းသား (၆၅၈)ဦးတို့မှာကျောင်းတက်ဖို့ အခွင့်အရေး ဆုံးရှုံးလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သီပေါမြို့နယ် နမ့်မ၊ ဟူးမြို၊ မခေါ်ကျေးရွာအုပ်စုအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် စစ်ကြောင်းမှ အရပ်သားများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများလည်း ဖြစ်ပွားခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ (၃၅၆) အရ နိုင်ငံတော်အတွင်းနေထိုင်သော နိုင်ငံသားများအား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိပဲ မည်သူ့ကိုမျှ (၂၄)နာရီထက်ပို၍ ချုပ်နှောင်ပိုင်ခွင့်မပြုရဟုပါရှိသော်လည်း သီပေါမြို့နယ်တွင် ယခုလက်ရှိ လူ(၇)ဦးသည် တပ်မတော်စစ်ကြောင်းမှ ၁၈-၅-၂၀၁၆ တွင် ခေါ်ဆောင်သွားပြီး ယနေ့ ၃-၆-၂၀၁၆ အထိပြန်လည်လွှတ်မြောက်လာခြင်းမရှိသေးသူများဖြစ်ပါတယ်။ ထိုသူများမှာ-

- နမ့်မကျေးရွာအုပ်စု၊ ဝမ်လုံရွာနေ အဘဦးထွန်း၏ သား ဦးညြအောင် ၊အသက် ၅၁ နှစ်၊ ပိန်းဆိုင်းရွာနေအဘ ဦးဘန္တိ၏ သားဖြစ်သူ စိုင်းအိုက်လူ အသက် ၂၅ နှစ်၊ မိုင်းရယ်မြို့နယ်၊ လွယ်ငင်းရွာနေ ဦးခင်ထွန်း၏သားစိုင်းထွန်းဆာတို့မှာ ၁၈-၅-၂၀၁၆ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ယနေ့ အထိမတွေ့ရသေးကြောင်း။
- နမ့်မကျေးရွာအုပ်စု၊ နားကွန်ရွာနေ ဦးအိုက်လိ၏

D/real(wide) (1

မှ ၁၆-၅-၂၀၁၆ အထိ (၄၀၀၀) ကျော် နှင့် စုစုပေါင်းဦးရေ (၉၀၀၀) ကျော်၊ လက်ရှိဟိုင်းကွေကျေးရွာအုပ်စုပန်ကျန်ရွာတွင် အိမ်ခြေ(၃၀) ကျော်၊ လူဦးရေ (၁၂၁) ဦး စစ်ဘေး ဒုက္ခသည် စခန်းတွင် ကျန်ရှိနေသေးကြောင်း။

- ၆-၅-၂၀၁၆ ရက်နေ့တွင် နမ့်ခမ်းမြို့နယ်၊ ဟိုပန်-မိုင်းဂီးကျေးရွာအတွင်းဖြစ်ပွားခဲ့သော စစ်ရေးတင်းမာမှုများကြောင့် ဒုက္ခသည်ပေါင်း (၂၈၉) ဦး ရှိပြီး လက်ရှိဒုက္ခသည်စခန်းတွင်ဆက်လက်နေထိုင်နေရကြောင်း။
- ၁၈-၅-၂၀၁၆ မှ လက်ရှိအချိန်ထိ သီပေါမြို့နယ် အတွင်း ဖြစ်ပွားနေသော တိုက်ပွဲမှ စစ်ဘေးရှောင်ပေါင်း (၁၁၃၈) ဦးမှ လက်ရှိ (၆၀၀)ကျော် ကျန်ရှိနေသေးကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ ပုဒ်မ (၃၆၆)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေး ဆိုင်ရာ မူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်နှင့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဟုပါရှိပါတယ်။ သို့သော် ယခု အချိန်သည် စစ်ဘေးရှောင်ကျောင်းသားငယ်များ အတွက်တော့ ငြိမ်းချမ်းစွာ၊ လုံခြုံစွာနှင့် အချိန်မီကျောင်းပြန်မတက် နိုင်ခြင်းနှင့် ရင်ဆိုင်နေရပါတယ်။ လက်ရှိစစ်ဘေးရှောင် ကျောင်းသားဦးရေ စာရင်းမှာ-

- မိုင်းရှူးမြို့နယ် ဟိုင်းပါ စစ်ဘေးရှောင်စခန်းမှ မူလတန်းအရွယ်ကျောင်းသားပေါင်း (၁၄၅) ဦး။
- ကျောက်မဲမြို့နယ် စစ်ဘေးရှောင်စခန်းမှကျောင်းသား ပေါင်း (၃၅၀) ဦး။

သား စိုင်းအိုက်မွန်း၊ အသက် ၁၈ နှစ်၊ နောင်ရွေးရွာနေ လုံးချမ်း၏သား စိုင်းအိုက်ဩ၊ အသက် ၃၈ နှစ်တို့မှာ ၁၉-၅-၂၀၁၆ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ယနေ့အထိ ပြန်လွတ်မလာသေးကြောင်း။

- နမ့်အွန်ကျေးရွာအုပ်စု ၊ကြံခင်းရွာနေ ဦးအိုက်လွန်း၏ သား စိုင်းယွမ့်ဝမ် ၊အသက် ၂၀ နှစ်၊ ကျောက်မဲမြို့နယ်၊ ချောင်းချောက်ရွာနေ ဦးယွတ်ဆိုင်၏သား ဦးပညာ ၊အသက် ၄၉ နှစ်သည် ၁၉-၅-၂၀၁၆ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ယနေ့ ၃-၆ -၂၀၁၆အထိ ပြန်လည်လွတ်မြောက်မလာသေးကြောင်း။

ဥက္ကဋ္ဌကြီးရှင်။ ယခုတင်ပြခဲ့သည့် အချက်အလက်များမှာ ၃-၆-၂၀၁၆ ရက်နေ့အထိ အချက်အလက်များဖြစ်ပါတယ်။ ဖြည့်စွက်သတင်းအချက်အလက်အရ ယခုပြောကြားခဲ့သော ဖမ်းဆီးခံ ရွာသားများမှာ ၂၉-၆-၂၀၁၆ ရက်နေ့တွင် နောက်ဆုံးလွတ်မြောက်ခဲ့ကြောင်းသိရှိရပါတယ်။ ထို့ကြောင့် စုစုပေါင်း ကြာချိန်မှာ (၁)လကျော်ကြာမြင့်ခဲ့ပါတယ်။ သို့သော်ထိုအထဲမှာမှ နမ့်အွန်ကျေးရွာအုပ်စု ကြံခင်းရွာနေ ဦးအိုက်လွန်း၏ သား စိုင်းယွမ့်ဝမ်၊ အသက် ၂၀ နှစ်မှာ ယနေ့အထိ ပြန်လည် လွတ်မြောက်လာခြင်း မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စစ်ပွဲများကြောင့် ပြည်သူများမှာ ဘေးဒုက္ခ အမျိုးမျိုးခံစားနေရသောကြောင့် ညီနောင်တိုင်းရင်းသားများ အချင်းချင်း နယ်ချဲ့ကျူးကျော်စစ်လို သဘောမထားပဲ တစ်ဖွဲ့နှင့် တစ်ဖွဲ့ လိုအပ်ချက်များ၊ တောင်းဆိုချက်များကို တွေ့ဆုံညှိနှိုင်းပြီး ဘုံသဘောတူညီမှုရယူသင့်ပါတယ်။ ထိုသဘောတူညီချက်ကို

D/real(wide) (1

စာရွက်အတိုင်း မထားပဲ အပြည့်အဝ လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရန် လေးနက်စွာ တိုက်တွန်းအပ်ပါတယ်။ ယခု အချိန်သည် Information Age ဖြစ်လာသည်နှင့်အညီ ကမ္ဘာနှင့် ပတ်သက်သော အချက်အလက်များ တိုးတက်ဖွံ့ဖြိုးမှု အခြေခံ အရင်းအမြစ်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်နေ သည်နှင့်အမျှ ပြည်သူလူထုတစ်ရပ်လုံးကလည်း အသိအမြင် ပွင့်လင်းလာပြီးဖြစ်သင့် ဖြစ်ထိုက်သည်များကို သိရှိနားလည်ပြီး သားဖြစ်ပါတယ်။

လူသားတိုင်းသည် မျိုးချစ်စိတ်နှင့် ဖွဲ့တည်ထားသော အရာ ဖြစ်ပါတယ်။ စစ်ရေးနှင့် ဖြေရှင်းခြင်းသည် သံသရာခရီးလျှောက် နေသောသူနှင့်တူပါတယ်။ လက်စားချေ၍ မဆုံးနိုင်သော ခရီး ဖြစ်တယ်။ လူသားတိုင်းသည် လူသားဖြစ်ခွင့်၊ လူသားများ ရသင့် ရထိုက်သော အကျိုးခံစားခွင့်နှင့် ငြိမ်းချမ်းစွာနေထိုင်ခွင့်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်ရှိ ရှမ်းပြည်သူလူထုများသည် ရာစုနှင့်ချီ ဖိနှိပ်ချုပ်ချယ်မှုခံနေရသောကြောင့် အဖက်ဖက်မှ အားနည်း နိမ့်ကျပြီးသားဖြစ်ပါတယ်။ စစ်ပွဲ၏ရလဒ်သည် အရင်းအမြစ်များ ဖြစ်သော လူသားအရင်းအမြစ်၊ စီးပွားရေး အရင်းအမြစ်နှင့်ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတို့သာ ဆုံးရှုံး စေပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထု၏ အခွင့်အရေးဖြစ်သော ငြိမ်းချမ်းစွာ လယ်ယာစိုက်ပျိုး ထွန်ယက်နိုင်ရေး၊ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ရေးတို့ကို ရှေ့ရှု၍ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့်စစ်ရေးတင်းမာမှုများ ဖြစ်ပေါ်နိုင်မည့် အခြေအနေကို ဟန့်တားမှုပြုနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရနှင့် ပြည်ထောင်စု အစိုးရတို့မှကြားဝင်ဖြည့်စွက် ညှိနှိုင်းရေးနှင့် ငြိမ်းချမ်းရေး

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

သို့မဟုတ်

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

ဥက္ကဋ္ဌ။ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွား ပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာ မှုများ အနာဂါတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှု များ ပြုလုပ်ရန် တိုက်တွန်းခြင်း အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်နန်းစမ်းစမ်းအေး

D/real(wide) (1

၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဒီကနေ့အစည်းအဝေး ရပ်နားတဲ့အခါ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

ဖော်ဆောင်မှု အစီအစဉ်ကို အမြန်ဆုံးဖော်ဆောင်ရန် စစ်ဘေး ဒဏ်သင့်ပြည်သူများနှင့် ရှမ်းပြည်နယ်ရှိ ပြည်သူတစ်ရပ်လုံး၏ ကိုယ်စား တိုက်တွန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်၏ ချမ်းသာခြင်း၊ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်မောင်တင့်ဖြစ်ပါတယ်။

သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး ၏ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂါတ်တွင် ဆက်လက်မဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် တိုက်တွန်းခြင်း အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

D/real(wide) (1

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိ ဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အရေးကြီး အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိ ဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခအသွင် သဏ္ဌာန်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ယခု ဦးအေးမောင်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊

ကျော်ခန့်ရှိနေပါတယ်။ လက်ရှိ နမ့်ခမ်းဒေသမှာဆိုလျှင်တိုက်ပွဲများ မကြာခဏဖြစ်ပွားလျက်ရှိသည့်အပြင် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးရိုက်နှက် ခြင်း၊ သတ်ဖြတ်ခြင်းများစသည့် အခြေအနေတွေ ဆိုးရွားလျက်ရှိပါ တယ်။ ၅-၆-၂၀၁၆ ရက်နေ့မှာ နမ့်ခမ်းမြို့အနီး ဖဒဲန်းကျေးရွာအထက်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လူ(၇) ဦးနှင့် ကားတစ်စီးကို ဖမ်းဆီးခေါ်ဆောင်သွားကာ ယနေ့အထိ ပြန်လည်လွှတ်မြောက်လာခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ ဖမ်းဆီးသွားသော စာရင်းများအရ

- ဦးစိုင်းကျော်မြင့်၊ အသက် ၃၅ နှစ်၊ကောက်ကွတ်ရွာ။
- ဦးစိုင်းလှခိုင်၊ အသက် ၂၅ နှစ်၊ ကွန်ဟိုင်းကျေးရွာ။
- ဦးစိုင်းယီဆိုင်မိန်း၊ အသက် ၂၉ နှစ်၊ နမ့်တီးရွာ။

ကျန်သော အမည်စာရင်းများလည်းရှိပါတယ်။

၄-၆-၂၀၁၆ ရက်နေ့မှာလည်း မာန်အောင်ရွာသား(၂) ယောက်ဖြစ်သည့် မိုင်းညီဇာဝင်း၊ အသက် ၃၃ နှစ်၊ မိုင်းအပုတ်၊ အသက် ၃၄ နှစ်၊ (၂) ယောက်ကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လယ်တောမှာ သတ်ဖြတ်ပြီးပစ်ထားခဲ့တာကို တွေ့ရပါတယ်။ ၁-၇-၂၀၁၆ ရက်နေ့မှာလည်း ကုန်းဆာကျေးရွာနေ ပန်းဒကာ ဖြစ်သည့် မိုင်းအယိုင်ဆိုင်ဝင်း၊ အသက် ၂၄ နှစ်ကို လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးသွားပြီး ယနေ့ထိ ပြန်မလာသေးပါ။ ၂-၆-၂၀၁၆ ရက်နေ့ တွင် ကြူဆိုင်းရွာနေ မိုင်းလူမ်အောင်ကြည် အသက် ၂၅ နှစ်သည် မိုင်းနင်းပြီး သေဆုံးခဲ့ပါတယ်။ ထို့အတူ ၁၃-၇-၂၀၁၆ စိုင်းဆန်ခေး (ခ) စိုင်းမောင်လှိုင် နမ့်ခမ်းမြို့ စျေးအနားတွင် သေနတ်ဒဏ်ရာနှင့် သေဆုံးသွားတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အမည်မသိလူတစ်စုက လူမျိုးရေးအချင်းချင်း

D/real(wide) (1

စိတ္တ သုခ၊ နှစ်ဖြာသောသုခဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် လတ်တလော ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ ပြည်သူများ အတိဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင် နေခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း အရေးကြီး အဆိုတစ်ရပ်ကိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲဒေသ၊ နမ့်ဆန်ဒေသ၊ မန်တုံဒေသ၊ မိုးမိတ်၊ မုံးဝီး၊ နမ့်ခမ်းဒေသ၊ ကွတ်ခိုင်ဒေသ၊နမ့်ဖတ်ကာ ဒေသတွင် တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းအကြား မကြာခဏထိတွေ့တိုက်ပွဲများဖြစ်ပွားလျက် ရှိရာ နှစ်ဖက်စလုံး ထိခိုက်သေကြေဆုံးရှုံးမှုများ များပြားလျက်ရှိ ပါတယ်။

စစ်ပွဲကြောင့် အပြစ်မဲ့ပြည်သူများ၊ စာသင်ကျောင်းများ၊ နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများ၊ ဘုန်းကြီး ကျောင်းများ ထိခိုက် မီးလောင်ပျက်စီးဆုံးရှုံးမှုရှိခြင်း၊ အိမ်မွေး တိရစ္ဆာန်များ သေကြေပျက်စီးခြင်းများရှိပါတယ်။ စစ်ပွဲကြောင့် အပြစ်မဲ့ ပြည်သူများ နေရပ်စွန့်ခွာတိမ်းရှောင်နေရပြီး၊ ကျောင်းနေအရွယ်ကလေးသူငယ်များလည်းကျောင်း စာသင်ခန်းထဲတွင် ယနေ့အထိ မဝင်ရောက်နိုင်ခြင်းကြောင့် ပညာရေး အဟောသိကံဖြစ်နေရပါတယ်။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ ယနေ့အထိ တိုက်ပွဲပေါင်းအကြိမ် (၄၀)ထက်မနည်း ဖြစ်ပွားပြီး ကျောက်မဲ၊ မိုးမိတ်၊ မန်တုံ၊ မုံးဝီး၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့ပေါ်တွင် စစ်ဘေးရှောင်ပြည်သူ (၄၀၀၀)

ပဋိပက္ခဖြစ်ပွားစေသည့် ဝါဒဖြန့်စာကို ၄-၇-၂၀၁၆ ရက်နေ့တွင် နံနက်ဝေလီဝေလင်းအချိန်တွင် နမ့်ခမ်းမြို့မဈေးတွင် လိုက်လံဖြန့်ဝေနေကြောင်း သိရှိရပါတယ်။ ၎င်းလိုက်လံ ဖြန့်ဝေသည့်စာကို ရရှိပြီးဖြစ်ပါတယ်။ ဒါကိုကြည့်ချင်းအားဖြင့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခ ဖြစ်ပွားရာမှ လူမျိုးရေး ပဋိပက္ခ ဖြစ်အောင်လှုံ့ဆော်သည့်သဘောဖြစ်ပါတယ်။ နိုင်ငံတော်၏ အရေးသုံးပါးဖြစ်သည့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးဆိုသည့် အရေးတစ်ပါးကိုထိခိုက်စေနိုင်တာလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် ဆင်းသက်ပုံချင်း စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ မတူကွဲပြားသော်ငြားလည်း တူညီတာတစ်ခုကတော့ ရှေးပဝေသဏီကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သည့် အေးအတူပူအမျှ ဥမကွဲ သိုက်မပျက်၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စည်းလုံးစွာနေထိုင်ခဲ့ကြသည့် သွေးသောက်ညီရင်းအစ်ကိုတွေပဲဖြစ်ပါတယ်။ နယ်ချဲ့ကို အတူတကွလက်တွဲပြီး တွန်းလှန် ခဲ့ကြသလို လွတ်လပ်ရေး၏ ရေသောက်မြစ်ဖြစ်သည့် ပင်လုံ စာချုပ်ကိုလည်း အတူတကွ လက်မှတ်ရေးထိုးခဲ့သည့် ညီအစ်ကို တွေပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာရှိနှင့်ပြီးဖြစ်သည့် ညီညွတ်မှုကို တခဏအချိန်အတွင်း မပျက်ပြားစေချင်ပါ။

ဒါကြောင့် လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဖြစ်ပွားနေသည့် လက်နက်ကိုင်အချင်းချင်းပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်နေခြင်းတို့အပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား အရေးကြီးကိစ္စ တစ်ရပ်အဖြစ် သဘောထားကာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း

D/real(wide) (1

အရေးကြီး အဆိုတစ်ရပ်အဖြစ် တင်သွင်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်းပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင် ဆောင်နေခြင်းတို့အပေါ် ရှမ်းပြည်နယ်လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အရေးကြီး အဆိုတစ်ရပ်ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သော ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစပြီး ရှမ်း(မြောက်) ဒေသမှာဖြစ်သည့်ကျောက်မဲမြို့နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်၊ မန်တုံဒေသ၊ မိုးမိတ်ဒေသ၊ နမ့်ခမ်းဒေသ၊ ကွတ်ခိုင်ဒေသတို့တွင် စစ်ပွဲကြောင့် လူထုများ အတိဒုက္ခရောက်ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်နေခြင်းတို့အပေါ် ရှမ်းပြည်နယ်အစိုးရအနေဖြင့် လျစ်လျူရှုမထားပဲ

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် ဦးအေးမောင်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ သောကြာနေ့မှာဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများ အတွက် ဘဏ္ဍာတော် အခကြေးငွေ(Royalty Fees) ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)၊ အမိန့် ကြော်ငြာစာအမှတ် (၃၈/၂၀၁၅)နှင့် စပ်လျဉ်းသည့်ကိစ္စအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော် အခကြေးငွေ (Royalty Fees)ကောက်ခံရေးဆိုင်ရာအမိန့်

D/real(wide) (1

ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)၊ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၅) နှင့်စပ်လျဉ်းသည့်ကိစ္စအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တာဝန်ယူရသည့် ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အတွင်းမှာရှိသည့် မြေသယံဇာတအရင်းအမြစ်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် မြို့ပြများစနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၅၊ အပိုဒ် ၈ အရ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ(Royalty Fees)ကောက်ခံခြင်းဆိုင်ရာအမိန့်အမှတ်(၂၂/၂၀၁၅)ကို ၅-၆-၂၀၁၅ ဖြင့် လည်းကောင်း၊ အပိုဒ်၁၆(ခ)ကို ပြင်ဆင်သည့် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၅) ကို ၁၃-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီး ၃-၁၂-၂၀၁၅ ရက်နေ့၊ (ကြာသပတေးနေ့)တွင် ကျင်းပသော ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးမှ ရှင်းလင်းအစီရင်ခံစာတင်ပြခဲ့ပြီးဖြစ်ပါတယ်။

D/real(wide) (1

ဖြေရှင်း ဆောင်ရွက်ပေးနိုင်ဖို့အတွက် လွှတ်တော်မှတစ်ဆင့်အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းတင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

သို့မဟုတ်

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ ပြည်သူများအတိ ဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှု မရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင် သဏ္ဌာန်ဆောင် နေခြင်းတို့အပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်း ကြောင်း"** အဆိုဖြစ် ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူ ပါမယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ အနက် ဌာန (၆) ခုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးများမှ အတည်ပြုထားသော ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလွှဲပြောင်း သုံးစွဲမှုစာရင်းများအား လွှတ်တော်သို့ တင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများအနက် ဌာန(၆)ခု အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးမှ အတည်ပြုထားသော ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုစာရင်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်

အဆိုပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)နှင့် (၃၈/၂၀၁၅)တို့အား ၂၁-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် ၁-၆/၂၀၁၆ ဆုံးဖြတ်ချက် အပိုဒ် ၄(ဇ)အရပယ်ဖျက်ကြောင်း အတည်ပြုခဲ့ပြီး ၁၁-၇-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၆ ဖြင့် လွှမ်းမိုးပယ်ဖျက်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရန် ထုတ်ပြန်ကြေညာခဲ့ပါတယ်-

(က) ရှမ်းပြည်နယ်အတွင်းရှိ မြို့မြေ၊ ရွာမြေများအား မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့် လျှောက်ထားရာတွင် မြန်မာနိုင်ငံမြေစာရင်းလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနသို့ လျှောက်ထားဆောင်ရွက်ရန်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှ တည်ဆဲ မြေယာ ဥပဒေ၊ နည်းဥပဒေများ မြန်မာနိုင်ငံမြေစာရင်း လက်စွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးရန်။

(ခ) လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့် လျှောက်ထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားခွင့်ပြုချက်ရယူရန်။

(၂) ပြည်နယ်အစိုးရအဖွဲ့သို့ ယင်း လျှောက်ထားလာသည့် လျှောက်လွှာကို ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊

D/real(wide) (1

ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းခွဲန်တစ်လုံ ဖြစ်ပါတယ်။

ယခုကျင်းပသည့်ရှမ်းပြည်နယ်လွှတ်တော်မှာ ၂၀၁၆- ၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုံမှန် အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်သည့် ငွေလုံးငွေရင်းအသုံး စရိတ်ကို ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများကို ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ် အစိုးရ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၄ (ခ)၊ ၁၀ (က)၊ ၁၂(၎) တို့နှင့်အညီပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေး နှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခွင့်နှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရမည့် အဖွဲ့အစည်း (၆)ခုရှိပါတယ်။ အဖွဲ့အစည်းများမှာ-

(၁) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး
(၂) ပြည်နယ်အစိုးရအဖွဲ့၊ ' ဝ 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့
(၃) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၄) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(၅) လျှပ်စစ်မောတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(၆) စည်ပင်သာယာရေးဌာနတို့ဖြစ်ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ဖြစ်သည့် ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းများဖြစ်သည့် လမ်းတံတား လုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေး လုပ်ငန်း၊ စုစုပေါင်း ၆ ခု၊ အိမ်ရာလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊

D/real(wide) (1

နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်တင်ပြစေရန်။

(၈) မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ အသုံးပြုခွင့် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့် လျှောက်ထားရာတွင် အောက်ပါ အတိုင်းဆောင်ရွက်ရန်-

(၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ လျှောက်ထားခွင့်ပြုချက်ရယူရန်။

(၂) ပြည်နယ်အစိုးရအဖွဲ့သို့ ယင်း လျှောက်ထားလာသည့် လျှောက်လွှာ ကို ပြည်နယ်မြေလွတ်၊ မြေလပ်၊ မြေရိုင်း များ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့သို့ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်တင်ပြရန် တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာတော် အခကြေးငွေ ၊ Royalty Fees ကောက်ခံခြင်းဆိုင်ရာ အမိန့်ကြော်ငြာကို ပယ်ဖျက်သည့် အမိန့် ကြော်ငြာစာအမှတ် (၃၂/၂၀၁၆)ကို ရှမ်းပြည်နယ်လွှတ်တော်တွင် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ကျန်းမာရေးလုပ်ငန်းများ၊ လမ်းတံတားလုပ်ငန်း စုစုပေါင်း (၄)ခုသို့ ပြောင်းလဲ ဆောင်ရွက်ခြင်းအတွက် ကျပ်သန်းပေါင်း (၁၄၈၈)သန်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဝင် ' ဝ ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့မှ ဟိုပန်မြို့၊ ခြောက်ခန်းတွဲနေအိမ်(၁)လုံး ဆောက်လုပ်ခြင်းမှာ ပြင်ပပေါက်ဈေးအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလို့ လျာထား ငွေနှင့်လုံလောက်မှုမရှိပါကြောင်း၊ လေးခန်းတွဲ နေအိမ် (၁) လုံး ဆောက်လုပ်ခြင်းသို့ ပြောင်းလဲဆောင်ရွက်ခြင်း အတွက် ကျပ်သန်းပေါင်း (၆၀)တင်ပြထားပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်ရုံး အပါအဝင် ခရိုင်၊ မြို့နယ်များ တည်ဆောက်ရေးလုပ်ငန်း (၁၂) ခု ဆောက်လုပ်ခြင်းမှာ ပြည်နယ်ရုံးအပါအဝင် ခရိုင်၊ မြို့နယ်များ၏ တည်ဆောက်ရေးလုပ်ငန်း (၆၀)ခု ဆောက်လုပ်ခြင်းကို ပြောင်းလဲ ဆောင်ရွက်ခြင်းအတွက် ကျပ် (၃၈၆၈.၅၀၄)သန်းတင်ပြထား ပါတယ်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှအေးသာယာပြည်သူ့ ဝန်ထမ်းအိမ်ရာစီမံကိန်းအတွက် တိုက် (၁)လုံး ကုန်ကျသင့်ငွေမှ လွှဲလင်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲလေးထပ်(၁)လုံးဆောက်လုပ်ခြင်းသို့ ပြောင်းလဲ ဆောင်ရွက်ခြင်းအတွက် ကျပ်(၃၇၈)သန်းတင်ပြထားပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ ကျောက်တစ်လုံးကြီး မွေတော်ကတ္တူဘုရားနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ် ဓာတ်အားရရှိရေးလုပ်ငန်း ခန့်မှန်းကုန်ကျငွေအနက်ပိုလျှံငွေမှ ဆီဆိုင်မြို့နယ်၊ မြို့ပေါ်ရပ်ကွက် (၆)ရပ်ကွက်နှင့် ဆက်စပ်ကျေးရွာ (၄)ရွာ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းသို့ ပြောင်းလဲ ဆောင်ရွက်ခြင်းအတွက် ငွေကျပ်သန်းပေါင်း (၂၇၅.၀၁၇)ဖြစ် ပါတယ်။

အရ လစ်လပ်သောရေးရာကော်မတီနေရာတွင် အစားထိုး ဖြည့်စွက် တာဝန်ပေးသွားမှာဖြစ်ပါတယ်။

(က) ဦးစိုင်းလုံကျော်၊ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစား ဦးအောင်သူ၊ လားရှိုး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

(ခ) ဦးစိုင်းရဲနိုတစ်လုံ၊ အတွင်းရေးမှူး၊ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီအစားဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။

(ဂ) ဦးစိုးညွှန့်လွင် (ခ) ဦးစိုးကြိုး၊အဖွဲ့ဝင်၊ကျန်းမာရေး နှင့် ပညာရေးမြှင့်တင်မှုကော်မတီအစား ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

(ဃ) ဦးစိုင်းစုံဆိုင်း၊ အဖွဲ့ဝင်၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီအစား ဦးစိုင်းနောင့်၊ မိုင်းပန် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။

(င) ဦးပီတာသောင်းစိန်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အစား ဦးမောင်မောင်၊ ပြည်နယ် ဥပဒေအရာရှိ (ငြိမ်း) ပြင်ပပုဂ္ဂိုလ်တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ကော်မတီများတွင် စုစုပေါင်း ရေးရာ ကော်မတီအဖွဲ့ဝင် (၅) ဦး လစ်လပ်သွားသည့်အတွက် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၇၀) အရ ရေးရာကော်မတီဝင်များ အစားထိုးဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ် များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

D/real(wide) (1

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် လစ်လပ်သွားသော ရေးရာကော်မတီဝင်များ အစားထိုးဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် (သောကြာနေ့) နံနက် (၁၀း၀၀) နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ (သောကြာနေ့) နံနက် (၁၀း၀၀) နာရီအချိန်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

D/real(wide) (1

စည်ပင်သာယာရေးဌာနမှာ နောင်ချို့မြို့နယ်၊ ဟိုပုံးမြို့နယ်၊ လားရှိုးမြို့နယ်၊ လမ်းတံတားလုပ်ငန်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများမှာ ယင်းမြို့နယ်များမှာ ကတ္တရာခင်းခြင်း၊ ရေမြောင်းတိုးချဲ့တူးဖော်ခြင်း၊ အုတ်ရေမြောင်းနှင့် မြောင်းဖုံးပြုလုပ်ခြင်းလုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်ခြင်းအတွက် ကျပ် (၆၁,၁၂၂)သန်းဖြစ်ပါတယ်။ အထက်တင်ပြထားသည့် အဖွဲ့အစည်းများ၏ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းများအား အစိုးရအဖွဲ့မှ ခွင့်ပြုထားရှိပြီးဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ၊ ဒေသခံပြည်သူလူထု၏ လိုအပ်ချက် အတိုင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း မှတ်တမ်းတင် ဆောင်ရွက်ပေးနိုင်ပါရန် ပြောင်းလဲမှုအသေးစိတ် ဇယားကို ကိုယ်စားလှယ်ကြီးများထံ တင်ပြထားပြီးဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရေးရာကော်မတီဝင်များ အစားထိုးဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ရေးရာကော်မတီ (၉) ခု ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ၅-၄-၂၀၁၆ ရက်နေ့တွင် အစည်းအဝေး ဒသမနေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် အောက်ပါ ရေးရာကော်မတီ (၄)ခုမှ ကိုယ်စားလှယ်(၅)ဦးအနက် (၄)ဦးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရပြီး ကျန်လွှတ်တော်ကိုယ်စားလှယ် (၁) ဦးမှာ ကွယ်လွန် အနိစ္စရောက်ရှိသွားပါသဖြင့် ရှမ်းပြည်နယ် လွှတ်တော်နည်းဥပဒေ (၇၀)

ရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၅)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၃၃)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ်စုစုပေါင်း ၏ (၉၈.၅၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀ ပုဒ်မခွဲ (က)နှင့်ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့်ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၅ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(စတုတ္ထ)နေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၁၅ ရက်

[သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

D/real(wide) (1

အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

ဦးထွန်းရင်၊ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော် ကိုယ်စားလှယ် များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁)ဦးအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိ ရတဲ့ အတွက် ကင်းလွှတ် ခွင့် ပြုပေးနိုင်ပါရန် ထောက်ထားတင်ပြမှုအပေါ် တွင်ခွင့်ယူသူအားလုံးရဲ့ကိုယ်စား အဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး ကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ကျေးဇူးတင်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထ)နေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များသတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (စတုတ္ထ)နေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်

D/real(wide) (1

အဆိုပါချောင်းများပေါ်မှာ ရေထိန်းဆည် တစ်ခုတည်ဆောက် ပေးမည်ဆိုလျှင် စိုက်ပျိုးဧက ၂၀၄၀ ဝ၈ ဧကသည် စိုက်ပျိုးရေ ရရှိရုံသာမကဘဲ အနီးအနားရှိ ကျေးရွာ ၁၃ရွာ၊ အိမ်ခြေ ၂၂၀၀ မှာလည်းသောက်ရေ၊ သုံးရေများရရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မင်းတိုင်ပင်ကျေးရွာမှာ ရေထိန်းဆည် တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါ၍ နည်းဥပဒေ ၉၈ အရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော် ၊စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တာဝန်ယူရတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးစဝ်အောင်မြတ်မေးမြန်းလာသည့် ရွာငံမြို့နယ်၊ မင်းတိုင်ပင်ရွာတွင် ရေထိန်းဆည်တစ်ခု တည်ဆောက်ပေးရန်အစီအစဉ်ရှိ /မရှိနှင့် ပတ်သက်၍ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို ပါသည်ဟု မေးမြန်းလာခြင်းနှင့် ပတ်သက်၍ ရွာငံမြို့နယ်၊ မင်းတိုင်ပင် ကျေးရွာအနီးရှိ မင်းတိုင်ပင် ရေလွှဲဆည်အား ပြန်လည် ပြင်ဆင်ပေးနိုင်ရန် အတွက်

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက် အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (စတုတ္ထ)နေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၅) ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ(၂)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေဆိုင်ရာ၄(ဂ)(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမည်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယ ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။ခင်ဗျား။

D/real(wide) (1

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ကျပ် ၁၅၈. ၄၈ သန်း အား ခွင့်ပြု ထားပြီးဖြစ်ပါ၍ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလတွင်လုပ်ငန်းများ စတင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစဝ်အောင်မြတ်က ဒုတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒုတိယ မေးခွန်းကို ဆက်လက် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် အတွင်းမှာရှိနေတဲ့ နန်းခုံကျေးရွာဟာ ပင်းတယ၊ ရွာငံ ၃၃ကေဗွီ ဓါတ်အားလိုင်းနှင့် ၃မိုင်ခွဲခန့်ကွာဝေးတဲ့ နေရာမှာရှိပြီး အိမ်ခြေ ၁၇၀ ကျော်နဲ့ လူဦးရေ ၇၉၆ ဦးရှိပါတယ်။အလားတူပဲ ကျွန်တော်တို့ ပဲရင်းတောင်ကျေးရွာအုပ်စုဟာလည်း ပင်းတယ၊ ရွာငံ ၃၃ ကေဗွီ ဓါတ်အားလိုင်းနှင့် ၂မိုင်ခွဲခန့်ကွာဝေးပြီး အိမ်ခြေ ၁၂၀ ကျော်နဲ့ လူဦးရေ ၅၈၉ ဦးရှိပါတယ်။ နောက် တောင်မြင့်ကြီး ကျေးရွာသည် လျှပ်စစ်မီးရရှိနေပြီဖြစ်သော မြင်းတွင်းကျေးရွာနှင့် ၁ မိုင်ခန့်သာ ကွာဝေးပြီး အိမ်ခြေ ၄၈ အိမ် နှင့် လူဦးရေ ၁၇၀ ဦး ရှိပါတယ်။ တောင်ပေါ်ဒေသ ပလောင်တိုင်းရင်းသားမျိုးနွယ်စုများ အများဆုံး နေထိုင်ပြီး လက်ဖက်လုပ်ငန်းကို အဓိကလုပ်တဲ့ ရွာတစ် ရွာလည်းဖြစ်ပါတယ်။ လက်ဖက်တွေကို အခြောက်ခံစနစ်ပြုလုပ်တဲ့ အခါမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် သစ်တော သစ်ပင်များ ခုတ်ယူခြင်းနည်းပါးသွားအောင် ကျွန်တော်တို့ လျှပ်စစ်

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်း များမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ် ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင် တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ဒီနေ့တက်ရောက် လာကျတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာချမ်းသာကြပါစေလို့ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။

ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၊ မင်းကျဒိုး ကျေးရွာအုပ်စု၊ မင်းတိုင်ပင်ရွာမှာ စိုက်ပျိုးမြေဧက ၂၀၄. ၀၈ ဧကရှိပြီး ချောင်းရေကိုအားကိုးအားထားပြုပြီး စိုက်ပျိုးလုပ်ကိုင်ရတဲ့ အတွက် စိုက်ပျိုးရေရရှိမှုများအခက်အခဲ ဖြစ်ပေါ်နေပါတယ်။

D/real(wide) (1

ပြီးတော့မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား နမ့်ဆန်မြို့နယ်သည် လွန်ခဲ့တဲ့ ၂၀၁၀ခုနှစ်၊ စက်တင်ဘာလကစပြီး ၆၆ ကေဗွီအေမဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိထားတဲ့မြို့ တစ်မြို့ဖြစ်ပါတယ်။ ဓာတ်အား စက်ရုံမှဖြန့်ဖြူးပေးနိုင်တဲ့ ဓာတ်အားကတော့ (၅) မဂ္ဂါဝပ်ဖြစ်ပါတယ်။ လက်ရှိမှာမြို့ပေါ်နှင့်ကျေးရွာ စုစုပေါင်း (၂၁) ရွာကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ဝ.၈ မဂ္ဂါဝပ်ပဲကုန်ပါတယ်။ ၄.၂မဂ္ဂါဝပ်ကျန်ရှိနေပါသေးတယ်။ ဒါကြောင့်ပိုလျှံခဲ့တဲ့ လျှပ်စစ်ဓာတ်အားတွေကို လျှပ်စစ်ဓာတ်အားမရှိသေးတဲ့ ကျေးရွာများဖြစ်တဲ့ (၁)ကွမ်ဟယ်ကျေးရွာ၊ (၂) မန်နောက်ကျေးရွာ၊ (၃)ကျောက်ဖြူ ကျေးရွာ၊ (၄) လွယ်ဆန်ဆစ်ကျေးရွာ၊ (၅) ပန်ဆေမိန်ကျေးရွာ၊ (၆) ကယားလမ်းကျေးရွာနှင့် (၇)အားရမ်း(ပလောင်) (၇) ရွာကို ဖြန့်ဖြူးပေးနိုင်မှုအတွက် ကိုယ်တိုင်ကွင်းဆင်းပြီး တွက်ချက်မှုဇယားနှင့်တကွ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေးနှင့် ၁၃ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် တင်ပြမေးမြန်းခဲ့ဖူးပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကလည်းဆောင်ရွက် ပေးမည်ဆိုတဲ့အကြောင်း ကတိကဝတ်ရရှိထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့လည်း ရှမ်းပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ RE ဘတ်ဂျက်ဖြင့် ဆောင်ရွက်လိုသော ငွေလုံးငွေရင်းအသုံးစရိတ်လုပ်ငန်းများ ခေါင်းစဉ်ဖြင့် ဖော်ပြပါကျေးရွာ ၇ရွာအား လျှပ်စစ်မီး သွယ်တန်းခွင့်ရရှိရေး အတွက် ပြည်ထောင်စုအစိုးရသို့ တင်ပြထားပြီးဖြစ်ပါတယ်။ သို့သော်ပြည်နယ် RE ဘတ်ဂျက်ရန်ပုံငွေကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပယ်ဖျက်တဲ့နေရာမှာ ၎င်းလုပ်ငန်းလည်းပါသွားတယ်ဆိုတာသိရပါတယ်။

မီးရရှိရေးဟာလည်း အရေးတကြီးလိုအပ်နေတာဖြစ်ပါတယ်။ လျှပ်စစ်လုပ်ငန်း နှင့် သက်ဆိုင်ရာမီးလုပ်ငန်းတွေကို ဆက်စပ်နိုင်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံပလောင်တိုင်းရင်းသားတွေရဲ့ လူနေမှုဘဝဟာလည်းဖွံ့ဖြိုးလာမှာဖြစ်တဲ့အတွက် ဒါကိုလည်း အချက်တစ်ချက်အနေနဲ့တင်ပြလိုတာဖြစ်ပါတယ်။ အဆိုပါကျေးရွာများမှာ လျှပ်စစ်မီးမရရှိသေးသည့်အတွက် ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိခဲ့မယ်ဆိုရင်လည်း မည်သည့်အချိန်မှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်အတွက် လွှတ်တော်နည်းဥပဒေ ၉၈အရ လွှတ်တော် ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွအစိုးရအဖွဲ့ဝင်များနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်မှ မေးမြန်းသည့်ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရွာငံမြို့နယ်၊ တောင်မြင့်ကြီးကျေးရွာ ဓါတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း(၁.၅)မိုင်နှင့် ၁၁/၀.၄ကေဗီ ၅၀

D/real(wide) (1

ထိုကြောင့် ၂၀၁၆-၂၀၁၇ BE မှာ ပြန်လည်လျာထားရန် ဖြစ်ပေမဲ့ပါရှိလာတာကို မတွေ့ရှိရပါ။ ဒါကြောင့် လွှတ်တော်မှ ကတိကဝတ်ပေးပြီးသားဖြစ်တဲ့ ကျေးရွာ (၇) ရွာအား လျှပ်စစ်မီး သွယ်တန်းခွင့်ရရှိနိုင်ရေးအတွက် လက်ရှိအစိုးရမှ ဆက်လက် ဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိ လို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း ၊လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် များနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းသည့် ကြွယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်တွင် ပိုလျှံနေသော လျှပ်စစ်မောတ်အားများကို လျှပ်စစ်ဓါတ်အားမရရှိသေးသော ကျေးရွာများသို့ မောတ်အားဖြန့်ဖြူး ပေးနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ဘတ်ဂျက်တွင်

(၁) ကျောက်ဖြူကျေးရွာမောတ်အားရရှိရေး
(က) ၁၁ကေဗွီလိုင်း (၂)မိုင်

ကေဗွီအေ ထရန်စဖော်မာ ၁ လုံး တည်ဆောက်ခြင်းနှင့် ရွာငံမြို့နယ်၊ ပဲရင်း တောင်ကျေးရွာ မောတ်အားရရှိရေးအတွက် ၁၁ကေဗွီ မောတ်အားလိုင်း (၁.၅)မိုင်နှင့် ၁၁/၀.၄ကေဗွီ၁၆၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံးတည်ဆောက်ခြင်းလုပ်ငန်းတို့အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်း (NEP)(၅)မိုင်အတွင်းလျာထားချက်တွင်ထည့်သွင်းတင်ပြထား ပါသည်။

ရွာငံမြို့နယ်၊နန်းခုံကျေးရွာမောတ်အားရရှိရေးအတွက် စီမံကိန်း လျာထားချက်တွင် ပါဝင်ခြင်း မရှိသေးပါသဖြင့် နောင်လာမည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေရရှိရေးတွင် ထည့်သွင်း တောင်းခံသွားမှာဖြစ်ပါသည်။အားလုံးကိုကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်ပုံမှန် အစည်းအဝေး ကို ကြွရောက်လာတဲ့ သဘာပတိကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ် ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်တွင် ပိုလျှံနေသော လျှပ်စစ် ဓါတ်အားများကို လျှပ်စစ်ဓါတ်အားမရရှိသေးတဲ့ ကျေးရွာများသို့ ဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း

D/real(wide) (1

(ခ) ၁၁ /၀. ၄ကေဗွီ ၁၆၀ကေဗွီအေ (၁)လုံး
(ဂ) ၄၀၀ ဗို့လိုင်း (၁)မိုင်

(၂) ကယားလမ်းကျေးရွာဓာတ်အားရရှိရေး
(က) ၁၁ကေဗွီလိုင်း (၂)မိုင်
(ခ) ၁၁ /၀. ၄ကေဗွီ ၁၆၀ကေဗွီအေ (၁)လုံး
(ဂ) ၄၀၀ဗို့လိုင်း (၁)မိုင်

(၃) ပန်းဆေမိန်ကျေးရွာဓာတ်အားရရှိရေး
(က) ၁၁ကေဗွီလိုင်း (၂)မိုင်
(ခ) ၁၁ /၀. ၄ကေဗွီ ၂၀၀ကေဗွီအေ (၁)လုံး
(ဂ) ၄၀၀ဗို့လိုင်း (၁)မိုင်

(၄) အာရမ်း (ပလောင်)ကျေးရွာဓာတ်အားရရှိရေး
(က) ၁၁ကေဗွီလိုင်း (၂)မိုင်
(ခ) ၁၁ /၀. ၄ကေဗွီ ၁၀၀ကေဗွီအေ(၁)လုံး
(ဂ) ၄၀၀ ဗို့လိုင်း (၁. ၅)မိုင်

(၅) တောင်သုံးဆယ် (လွယ်ဆမ်ဆစ်)ကျေးရွာ
ဓာတ်အားရရှိရေး
(က) ၁၁ကေဗွီလိုင်း (၁. ၅)မိုင်
(ခ) ၁၁ /၀. ၄ကေဗွီ ၁၀၀ကေဗွီအေ (၁)လုံး
(ဂ) ၄၀၀ဗို့လိုင်း (၁. ၅)မိုင်

(၆) ကွမ်ဟယ်ကျေးရွာဓာတ်အားရရှိရေး
(က) ၁၁ကေဗွီလိုင်း (၆)မိုင်
(ခ) ၁၁ /၀. ၄ကေဗွီ ၁၀၀ကေဗွီအေ(၁)လုံး
(ဂ) ၄၀၀ဗို့လိုင်း (၁. ၅)မိုင်

မြေလမ်း(၁)လမ်းကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို ပါတယ်။ ရှိပါက မည်သည့် အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ မဆောင်ရွက်ပေးနိုင်ပါက အဘယ်ကြောင့် မပေး နိုင်ခြင်းကို သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အဲဒီရွာကတော့ နမ့်ဆန်-ပန်းစေမိန်းကတ္တရာ(၃)မိုင်၊ (၆၆)မိုင်မှ တောင်ရိုးဘုရားလမ်း ကတ္တရာ(၃)မိုင်၊ နမ့်ခေး-ဟူမန်း ကတ္တရာ(၁၄)မိုင်၊ ပန်စရီ- ပါယ်လမ်း ကတ္တရာ(၁၁)မိုင်၊ ကယားကြီး ရွာတွင်းလမ်း ကတ္တရာ(၃)မိုင်၊ မြို့သစ် ရွာတွင်းလမ်းကတ္တရာ(၃)မိုင်၊ နမ့်ခေး- ဟူးမန်းကတ္တရာ (၁၇)မိုင်၊ မိုးမိတ်လမ်းခွမှ နမ့်တွေရွာအထိကျောက်ချောလမ်း (၃)မိုင်၊ ပန်းကျရော့-အားရမ်းအထိ ကျောက်ချောလမ်း(၃)မိုင်၊ မြို့သစ်-နမ့်တွေ ကျောက်ချောလမ်း (၃)မိုင်ခွဲ၊ ဟိုမိန်း-ပန်းခြံမြေသားလမ်း (၁၂)မိုင်ခွဲ၊ ကျောက်တုံး -ဟူးပင်ကျောက်လမ်း(၃)မိုင်၊ မြို့သစ်-လွယ်ပိုင်း-မိုင်းငေါ့ ကျောက်လမ်း(၇)မိုင်၊ ဟူးခင်း-မန်းဆတ်-ပန်ကျရော့ ကျောက်ချောလမ်း(၈)မိုင်ဖြစ်ပါတယ်။ စုစုပေါင်းလုပ်ငန်း (၁၄)ခုတင်ပြထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော် ၊စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်အနေဖြင့် နမ့်ဆန်မဲဆန္ဒနယ်(၂) ဦးအောင်ထွဏ်း မေးမြန်းသည့် လမ်း၊ တံတား(၁၄)ခုကိုလည်း ကျွန်တော်စိုက်ပျိုးရေး၊

D/real(wide) (1

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် (၉) ခုဖြေကြားသွားမှာဖြစ်ပါတယ်။ ရှေးဦးစွာ ပထမမေးခွန်းဖြစ်တဲ့ နမ့်ဆန် - ပန်ဆေမိန်းလမ်းသည် အရှည် (၆/၄)မိုင်ရှည်လျားပြီး လက်ရှိအခြေအနေတွင် ကတ္တရာ (၂/၆)မိုင်၊ ကျောက်ချောလမ်း(၃/၆)မိုင် ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် အရှည် (၃/၆)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၄၄၅) သန်းခန့်၊ရေပြွန်တံတား (၂၀) စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေစရိတ် ငွေကျပ် (၅၀) သန်း၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းအတွက် ငွေကျပ် (၄၉၅) သန်းခန့်ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၂) ရွာ၊ အိမ်ခြေ (၁၁၃) အိမ်၊ လူဦးရေ (၆၆၇) ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ အဆိုပါလမ်းနှင့် လမ်းပေါ်ရှိ ရေပြွန်များတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး (၆၆) မိုင်မှ တောင်ရိုးဘုရားလမ်းမှာ(၃/၄) မိုင်ရှည်လျားပြီး လက်ရှိ အခြေအနေတွင် ကျောက်လမ်း (၁/၂. ၄)မိုင်၊ မြေသာလမ်း(၂/၁. ၆)မိုင်ဖြစ်သည့်အတွက် စုပေါင်းလမ်းအရှည်(၃/၄)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၄၁၅) သန်းခန့်၊ ရေပြွန်တံတား (၂၀)စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၅၀) သန်း၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတား တည်ဆောက်ခြင်း အတွက် ငွေကျပ် (၄၆၅) သန်းခန့် ကုန်ကျမည်

(၇) မန်နောက်ကျေးရွာဓာတ်အားရရှိရေး
(က) ၁၁ကေဗွီလိုင်း (၂. ၃)မိုင်
(ခ) ၁၁ /၀. ၄ကေဗွီ ၁၀၀ကေဗွီအေ(၁)လုံး
(ဂ) ၄၀၀ဗို့လိုင်း (၁)မိုင်

စုစုပေါင်းကျေးရွာ ၇ရွာတို့ပါရှိပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအောင်ထွဏ်းက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်၏ ဒုတိယ မေးခွန်းကို ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် မဲဆန္ဒရှင်ပြည်သူများထံ မကြာခဏ ကွင်းဆင်းတွေ့ဆုံလျက်ရှိရာမှ ၎င်းတို့၏ ရင်တွင်းစကားများကို ကြားသိခဲ့ရပါတယ်။ လိုအပ်နေသည်မှာ လမ်းပန်းဆက်သွယ်ရေးဖြစ်နေပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ နောက်ကျ ကျန်ခဲ့သည်ကိုလည်းသိရှိပါတယ်။ သူတို့ ရွေးချယ်ပေး ထားကြသော ကိုယ်စားလှယ်များလာရောက်သည့်အခါမှာ အားကိုးတကြီးနှင့် တင်ပြတောင်းဆိုကြပါတယ်။ ပြည်သူ့ အသံကြားရသော ကျွန်တော်တို့ ကိုယ်စားလှယ်များသည်လည်း မိဘသဖွယ် ပြည်သူ သဖွယ် အားကိုးရသည့် လွှတ်တော်ကြီးထဲ တစ်ဆင့်ပြန်လည် တောင်းဆိုရခြင်းဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာလည်း ဆောင်ရွက်ပေးလိုက်မည်ဟု မျှော်လင့်ပါတယ်။ ဒါကြောင့် နမ့်ဆန်မြို့နယ်ကျေးရွာများမှာ လိုအပ်နေသော ကတ္တရာလမ်း(၇)လမ်း၊ ကျောက်လမ်း(၆)လမ်း၊

D/real(wide) (1

ဖြစ်ပြီး ကျေးရွာ (၃) ရွာ၊ အိမ်ခြေ (၁၅၃) အိမ်၊ လူဦးရေ (၉၆၈) ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ အဆိုပါလမ်းနှင့်လမ်းပေါ်ရှိ ရေပြွန်များတည်ဆောက် ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွင်းလျာထား ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း နှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။

ပန်စရိ-ပါယို့လမ်းမှာ အရှည်(၁/၄)မိုင် ရှည်လျားပြီး လက်ရှိအခြေအနေတွင် ကျောက်ချောလမ်းခင်းဆောင်ရွက်ထား ရှိသောလမ်း ၁ လမ်းဖြစ်ပါသည်။ ပန်စရိ-ပါယို့လမ်းအရှည် (၁/၀) မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၁၁၈.၅၀သန်းခန့်၊ ရေပြွန်တံတား ၈ စင်းတည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၂၀ သန်း၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၃၈.၅၀ သန်း၊ ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ၂ ရွာ၊ အိမ်ခြေ ၂၃၇ အိမ်၊ လူဦးရေ ၁၅၃၃ ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်းနှင့် လမ်းပေါ်ရှိ ရေပြွန်များ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွင်းလျာထားဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း နှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်ပြီး လမ်းတစ်လမ်းဖြစ်သည့် ကယားကြီးရွာလမ်းမှာ အရှည်(၃/၀)မိုင် ရှည်လျားပြီး

ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး လမ်းတစ်လမ်းဖြစ်တဲ့ မိုးမိတ်လမ်းခွဲနှင့်နမ့်တွေရွာထိလမ်းမှာ အရှည် (၃/၀)မိုင်ရှည်လျားပြီး လက်ရှိ အခြေအနေတွင် မြေသားလမ်း (၁) လမ်းဖြစ်ပြီး အဆိုပါ လမ်းအရှည် (၃/၀)မိုင်အား ကျောက်ချောလမ်းခင်းဆောင်ရွက်မည် ဆိုပါက ခန့်မှန်း ကုန်ကျစရိတ်ငွေကျပ် (၂၄၀) သန်းခန့် ရေပြွန်တံတား (၈၀) စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်(၂၀၀)သန်းခန့်၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းအတွက် ငွေကျပ် (၄၄၀) သန်းခန့်ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၁) ရွာ ၊ အိမ်ခြေ (၁၈၀) အိမ်၊ လူဦးရေ (၁၀၃၄) ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ အဆိုပါလမ်းအရှည် (၃/၀)မိုင်နှင့် ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို အဆိုပါလမ်းနှင့်လမ်းပေါ်ရှိ ရေပြွန်များတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ပန်ကျရော့-အာရမ်းလမ်းမှာ အရှည်(၃/၀)မိုင် ရှည်လျားပြီး လက်ရှိအခြေအနေတွင် မြေသားလမ်းမှာ အရှည် (၃/၀)မိုင် အနက်မှ (၀.၅) မိုင်အား ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ မွမ်းမံရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် မြေသားလမ်းအရှည်(၂/၃)မိုင်အား

D/real(wide) (1

လက်ရှိအခြေအနေတွင် ကျောက်ချောလမ်းခင်းဆောင်ရွက်ထားရှိသော လမ်း (၁) လမ်းဖြစ်ပါသည်။ ကယားကြီးရွာအဝင် လမ်းအရှည် (၃/၀)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၃၅၆) သန်းခန့်၊ ရေပြွန် တံတား (၂၀) စင်းတည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၅၀၆) သန်း၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတား တည်ဆောက်ခြင်း အတွက် ငွေကျပ် (၆၀၆) သန်းခန့် ကုန်ကျမည် ဖြစ်ပြီး ကျေးရွာ (၁) ရွာ၊ အိမ်ခြေ (၂၅၉) အိမ်၊ လူဦးရေ (၁၃၇၆) ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ အဆိုပါလမ်းနှင့်လမ်းပေါ်ရှိ ရေပြွန်များ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် အတွင်း လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

နောက်ထပ်လမ်းတစ်လမ်းဖြစ်သည့် မြို့သစ်ရွာတွင်း လမ်းမှာ အရှည် (၃/၀)မိုင်ရှည်လျားပြီး လက်ရှိ အခြေအနေတွင် ကျောက်ချောလမ်းခင်းဆောင်ရွက်ထားရှိသော လမ်း (၁) လမ်းဖြစ်ပါသည်။ မြို့သစ်ရွာတွင်းလမ်းအရှည် (၃/၀)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကန်ကျစရိတ်ငွေကျပ် ၃၅၆ သန်းခန့်၊ ရေပြွန်တံတား ၂၀ စင်းတည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၅၀၆) သန်း၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းအတွက် ငွေကျပ် (၄၀၆) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၁) ရွာ၊ အိမ်ခြေ (၄၉၅) အိမ်၊ လူဦးရေ (၁၃၆၈) ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်းနှင့် လမ်းပေါ်ရှိ ရေပြွန်များတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု

ကျောက်ချောခင်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၁၉၀) သန်းခန့် ရေပြွန်တံတား ၂၀စင်းတည်ဆောက်ခြင်း အတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၅၀) သန်းခန့်၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်း အတွက် ငွေကျပ် (၂၄၀) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၂) ရွာ ၊ အိမ်ခြေ (၂၅၉) အိမ်၊ လူဦးရေ (၂၀၂၇) ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်းအရှည် (၂/၃)မိုင်နှင့် ရေပြွန်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွင်းလျာထားဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့်တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့်ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဟူးခင်း - မန်စပ် - ပန်ကျရော့လမ်းမှာ အရှည် (၈/၀)မိုင် ရှည်လျားပြီး လက်ရှိ အခြေအနေတွင် မြေသားလမ်း (၁) လမ်းဖြစ်ပြီး အဆိုပါ လမ်းအရှည် (၈/၀)မိုင်အား ကျောက်ချော ခင်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၆၄၀) သန်းခန့်၊ ရေပြွန်တံတား (၆၀) စင်း တည်ဆောက်ခြင်း အတွက် ခန့်မှန်း ကုန်ကျစရိတ်ငွေကျပ် (၁၅၀) သန်းခန့်၊ စုစုပေါင်း လမ်းနှင့် ရေပြွန် တံတား တည်ဆောက်ခြင်း အတွက် ငွေကျပ် (၇၉၀) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၃) ရွာ၊ အိမ်ခြေ (၇၇) အိမ်၊ လူဦးရေ (၄၈၇) ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ လမ်းအရှည် (၈/၀)မိုင်နှင့် ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့်

D/real(wide) (1

စိစစ်ပြီး အမှန် တကယ်ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စု/ ပြည်နယ်ဘတ်ဂျက်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက်၊ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရန် လျာထားသော စီမံကိန်း လုပ်ငန်းများတွင် ထည့်သွင်း လျာထား တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က ပထမမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးဘဲ မင်္ဂလာပါရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကိုတက်ရောက်လာကြကုန်သော ဂုဏ်သရေရှိ လူကြီးမင်းများ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။

ပထမဦးဆုံး မေးမြန်းလိုတဲ့ မေးခွန်းကတော့ **"နမ္မတူမြို့နယ်၊ နမ့်မျော်ကျေးရွာနှင့် ရှန်ခိုက်ဘုရားကျောင်း တံခါးဝအထိ ၄ မိုင် ခရီးရှိသော လမ်းကို ၂၀၁၆-၂၀၁၇ခုနှစ်အတွင်း ဖြည့်စွက် ရန်ပုံငွေဖြင့် ခွင့်ပြုပေးရန် ရှိ/မရှိ "** ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်မျော်ကျေးရွာသည် နမ္မတူမြို့နယ်ထဲတွင် ရှိသော်လည်း နမ္မတူမြို့သို့သွားရန် လမ်းခရီးအလွန်ခက်ခဲသည့် ရွာတစ်ရွာဟုဆိုရပါမည်။ နမ့်မျော်ကျေးရွာအုပ်စုတွင်ကျေးရွာပေါင်း (၇) ရွာဖြင့် ဖွဲ့စည်းထားပြီး လူနေအိမ်ခြေ (၁၇၅) အိမ်၊ လူဦးရေ (၇၂၂) ဦး နေထိုင်ကြပြီး စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်

တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး လမ်းတစ်လမ်းဖြစ်တဲ့ ဟိုမိန်း- ပန်းခြံလမ်းမှာ လက်ရှိအခြေအနေတွင် ခြေလျင်နှင့် ဆိုင်ကယ်များသာသွားလာအသုံးပြုနိုင်သော လမ်း(၁)လမ်းဖြစ်ပြီး အရှည် (၁၂/၄)မိုင်ရှည်လျားပါသည်။ အဆိုပါ လမ်းအရှည် (၁၂/၄)မိုင်အား မြေသားလမ်းသတ်မှတ်အကျယ်ရရှိရေးဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၂၇၅) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၂) ရွာ၊ အိမ်ခြေ (၁၂၅) အိမ်၊ လူဦးရေ (၈၀၃) ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ လမ်းအရှည် (၁၂/၄)မိုင်အား မြေသားလမ်းဖောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့်ဖြေကြားအပ်ပါတယ်။

ကျန်ရှိသော လမ်း (၅) ခုကိုတော့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်

D/real(wide) (1

ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမေးမြန်းလာသည့် နမ့်ဆန်မြို့နယ်ကျေးရွာများတွင် လိုအပ်နေသော အောက်ပါလမ်းများအား မည်သည့်အချိန် မည်သည့်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိလိုခြင်းဖြစ်ပါတယ်-

(၁) နမ့်ခေး - ဟူမန်းကတ္တရာ (၁၄) မိုင်၊ ရေပြွန် (၈၀)စင်း
(၂) နမ့်ခေး-မြို့သစ်ကတ္တရာ (၁၇) မိုင်၊ ရေပြွန် (၈၀) စင်း
(၃) မြို့သစ်-နမ့်တွေကျောက်ချောလမ်း (၃. ၅) မိုင်၊ ရေပြွန် (၂၂) စင်း
(၄) ကျောက်တော - ဟူးခင်ကျောက်လမ်း (၃) မိုင်၊ ရေပြွန် (၂၀) စင်း
(၅) မြို့သစ် - လွပ်ပိန် - မိုင်းငေါ့ကျောက်ချောလမ်း (၇) မိုင်၊ ရေပြွန် (၈၀) စင်း

ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများ လျာထားတင်ပြရာတွင် အခြားဦးစီးဌာန လုပ်ငန်းများနှင့် လုပ်ငန်းထပ်မှုမရှိခြင်း၊ ဒေသအတွင်း အမှန် တကယ် လိုအပ်သောလုပ်ငန်းများအားစိစစ်၍ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့များနှင့် ခရိုင်/ မြို့နယ် ရုံးများမှ ပြုစုပေးပို့ တင်ပြလာပါက ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေး အဆင့်အလိုက် စီမံကိန်းလုပ်ငန်းများအား လျာထားတင်ပြရပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရပါသည်။

အဆိုပါလမ်း (၅) လမ်းနှင့်ပတ်သက်၍ဒေသတွင်း အမှန် တကယ်လိုအပ်ခြင်းရှိ/မရှိ အကျိုးပြုနိုင်ခြင်း ရှိ/မရှိတို့အား ကွင်းဆင်း

စားသောက်နေကြသူများဖြစ်ပါတယ်။ နမ့်မျော်ကျေးရွာမှ နမ္မတူမြို့သို့သွားရန် လမ်းခရီး ချက်ချင်းမပေါက်နိုင်သောကြောင့် လာရှုံးမြို့ဘက်သို့ပတ်ပြီးသွားရ ပါတယ်။ ယခင်ကတော့ ဘော်တွင်းသတ္တုတွင်းကို နိုင်ငံတော်ပိုင်အဖြစ်လုပ်ကိုင်စဉ်က နမ့်မျော်နှင့်နမ္မတူကို ကျောက်မီးသွေး၊ သစ်၊ သတ္တုများတင်သော ရထားများဖြင့် သွားလာခဲ့ရပါတယ်။ ယခုအခါမှာ ယင်းရထားသည်လည်း အသုံးပြု၍မရသည်မှာ ကြာမြင့်နေပါပြီ။ ပညာရေးဝန်ထမ်းများ အပါအဝင် ပြည်သူများသည် ပြေးဆွဲခြင်း မရှိတော့သည့် မြစ်ကမ်းနံဘေးတွင် ဆောက်လုပ်ထား သော ရထားလမ်းဘေးတွင်(၁)ပေ သာသာ ကျယ်သော ဗွက်ထူသည့်လမ်းလေးကိုသာ အားကိုးပြီး သွားနေရပါတယ်။ အကယ်၍ နမ့်မျော်ကနေရှန်ခိုက်ဘုရားကျောင်း အထိ ရထားလမ်းဘေးတစ်လျှောက်(၄) မိုင်ရှည်သော လမ်းကိုသာ ဖောက်လုပ်ပေးနိုင်လျှင် လမ်းပန်းဆက်သွယ်ရေးအလွန်ပင်ချောမွေ့သွားပြီး မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးယန္တရားများ လွယ်ကူစွာလည်ပတ်နိုင်ပြီး ပြည်သူ၏ ဘဝများတိုးတက်လာမည်မှာမလွဲဧကန်ဖြစ်ပါတော့မည်။ ထို့ကြောင့် နမ္မတူမြို့နယ်ရှိ နမ့်မျော်ကျေးရွာ ရှန်ခိုက်ဘုရားကျောင်းတံခါးဝထိ (၄) မိုင် ခရီးရှိသောလမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်ဖြည့်စွက် ရန်ပုံငွေဖြင့် ခွင့်ပြုရန် ရှိ/မရှိနှင့်ရှိပါက မည်သည့် အချိန်တွင် ဆောက်လုပ် ပေးနိုင်မည်နှင့် မရှိပါက မည်သည့်ရန်ပုံငွေဖြင့် ချထား ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဦးစိုင်းလုံကျော် ၊စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။
လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဒေါ်နန်းစံဟွမ်မေးမြန်းလာတဲ့ **"နမ္မတူမြို့နယ်၊ နမ့်မျော်ကျေးရွာနှင့်ရှန်ခိုက်ဘုရားကျောင်း တံခါးဝအထိ (၄) မိုင်ခရီးရှိသော လမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဖြည့်စွက်ရန်ပုံငွေဖြင့် ခွင့်ပြုပေးရန် ရှိ/မရှိ "** ဆိုသည့် မေးခွန်း နှင့်ပတ်သက်၍ နမ္မတူမြို့နယ်၊ နမ့်မျော်ကျေးရွာနှင့် ရှန်ခိုက်ဘုရားကျောင်း တံခါးဝထိ (၄) မိုင်ရှိသောလမ်းမှာ လက်ရှိမြေသားလမ်းဖြစ်ပြီး ထော်လာဂျိန့် ဆိုင်ကယ်များဖြင့်သာ သွားလာအသုံးပြုနိုင်ပါသည်။ အဆိုပါလမ်းမှာ မိုးရာသီတွင် သွားလာရန် ခက်ခဲသောလမ်းတစ်လမ်းဖြစ်ပြီး ကျောက်ခဲလမ်းအဖြစ်ဆောင်ရွက်မည်ဆိုပါက မြေသားလမ်းပြုပြင်ခြင်းလုပ်ငန်း (၂) မိုင်ခန့် နှင့် အရှည် (၁၂၀) ပေရှိသည့် တံတား (၁) စင်း ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၄င်းလမ်းအား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက မြေသားလမ်း (၂) မိုင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ (၃၈. ၅၂) သန်း၊ ကျောက်ခဲလမ်း (၄) မိုင် ခင်းခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်(၂၉၁. ၂၈) သန်း၊ ကွန်ကရစ် တံတား (၁၂၀) ပေ (၁) စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်း ကုန်ကျငွေ (၁၄၄) သန်း ခန့်ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၇) ရွာ၊ အိမ်ခြေ (၁၆၄) အိမ်၊ လူဦးရေ (၇၂၂) ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြထားသော လမ်းအား ကျောက်ခဲလမ်းအဖြစ် ဖောက်လုပ်နိုင်ရန် စုစုပေါင်း

မြို့နယ်ရှိ နားဆိုင်းကျေးရွာသည် မန်စံကျေးရွာမဟာဓာတ်အားခွဲရုံနှင့် (၁၀) မိုင်သာကွာဝေးပြီး နမ္မတူ-လားရှိုးကားလမ်းကြီးဘေးတွင်ရှိ၍ (၁၁) ကေဗွီ ဓာတ်အားလိုင်း လွယ်ကူစွာဆွဲနိုင်ပါသည်။ ယခင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်ဘတ်ဂျက် RE တွင်ထည့်သွင်းလျာထားပေးပါ။ ကျေးရွာများမီးလင်းရေး ကော်မတီမှ မိမိပိုင်မီတာ၊ မီးလိုင်းဆွဲခအတွက် ကြိုတင်စုဆောင်းထားရန် ညွှန်ကြားထားသော ညွှန်ကြားစာကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးမှ ဒုတိယအင်ဂျင်နီယာချုပ်၊ ရှမ်းပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ တောင်ကြီးမြို့သို့လိပ်မူ၍ စာအမှတ်၊ (၁၀၂၅၀)/ စ-၁၁၁/ အစရ (ရှမ်း)ဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ပါ နေ့စွဲဖြင့် ထပ်ဆင့် ညွှန်ကြားခဲ့ပါတယ်။ သို့သော် ယခုအချိန်ထိ အကောင်အထည် မဖော်နိုင်သေးပါ။ ထို့ကြောင့်လုပ်ငန်းများ မည်သည့်အချိန်တွင် စတင်လုပ်ဆောင်ပေးနိုင်မည်ကို ပြည်သူလူထုများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ကျေးလက်ဒေသများမီးလင်းရေးဆောင်ရွက်လိုသော ဦးစားပေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာ (၁၁) ရွာအား မည်သည့်အချိန်တွင်ဓာတ်အားလိုင်းတပ်ဆင်ခြင်းများ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်၍ နမ္မတူမြို့နယ်များရှိ ကျေးရွာများမှ ပြည်သူများသည် စိုက်ပျိုးရေးကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်စားသောက်နေရတဲ့ တောင်သူများဖြစ်ပါတယ်။ ၄င်း ကျေးရွာများမှ ထုတ်ကုန်များဟာ နမ္မတူမြို့ဖွံ့ဖြိုးတိုးတက်ရေး

D/real(wide) (1

အတွက် များစွာ အထောက်အကူပြုပါသော်လည်း လျှပ်စစ်မီး မရရှိခြင်းကြောင့် လူနေမှုအဆင့်အတန်း နိမ့်ကျလျက်ရှိနေပါတယ်။ ကျေးလက် တောရွာများရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လျှပ်စစ်မီး သည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်ဟု ယူဆပါသည်။ ရွာသားများမျှော်လင့်နေသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ပြည်နယ် အစိုးရ BE ဘတ်ဂျက်ဖြင့် ကျေးလက်ဒေသများ မီးလင်းရေးဆောင်ရွက်လိုသော ဦးစားပေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် ၄င်းကျေးရွာများအား ဓာတ်အားလိုင်းတပ်ဆင်ခြင်းကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း ၊လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ရှမ်းပြည်နယ်လျှပ်စစ်၊စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျောက်မဲခရိုင်၊ နမ့ဇူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

D/real(wide) (1

ကုန်ကျ စရိတ်ငွေကျပ် (၄၇၃၊ ၈) သန်း ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေရရှိပြီဆိုပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းစံဟွမ်က မေးခွန်း (၂)နှင့် (၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊ နမ့ဇူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးဘဲမင်္ဂလာပါရှင်။ ဒုတိယ မေးခွန်းကို ဆက်လက်မေးမြန်းပါမယ်ရှင်။ **“ ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် လျာထားသည့် ကျောက်မဲခရိုင်၊ နမ့ဇူမြို့နယ်၊ နားဆိုင်းကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးလုပ်ငန်းအား မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်မဲခရိုင်၊ နမ့ဇူ မြို့နယ်၊ ပန်လုံကျေးရွာအုပ်စုနှင့် နားဆိုင်းကျေးရွာအုပ်စုတို့၏ လျှပ်စစ်ဓာတ်အားရရှိရေးကို ၁၆-၉-၂၀၁၄ ရက်နေ့မှ ၂၁-၉-၂၀၁၄ ရက်နေ့အထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးခရီးစဉ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် BE ဘတ်ဂျက်တွင်လျာထားခဲ့ပါသည်။ ပန်လုံကျေးရွာအုပ်စု ဖြစ်သည့် ပန်လုံ၊ နားခုံ၊ ပန်သပြေ၊ မန်လွေ၊ ချောင်းဆာ၊ ရေအိုးစသည့် ကျေးရွာ(၆)ရွာတို့တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပါသော်လည်း ၂၀၁၆-၂၀၁၇ ပြည်ထောင်စု ဘတ်ဂျက်တွင် လျာထားသော နားဆိုင်းကျေးရွာအား မည်သည့်အချိန်လုပ်ငန်းများ စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။ ကျောက်မဲခရိုင်၊ နမ့ဇူ

နှင့်တွေ့ဆုံပွဲအရ၊ ၁၈-၂-၂၀၁၄ ရက်စွဲပါ မြို့နယ်ထွေထွေအုပ်ချုပ်ရေးမှူး၏ စာအမှတ်၊ ၅/၄၁-၃(၂၇၃)ဦး ၆/အထဉ၊ မြို့နယ်ထွေထွေ အုပ်ချုပ်ရေးမှူး၏ ဒေသန္တရအမိန့်ဖြင့် ၁၃-၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၅/၄၂-၂၀(၀၀၈)/ဦး ၆ သတ်မှတ်ထားသော ပေ(၁၀၀)ပတ် လည် အားလပ် သမားများ အတွက် အထောက်အထားမဖြစ်နိုင်ပါ။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်နယ်၏ ပုဂံဟုတင်စားခေါ်ဝေါ်သောလင်းခေးခရိုင်၊ မိုးနဲမြို့နယ်သည် ဘုရားစေတီပုထိုးနှင့် စိမ့်စမ်းဧရိယာများ တစ်နှစ်ပတ်လုံးစိမ်းစိုလှပတဲ့သဘာဝဝန်းကျင်မျိုးလွမ်းခြုံလျက်ရှိသော မြို့လေးတစ်မြို့ဖြစ်ပါတယ်။အကြောင်းအရာပါအငြင်းပွားမှုဧရိယာသည် ရာစုနှစ်ချီ၍ လယ်မြေများ၊ ခြံများ ဝန်းရံပတ်လျက်တည်ရှိသော စိမ့်စမ်းရေထွက် ဧရိယာတစ်ခုဖြစ်ပြီး စိမ့်စမ်းရေကို ချန်လှပ်၍ထားသည်မှာ ဒေသခံ တောင်သူလယ်သမားများအတွက် ပင်မရေသောက်မြစ်ကြီးသဖွယ် အလွန်အရေးကြီးသည့် သဘာဝဝန်းကျင်ရေအရင်းအမြစ် ဧရိယာအဖြစ် ထိန်းသိမ်းထားတာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ မောင်ခိုင်မောင်နိုင်ဘုရားအနီး သဘာဝဝန်းကျင်ရေဦး၊ ရေဖျားဧရိယာပေါ်တွင် ထုတ်ပေးထားသည့် ပုဂ္ဂိုလ် (၄) ဦး၏ မြေစာရင်းပုံစံ(၁၀၅)ကို ပြန်လည်ရုပ်သိမ်းပေးပြီး ၄င်း(၄)ဦးဆိုတဲ့ ဧရိယာဟာ ကျွန်တော်အဓိက မေးမြန်းချင်တဲ့အရာက တကယ်လို့ ထုတ်ပေးတဲ့ ပုံစံ(၁၀၅)သည် (၁)မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် မြေပေးမိန့်များဖြင့် ပိုင်ရှင် (၄) ဦးကို စိုက်ပျိုးရန်၊ လူနေထိုင်ရန် ခွင့်ပြုထားပေးသည်ဆိုရာ၌ အဆိုပါပိုင်ရှင် (၄) ဦးသည် ဒေသခံ တောင်သူလယ်သမားများ ဟုတ်/မဟုတ်၊ ဒေသခံများဖြစ်ပါက အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သည့် ဆင်းရဲချို့တဲ့သောတောင်သူများ ဟုတ်/ မဟုတ်၊ လားရာနယ်နိမိတ်များ

၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်တွင် လျာထားသည့် ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် လျာထားချက်များတွင် နားဆိုင်းကျေးရွာဓာတ်အားရရှိရေးအတွက် ၁၁ကေဗွီလိုင်း (၁၀) မိုင်၊ ၁၁/၀.၄ ကေဗွီ (၁၆၀) ကေဗွီအေ ခွဲရုံ (၂)ရုံနှင့် (၄၀၀) ဗို့လိုင်း (၁.၅) မိုင် တည်ဆောက်ခြင်းလုပ်ငန်းများအားမူလ ဘတ်ဂျက်ရေးဆွဲစဉ် ထည့်သွင်းလျာထားရေးဆွဲခဲ့သော်လည်း ဘတ်ဂျက်လျှော့ချဖြတ်တောက်ရာတွင်ပါသွားခဲ့ပါတယ်။ ဒါတွေကယခင်အစိုးရလက်ထက်ကဟာတွေပါ။ အဆိုပါလုပ်ငန်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် ပထမဦးစားပေးအနေဖြင့် ထည့်သွင်းလျာထား တောင်းခံသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ကျေးလက်ဒေသများ မီးလင်းရေး ဆောင်ရွက်လိုသော ဦးစားပေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် နမ္မတူမြို့နယ်၊ ဆိုင်ဂျာရွာ၊ ခိုဖိတ်(၁)၊ ခိုဖိတ်(၂)၊ ခိုဖိတ်(၃)၊ နမ့်တောင်ကုန်းရွာ၊ သပြေရွာ၊ ပိန်းလောင်းရွာ၊ ဟာလင်နှင့် ကုန်းဆာရွာ၊ လုံမိတ်နှင့် ကောင်းဟုန်းရွာ တို့အားအမျိုးသားလျှပ်စစ်ခါတ်အားရရှိရေး စီမံကိန်း (NEP) Phase-1 ဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေး နှစ်တွင် ၁၁ ကေဗွီလိုင်းနှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာများ တည်ဆောက်ပေးမည့် အစီအစဉ်တွင် ထည့်သွင်း လျာထားပြီး လုပ်ငန်းများနှင့်ပစ္စည်းဝယ်ယူရေးအတွက် International Tender ခေါ်ယူနိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင်စတင်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

D/real(wide) (1

ထိစပ်သော တောင်သူလယ်သမားများ၏ သဘောတူညီချက်ရယူထားခြင်း ရှိ/မရှိ၊ မြေသိမ်းမြေလွှဲကိစ္စနှင့်ပတ်သက်၍ ဒေသခံစိုက်ပျိုးသော တောင်သူလယ်သမားအများစု၏ အကျိုးစီပွားထိခိုက်နစ်နာမှုကို သုံးသပ်ထားသော စစ်တမ်းကောက်ယူမှု ရှိ/မရှိ၊ စိုက်ပျိုးရန်နှင့် လူနေထိုင်ရန် ခွင့်ပြုချထားသည်မှာ သဘာဝပတ်ဝန်းကျင်နှင့် ရေထွက်ပင်ရင်း ဧရိယာကို ထိခိုက်မှုရှိနေသဖြင့် သက်ဆိုင်ရာ ခရိုင်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်း၊ သဘောထား မှတ်ချက်ရယူထားမှု ရှိ/မရှိ၊ လက်ရှိ ပြည်နယ်အစိုးရအဖွဲ့မတိုင်မီ ပြည်နယ်အဆင့်အမြင့်ဆုံး အဖွဲ့အစည်း၏ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်း အတည်ပြုချက်ရယူထားမှု ရှိ/မရှိ စသည်တို့ကို တောင်သူလယ်သမား (၁၀၄) ဦးတို့၏ ဆန္ဒသဘောထားကို အလေးဂရုပြု၍ အသေးစိတ် စိစစ်ပေးနိုင်ပါရန် တင်ပြဆွေးနွေးလိုခြင်းဖြစ်ပါတယ်။ ဆောင်ရွက်စီမံပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

သို့ပါသော်လည်း ရည်ညွှန်းချက်(၃)ပါအရ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာသုံးသပ်ချက်နှင့် မိုးနဲမြို့နယ် စီမံခန့်ခွဲရေး၏ အကြံပြုချက်များ၌ တောင်သူလယ်သမားများ၏ တောင်းဆိုချက်ဖြစ်သော ပိုင်ရှင် (၄) ဦးတို့၏ ခွင့်ပြုချထားပေးသည့် မြေပေးမိန့်၊ မြေစာရင်းပုံစံ(၁၀၅)စသည်များသည် တောင်သူလယ်သမားအများအပြား၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှု ရှိနေဖြင့် သဘာဝဝန်းကျင် ထိန်းသိမ်းမှုကို ပျက်ဆီးရန် အလားအလာရှိနေသဖြင့် မြေပေးပုံစံများနှင့် ပုံစံ(၁၀၅)များကို ပြန်လည်ရုပ်သိမ်းပြီး အဆိုပါ (၄) ဦး၏ ပိုင်ဆိုင်သောမြေများကို သဘာဝတောအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် တောင်းခံအပ်ပါတယ်။ သို့ဖြစ်ပါ၍ ၄င်းတို့ (၄) ဦး၏ မြေစာရင်း ပုံစံ(၁၀၅)နှင့် မြေပေးမိန့်တို့ကို ပြန်လည်ရုပ်သိမ်းပြီးပါက သဘာဝတောအဖြစ်

D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်က မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေလို့ ပဏာမနှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြမယ့် ကြယ်ပွင့်ပြမေးခန်း ၂ခုအနေနဲ့ကတော့ ပြည်သူလူထုတွေ တကယ့်ဆင်းရဲဒုက္ခ မျက်ရည်တွဲလွဲ မျက်ရည်သုတ်ပြီးတော့ ကျွန်တော်တို့ဆီ အနူးညွတ်လာရောက်တောင်းပန်ပြီး သူတို့ရဲ့ ဆန္ဒတွေကို လွှတ်တော်ထဲသို့ တင်ပြပေးပါရန် လာရောက်မေတ္တာရပ်ခံပါတယ်။ သူတို့ရဲ့ တကယ်ဖြစ်ပျက်နေသည့် ဆင်းရဲဒုက္ခရောက်နေတဲ့အဖြစ်တွေကို ကျွန်တော် တင်ပြရပါမယ်။ ပထမဦးဆုံးအနေဖြင့် မောင်ခိုင်မောင်နိုင်ဘုရားအနီး သဘာဝဝန်းကျင်ရေဦး၊ရေဖျား ဧရိယာပေါ်တွင် ထုတ်ပေးထားတဲ့ ပုဂ္ဂိုလ် (၄) ဦး၏ မြေစာရင်းပုံစံ(၁၀၅)ကို ပြန်လည်ရုပ်သိမ်းပေးပြီး ၄င်း (၄) ဦး၏ ဧရိယာအရကို သဘာဝရေထွက်တောအဖြစ် သတ်မှတ်ပေးပါရန်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၃၁-၁၂-၂၀၁၃ ရက်စွဲပါ ရှမ်းပြည်နယ်လွှတ်တော်မှတ်တမ်းအရနှင့် ၁၉-၁-၂၀၁၄ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်လူကြီးများ၏ မိုးနဲပြည်သူလူထု

သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင်စိစစ်ပြီး၊ စိစစ်ရာတွင်လည်း ပြည်သူတို့ကို ပွင့်လင်း မြင်သာသော စိစစ်ချက်နှင့် ၎င်းတို့စိစစ်ရာတွင် တောင်သူ လယ်သမားများကို (၁)ယောက်၊(၂) ယောက်ခေါ်ယူပြီး ခြိမ်းခြောက် ခြင်းများမပြုလုပ်ပါရန် ပြည်သူလူထုကိုယ်စား မေတ္တာရပ်ခံအပ် ပါတယ်။ အစီအစဉ်မရှိပါက ဘာကြောင့် အစီအစဉ်မရှိသည်ကို ပြည်သူလူထုများ နားလည်သော စကားလုံးဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားရှေးရှုပြီး စိစစ်ပေးပါရန် တောင်းခံအပ်ပါတယ်။ တောင်သူလယ်သမားများကို ဆက်ဆံတဲ့ အချိန်မှာ အစိုးရသစ် အနေနဲ့ကျတော့ ပြည်သူသာအမိ၊ ပြည်သူသာ အဖ ၊ ပြည်သူကို ဆက်ဆံရာတွင် ပြည်သူဟာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသကဲ့သို့ ဆက်ဆံခြင်းကို မေးမြန်းခြင်းကို မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

မေးခွန်း(၂)အနေနဲ့ ရှမ်းပြည်နယ် လင်းခေးခရိုင်၊ မိုးနဲမြို့ ကော်လိတ္တော်အရာရှိ၏ မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးမှ ချထားပေးသော မြေပေးမိန့်များနှင့် မိုးနဲ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီ၏ လုပ်ငန်းများနှင့် မြေစာရင်း ဦးစီးမှ ချပေးထားသော ပုံစံ (၁၀၅)၊ လယ်ယာလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇)တို့ကို ပြန်လည်စိစစ်ပေးပါရန် အစီအစဉ် ရှိ/ မရှိဆိုသည့် မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ မိုးနဲမြို့နယ်တွင်မြေသိမ်း၊ ယာသိမ်း ကိစ္စများမှာ မိုးနဲပတ်ပတ်လည်တွင် အရှေ့၊ အနောက် ၊ တောင်၊ မြောက်ဖြစ်နေပါတယ်။ အရှေ့အရပ်တွင် SSS နှင့်ဖွဲ့ထောက် အတွင်းရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မိုးနဲမြို့ တောင်ဘက်တွင် ခိုထီးဝိုးရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မိုးနဲမြို့၏ အနောက်ဘက်မှာ သက်ဆိုင်ရာဌာနအသီးသီး၊ မိုးနဲမြို့၏ မြောက်ဘက်မှာ နမ့်မော်ဆွမ်ကျေးရွာအုပ်စု၊ တောင်သူ ၄၀ ဦးတို့၏ မြေကိစ္စတွေဖြစ်

ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ မိုးနဲမြို့နယ်၊ နမ့်မော်ဆွမ်းကျေးရွာ အုပ်စု၊ ကတ်နောင်ရွာ နမ့်ဟူးရေထွက်အနီးမှာရှိသည့် မြေနေရာ ဖြစ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ မြေနေရာနှင့် ပတ်သက်၍ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၏ ၂၀-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊၁၀/ ၂၂-၁ဖြင့် မေးမြန်းချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးနဲမြို့နယ်မှ ၂၂-၁၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၅/၄၁-၄/ဦး ၆ (၁စု၃၁)ဖြင့် ဦးစိုးမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးအား အဖွဲ့ခေါင်းဆောင် နှင့် အဖွဲ့ဝင် (၅) ဦးပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်ခဲ့ပါတယ်။ အဖွဲ့၏ စစ်ဆေးသုံးသပ် အကြံပြုချက်နှင့် တောင်သူများ၏ ထွက်ဆိုချက်များအရ ရေထွက်ပေါက်ပိတ်ဆို့ခြင်း မရှိစေရေး၊ စိုက်ပျိုးသူများ ထိခိုက်မှု မရှိစေရေးအတွက် ရေထွက်နေရာ ဧရိယာသတ်မှတ်ထိန်းသိမ်းရန် လိုအပ်ကြောင်း တင်ပြချက်အရ ရေထွက်ပေါက်ကို ဗဟိုပြုပြီး ပေ (၅၀) ခန့် ခြံခတ်သတ်မှတ်ထားရှိပါက အဆင်ပြေလုံလောက်မည်ဟု အဖွဲ့၏ ၁၅-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ စမက/ ၂၀၁၃-၂၀၁၄ (၂၈)ဖြင့် သုံးသပ်အကြံပြုချက်အပေါ် မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ၅-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၅/၄၁-၇ (၀၀၆၇)/ဦး ၆ ဖြင့်အဆိုပါရေထွက်ပေါက်တစ်ခုချင်းစီအား ဗဟိုပြု၍ ပေ (၁၀၀) ပတ်လည်အတွင်း သီးနှံစိုက်ပျိုးခြင်းမပြုရန်၊ ကားလမ်းမကြီးနှင့် ရေထွက်အကြား နေရာတွင် သီးနှံစိုက်ပျိုးခြင်းမှ အပ လူနေထိုင်ခြင်းမပြုရန် ရေထွက်အနီးရှိ တောင်သူအားလုံးကို

D/real(wide) (1

ရေထွက်အား ထိန်းသိမ်းစောင့်ရှောက်ရန် ခေါ်ယူ ရှင်းလင်း အသိပေးပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ ၁၃-၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၅/၄၂-၂၀ (၀၀၈)/ဦး ၆ ဒေသန္တရအမိန့်၊ ၁/၂၀၁၅ ဖြင့် နမ့်ဟူးရေထွက်ကြီးများ ဧရိယာအတွင်း သဘာဝပတ်ဝန်းကျင်ရေအရင်းအမြစ်ထိန်းသိမ်းရေး ဧရိယာအဖြစ် သတ်မှတ်ထားကြောင်း၊ ၎င်းနမ့်ဟူးရေထွက် ရေရှည်တည်တံ့စေရေးအတွက် သီးနှံစိုက်ပျိုးခြင်းမှအပ လူနေထိုင်မှုမပြုစေကြောင်းနှင့် လူနေအိမ်ဆောက်လုပ်နေထိုင်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း စစ်ဆေးရေး အဖွဲ့များဖြင့် အကြိမ်ကြိမ်စစ်ဆေး၍ စာများထုတ်ပြန်ကြေညာပြီး နမ့်ဟူးရေထွက်အား ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

မေးခွန်းပါမြေသိမ်း/မြေလွှဲအက်ဥပဒေနှင့်မညီသော ပုဂ္ဂိုလ် (၄) ဦးတို့အား ၎င်းတို့ပိုင်ဆိုင်သော မြေစာရင်းပုံစံ (၁၀၅) ထုတ်ပေးထားခြင်းအပေါ် ပြန်လည်ရုပ်သိမ်း၍ သဘာဝပတ်ဝန်းကျင်ရေဦး၊ ရေဖျားဧရိယာကို ရှေးအစဉ်အဆက်တိုင်း မပျက်မကွက်ပြန်လည်ထိန်းသိမ်းထားရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဦးအောင်မြတ်စိုး ယာမြေ (၃) ဧက၊ ဒေါ်တင်တင်ဝင်း ကျေးရွာအတွင်း စိုက်ပျိုးမြေ (၁.၄၄) ဧက၊ ဦးအိုက်ချန် (ခ) ဦးစိုင်းတင်ဦးနှင့် ဦးအားနိုင် (ခ) ဦးအောင်နိုင်ဦးတို့ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ပါတယ်။ ၎င်းကိစ္စများနှင့်ပတ်သက်ပြီး မေးမြန်းလိုသည်မှာ ၎င်းတို့သက်ဆိုင်ရာဌာနက ထုတ်ပေးထားသည့် မြေပေးမိန့် ပုံစံ(၇)၊ ပုံစံ(၁၀၅)တို့အား ပြန်လည်စိစစ်ပေးရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်အနေဖြင့် ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ မေးမြန်းသည့် မေးခွန်းများကို အသေးစိတ်ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။မေးမြန်းသည့် မေးခွန်းများသည် ကျွန်တော်ဆီရောက်လာတာကတော့ ဒီနေ့တင်ပြသလို အသေးစိတ်မပါပါဘူး။ ကျွန်တော်အနေဖြင့် ဒီလုပ်ငန်းအရ တာဝန်ပေးထားသည့် ဥပဒေ၊ နည်းဥပဒေအရ အသေးစိတ်ပြန်လည်ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။

ရှေးဦးစွာ ပထမ မေးခွန်းဖြစ်သည့် မြေသိမ်း/မြေလွှဲအပ်ဥပဒေနှင့်မညီသော ပုဂ္ဂိုလ် (၄) ဦးတို့အား ၎င်းတို့ပိုင်ဆိုင်သော မြေစာရင်းပုံစံ (၁၀၅) ထုတ်ပေးထားခြင်းအပေါ် ပြန်လည်ရုပ်သိမ်း၍ သဘာဝပတ်ဝန်းကျင် ရေဦး၊ ရေဖျားဧရိယာကို ရှေးအစဉ်အဆက်အတိုင်း မပျက်မကွက် ပြန်လည်ထိန်းသိမ်းထားရန် အစီအစဉ် ရှိ/မရှိ

D/real(wide) (1

ဦးအောင်မြတ်စိုးအား နမ့်မော်ဆွမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၉-၂-၂၀၀၄ ရက်စွဲပါစာအမှတ်၊ ဝဝ၃/ရမက/၂၀၀၄ ဖြင့် စိုက်ပျိုးမြေချထားပေးခြင်းအပေါ် ၂၃-၂-၂၀၀၄ ရက်စွဲဖြင့် " လက်ဝယ်ကိုင်ဆောင်ရန်အတွက် " အကြောင်းအရာဖြင့် မြေပုံရေးကူးပေးခြင်းဖြစ်ကြောင်း၊ ဒေါ်တင်တင်ဝင်းအား နမ့်မော်ဆွမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၅-၅-၂၀၀၇ ရက်စွဲဖြင့် စိုက်ပျိုးမြေနေရာချထားပေးခြင်းအပေါ် ၁၆-၅-၂၀၀၇ ရက်စွဲဖြင့် " လက်ဝယ်ကိုင်ဆောင်ရန်အတွက် " အကြောင်းအရာဖြင့် မြေပုံရေးကူးပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဦးအိုက်ချန် (ခ) ဦးစိုင်းတင်ဦးနှင့် ဦးအားနိုင် (ခ) ဦးအောင်နိုင်ဦးတို့အား မြေစာရင်းပုံစံ (၁၀၅) ထုတ်ပေးထားခြင်းမရှိပါကြောင်းစိစစ်တွေ့ရှိရပါတယ်။

အဆိုပါ ၄ ဦး၏ မြေနေရာများသည် ရေထွက်ဧရိယာအဖြစ် သတ်မှတ်ထားသည့် ပေ (၁၀၀) ဧရိယာနှင့် လွတ်ကင်းမှုရှိပြီး ရေထွက်ဗဟိုမှ ပေ (၅၀၀) ကျော်ကွာဝေးကြောင်း၊ ရေထွက်ဧရိယာအဖြစ် သတ်မှတ်ထားသည့် ဧရိယာအတွင်းကျရောက်သည့် ဧရိယာ များကို မြေစာရင်းပုံစံ (၁၀၅) ရေးကူးပေးခြင်းနှင့် ပုံစံ (၇) ထုတ်ပေး ထားခြင်းမရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

မေးခွန်းပါ နမ့်ဟူးရေထွက်ဧရိယာနှင့်ပတ်သက်၍မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ ၁၃-၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅/၄၂-၂၀ (၀၀၈)/ ဦး ၆ ဒေသန္တရအမိန့်၊ ၁/၂၀၁၅ ဖြင့် နမ့်ဟူးရေထွက်ကြီးများဧရိယာအတွင်း သဘာဝပတ်ဝန်းကျင်ရေအရင်းအမြစ်ထိန်းသိမ်းရေးဧရိယာအဖြစ် သတ်မှတ်ထားကြောင်း၊ ၎င်းနမ့်ဟူး

ထိုသို့မြို့တိုးချဲ့ရေးမြေများချထားနိုင်ရေးဆောင်ရွက်ရာတွင်လည်း အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ လက်စွဲဥပဒေပါ အမိန့်ဆင့်ဆိုချက် အခန်း (၇) အပိုဒ် ၃၄၊ ၃၅ တို့နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ကောင်စီဥပဒေ ပြဋ္ဌာန်းပြီး ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့် တို့ဖြင့် ဖွဲ့စည်းပြီး ခရိုင်ဝန်၊ နယ်ပိုင်တို့၏လုပ်ငန်းတာဝန်များကို အဆိုပါပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဆင့်ဆင့်မှ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်၊ စကားရပ်များ အစားထိုးသည့် ဥပဒေအမှတ် (၈/၈၈) ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး ပြည်နယ်/တိုင်း၊ မြို့နယ်စု မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတွော် အရာရှိ)၊ မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်ကော်လိတွော်အရာရှိ) တို့သည် ငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေးအဖွဲ့၏ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်၊ စကားရပ်များ အစားထိုးသည့် ဥပဒေ အမှတ် (၁/၉၇) ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းပြီး ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး အဆိုပါလုပ်ငန်းများကိုလည်း အဆင့်အလိုက်ဆောင်ရွက်ခဲ့ပါတယ်။

D/real(wide) (1

၃၀-၁၀-၂၀၁၁ ရက်နေ့ စကားရပ်များ အစားထိုးသည့် ဥပဒေ အမှတ် ၆/၂၀၁၁ ဖြင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဆင့်ဆင့် ဖျက်သိမ်းပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်တွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၊ ခရိုင်အဆင့်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ခရိုင်ဝန် (ကော်လိတ္တော်အရာရှိ)၏ လုပ်ငန်းတာဝန်ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည်လက်ထောက် ကော်လိတ္တော်အရာရှိ၏ လုပ်ငန်းတာဝန်ကိုလည်းကောင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြလမ်းညွှန်မှုခံယူပြီး တည်ဆဲမြေယာဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ လိုင်စင်၊ ဂရန်များခွင့်ပြုရာတွင်လည်း ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့များတွင် လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ မြို့ကွက်တိုးချဲ့ဆောင်ရွက်ရသည့်အခါတွင်လည်းကောင်း၊ မြေပေးမိန့် လိုအပ်၍ လျှောက်ထားလာသည့်အခါတွင်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီး အစိုးရအဖွဲ့၏ အတည်ပြု

D/real(wide) (1

ရေထွက်ရေရှည်တည်တံ့စေရေးအတွက် သီးနှံစိုက်ပျိုးခြင်းမှအပ လူနေထိုင်မှုမပြုစေကြောင်းနှင့် လူနေအိမ်ဆောက်လုပ်နေထိုင်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း စစ်ဆေးရေးအဖွဲ့များဖြင့် အကြိမ်ကြိမ်စစ်ဆေး၍ စာများထုတ်ပြန်ကြေညာပြီး နမ့်ဟူးရေထွက်အား ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ် ၂ ဖြစ်သည့် ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အတွင်းရှိ ကော်လိတ္တော်အရာရှိ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ချပေးသော မြေပေးမိန့်များနှင့် မိုးနဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းများနှင့် မြေစာရင်းဦးစီးဌာနမှချပေးထားသော ပုံစံ (၁၀၅) လယ်ယာလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇) တို့နှင့်ပတ်သက်၍ ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့်မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ အပိုင်းလိုက် ရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ယခင်က ကော်လိတ္တော်အရာရှိ (ခရိုင်ဝန်)သည် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော ကျေးရွာမြေများကို လူနေထိုင်ရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေအခန်း (၅) နည်းဥပဒေ ၄၁ မှ ၄၉ ထိ ပြဋ္ဌာန်းချက်များနှင့်အညီ လူနေထိုင်ရန် ချထားဆောင်ရွက်ပေးခဲ့ပါတယ်။ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြို့မြေများကို အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၆ မှ ၂၉ ထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပါတယ်။

ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုဆောင်ရွက်ရပါကြောင်း မြေပေးမိန့်နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မြေစာရင်းပုံစံ (၁၀၅)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် မြေစာရင်းပုံစံ (၁၀၅) ဆိုသည်မှာ မှန်ကန်ကြောင်း သက်သေခံ/ သက်သေမခံသည့် မြေစာရင်းမြေပုံကောက်နုတ်ချက် ဖော်ပြသည့် ပုံစံဖြစ်ပြီး တည်ဆဲနှစ်အတွင်း အသုံးပြုလျက်ရှိသည့် ကွင်း/အကွက်မြေပုံမှရေးကူးပေးရပါတယ်။

မြေစာရင်းပုံစံ (၁၀၅) သည် မြေယာပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားတစ်ခုမဟုတ်ဘဲ ဦးပိုင်တစ်ခု၊ မြေကွက်တစ်ကွက်နှင့်ပတ်သက်သည့် စာရင်းကောက်နုတ်ချက် မိတ္တူတစ်ခုသာ ဖြစ်ပါတယ်။

မြေစာရင်းပုံစံ (၁၀၆) ဆိုသည်မှာလည်း ဦးပိုင်တစ်ခု၏ ရာဇဝင်ဖြစ်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှ အသုံးပြုသည့် မှတ်ပုံစာရင်းများမှ ရေးကူးပေးသည့်ပုံစံဖြစ်ပါတယ်။

မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေအပိုဒ် ၃၉၇ တွင် မိတ္တူရေးကူးပေးရာတွင် မှန်ကန်ကြောင်းသက်သေခံသည့်မိတ္တူနှင့် မှန်ကန်ကြောင်း သက်သေမခံသည့်မိတ္တူ (၂) မျိုးရှိပါတယ်။ မှန်ကန်ကြောင်း သက်သေမခံသည့်မိတ္တူကို ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုပြီး တရားရုံးတွင် သက်သေခံအဖြစ် မတင်ပြနိုင်ကြောင်း ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေအပိုဒ် (၃၈၁)တွင် မြေပုံများ သို့မဟုတ် မှတ်ပုံစာရင်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မှန်ကန်

မြေစာရင်းဦးစီးဌာန (ရုံးချုပ်)၏ ၃-၃-၁၉၉၄ ရက်စွဲပါ စာအမှတ်၊ ၆၈၄၅/၂ ဖ-၁/၉၄ ဖြင့် အမြဲအမိန့်အမှတ်၊ ၁/၉၄ ကိုထုတ်ပြန်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်-

(၁) အသုံးပြုရမည့်ပုံစံ။ မြေစာရင်းလက်စွဲဥပဒေအရ မြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးရာတွင် အောက်ဖော်ပြပါပုံစံများသာ အသုံးပြုပါတယ်-

(က) မြေစာရင်းပုံစံ (၁၀၃) မြေစာရင်း၊ မြေပုံနှင့် မှတ်တမ်းများမိတ္တူရေးကူးခွင့်လျှောက်လွှာပုံစံ။

(ခ) မြေစာရင်းပုံစံ (၁၀၅) မှန်ကန်ကြောင်း သက်သေခံ/သက်သေမခံသောလက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံလက်ခံရေးကူးပေးရန် ပုံစံ။

(ဂ) မြေစာရင်းပုံစံ (၁၀၆) ဦးပိုင်တစ်ခု၏ ရာဇဝင်။

(ဃ) မြေစာရင်း၊ မြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးကြောင်း မှတ်တမ်းစာအုပ်။

(၂) မြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးခွင့်လျှောက်ထားခြင်းကိစ္စနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များမှာ-

(က) မြေစာရင်းပုံစံ (၁၀၃) ဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ လျှောက်ထားရပါမည်။

D/real(wide) (1

(ခ) မြေစာရင်း ပုံစံ (၁၀၃)၏ အပိုင်း ၁၊ မြေစာရင်းပုံစံနှင့် မှတ်တမ်းများ မိတ္တူ ရေးကူးခွင့် လျှောက်ထားခြင်းကို လျှောက်ထားသူကိုယ်တိုင် ရေးသား ဖော်ပြပြီးလက်မှတ်ရေးထိုးရပါမည်။

(ဂ) ရေးသားလိုသည့် အကြောင်းအရာ အချက်အလက်များကို သက်ဆိုင်ရာ စာရင်းမြေပုံဖြင့် တိုက်ဆိုင်၍ မှန်ကန်စွာ ရေးသွင်းဖော်ပြရပါမည်။

(ဃ) လျှောက်ထားသူမှ ရေးကူးလိုသည့် အကြောင်းအရာ (ဥပမာ- စာချုပ်စာတမ်းချုပ်ဆိုမှတ်ပုံတင်ပြုလုပ်ရန်/ တရားရုံးသက်သေခံတင်ပြရန်/ အနားရပ်လေးရပ် မြေတိုင်းတာရန်)စသည်ဖြင့် ဖော်ပြရပါမည်။

(င) လျှောက်လွှာတွင် ပိုင်ဆိုင်သူ သို့မဟုတ် သက်ဆိုင်သူကိုယ်တိုင်လျှောက်ထားလျှင် ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် သက်ဆိုင်ကြောင်း အထောက်အထားကိုလည်းကောင်း၊ကိုယ်စားလှယ် လျှောက်ထားလျှင်တရားဝင်ကိုယ်စားလှယ်လွှဲစာကိုလည်းကောင်း ပူးတွဲတင်ပြရပါမည်။

ကြောင်းသက်သေခံသည့် မိတ္တူရေးကူးခွင့်ပြုနိုင်သော အမှုထမ်းများမှာ အခွန်တော်မြေတိုင်းစာရေးများဖြစ်ကြောင်း ဖော်ပြပါရှိပါတယ်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆)တို့ကို လျှောက်ထားသူတို့အား မိတ္တူရေးကူးထုတ်ပေးလျက်ရှိပါတယ်-

(၁) မြေလွှတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထားရန်ကိစ္စရပ်များ။

(၂) လယ်ယာမြေဥပဒေ ၃၀ (က)၊ ၃၀ (ခ)တို့အရ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် လျှောက်ထားရန် ကိစ္စရပ်များ။

(၃) ဓာတ်သတ္တု၊ ကျောက်မျက်တူးဖော်ခွင့် လျှောက်ထားရန် ကိစ္စရပ်များ။

(၄) မြေဂရန်အသစ်၊ ဂရန်သက်တမ်းတိုးရန်၊ ဂရန် အမည်ပြောင်းလျှောက်ထားရန်ကိစ္စရပ်များ။

(၅) စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းတွင် အသုံးပြုရန် ကိစ္စရပ်များ။

(၆) လက်ဝယ်ကိုင်ဆောင်ရန်ကိစ္စများ။

(၇) စည်ပင်သို့တင်ရန်နှင့် ဘဏ်တင်ရန်၊ ဌာနတင်ရန် နှင့် လိုင်စင်သက်တမ်းတိုးရန်၊ တရားရုံးတင်ပြရန်၊ သာသနာမြေလျှောက်ထားရန်၊ ပုဂ္ဂလိကမြေ တိုင်းတာခွင့်လျှောက်ထားရန်စသည့် ကိစ္စရပ်များ။

မြေစာရင်းပုံစံ ၁၀၅ ရေးကူးထုတ်ပေးခြင်းနှင့် ကြေးတိုင်နှင့်

D/real(wide) (1

ဖော်ပြရမည့်အပြင် လျှောက်လွှာတွင် ဖော်ပြပါရှိသည့်အတိုင်း မည်သည့်အတွက် ရေးကူးပေးသည်ကို မပျက်မကွက် ထည့်သွင်း ဖော်ပြရပါတယ်။ အထက်ပါ ရေးကူးချက်များကို မည်သည့် ခုနှစ်အတွက် အသုံးပြုသောနောက်ဆက်တွဲတိုင်းတာခြင်း မြေပုံနှင့် စာရင်းများမှ မှန်ကန်စွာရေးကူးပေးကြောင်း မှတ်ချက်ပြုဖော်ပြပြီး လက်မှတ်ရေးထိုးရပါတယ်။

(၆) လက်ထောက်ဦးစီးမှူးသည် မြေတိုင်းစာရေး၏ ရေးကူးချက်များကို စာရင်းမြေပုံများဖြင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရပါတယ်။

(၇) ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက ထပ်ဆင့်စစ်ဆေးအတည်ပြုပြီး ရုံးတံဆိပ်ရိုက်နှိပ်ရပါတယ်။

ရေးကူးခ၊ တံဆိပ်ခေါင်းတန်ဖိုးပေးဆောင်ခြင်းနှင့် မိတ္တူရေးကူး ထုတ်ပေးခြင်းကိစ္စနှင့်ပတ်သက်၍-

(၁) မြေစာရင်း၊ မြေပုံနှင့် မှတ်တမ်းများရေးကူးခကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)တို့၏ ၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်စွဲပါ ထုတ်ပြန်ခဲ့သည့် အမြဲအမိန့်အမှတ်၊ ၁/၉၀ ပါ ပြင်ဆင်နှုန်းထားများအရ ရယူရန်ဖြစ်ပါတယ်။ မှန်ကန်ကြောင်း သက်သေခံမိတ္တူများပေါ်တွင် ကပ်မည့်

(စ) လျှောက်လွှာကို မြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးခြင်းမှတ်တမ်းစာအုပ်တွင် ရေးသွင်း၍ လျှောက်လွှာအမှတ်စဉ် ရေးထိုးရပါမည်။

စစ်ဆေးခြင်း၊ ရေးကူးခွင့်ပြုခြင်းနှင့် စိစစ်အတည်ပြုခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များမှာ-

(၁) မြေစာရင်းပုံစံ (၁၀၃) ၏ အပိုင်း (၂) တွင် မြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးခွင့်လျှောက်ထားခြင်းအပေါ် စစ်ဆေးခြင်း၊ ရေးကူးခွင့်ပြုခြင်းနှင့် စိစစ်အတည်ပြုခြင်းများကို မှတ်တမ်းရေးသွင်းရပါမည်။

(၂) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာလက်ထောက်ဦးစီးမှူးအား ဆိုင်ရာမြေတိုင်းစာရေးနှင့်အတူ လျှောက်ထားသည့်မြေကို ကွင်းဆင်းစစ်ဆေး၍ တွေ့ရှိချက်ကို တင်ပြရန် အမိန့်ချရပါတယ်။

(၃) လက်ထောက်ဦးစီးမှူးသည် ဆိုင်ရာမြေတိုင်းစာရေးနှင့်အတူ လျှောက်ထားသည့် မြေကို ကွင်းဆင်းစစ်ဆေးပြီး လျှောက်ထားသည့် မြေကွက်သည် အမှန်ရေးကူးလိုသည့် မြေကွက်မှန်/ မမှန် မြေကွက်ပေါ်တွင် လက်ရှိအသုံးပြုနေမှုအခြေအနေ (ဥပမာ- လူနေအိမ်၊ အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံစသည်နှင့် ပုံသဏ္ဌာန် အမျိုးအစားကို ဖော်ပြရန်) မြေကြီးမြေပုံနှင့်ကိုက်ညီမှု

D/real(wide) (1

ရှိ/မရှိ၊ ကွဲလွဲပါက မည်ကဲ့သို့ ကွဲလွဲ သည်ကို ရှင်းလင်း ဖော်ပြရန်) နှင့် ဘိုးဘွားပိုင်မြေ နှင့် လယ်ယာမြေများဖြစ်ပါက လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အသုံးပြုရန် ဆင့်ဆိုသည့်အမိန့် များနှင့် ရက်စွဲတို့ကိုလည်းကောင်း၊ လိုင်စင်၊ ဂရန် စသည့် အစိုးရမှအဌားချထားသည့် မြေများဖြစ်ပါက အမှုအမှတ်၊ ရက်စွဲနှင့်သက်တမ်း ကာလတို့ကိုဘ လည်းကောင်းဖော်ပြပေးရပါတယ်။

(၄) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးသည် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်ကို လေ့လာစိစစ်ပြီး ရေးကူးခွင့်ပြုမိန့်ကို ချမှတ်ပေး ရပါတယ်။

(၅) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး၏ ရေးကူးခွင့်ပြုမိန့်ရရှိသည့်အခါ မြေတိုင်းစာရေးသည် မြေပုံလက်ခံရေးကူးရန် အတွက် မြေစာရင်းပုံစံ (၁၀၅) ဖြင့်လည်းကောင်း၊ ဦးပိုင်မြေကွက်ရာဇဝင် ရေးကူးရန်အတွက် မြေစာရင်းပုံစံ (၁၀၆) ဖြင့်လည်းကောင်း၊ တည်ဆဲ နှစ်အတွက် အသုံးပြုလျက်ရှိသည့်နောက်ဆက်တွဲ တိုင်းတာခြင်းမြေပုံနှင့် မှတ်ပုံစာရင်းများမှမိတ္တူ ရေးကူးရပါတယ်။ ထိုမိတ္တူပေါ်တွင် မြေနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြည့်စုံစွာ

ရုံးခွန်တံဆိပ်ခေါင်းကို မြေစာရင်းလက်စွဲ ဥပဒေ အပိုဒ် ၃၉စနှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့အရ ကပ်နှိပ်စေရန်ဖြစ်ပါတယ်။

(၂) ရေးကူးခနှင့် တံဆိပ်ခေါင်းတန်ဖိုးပေးဆောင်ခြင်း နှင့် မိတ္တူရေးကူးထုတ်ပေးရန် ချိန်းဆိုခြင်းနှင့် ရေးကူး ထုတ်ပေးခြင်းတို့အား မြေစာရင်းပုံစံ (၁၀၃) အပိုင်း (၃) နှင့် အပိုင်း (၄) တို့တွင် မှတ်တမ်း ရေးသွင်းရပါမည်။ အပိုင်း (၄) မှာ လျှောက်ထားသူ ကို မိတ္တူထုတ်ပေးရန် ချိန်းဆိုသည့် ဖြတ်ပိုင်း ဖြစ်ပါတယ်။

(၃) လျှောက်ထားသူကို လက်ခံထုတ်ပေးသည့်အခါ အပိုင်း (၃) တွင် လျှောက်ထားသူ၏ လက်ခံရရှိ ကြောင်း လက်မှတ်ရေးထိုးစေရမည့် အပြင် မှတ်တမ်းစာအုပ်တွင် ရေးသွင်းပြီး လက်ခံရရှိ ကြောင်း လက်မှတ်ရေးထိုးစေပါတယ်။

လျှောက်ထားသူကို မိတ္တူထုတ်ပေးရန် ချိန်းဆိုခြင်းနှင့် ပတ်သက်၍-

(၁) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးက မှတ်တမ်းရေးကူးခွင့်ပြုမိန့် ချမှတ်ပြီးနောက် လျှောက်ထားသူက ကျသင့် သည့် ရေးကူးခငွေများကို ပေးဆောင်ပြီးလျှင် မြေပုံ

D/real(wide) (1

နည်းဥပဒေ ၁၁ အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့တင်ပြရပါတယ်။

နည်းဥပဒေ ၁၂ အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲကို ထပ်ဆင့် စိစစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနသို့ အကြောင်းကြားရပါတယ်။

နည်းဥပဒေ ၁၃ အရ မြို့နယ်မြေစာရင်းဦးစီးဌာနသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို ဦးပိုင်လုပ်ကွက် (၁) ခုအတွက် မှတ်ပုံတင်ကြေး (၅၀၀) ကျပ်ကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်း စေပြီး လုပ်ငန်းစာတွဲအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြဆောင်ရွက်ရပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ခံရသူကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း ဆောင်ရွက်ရပါတယ်။

နည်းဥပဒေ ၁၄ အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခံရသူအား ပုံစံ (၈) ထုတ်ပေးခြင်း ငြင်းပယ်ကြောင်းစသည့် အကြောင်းပြန်ရပါတယ်။

မှတ်တမ်းကောက်နုတ်ချက်မိတ္တူမှန်ကို ရေးကူးပြီး လျှောက်ထားသူသို့ ရေးကူးထုတ်ပေးမည့်ရက်ကို ဖော်ပြပြီး လျှောက်ထားသူသို့ မိတ္တူထုတ်ပေးရန် ချိန်းဆိုသည့်ရက်ကို မြေစာရင်းပုံစံ (၁၀၃) အပိုင်း (၄) တွင် ရေးသွင်းဖော်ပြရပါတယ်။

(၂) အပိုင်း (၄) ကို လျှောက်ထားသူသို့ ဖြတ်ပိုင်းအဖြစ် ပေးလိုက်ရန်ဖြစ်ပါတယ်။ ချိန်းဆိုသည့်ရက်တွင် ဤဖြတ်ပိုင်းကို တင်ပြစေပြီး ရေးကူးပြီးသည့် မြေပုံ မှတ်တမ်းမိတ္တူကို ထုတ်ယူခွင့်ပြုရန်ဖြစ်ပါတယ်။

ဆက်လက်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) လျှောက်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများအရ အောက်ပါအတိုင်း အဆင့်ဆင့် စိစစ်ဆောင်ရွက်ရပါကြောင်း တင်ပြလိုပါတယ်။

နည်းဥပဒေ ၃၊ ၄ အရ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ ၁ ကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူပြီး ရပ်ကွက်/ကျေးရွာအုပ်စု လယ်စီသို့ လျှောက်ထားရပါတယ်။ နည်းဥပဒေ ၅ အရ ရပ်ကွက်/ကျေးရွာအုပ်စု လယ်စီသည် လျှောက်လွှာကို စိစစ်၍ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ ထောက်ခံချက်ဖြင့် ပေးပို့ရပါတယ်။

နည်းဥပဒေ ၆၊ ၇၊ ၈ အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသည်လျှောက်လွှာအား ပြည့်စုံမှုရှိ/မရှိ စိစစ်ပြီး ပြည့်စုံမှုမရှိသော လျှောက်လွှာများကို

D/real(wide) (1

သို့ဖြစ်ပါ၍ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် မေးမြန်းသည့် မေးခွန်းသည် မည်သည့်နေရာဒေသတွင်ရှိသည့် ပုဂ္ဂိုလ်တို့အား ထုတ်ပေးသည့် မြေစာရင်းပုံစံ (၁၀၅)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ဖြစ်ကြောင်းကို ကျွန်တော်တို့အား မေးမြန်းသည့် အခါတွင် အတိအကျ မေးမြန်းပေးရန်နှင့် ကျွန်တော်၏ ဖြေကြားချက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအာကာလင်းက မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအာကာလင်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာကာလင်း ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယ၊ ရွာငံမြို့နယ်များအတွင်း ရက် (၁၀၀) စီမံချက်၌ လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ရပ်ကွက်/ကျေးရွာအုပ်စုလယ်စီထံ သို့ပြန်လည်ပေးအပ်ပြီး ပြည့်စုံအောင် ဆောင်ရွက်စေပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာမှတ်ပုံတင်စာရင်း ပုံစံ (၃) တွင် စနစ်တကျမှတ်တမ်းရေးသွင်းခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်း စာတွဲဖွင့်လှစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားမှုအပေါ် ကန့်ကွက်ကြောင်းကို ကန့်ကွက်လွှာခေါ်ယူခြင်းဖြစ်ပါတယ်။

နည်းဥပဒေ ၉ အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသည် ကန့်ကွက်ချက်တစ်စုံတစ်ရာရရှိလျှင် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်စီသို့ စိစစ်တင်ပြရန် အကြောင်းကြားရပါ တယ်။ ရပ်ကွက်/ကျေးရွာအုပ်စု လယ်စီမှ ကန့်ကွက်ချက်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပြန်လည်တင်ပြရပါတယ်။

နည်းဥပဒေ ၁၀ နှင့်အညီ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်ကတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် အောက်ဖော်ပြပါ အချက်များအပေါ် ဆောင်ရွက်ရ ပါတယ်-

- ကန့်ကွက်ချက်အပေါ် ရပ်ကွက်/ကျေးရွာအုပ်စုလယ်စီ၏ တင်ပြချက်အား ကျိုးကြောင်း ဆီလျော်မှုရှိ/မရှိ စိစစ်ခြင်း။
- လယ်ယာမြေလုပ်ပိုင်ခွင့်ပြုသင့်သူ၊ ငြင်းပယ်သင့်သူတို့ကို သဘောထားမှတ်ချက်နှင့် အတူ လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲအားမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့တင်ပြခြင်း။

D/real(wide) (1

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဖြေကြားရန် ကျန်ရှိသည့် ကဏ္ဍအတွက် ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တကွ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောကာလင်းမှ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မြို့နယ်ဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ဘတ်ဂျက်တွင် ပါဝင်သောလုပ်ငန်းများအား ရက် (၁၀၀) စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပင်းတယမြို့၊ ပုန်းတလုတ်ရေကန်ပတ်လမ်းသာယာလှပရေးနှင့် အန္တရာယ်ကင်းရှင်းစေရန် မီးထွန်းရန် (၄၀၀) ဗို့လိုင်း (၆၉၂၀) ပေတည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း (၂၀. ၆၀၀) ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးစီးမှု ရာခိုင်နှုန်းမှာ ၁၀၀%ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာ (၁၇) ရွာ ဓာတ်အားရရှိရေးအတွက် (၁၁) ကေဗွီဓာတ်အားလိုင်း (၅. ၄) မိုင်

ပုဂ္ဂလိက စက်မှုလုပ်ငန်း (၇) ခုအား One Stop Service ဖြင့်နေ့ချင်းပြီး စက်မှုမှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်း။

(ခ) ရွာငံမြို့နယ်အတွင်း စက်မှုလုပ်ငန်း အလတ်စား (၁) ခုအား စက်မှုမှတ်ပုံတင်ခွင့်ပြုရန် ဆောင်ရွက်နေခြင်း။

(ဂ) ပင်းတယမြို့နယ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် တည်ဆောက်ထားသော 11/0.4 KV၊ 100 KVA ဓာတ်အားခွဲရုံအား စစ်ဆေးခဲ့ခြင်း။

(ဃ) ပင်းတယမြို့နယ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲအတွက် တည်ဆောက်ထား သော 11/0.4 KV၊ 50 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အား လိုင်းများအား စစ်ဆေးခဲ့ခြင်း။

(င) ပင်းတယမြို့၊ အော်ယောရပ်ရှိ ပြည်သူ့ဆေးရုံ၌ တည်ဆောက်ထားသော 11/0.4 KV၊ 100 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေး ခဲ့ခြင်း။

(စ) ပင်းတယမြို့နယ်၊ တမဲကျေးရွာအုပ်စု၊ တမဲကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 160 KVA ဓာတ်အားခွဲရုံ (၁) ရုံ၊ 100 KVA ဓာတ်အားခွဲရုံ (၁) ရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

D/real(wide) (1

(ဆ) ပင်းတယမြို့နယ်၊ သစ်အယ်ပင်ကျေးရွာအုပ်စု၊ သစ်အယ်ပင်ကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 160 KVA ဓာတ်အားခွဲရုံ (၂) ရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(ဇ) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ မိုင်းအင်းကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 315 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(စျ) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ လင်ပြင်နှင့် လေထိုးကုန်းကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 315 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(ည) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ ပန်မက်ကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 250 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(ဋ) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ ကျောက်တလုံးကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 50 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

တည်ဆောက်ခြင်းအတွက် ကျပ်သန်း (၁၂၅၊ ၈၂၀) ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးစီးမှု ရာခိုင်နှုန်းမှာ ၁၀၀%ဖြစ်ပါတယ်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များအတွင်း စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသအတွင်းအလုပ်အကိုင် အခွင့်အလမ်း တိုးတက် ရရှိစေရေးတို့အတွက် စက်ရုံ၊အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေး၍ စက်မှုလုပ်ငန်းအသစ် (၇) ခုအား စက်မှုမှတ်ပုံတင်ခြင်း လုပ်ငန်းများကို One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်း၊ စက်မှုလုပ်ငန်းသက်တမ်းတိုးခြင်းများကို ကွင်းဆင်း၍ဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ကျေးရွာများမီးလင်းနိုင်ရန် ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ပင်းတယမြို့နယ်မှ ကျေးရွာ(၁၁) ရွာနှင့် နိုင်ငံပိုင်အဆောက်အဦ (၃) ခု၊ ရွာငံမြို့နယ်မှ ကျေးရွာ (၂) ရွာ၊ MPT Station နှင့် စက်သုံးဆီ အရောင်းဆိုင် (၁) ဆိုင်တို့ကို လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် 11 KV ဓာတ်အားလိုင်းနှင့် 11/0.4 KV ဓာတ်အားခွဲရုံ စုစုပေါင်း (၂၁) ရုံတို့ကို ကွင်းဆင်းစစ်ဆေး၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းဆိုင်ရာ အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်များ ထုတ်ပေးခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမနီနိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ GIZ၊ လက်ဖက်အစုအဖွဲ့များနှင့်ပေါင်းစပ်၍ နည်းပညာများပံ့ပိုးပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်မှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) ပင်းတယမြို့နယ်အတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်း အလတ်စား (၄) ခု၊ အငယ်စား (၃) ခု၊ စုစုပေါင်း

D/real(wide) (2

(၄) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ နတ်အင်းကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 100 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(၅) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 200 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(၆) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ ကန်သာကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 160 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(၈) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ ရှောက်ချို(အနောက်)ကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 160 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အား စစ်ဆေးခဲ့ခြင်း။

(၉) ပင်းတယမြို့နယ်၊ မိုင်းလီ၊ တောင်ရှည်၊ ပင်ပျော်ကျေးရွာအုပ်စု၊ ဖောင်းပြားကျေးရွာ မီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 160 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

လက်ဖက်ပင်များ စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးမီသော လက်ဖက်ခြောက်များ ထုတ်လုပ်နိုင်ရေးအတွက် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ မှ နည်းပညာပေးခြင်း၊ ဆီးကျအင်းကျေးရွာတွင်နမူနာပြလက်ဖက်ခြောက်စက်ရုံတည်ဆောက်၍ Solar Drying System ဖြင့် အဆင့်မြင့်တင်ဆောင်ရွက်ခြင်းများ တွင် လက်ဖက် အစုအဖွဲ့များနှင့် ပူးပေါင်း၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်။

(၈) ၎င်းစက်ရုံ၏ တည်ဆောက်ထုတ်လုပ်ခြင်းဖြင့် ကောင်းကျိုးရရှိမှုများကိုလည်း မြေပြင်ကွင်းဆင်းကြည့်ရှု၍ ဒေသအတွင်း ထပ်မံလိုအပ်မည့် စက်ရုံများ ထပ်မံတိုးချဲ့နိုင်ရေးအတွက် ဦးစီးဌာနရုံးချုပ်၏ ညွှန်ကြားချက်အရ အခြားလိုအပ်သော ပံ့ပိုးမှုများ ပြုလုပ်နိုင်ရန် GIZ အဖွဲ့အစည်းသက်ဆိုင်ရာ လက်ဖက်အစုအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးများပြုလုပ်ခဲ့ပါသည်။

(၁၀) ထင်းရှူးကုန်းနှင့် ကြံခင်းမြောင်ကျေးရွာတို့တွင် လက်ဖက်ခြောက်အစုအဖွဲ့ပိုင် လက်ဖက်ခြောက်စက်ရုံ (၂) ရုံ တည်ဆောက်နေမှုအပေါ် စက်မှုမှတ်ပုံတင် ပြုလုပ်ပေးခဲ့ခြင်း၊ ငွေကြေး၊ နည်းပညာနှင့် အခြားလိုအပ်ချက်များနှင့်ပတ်သက်၍ လက်ဖက်အစုအဖွဲ့နှင့်ညှိနှိုင်း အစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အချက်အလက်ပြုစုဆောင်ရွက်လျက်ရှိပါတယ်။

D/real(wide) (2

(မ) ရွာငံမြို့၊ ထမင်းပေါင်းကျေးရွာတွင် Black Tea စက်ရုံတည်ထောင်ထောက်ပံ့ပေးရန်အတွက် GIZ အဖွဲ့အစည်းမှ ဆောင်ရွက်နေမှုအပေါ် လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်း အစီအစဉ်နှင့် ဖြေဆိုခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

"ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့်စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း "အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ် (၆) ဖြစ်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့်စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း "**အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ဆွေးနွေးရန် အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်လှိုင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

(ထ) ရွာငံမြို့နယ်၊ ယကြီးကျေးရွာအုပ်စု၊ ယကြီးကျေးရွာမီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 200 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အား စစ်ဆေးခဲ့ခြင်း။

(ဒ) ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စု၊ မြင်းကျဒိုးကျေးရွာ အရှေ့တောင်ဘက်၊ ဦးပိုင်အမှတ် (၈၇) အကွက်အမှတ် (၂၀၄) တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT GSM Station အတွက် တည်ဆောက်ထားသော 11/0.4 KV၊ 50 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(ဓ) ရွာငံမြို့နယ်၊ မြိုင်ကျေးရွာအုပ်စု၊ မြိုင်ကျေးရွာမီးလင်းရေးအတွက် တည်ဆောက်ထားသော 11/0.4 KV၊ 100 KVA ဓာတ်အားခွဲရုံ (၂) ရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(န) ရွာငံမြို့နယ်၊ ရွာမရပ်တွင် တည်ဆောက်ထား သော 11/0.4 KV၊ 100 KVA ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအား စစ်ဆေးခဲ့ခြင်း။

(ပ) လက်ရှိတည်ဆောက်လျက်ရှိသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးပါက အချိန်နှင့် တစ်ပြေးညီ အမြန်စစ်ဆေးဆောင်ရွက်ပေးနိုင်ရန် စီမံထားရှိခြင်း။

(ဖ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယနှင့် ရွာငံမြို့နယ်များမှ လက်ဖက်စိုက်တောင်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်လျက် အရည်အသွေးပြည့်ဝသော နိုင်ငံတကာ စျေးကွက်ဝင် Organic

D/real(wide) (2

ငြိမ်းချမ်းစွာနေထိုင်လိုသော ပြည်သူများအနေဖြင့် စစ်ကို ရှုံမုန်းနေမှာ မလွဲပါ။ လူသားတိုင်းသည် လူသားဖြစ်ခွင့်၊ လူသားများ ရသင့်ရထိုက်သော အကျိုးခံစားခွင့်နှင့် ငြိမ်းချမ်းစွာနေထိုင် ခွင့်ရှိသည်။ စစ်ပွဲ၏ရလဒ်သည် လူသားအရင်းအမြစ်၊ စီးပွားရေး အရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတို့ဆုံးရှုံးစေ ပါသည်။ သာဓကများအနက်မှ ၂၀၁၆ ခုနှစ်၊ ဇွန် လ ၂၅ ရက်၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ မိုင်းယော်ကျေးရွာတွင် ဒေသခံ ၇ ဦးသည် လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့၏ တရားမဲ့ပစ်ခတ် သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ၎င်းတို့မှာ စိုင်းနော်တင်(၃၃) နှစ်၊ တအာင်းလူမျိုး၊ စိုင်းလှ (၃၀)နှစ်၊ တအာင်း လူမျိုး၊ စိုင်းအိုက်ဆိုင် (၂၃)နှစ်၊ တအာင်းလူမျိုး၊ စိုင်းအိုက်မောင် (၂၅)နှစ်၊ တအာင်းလူမျိုး၊ စိုင်းအိုက်လွတ် (၃၅) နှစ်၊ တအာင်းလူမျိုး၊ စိုင်းရွှေလူ(၁၇)နှစ်၊ ရှမ်းလူမျိုး၊ စိုင်းမောင်း(၂၅)နှစ် တအာင်းလူမျိုး၊ ၎င်း(၇)ဦးတို့က တောင်ယာမှအပြန် ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ယခုဇူလိုင်လ ၁၃ ရက်နေ့၌ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်အတွင်းတွင် တိုင်းဧည့်ကြိုခန်းမ၌ ကျင်းပပြုလုပ်သည့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်လာသူ စိုင်းဆန်ခေးသည် အိမ်အပြန် လမ်းတွင် သေနတ်ဖြင့်ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ ရပါသည်။

အဆိုပါဖြစ်ရပ်သည် တရားဥပဒေစိုးမိုးမှုကင်းမဲ့နေကြောင်း ထင်ရှားပေါ်လွင်စေရုံသာမက အစိုးရအပေါ် တိုင်းရင်းသားပြည်သူ လူထု၏ ယုံကြည်ကိုးစားမှုကို လျော့ပါးပျက်ပြားစေသည်ဟုယူဆ ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် အပေါ် လက်နက်ဖြင့် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း ဥပဒေမဲ့ ပစ်ခတ် သတ်ဖြတ်ခြင်းလုပ်ရပ်များအား လုံးဝဆန့်ကျင်ကန့်ကွက်ကြောင်းနှင့်

ဦးတင်လှိုင်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ဒေါ်နန်းစမ်းစမ်းအေး၏ စစ်ပွဲများရပ်တန့်ရေး အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ကျောက်မဲ-သီပေါ-မန်တုံ-နမ့်ခမ်း-နမ္မတူမြို့နယ်များတွင်း စစ်ပွဲများ မကြာခဏဖြစ်ပွားနေခြင်းကြောင့် ရွာသူ၊ ရွာသားများ မိမိတို့၏ နေအိမ်များ စွန့်ခွာ၍ ဘေးလွတ်ရာ နေရာသို့ သွားရောက်ခိုလှုံနေရပါတယ်။ မန်မိုင်းတွင် ကျား၊ မ (၃၇၅) ဦး၊ နမ္မတူ ရွှေမျှင်သာဘုန်းကြီးကျောင်းတွင် ကျား၊မ (၂၀၁) ဦး၊ ရပ်ကွက် (၈) ၊ လီဆူးကုန်း တွင် ကျား၊မ (၁၈၂) ဦး၊ စုစုပေါင်း ကျား၊မ (၇၅၀) ဦးကျော် စစ်ဘေးရှောင်ခိုလှုံနေရပါတယ်။ ဤကဲ့သို့ ပြည်သူများ စစ်ဘေးစစ်ဒဏ်ကြောင့် ဆင်းရဲဒုက္ခရောက်နေသည် များကို ဖြေရှင်းပေးရန် စစ်ပွဲကို အမြန်ဆုံးရပ်စဲဖို့ လိုအပ်ပါတယ်။ ထို့ကြောင့် အမှန်တကယ် ငြိမ်းချမ်းဖို့ရန် နိုင်ငံရေးစကားဝိုင်းတွေ ညှိနှိုင်းအဖြေရှာသင့်ကြောင်း တိုက်တွန်းအပ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရနှင့် ပြည်ထောင်စုအစိုးရသို့ ညှိနှိုင်း၍ စစ်ပွဲများ ဆက်လက် မဖြစ်ပွားစေရန် အမြန်ဆုံး တားဆီးပေးနိုင်ပါစေလို့ တိုက်တွန်းရင်း ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးနမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

D/real(wide) (2

တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းရှင်သန်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီဥက္ကဋ္ဌအနေဖြင့် ရှမ်းပြည်နယ်အစိုးရမှ တစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုအစိုးရသို့ တိုက်တွန်းပါ ကြောင်း သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုအားထပ်ဆင့် ဆွေးနွေးထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အဆို ဆွေးနွေးချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ သီပေါအမှတ်(၁)မှ ကိုယ်စားလှယ်တော်ကြီး၏ ဆွေးနွေးချက်နှင့်ပတ်သက်ပြီး ပညာရေးနှင့်ပတ်သက်သော အချက်များပါနေပါ သဖြင့်ရှမ်းပြည်နယ် အခြေခံပညာဦးစီးဌာန၏ ဆောင်ရွက်ချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေး ဝန်ကြီးကိုယ်စား ကျွန်တော်မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ ဟိုင်းပါစစ်ဘေးရှောင်စခန်းတွင် ကုန်းနိမ့်ကျေးရွာ၊ နမ့်ပါမူကျေးရွာ၊ တာဆန်ဖူးကျေးရွာ စစ်ဘေးရှောင်သူများမှ လာရောက် ခိုလှုံသူ ကျောင်းသား (၁၄၅) ဦး ရှိသည့်အနက် (၇၁) ဦးသည်

ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ သီပေါမြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေး နှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း အဆိုကို ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်ကုန်မှ ယခု ၂၀၁၆ ခုနှစ်အထိ ဖြစ်ပွားခဲ့ရသော တိုက်ပွဲ များကြောင့် စစ်ဘေးဒုက္ခသည်များသည် အိုးအိမ် လယ်ယာ ကွဲ၊ နွားများ စွန့်ပစ်ပြီး ထွက်ပြေးတိမ်းရှောင်နေရကာ အတိဒုက္ခရောက် ရပြီး ကျန်ရှိနေအိမ်နှင့် ပစ္စည်းများ ကွဲ၊ နွားများပါ ဖျက်ဆီးခံရမှု ရှိနေခြင်းသည် ဥပဒေစိုးမိုးမှု အပိုင်းအားနည်းမှုကြောင့်သော် လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈)၊ ပုဒ်မ ၃၅၇ အရ နိုင်ငံသားတို့၏ နေအိမ်ဥပစာလုံခြုံမှုနှင့် ပစ္စည်း လုံခြုံမှုတို့ကို ဥပဒေအရ အကာအကွယ်ပေးသွားရမည်ဟုဆိုပါသော်လည်း တိုက်ပွဲ အတွင်း စစ်ဘေးရှောင်ဦးရေပေါင်း နှစ်သောင်းကျော်ထွက်ပြေး နေရပါသည်။

တိုက်ပွဲတွင် စစ်ကြောင်းများမှ အပြစ်မဲ့အရပ်သားများ ဖမ်းဆီး ခေါ်ဆောင်ခြင်း၊ လူသားချင်းစာနာမဲ့ သတ်ဖြတ်မှုများရှိနေခြင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာမသင်ရခြင်း၊ လူအခွင့်အရေးများ ဆုံးရှုံးရခြင်းသည် စစ်ပွဲကြောင့် ဖြစ်ပေါ် လာသော အကျိုးဆက်ကြောင့်

D/real(wide) (2

ဟိုင်းပါစစ်ဘေးရှောင်စခန်းမှ ဟိုင်းပါ အမက (မူလွန်)ကျောင်းတွင် ပညာသင်ကြားလျက်ရှိပြီး ကျန်ကျောင်းသား (၇၄) ဦးမှာ ၎င်းတို့ မိဘဆွေမျိုးများနှင့် နီးစပ်ရာ ဖက်ကြီးအမကတွင် (၁၅) ဦး၊ ဟိုက်ဟောင်အမကတွင် (၁၄) ဦး ဝမ်ဆင်း အထကတွင် (၄၅) ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။ အဆိုပါကျောင်းသား/သူများအား ကျောင်းအပ်စဉ်က နိုင်ငံတော်မှ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့်ဖတ်စာအုပ်များတစ်ပါတည်း(အခမဲ့)ဖြန့်ဝေပြီးဖြစ်ပါသည်။

စစ်ဘေးရှောင်ခဲ့သော ကျောက်မဲမြို့နယ်၊ ထ(ခွဲ)တော့ဆန်း၊ အမကညောင်မောင်း၊ အမက(ခွဲ)စာတိတောင်တို့မှ ကျောင်းသား (၃၅၀) ဦးတို့သည် စစ်ဘေးလွတ်ရာကျောက်မဲမြို့ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက-မိုင်းလုံ၊ အထက-နောင်ပိန်၊အမက(၁)၊အမက(၂)၊ အမက(၇)၊ အမက(၁၃)၊ မူလွန်(၄)၊ အလက(ခွဲ)မ (၅)၊ အလက(ခွဲ)မ(၆)၊ အလက(ခွဲ)မ(၉)၊ ဘက- ရှမ်းကျောင်း၊ ဘကရွှေကျင်၊ ထ(ခွဲ)မိုင်းကင်း၊ မူလွန်-တန့်ကန်၊ မူလွန်- နမ့်ဟူးတောင်ကျောင်းများတွင် စုစုပေါင်း (၂၇၆) ဦးတက်ရောက်သင်ကြားနေပါသည်။ ၎င်းကျောင်းသား/သူများအား ပုံနှိပ်စာအုပ်၊ ဝတ်စုံများ၊ ဗလာစာအုပ်များကိုလည်း သက်ဆိုင်ရာ ကျောင်းများမှ အခမဲ့ ဖြန့်ဝေထားပါသည်။

စစ်ဘေးရှောင်ကျောင်းများမှ ထက်ပြ/လယ်ပြ/မူပြ ဆရာ/ဆရာမ (၂၉) ဦးကိုလည်း နေရေးထိုင်ရေး အဆင်ပြေစေရန် ကျောက်မဲမြို့ပေါ်ရှိ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)၊ လ(ခွဲ)မ(၆)၊ အမက(၁၀)၊ အမက(၁၂)၊အမက(၁၃)၊ မ(ခွဲ) ချမ်းသာကျောင်းများတွင် တာဝန်ထမ်းဆောင်စေကြောင်း တင်ပြအပ်ပါသည်။

စစ်ဘေးရှောင်ပညာရေးကဏ္ဍများကို ရှေ့တွင်ဝန်ကြီးတစ်ပါးမှ တင်ပြပြီးဖြစ်တဲ့အတွက် တိုက်ပွဲများနှင့်ပတ်သက်၍ ဆောင်ရွက်မှု အခြေအနေကို အနည်းငယ် အကျဉ်းချုပ်တင်ပြသွားပါမယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့ (၈) ဖွဲ့အနက် ရှမ်းပြည်နယ်အတွင်းတွင် RCSS နှင့် PNLO အဖွဲ့တို့ (၂) ဖွဲ့သာ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။ ၎င်းအဖွဲ့ (၂) ဖွဲ့ဖြင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ပြည်နယ်အဆင့်တွင် JMCS ကိုဖွဲ့စည်း၍ တတိယအကြိမ်မြောက် အစည်းအဝေးကို နမ့်စန်မြို့၌ ၂၉-၆-၂၀၁၆ ရက်မှ ၃၀ ၆-၂၀၁၆ ရက်နေ့အထိ ဆွေးနွေးနိုင်ခဲ့ပြီး တစ်ကြိမ်နှင့်တစ်ကြိမ်ရလဒ်ကောင်းများ ရရှိလျက်ရှိပါတယ်။ လက်မှတ်ထိုးပြီးအဖွဲ့ (၂) ဖွဲ့ဖြစ်သော RCSS၊ PNLO များနှင့် တပ်မတော်သည် တိုက်ပွဲများဖြစ်ပွားမှုလုံးဝမရှိတော့ဘဲ ပြဿနာများကို JMCS State Level အစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

၎င်းအနေအထားအရ ငြိမ်းချမ်းရေး သဘောတူညီချက်စာချုပ်တွင် လက်မှတ်ရေးထိုးထားပြီးသော အဖွဲ့များနှင့် တပ်မတော်အကြား အထင်အမြင်လွဲမှားမှု မရှိစေရေး တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုတည်ဆောက်နိုင်ရေးတို့အတွက် JMCU (ပြည်ထောင်စုအဆင့်)၊ JMCS (ပြည်နယ်အဆင့်)များ၏ ဆွေးနွေးမှုရလဒ်ကောင်းများကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ NCA လက်မှတ်မထိုးသေးသော အဖွဲ့များအနေဖြင့်လည်း NCA လက်မှတ်ရေးထိုးနိုင်ရန်အတွက် အမြဲတမ်းတံခါးဖွင့် ကြိုဆိုလျက်ရှိပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

D/real(wide) (2

ဦးစီး ပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ညီလာခံအတွက် အကြို ပြင်ဆင်ရေးကော်မတီမှ ဆပ်ကော်မတီ (၂) ခုခွဲကာစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆပ်ကော်မတီ (၁) တွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သောအဖွဲ့မှ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် အဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးညှိနှိုင်း အဖြေရှာပြီးတော့မှ ဆပ်ကော်မတီအသစ်ဖြစ်သော ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သောအဖွဲ့သည် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချမှတ်ထားသော မူဝါဒ (၆) ရပ်ကို အခြေခံ၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်မှသာ ပဋိပက္ခများလျော့ချနိုင်မည်ဖြစ်ပါသည်။ ထိုကြောင့် နိုင်ငံတော် အစိုးရမှ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်တွင်နေထိုင်သော ပြည်သူလူထု တစ်ရပ်လုံးပါ ကူညီ ဝိုင်းဝန်းဆောင်ရွက်သွားမှသာ ရှမ်းပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်စေရုံသာမက ထာဝရ ငြိမ်းချမ်းရေးကို မလွဲမသွေ ရရှိလာမည်ဖြစ်ကြောင်း ဆွေးနွေး တင်ပြအပ်ပါသည်။

ရှမ်းပြည်နယ်လွှတ်တော် သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုအား ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နမ့်ခမ်းမြို့နယ်တွင် စစ်ရှောင်ခဲ့သော ဟိုပန် - မိုင်းဝီး ကျေးရွာမှ ကျောင်းသား (၃၇) ဦးနှင့် ဆရာမ (၃) ဦး တို့သည့် မိုင်းဝီးကျေးရွာတွင် ခိုလှုံကြပြီး မိုင်းဝီးကျေးရွာ ယဉ်ကျေးမှုအဖွဲ့ရုံးတွင် ၁-၆-၂၀၁၆ ရက်မှစ၍ ပုံမှန်သင်ကြားမှုလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။ ၄င်းကျောင်းသား/သူများအား ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေထားပြီး ဖြစ်ပါသည်။

သီပေါမြို့နယ်အတွင်း စစ်ဘေးကြောင့် စစ်ရှောင်ခဲ့ကြသော သီပေါမြို့နယ်၊ ကျောင်းမိုင်ကျေးရွာမှ ကျောင်းသား (၅၂) ဦးတို့သည် အမကကျောင်းမိုင်တွင်လည်းကောင်း၊ ၄င်းရွာမှ ကျောင်းသား (၇) ဦးတို့သည် လားရှိုးမြို့နယ်၊အမက-မောက်တောင်းတွင်လည်းကောင်း၊ ကျောင်းတက်ရောက်နေကြပြီဖြစ်ပါသည်။ ၄င်းကျောင်းသား/သူများအား ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကိုလည်း သက်ဆိုင်ရာကျောင်းများမှ အခမဲ့ ဖြန့်ဝေထားပြီးဖြစ်ပါသည်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းလာသည့် အဆိုနှင့်ပတ်သက်၍ ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်ပတ်သက်၍ အပိုင်း(၃)ပိုင်းရှိရာ

D/real(wide) (2

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

[သောကြာနေ့]

နေ့လည်ပိုင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)နေ့လည်ပိုင်းအစီအစဉ်များ အားဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဖွဲ့ အစည်းဝင်များက ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေ(စ)နှင့် (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်ကနောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း စစ်ပွဲဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေးအဆိုသည် ရှမ်းပြည်နယ် အတွင်းရှိ တိုင်းရင်းသားများအားလုံး၏ ဘဝလုံခြုံမှုကို ကာကွယ်ပေးသည့် အဆိုတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်မအနေဖြင့် ကျွန်မ၏ အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ခံယူပါမယ်ရှင့်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များက ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းသွားပါတယ်။ ယခုအဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်ကလည်း ၎င်းအဆိုကိုအတည်ပြုပေးဖို့အတွက် လွှတ်တော်၏ ဆန္ဒရယူလို ကြောင်းတင်ပြလာပါသဖြင့် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခု

D/real(wide) (2

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ ၂၁ ရာစု ပင်လုံညီလာခံ မကျင်းပနိုင်သေးသော ယခုလိုကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခ စစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ် တစ်ရပ်ကို အစိုးရမှအမြန်ဆုံးဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကို လည်းကောင်း တိုက်တွန်းကြောင်း အရေးကြီး အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ၂၁ ရာစု ပင်လုံညီလာခံ မကျင်းပနိုင်သေးသော ယခုလိုကြား ကာလတွင် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှ အမြန်ဆုံး ဆောင်ရွက် ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း”** အရေးကြီး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးရန် အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းစံဟွမ်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ မတ်တတ်ရပ်၍ ဆန္ဒပြုသူ ကိုယ်စားလှယ်ဦးရေသည် စုစုပေါင်း(၇၆)ဦးဖြစ်ပြီးဒီကနေ့အစည်းအဝေးကိုတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေသည် (၁၃၃)ဦးဖြစ်တဲ့ အတွက် ထိုင်နေသည့် ကိုယ်စားလှယ်ဦးရေသည် (၅၇) ဦး ဖြစ်ပါတယ်။ မတ်တတ်ရပ်၍ ဆန္ဒပြုသူဦးရေကများပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုရန်သဘောတူသည့်လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်များသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုနေ့လည်စားသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁၃း၃၀) နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

D/real(wide) (2

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

ဒုတိယအကြိမ် ရွှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော လူကြီးမင်းများအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ဖြစ်ပါတယ်။ ကျောက်မဲမြို့မဲဆန္ဒနယ်အမှတ် (၂) ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် အဆိုတင်သွင်းသော **" ၂၁ ရာစု ပင်လုံညီလာခံမတိုင်ခင် ကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခ စစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် ရွှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရွှမ်းပြည်နယ်အစိုးရကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရကို လည်းကောင်း တိုက်တွန်းကြောင်း"** အရေးကြီး အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည် တိုင်းရင်းသားပေါင်းစုံဖြင့် ပါဝင်ဖွဲ့စည်းထားသလို ကျွန်မတို့ ရွှမ်းပြည်နယ်သည်လည်း မျိုးနွယ်စု (၁၃၅) မျိုးအပါအဝင် အခြားတိုင်းရင်းသားအဖြစ် မသတ်မှတ်ရသေးသူ မျိုးနွယ်စုများနှင့် အတူတကွငြိမ်းချမ်းစွာလက်တွဲနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့ပါ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ခံစားနေရသည့်မကျေနပ်မှုများမှတစ်ဆင့် ပေါက်ဖွားလာသည့် လက်နက်ကိုင်များကြားတွင် အတွင်စွဲ၊ မာနစွဲ၊ လူမျိုးစွဲများ အရင်းခံကာ လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများဖြစ်ပေါ်လာနေခဲ့ပါပြီ။

D/real(wide) (2

အောင်မြင်စွာဖော်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်ရင်း နှင့် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ်၏ **" ၂၁ ရာစု ပင်လုံညီလာခံ မတိုင်ခင်ကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် ရွှမ်းပြည်နယ် လွှတ်တော် မှတစ်ဆင့် ရွှမ်းပြည်နယ်အစိုးရကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရကို လည်းကောင်း တိုက်တွန်းကြောင်း"** အရေးကြီး အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမျိုးမြင့်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ ကျောက်မဲမြို့မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် အဆိုတင်သွင်းသော " ၂၁ ရာစု ပင်လုံညီလာခံမတိုင်ခင်ကြားကာလတွင် လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် ရွှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရွှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စု အစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း" အရေးကြီး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၁ ရာစု ပင်လုံညီလာခံ၏ သဘောသဘာဝဖြစ်ပါတယ်။ ၂၁ ရာစု

ပင်လုံညီလာခံကြီးမှာ တွေ့ကြဆုံကြ နည်းလမ်းရှာကြဖို့ ဆောင်ရွက်ခြင်းသည် နာတာရှည်ဖြင့် အဖက်ဖက်မှ အောက်ကျနောက်ကျဖြစ်နေသော မိမိတို့ လူမျိုးတွေ၊ မိမိတို့ ပြည်ထောင်စုသားတွေ၊ မိမိတို့ လူထုတွေကို ကယ်တင်ဖို့ အသက်ဆက်ဖို့ ရှင်သန်ဖွံ့ဖြိုးဖို့ အတွက် နည်းလမ်းရှာတာဖြစ်လို့ နာတာရှည်လူနာကို အဟာရသီးများမှန်မှန် တိုက်ကျွေးသည်နှင့်တူပါတယ်။

လက်နက်ကိုင်ပဋိပက္ခ၏ သဘောသဘာဝ ဖြစ်ပါတယ်။ ဘယ်အုပ်စု ဘယ်အဖွဲ့အစည်း ဘယ်အစုအဖွဲ့က ဘာပဲလုပ်လုပ် မိုးပေါ်ပဲ ထောင်ပစ်ပစ်၊ အောက်စိုက်ပဲပစ်ပစ် သေနတ်ပြောင်းကထွက် သည့် ကျည်ဆံထိမှန်ရင် သေကြရလို့ တိုက်ကြခိုက်ကြ အပြစ်မဲ့ပြည်သူများကို သတ်ကြဖြတ်ကြခြင်းသည် လူသားတွေကို အဆိပ်သီး ကျွေးနေတာနှင့်တူပါတယ်။ သူလုပ်ချင်တာလုပ် သူ့သဘောသူဆောင်တာလို့ ပြောပေမဲ့ လည်း ဒီနေရာမှာ ငုပ်ပြီး ကွယ်ပျောက်နေသည့်အချက်ကို သတိပြုရပါမယ်။ အဲတာကတော့ လူနာကိုဘယ်လောက်ပဲ စိတ်ရှည်လက်ရှည်နဲ့ အဟာရသီးတွေ တိုက်ကျွေးပေမဲ့လည်း အဆိပ်သီးတစ်လုံးကျွေးမိလိုက်တာနှင့်လူနာသေဆုံးသွားမှာဖြစ်ပါတယ်။

ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရောမိတာကမှ ခွင့်လွှတ်လို့ရပါသေးတယ်။ ၂၁ရာစုပင်လုံညီလာခံလို့ခေါ်သည့် အဟာရသီးကျွေးသည့် အရေးဖြစ်စဉ်မှာတိုက်ပွဲဆင်နွှဲခြင်း ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ခြင်းတွေဖြစ်သည့်အဆိပ်သီးဝင်ကျွေးမိရင်တော့တစ်မျိုးသားလုံးအတွက် များစွာအန္တရာယ်ကြီးသွားပါမည်။ဒါကြောင့် ချုပ်ပြီးပြောရမည် ဆိုလျှင် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ကိုယ်စားလှယ်တော် ဦးစိုင်းထွန်းဉာဏ်အဆိုတင်သွင်းသည့် ၂၁ရာစုပင်လုံညီလာခံ မတိုင်ခင်ကြားကာလမှာ လူသတ်ပွဲများ၊လက်နက်ကိုင် ပဋိပက္ခစစ်ပွဲ

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဒီလို ပဋိပက္ခစစ်ပွဲများ၏ ဆိုးကျိုးကိုလက်တွေ့ခံစားနေရသည်မှာ လက်နက်မဲ့ ပြည်သူများပဲဖြစ်နေပါတယ်။ ကျွန်မတို့ နမ္မတူမြို့နယ် တွင်လည်း ၆-၇-၂၀၁၆ ရက်နေ့က ပိန်းထွမ်ကျေးရွာအနီးတွင် မသမာသူလူတစ်စုထောင်ထားသော ကြိုးမိုင်း (၂) လုံး ပေါက်ကွဲခဲ့ရာ ရွာသားတစ်ဦးပွဲချင်းပြီး သေဆုံးသွားပြီး ရွာသား (၆) ဦး ဒဏ်ရာများစွာရှိခဲ့ပါတယ်။ ထိမှန်ခံရသော ဘေလ်စများကြောင့် မျက်စိနှင့် တခြားခန္ဓာကိုယ်အစိတ်အပိုင်းများကို ခွဲစိတ်ကုသခဲ့ရသဖြင့် ရွာသားများ၏ လူမှုရေး၊ စီးပွားရေး အခက်အခဲများ တွေ့ကြုံနေကြရပါပြီ။ အလားတူ ၈-၇-၂၀၁၆ တွင်လည်း မန်တုံမြို့နယ် မိုင်းမော်ကျေးရွာအုပ်စုအဝင် ရွာပေါင်း (၁၂) ရွာမှ ရွာသားများ နေရပ်အိုးအိမ်စည်းစိမ်များကို စွန့်ခွာ၍ နမ္မတူမြို့သို့ ထွက်ပြေးခဲ့ရပါတယ်။ အတ္တလွန်ဆွဲပွဲ၏ နောက်မှာဆိုးကျိုးကိုခံစားနေရသည် မှာ လက်နက်မဲ့ပြည်သူများပင်မဟုတ်ပါလား။

ကမ္ဘာကြီးကို တစ်သားတည်းဖြစ်စေဖို့ ဖန်တီးနေချိန်မှာ တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားမှုပေါ် အခြေခံသည့် ပဋိပက္ခတွေက ကမ္ဘာကြီးကို ကြောက်မက်ဖွယ်အန္တရာယ်ဆီကို တွန်းပို့နေပါတယ်။ နိုင်ငံတွင်အုပ်စုကွဲတွေအကြား တိုက်ခိုက်မှု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုတွေကြား တိုက်ခိုက်မှုတွေက နိုင်ငံအချင်းချင်းအကြား အကြမ်းဖက်တိုက်ခိုက်မှုတွေထက် ပိုမိုများပြားတာကိုတွေ့ရပြီး အဲဒီပဋိပက္ခတွေကို ရပ်တန့်ဖို့ ပိုမိုခက်ခဲသော်လည်း အားလုံးဝိုင်းဝန်းပြီး ကြိုးစားရင် အောင်မြင်နိုင်မည်ဟုယုံကြည်ပါတယ်။

နိုင်ငံတော်အကြီးအကဲများ ဦးဆောင်ကျင်းပမည့် **“ ၂၁ ရာစု ပင်လုံညီလာခံကြီး”** မှ တိုင်းရင်းသားများ လိုလားတောင့်တ သည့် တန်းတူညီမျှသော၊ စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စု စနစ်ကို

D/real(wide) (2

များ ရပ်တန့်စေရန်အမြန်ဆုံးဆောင်ရွက်ပေးဖို့တိုက်တွန်းကြောင်း အဆိုကိုလေးနက်ခိုင်မာစွာဆွေးနွေးထောက်ခံလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **“ လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခ ရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အရေးကြီး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ဆွေးနွေးရန် အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသိန်းဇော်က အဆိုကို

ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (နမ့်ဆန်၊ မန်တုံ၊ နမ့်ခမ်းဒေသ)၊ ကွတ်ခိုင်ဒေသ၊ နမ္မတူဒေသနှင့် သီပေါဒေသ တော်တော်များများမှာ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း ပဋိပက္ခဖြစ်ပွားလျက်ရှိကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ၃၀-၆-၂၀၁၆ ရက်နေ့က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်ရှိ ဒေသခံပြည်သူများ တင်ပြချက်အရ အပြစ်မဲ့ ပြည်သူများအား ဖမ်းဆီးရိုက်နှက်ခြင်းများ တားမြစ်ပေးပါရန် မိမိထံစာရေး တင်ပြထားပါတယ်။ ၎င်းတို့တင်ပြလိုသည့်ကိစ္စမှာ ဒေသခံပြည်သူများ အသုံးပြုသွားလာနေသည့် နမ္မတူ-မိုင်းမော်-မိုင်းဝီး လမ်းမကြီးကို ၅-၆-၂၀၁၆ ရက်နေ့မှစ၍ လက်နက်ကိုင်လူတစ်စု၏ ခရီးသွားမိဘ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဖြတ်သန်းသွားလာမှုများကို ရပ်တန့်စစ်ဆေးမှုခံရပါတယ်။ အကယ်၍ မသင်္ကာမှုများရှိပါကဖမ်းဆီးခံရခြင်း၊ ရိုက်နှက်မှုခံရခြင်း၊ သတ်ဖြတ်မှုခံရခြင်းတို့နှင့် အခက်ခဲမျိုးစုံ ရင်ဆိုင်တွေ့ကြုံနေရပါတယ်။

၎င်းလက်နက်ကိုင်လူတစ်စု၏ ဖမ်းဆီးခံရသူ (၅၈) ဦးရှိပြီး ၁၇-၆-၂၀၁၆ ရက်နေ့အထိ (၃၇) ဦးပြန်လည်လွှတ်မြောက်လာပြီး ကျန် (၂၁) ဦးမှာ ယနေ့ထိ လွှတ်မြောက်လာခြင်းမရှိသေးပါ။ ၎င်း (၂၁) ဦးမှာ လီဆူတိုင်းရင်းသား (၁၀) ဦး၊ ပလောင်တိုင်းရင်းသား (၈) ဦးနှင့် ကချင်တိုင်းရင်းသား (၃) ဦးတို့ဖြစ်ကြပါတယ်။ မည်သို့ပင်ဆိုစေကာမူ လက်နက်ကိုင်အချင်းချင်း တိုက်ခိုက်ခြင်းဟာ မဆန်းပေမယ့် ယခုလို လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ ဒေသခံပြည်သူများအားလုံး အများအသုံးပြုသည့်လမ်းမကြီးကို အနှောင့်အယှက်ပြုခြင်း၊ ပိတ်ပင်တားဆီးခြင်းတို့ကို မပြုလုပ်သင့်ပါ။

D/real(wide) (2

ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသိန်းဇော်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့တွင် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ **"လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**အရေးကြီး အဆိုနှင့်ပတ်သက်၍ ဆွေးနွေးခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဖြစ်ပါ တယ်။ ဒီကနေ့ ကျွန်တော့်အနေဖြင့် လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခကြောင့်၊ အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခအသွင်ဆောင်နေခြင်း အပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ အဆိုကို

ဒါကြောင့် ဘယ်အဖွဲ့အစည်း၊ ဘယ်လက်နက်ကိုင်အဖွဲ့ကိုမဆို ယခုလိုပြုမူဆက်ဆံကျင့်သုံးသည့် လမ်းစဉ်မှာ အင်မတန် အရေးပါဆိုးကျိုးတန်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက် သည်ဟု ဖော်ပြပါရှိပါတယ်။ ယခုပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ မန်တုံမြို့နယ်၊ မိုင်းမော်ဒေသတွင် ၈-၇-၂၀၁၆ ရက်နေ့က စပြီး နောက်ထပ်တစ်ဖန် ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်ခဲ့ပါတယ်။ တိုက်ပွဲများဖြစ်ပွားပါက ဒေသခံပြည်သူများ နေရပ်ကိုစွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်၊ စစ်ဘေးရှောင်ဒုက္ခသည်များအား နီးစပ်ရာ နမ့်တူမြို့သို့ အလုံးအရင်းလာရောက် ပုန်းအောင်းမှီခိုခဲ့ပါတယ်။ ၈-၇-၂၀၁၆ ရက်နေ့ စစ်ဘေးထွက်ပြေးလာသူ (၁၃၅) ဦး၊ ၉-၇-၂၀၁၆ ရက်နေ့ (၅၀) ဦး၊ ၁၀-၇-၂၀၁၆ ရက်နေ့ (၃၆) ဦး၊ ၁၁-၇-၂၀၁၆ ရက်နေ့ (၇၅) ဦး၊ ၁၂-၇-၂၀၁၆ ရက်နေ့ ညနေ ၆ နာရီ အချိန်အထိ စစ်ဘေးရှောင်ဒုက္ခသည် စုစုပေါင်း အိမ်ခြေ (၉၂) အိမ်၊ ကျား (၁၇၈) ဦး၊ မ (၁၉၇) ဦး စုစုပေါင်း (၃၇၅) ဦးကို နမ့်တူမြို့ ရွှေမြင်သာ ဘုန်းတော်ကြီးကျောင်းနှင့် လီဆူဘုရား ရှိခိုးကျောင်းတို့မှာ စစ်ရှောင် ဒုက္ခသည် စခန်းဖွင့်လှစ်ထားကြောင်း သိရှိရပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာ နမ့်တူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မန်တုံမြို့နယ်အုပ်ချုပ်ရေးမှူးတို့အား သက်ဆိုင်ရာ အစရ (ရှမ်း)၊ကအဒ(ပလောင်)၊ ပအရ (တောင်ကြီး)၊ ဒုပအရ (လားရှိုး)နှင့် ခရအ (ကျောက်မဲ)သို့ ထူးခြားဖြစ်စဉ်များ အချိန်နှင့် တစ်ပြေးညီ ကြေးနန်းဖြင့်ပေးပို့ခဲ့ပါတယ်။

"ကျွဲနှစ်ကောင်ခတ်ရင် ကြားကမြေစာပင်ခံကြရစမြဲ" ဆို သလိုပါပဲ စစ်ပွဲဖြစ်ပြီဆိုလျှင် နှစ်ဖက်စလုံးကအမြဲတမ်းမရှိဘဲအရှုံး

D/real(wide) (2

သည်လည်း ဒီနှစ်ထဲမှာပဲ ငြိမ်းချမ်းရေးရောက်လာပါတယ်။ ဒါတွေကို အကြောင်းပြုပြီး အထူးဒေသ ၃၊ အထူးဒေသ ၄ စသည်ဖြင့် ကချင်၊ SSA အထူး ၃ ငြိမ်းချမ်းရေး လမ်းစဉ်ပေါ် ရောက်လာပါတယ်။ ရောက်လာတဲ့အခါမှာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ပြန်စဉ်းစားလိုက်မည်ဆိုလျှင် အနှစ် (၂၀)၊ ၂၀၀၉- ၂၀၁၀ မပြည့်ခင်အထိ အနှစ် (၂၀) ကျော် အေးအေးချမ်းချမ်းနှင့် ရှမ်းပြည်နယ်ကြီး တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ တချို့ တချို့သော ငြိမ်းချမ်းရေးအဖွဲ့အစည်းထဲမှနေပြီး အကြောင်းကြောင်းကြောင့် ခွဲထွက်သွားသော ဒေသအချို့ကလွဲ၍ ယေဘုယျအားဖြင့် ရှမ်းပြည်နယ်ကြီး တိုးတက်လာတာကို ဘယ်သူမှငြင်းလို့မရပါဘူး။ ဒီရေစီးကြောင်းမှာ အားလုံးမျှောပြီးပါလာတာဖြစ်ပါတယ်။

အဲ့ဒီမှာ ဒီလိုနေကြရင်း ၂၀၀၉- ၂၀၁၀ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရကို ပြောင်းလဲဖို့ နီးလာသည့်အခါမှာ အဲဒီအောက်မှာရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းတွေကို အားလုံးတစ်စုတစ်စည်းတည်းဖြစ်အောင် တချို့ကို PGS၊ တချို့ကို ပြည်သူ့စစ်အသွင်နှင့် ကျွန်တော်တို့ လုပ်သည်အခါမှာ စိတ်သဘောထားကွဲလွဲမှုလေးတွေရှိလာသည့်အတွက်ကြောင့် အစောကတင်ပြခဲ့သည့် ငြိမ်းချမ်းရေးလမ်းစဉ်ပေါ် တွင်ပါခဲ့သော အချို့အဖွဲ့များသည် PGS လုပ်ကြတယ်။ တချို့အဖွဲ့များက ပြည်သူ့စစ်လုပ်ကြတယ်။ တချို့အဖွဲ့ များသည် နေရင်းအတိုင်းပဲ နေကြရင်းနှင့် ပဋိပက္ခအသွင်ဆောင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ကြီးသာရင်ဆိုင်နေရပါတယ်။ စစ်ပွဲကြာလေ၊ လူထုဒုက္ခရောက်လေ ပျက်စီးဆုံးရှုံးမှုများလေ ဒေသခံပြည်သူများ ဆင်းရဲတွင်းနက်လေ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ပိုမိုကွာဟလေဖြစ်ပါတယ်။ စစ်ပွဲကြောင့် အပြစ်မဲ့ ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းပြန်မတက်နိုင်ခြင်းကြောင့် နောင်တစ်ချိန်မှာ အားကိုးရမည့် လူစွမ်းအားအရင်းအမြစ်များ ဖြုန်းတီးမှုဖြစ်ခြင်း၊ ဘုန်းကြီးကျောင်းများ၊ စာသင်ဆောင်များ၊ လူနေအိမ်များ မီးလောင်ပျက်စီးခြင်း၊ အိမ်မွေးတိရစ္ဆာန်များ သေကြေပျက်စီးခြင်းများကြောင့် နိုင်ငံတော်၏ဘဏ္ဍာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ် လျက်ရှိပါတယ်။

ယနေ့ခေတ်မှာ မြန်မာနိုင်ငံကို အခြားသောနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည့် အချိန်မှာ တိုင်းရင်းသား ညီအစ်ကိုများ ပဋိပက္ခဖြစ်နေကြတာဟာ အနုတ်လက္ခဏာဆောင်သည့်သဘောဖြစ်နေပါတယ်။ ဒါကြောင့် အပြစ်မဲ့ပြည်သူများ၏ ဒုက္ခကိုမျှဝေခံစားသောအားဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသော တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းပဋိပက္ခကို ဖြေရှင်းနိုင်ရန်အတွက် လက်နက်နှင့်ဖြေရှင်းမည့်အစား စားပွဲဝိုင်းမှာ ညှိနှိုင်းအဖြေရှာနိုင်ဖို့ တာဝန်ရှိအစိုးရအဖွဲ့ အဆင့်ဆင့်မှ အလေးနက်ထားဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်၏ အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်သန်းထွဋ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

D/real(wide) (2

ဒါဟာတစ်ချက် ဘာလို့ ကျွန်တော်တင်ပြသလဲဆိုတာကို အဲ့ဒီငြိမ်းချမ်းရေးလမ်းစဉ်မှာ စာချုပ်ချုပ်ကြတယ်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်တွေနှင့် တပ်မတော်အကြီးအကဲတွေနှင့် စာချုပ်ချုပ်ကြတယ်။ ဒါကို သဘောတူညီပြီး အဖွဲ့အစည်းတိုင်းက အားလုံးလိုက်နာခဲ့လို့ ကျွန်တော်တို့ အနှစ် (၂၀) တောင် ငြိမ်းချမ်းရေးလုပ်ခဲ့တယ်ဆိုတာကို ငြိမ်းချမ်းစွာ အတူယှဉ်လက်တွဲနေထိုင်ခဲ့တယ်ဆိုတာကို သမိုင်းမှာ ဘယ်သူမှငြင်းလို့မရဘူးဖြစ်ပါတယ်။ ထိုနည်းတူပဲ ဒုတိယအကြိမ်မှာ ပဋိပက္ခအသွင်ဆောင်နေသည့် အနေအထားကနေပြီး အစိုးရသစ်မှာ ပြည်ထောင်စုစစ်ငြိမ်းချမ်းရေးဆိုပြီး တစ်ခါပြန်လုပ်လာတာကို ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာလည်း ဒီတိုင်းပဲတိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးတွေပါတယ်။ တိုင်းရင်းသားခေါင်းဆောင် တွေပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံခြားသံတမန်တွေပါတယ်။ သတင်းစာအသီးသီးကနေပြီး ငြိမ်းချမ်းရေးအဖွဲ့အသီးသီးကိုမှတ်မိသလောက်ဆိုလျှင် (၁၇) ဖွဲ့ စာချုပ်တွေလက်မှတ်ထိုးကြပါတယ်။ ငြိမ်းချမ်းရေးကို အားလုံးတက်ညီလက်ညီ စိတ်ပါဝင်စားစွာ လုပ်လာကြတာဖြစ်ပါတယ်။ တိုင်းရင်းသားတွေအားလုံးပဲ တစ်ကယ်ပျော်ခဲ့ပါတယ်။ ကျွန်တော်တို့အပါအဝင်ပျော်ခဲ့ပါတယ်။

အဲ့ဒီမှာပဲ တဖြည်းဖြည်းနှင့် အကြောင်းကြောင်းကြောင့် ယိုယွင်းလာပြီး ယနေ့အချိန်အထိဖြစ်လာတယ်လို့ပဲ တိုတိုနှင့်လိုရင်းတင်ပြလိုပါတယ်။ သို့သော်ပြည်ထောင်စုအဆင့်ချုပ်သည့်အထဲမှာ ကယား KNPP သည် ယနေ့အချိန်အထိသေနတ်သံမကြားရတာ (၅) နှစ်၊ (၆) နှစ် ရှိပါပြီ။ ကရင်ပြည်နယ် သေနတ်သံမကြားရတာ (၅) နှစ်၊ (၆) နှစ်လောက်ရှိပါပြီ။ ထိုနည်းတူ " ဝ " ဒေသ၊

ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ညီနောင်ကိုယ်စားလှယ်များ နှစ်ဖြာသုခနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ကျွန်တော်အနေဖြင့် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်ပြသွားသည့်အဆို၊ ဦးစိုင်းထွန်းဉာဏ် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တင်ပြသွားသည့်အဆို၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးအေးမောင် တင်ပြသွားသည့် အဆိုများနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

အားလုံးပဲ ကျွန်တော်၏ ကိုယ်ရေးရာဇဝင်မှာပေးပြီးဖြစ်ထားသည့်အတိုင်းပဲ ကျွန်တော်ဟာ တပ်မတော်သား အငြိမ်းစားတစ်ယောက်ဖြစ်ပါတယ်။ ပြောရမည်ဆိုလျှင် ၁၉၇၄ ခုနှစ်မှစ၍ တပ်မတော်ထဲတွင် အနှစ် ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး မကြာသေးခင်မှ အငြိမ်းစားယူခဲ့သည့် စစ်သည်တော်တစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့်ညှိနှိုင်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကျွန်တော်မိသလောက်ဆွေးနွေးရင်းနှင့် ထောက်ခံဆွေးနွေးသည့် အပိုင်းကို တင်ပြသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှမ်းပြည်နယ်တွင် တစ်ဆက်တည်း ကျွန်တော် အနှစ် ၂၀ ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် တော်တော်များများမီပါတယ်။

၁၉၈၉ ခုနှစ် မတ်လ ၁၁ ရက်တွင် ပထမဦးဆုံး ကိုးကန့်အဖွဲ့မှ အထူးဒေသ-၁ ဆိုပြီး ငြိမ်းချမ်းရေးကို စတင်ချိန်မှစ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုစလာပါတယ်။ မတ်လ ၁၄ ရက်နေ့တွင် အထူးဒေသ၊ မိုင်းလားကနေပြီး ဒုတိယအကြိမ် ငြိမ်းချမ်းရေးလမ်းစဉ်ပေါ်ရောက်လာပါတယ်။ ဧပြီလ ၂၂ ရက်နေ့ တွင် " ဝ "

D/real(wide) (2

မိုင်းလားဒေသ ပြဿနာအနည်းငယ်လေးတွေရှိပါတယ်။ သို့သော် သေနတ်သံ မကြားရပါဘူး။ ဆိုလိုတာက သူတို့ ဘာလို့သေနတ်သံ မကြားရတာလဲ။ ရှမ်းပြည်နယ်တွင် ဘာလို့ သေနတ်သံတွေကြား နေရတာလဲဆိုတာသည် ဒီငြိမ်းချမ်းရေး လမ်းစဉ်မှာလိုက်နာမှုနှင့် မလိုက်နာမှု ဒါပဲကွာပါတယ်။ ပြည်ထောင်စုအဆင့်တွင် လက်မှတ် ရေးထိုးခဲ့ကြတာတွေ အားလုံးအတူတူပဲဖြစ်ပါတယ်။

ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးကို လွှတ်တော်ကနေပြီး အစိုးရအဖွဲ့မှနေပြီး မေတ္တာရပ်ခံလိုတာက ဘယ်လောက်ပဲစာချုပ်ကြီးတွေ လုပ်လုပ်လိုက်နာဖို့တော့လိုပါ တယ်။ ယခုလိုဖြစ်နေတာတွေ အားလုံးသည် လိုက်နာတဲ့လူတွေ၊ လိုက်နာတဲ့ ပြည်နယ်တွေမှာ ငြိမ်းချမ်းပြီး သေနတ်သံမကြားရဘူး။ မလိုက်နာဘဲ အကြောင်းကြောင်းကြောင့် အခက်အခဲတွေ ဖြစ်နေ သည့် ပြည်နယ်တွေမှာတော့ ဒီလိုပဲခံစားနေရပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အားလုံးကို တိုက်တွန်းလိုတာ ကတော့ စာချုပ်တော့ချုပ်ပါတယ် မလိုက်နာလျှင် အစောက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းမျိုးမြင့် ပြောသလိုပဲ ဆေးခါး တိုက်သလို ဆေးတစ်ခြား အနာတစ်ခြားဖြစ်နေမှာပဲဖြစ်ပါတယ်။ အားလုံးစာချုပ်တွေချုပ်ပြီး ငြိမ်းချမ်းစွာလိုက်နာခဲ့လို့ အနှစ် (၂၀) ကျော်လည်း ငြိမ်းချမ်းခဲ့ပြီးသည့်ကာလကို ဖြတ်ကျော်ခဲ့ပြီးပါပြီ။ ထို့အတူပဲ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးချုပ်ဆိုပြီးတော့ သေနတ်သံတစ်ချက်မှမကြားဘဲ ပြည်နယ်တိုးတက်မှုတွေဖွံ့ဖြိုး တိုးတက်မှုတွေလုပ်နိုင်သည့် ပြည်နယ်တွေလည်း တိုင်းရင်းသား ညီနောင်များတွင်ရှိနေပါပြီ။

ရှမ်းပြည်နယ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၊ နိုင်ငံတော်မှတာဝန်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်း

ရှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်နှင့် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်တို့ တင်သွင်းလာသည့် အရေးကြီးအဆိုများကို ကျွန်တော် ဗိုလ်မှူးကြီး စိုးမိုးအောင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးမှ ပြန်လည် ရှင်းလင်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချမှတ် ထားသော ငြိမ်းချမ်းရေးနှင့်ပတ်သက်သော မူဝါဒ (၆) ရပ်ကို ဦးစွာ တင်ပြသွားမှာဖြစ်ပါတယ်-

(က) ထာဝရ ငြိမ်းချမ်းရေး ရယူရန် အမှန်တကယ် ဆန္ဒရှိရန်။

(ခ) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။

(ဂ) ငြိမ်းချမ်းရေးသဘောတူညီချက်အပေါ် အမြတ် မထုတ်ရန်။

(ဃ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေ ရန်။

(င) နိုင်ငံတော်က ထုတ်ပြန်ထားသော တည်ဆဲဥပဒေ များကို တိတိကျကျလိုက်နာရန်။

(စ) ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီ အနှစ်သာရ ကို လက်ခံပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းမှုတွင် လိုက်ပါဆောင်ရွက်ရန် စသဖြင့် ချမှတ်ထားပြီး ဖြစ်ပါတယ်။

D/real(wide) (2

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှလည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံသည့်အချိန်တွင် တပ်မတော်အနေဖြင့် အမျိုးသားစည်းလုံးရေးနှင့် ထာဝရငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ ဦးဆောင်မှု အောက်မှာ တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်နှင့်အညီ NCA လက်မှတ်ရေးထိုးနိုင်သည် အထိကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူနှင့်ပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အဆင့်ထိ အတော်အသင့်အောင်မြင်ခဲ့ပြီးဖြစ်ပါကြောင်းပြောကြားခဲ့ပါတယ်။ ၎င်းအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ သမ္မတကြီး ဦးထင်ကျော် ခေါင်းဆောင်သည့် အစိုးရသစ် လက်ထက်မှာလည်းပဲ သမ္မတကြီး၏ ဦးဆောင်မှု အောက်မှာပဲ ကျွန်တော်တို့ နိုင်ငံတော်အစိုးရ၊ တပ်မတော် ၊ လွှတ်တော်၊ ပြည်သူလူထု ပေါင်းစပ် ပြီးတော့မှ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အတိအလင်း ပြောကြားခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများအနေဖြင့် တင်ပြရလျှင် RCSS နှင့် TNLA၊ တပ်မတော်နှင့် TNLA၊

D/real(wide) (2

များ၊ အခြားအခြားသော ငြိမ်းချမ်းရေးဖော်ဆောင်ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများကို ပြောချင်တာက ကျွန်တော်တို့လည်း ရင်နှင့်အမျှ ဒီခံစားချက်တွေ အပြည့်ရှိပါတယ်။ ထို့ကြောင့် စာချုပ်တွေချုပ်ပြီးလျှင် ဒီစာချုပ်တွေကို လေးလေးနက်နက် လိုက်နာလျှင် မကြာခင်မှာအင်မတန်မှ အေးချမ်းသာယာသည့် ငယ်ငယ်တုန်းက ရှမ်းအိုးစည်သံတွေလွှမ်းနေသည့် ပအိုဝ်းအိုးစည်သံတွေလွှမ်းနေသည့် ရှမ်းပြည်နယ်ကြီးအဖြစ်ကို မလွဲမသွေရောက်မည်ဆိုတာကို အားလုံးယုံကြည်ပါတယ်။

ဒါကြောင့် ဦးစိုင်းထွန်းဉာဏ်၊ ဒေါ်နန်းစမ်းစမ်းအေး၊ ဦးအေးမောင်တို့ တင်ပြသည့်အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ အဆို(၂)ရပ်နှင့်ပတ်သက်၍ တပေါင်းတည်း ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ အဆို (၂)ခုနှင့်စပ်လျဉ်းပြီး တပေါင်းတည်း ဆွေးနွေးရှင်းလင်းပေးဖို့အတွက်ဖြစ်ပါတယ်။

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာ

နှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအကြို ပြင်ဆင်ရေး ကော်မတီတွင် ဥက္ကဋ္ဌ အဖြစ် ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သည့် အဖွဲ့ဝင် (၁၆) ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ အကြို ပြင်ဆင်ရေးဆပ်ကော်မတီ (၁)ကို ဥက္ကဋ္ဌအဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်ပါဝင်သည့် အဖွဲ့ဝင် (၁၅) ဦးဖြင့်လည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ အကြို ပြင်ဆင်ရေးဆပ် ကော်မတီ (၂)ကို ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်မျိုးဝင်းပါဝင်သည့် အဖွဲ့ဝင် (၉) ဦးဖြင့်လည်းကောင်း အသီးသီးဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဆပ်ကော်မတီ (၁)၏လုပ်ငန်း တာဝန်များမှာ NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားအဖွဲ့ များဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းရန် ဖြစ်ပြီး ဆပ်ကော်မတီ(၁)၏ လုပ်ငန်းတာဝန်များကို အထူးအရေးပေးတင်ပြလိုပါတယ်။

ဆပ်ကော်မတီ (၂)၏လုပ်ငန်းတာဝန်များမှာ-

(က) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း အဖြေရှာရန် လိုအပ်သည့် နေရာများသို့ သွားရောက်တွေ့ဆုံရန်။

(ခ) ဆွေးနွေးညှိနှိုင်းမှုအပေါ် မူတည်၍ NCA စာချုပ်ကို လက်မှတ်ရေးထိုးကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံတွင် ပါဝင်နိုင်ရေး အဖြေရှာဆောင်ရွက်ရန်။

(ဂ) လိုအပ်ပါက NCA စာချုပ်တွင် လက်မှတ်မရေးထိုးနိုင်သေးသော အဖွဲ့အစည်းများ ညီလာခံတက်ရောက်နိုင်ရေးအတွက် လမ်းညွှန်ချက်နှင့် အညီဆောင်ရွက်ရန်။

တပ်မတော်နှင့် SSPP ၎င်းဒေသများတွင် ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။ RCSS နှင့် TNLA ဖြစ်ပွားရသည့် ကိစ္စကတော့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း နယ်မြေလု၊ နယ်မြေအငြင်းပွားရာမှ ဖြစ်ပွားခဲ့ရခြင်းဖြစ်ပါတယ်။ တပ်မတော်နှင့် SSPP ဖြစ်ပွားခဲ့ခြင်း တိုက်ပွဲစဉ်များမှာ SSPP ၏ မူလနဂိုသတ်မှတ်ထားသော နေရာများကို ကျော်လွန်လှုပ်ရှားလာသည့်အတွက် တပ်မတော်မှ နယ်မြေရှင်းလင်းစဉ်၊ တပ်မတော်အား ၎င်းတို့မှစတင်တိုက်ခိုက်ခဲ့ခြင်းကြောင့် တိုက်ပွဲများစတင်ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ TNLA နှင့် ပတ်သက်ပြီး အထူးပြောကြားလိုတာကတော့ ဖုန်ကြားရှင်ဦးဆောင်သည့် MNDAA အဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းမှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အင်အားများ စုစည်းပြီး နယ်မြေသိမ်းစစ်ပွဲဆင်နွှဲခဲ့သည်မှာ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအသိပဲဖြစ်ပါတယ်။ ၎င်းဖြစ်ရပ်ကို ကြည့်ပါက ဖုန်ကြားရှင်ဦးဆောင်သော MNDAA အဖွဲ့သည် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားသည်ဟုမမြင်ပဲ ပြည်ထောင်စုအစိုးရ၏ ကွပ်ကဲမှုအောက်ရှိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုသာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအဖွဲ့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နှောင့်ယှက်ခြင်းဖြစ်သည်ဟုယူဆလို့ရပါတယ်။ ဖုန်ကြားရှင်ဦးဆောင်သော MNDAA အဖွဲ့သည် နိုင်ငံတော်အစိုးရကို ထိပါးနှောင့်ယှက်တိုက်ခိုက်ခြင်းသာဖြစ်ပါတယ်။ ၎င်းဖုန်ကြားရှင် ဦးဆောင်သော MNDAA အဖွဲ့တွင် TNLA တပ်ဖွဲ့ဝင်များ ဝင်ရောက်ကူညီတိုက်ခိုက်ပေးကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိပြီးဖြစ်မည်ဟု

D/real(wide) (2

(ဃ) ဆပ်ကော်မတီများ၏ လုပ်ဆောင်ချက်များကို ကော်မတီ အစည်းအဝေးများတွင် တင်ပြ၍ လုပ်ငန်းလမ်းညွှန်ချက်ရယူရန်။

(င) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ အဆိုပြုချက်များ၊ ဆွေးနွေးချက်များစသည်ဖြင့် ကော်မတီမှ အဆင့်ဆင့်တင်ပြ၍ နိုင်ငံတော် အစိုးရနှင့် တပ်မတော်တို့၏ လုပ်ငန်းလမ်းညွှန်မှုအရ ဆက်လက်အကောင်အထည်ဖော်ရန်။

(စ) NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး၍ ပြင်ဆင်ပေးရန်။

(ဆ) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများတွင် တွေ့ဆုံဆွေးနွေးရန် လိုအပ်ပါက လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်။

(ဇ) ဆပ်ကော်မတီအသုံးစရိတ်များအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီထံ တင်ပြတောင်းခံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာသုံးစွဲရန်။

(ဈ) လိုအပ်ချက်အပေါ်မူတည်၍ ဆပ်ကော်မတီများအား ကူညီရန်၊ ကော်မတီရုံးအဖွဲ့ကို ဝန်ထမ်းအင်အားတောင်းခံ၍လုပ်ငန်းများ ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယူဆပါတယ်။ ဒါကြောင့် TNLA အဖွဲ့သည် ၎င်းကိစ္စအပေါ် အပြည့်အဝတာဝန်ရှိကြောင်းနှင့် TNLA အဖွဲ့အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီးမှသာလျှင် ငြိမ်းချမ်းရေးကို ဆောင်ရွက်ပြီး နိုင်ငံရေးနည်းဖြင့် အဖြေရှာဆွေးနွေးရမည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်များ အနေဖြင့် တပ်မတော်မှ နယ်မြေရှင်းလင်းသည့် စစ်ကြောင်းများအား တိုက်ခိုက်ခြင်း၊ ကျေးရွာများတွင် ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ကြသည့်အတွက် နယ်မြေခံလူထု မှာ မိမိတို့ရပ်ရွာများတွင်မနေရဲတော့ဘဲ မြို့ပေါ်ယာယီတိုက်ပွဲရှောင် စခန်းများတွင် လာရောက်ခိုလှုံခဲ့သည်မှာလည်း ကိုယ်စားလှယ်များ အားလုံးအသိဖြစ်ပါတယ်။ မိမိတို့ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀ (င)နှင့် ပုဒ်မ ၃၄၁ တို့နှင့်အညီ အဆိုပါ တိုက်ပွဲနယ်မြေဒေသများကို နယ်မြေရှင်းလင်းပြီး တိုက်ပွဲရှောင် ပြည်သူများအား ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ယခုလို ပဋိပက္ခစစ်ပွဲများရပ်တန့်သွားစေရန်နှင့် ထာဝရငြိမ်းချမ်းရေးရနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ၂၁ ရာစု ပင်လုံ ညီလာခံမကျင်းပနိုင်သေးခင် ကြားကာလအတွင်း လတ်တလောဆောင်ရွက်နေ သည့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များကို တင်ပြသွားလိုပါတယ်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပဉ္စမအကြိမ်အစည်းအဝေးကို စတင်တက်ရောက်ခဲ့ပါတယ်။ ၎င်းနောက် ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနပြန်လည်ဖွဲ့စည်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအကြိုပြင်ဆင်ရေး ကော်မတီ

D/real(wide) (2

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အစိုးရ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံညီလာခံကျင်းပရေးအတွက် ဆွေးနွေးကြသည့်အခါတွင် အောက်ပါအစီအစဉ်များကိုလည်းချမှတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်-

(က) ညီလာခံကျင်းပမည့်အချိန်ဇယား၊

(ခ) NCA မထိုးရသေးသည့် EAOs တို့ပါဝင်ရေး၊

(ဂ) ပင်လုံဆိုင်ရာဖွင့်ဆိုချက်များ (ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓါတ်)၊

(ဃ) NCA အပါအဝင် သဘောတူညီချက် အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊

(င) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် ပြည်တွင်းပြည်ပထောက်ပံ့ကူညီမှုများ၊

(စ) CSO Forum နှင့် နိုင်ငံရေးပါတီများပါဝင်ခွင့်၊

(ဆ) JICM, JMC, UPDJCနှင့် လုပ်ငန်းစဉ်များ တို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ JICM-S အား ၉-၁-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင် (၁၄) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတွင်းရေးမှူးတို့အပြင် အဖွဲ့ဝင်များအဖြစ် ပြည်နယ်ရဲတပ်ဖွဲ့မှူး အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်ခဲ့ပါတယ်။ JMC-S ၏ အစည်းအဝေးကို ဖွဲ့စည်းသည့်အချိန်မှစ၍ ယနေ့အထိ ၃ ကြိမ်တိတိ ကျင်းပပြုလုပ်ခဲ့ပြီး အငြင်းပွားမှုများကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

နှင့်အဖွဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းခရီးစဉ်၌ ကျောက်မဲခရိုင်အတွင်းရှိ စစ်ဘေးရှောင် ပြည်သူများအတွက် ငွေကျပ် (၇၀၀၀၀၀၀/-)ကို လည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးတကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ပေးပို့ထားသော အရေးကြီးအဆိုနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အချင်းချင်း ဖြစ်ပွားသော တိုက်ပွဲများမှ အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းဆိုသည့် အချက်များ အတွက် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ RCSS/SSA အဖွဲ့များ၏ နယ်မြေကျော်လွန်မှုများကိုလည်း JMC-S အစည်းအဝေး ၃ ကြိမ်စလုံးတွင် ကန့်ကွက်သတိပေးထားရှိပြီး TNLA အဖွဲ့များကို ပဋိပက္ခဖြစ်နိုင်သော ဒေသများတွင်မရှိစေရေး အတွက် တပ်မတော်စစ်ကြောင်းများဖြင့် နယ်မြေရှင်းလင်းခြင်းများ ကို ဆောင်ရွက်ခဲ့သည်မှာလည်း ယနေ့ထိပင်ဖြစ်ပါတယ်။ မြို့တွင်း များ၌ အဖျက်အမှောင့် လုပ်ငန်းများနှင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲစေမည့် ဝါဒဖြန့်မှုများကို ကာကွယ်တားဆီးရန်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားဥပဒေစိုးမိုးမှု ရှိအောင် အစဉ်တစိုက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိ ပါတယ်။ NCA စာချုပ်တွင် လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအတွက် အမြဲတမ်းလမ်းဖွင့် ထားပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ပန်းပွင့်သည် တုံးခုချ် တံချုနှင့် ခက်ခက်ခဲခဲဆွတ်ချုရန် မလိုဘဲ ၎င်းတို့၏ လက်တကမ်းတွင်သာ

D/real(wide) (2

အဆင်သင့်ရှိနေသည့် အတွက် ထာဝရ ငြိမ်းချမ်းရေးယူရန် အမှန်တကယ်ဆန္ဒရှိရန်လိုပါတယ်။ တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့အတွက် အစဉ်ဦးထိပ်ထားဆောင်ရွက်လျက် ရှိသောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် အမျိုးသားတာဝန်တစ်ရပ်အဖြစ် တစိုက်မတ်မတ် မမှိတ်မသုန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လက်ရှိအစိုးရ ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များအပေါ် မီးရထားတစ်စီးဖြင့် ဥပမာပေးလိုပါတယ်။ ၎င်း ငြိမ်းချမ်းရေး ရထားကြီးပေါ်တွင် NCA လက်မှတ်ရေးထိုးပြီးသော အဖွဲ့များလိုက်ပါနိုင်သကဲ့သို့ NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်း ရထားကြီး အပေါ်မှာ လိုက်ပါစီးနင်းလေ့လာနိုင်ပါတယ်။ ငြိမ်းချမ်းရေး ရထားကြီး၏ ဦးတည်ရာခိုင်မာမှုပန်းတိုင်သို့ သွားရောက်ရာ လမ်းကြောင်းတစ်လျှောက်တွင် ဖြတ်သန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရထားပေါ်တွင်လိုက်ပါလာသည့် အဖွဲ့အစည်းများ အားလုံး လေ့လာနိုင်ပါတယ်။ သဘောတူညီပါက ရှေ့ရောက်မည့် ဘူတာတွင် ခရီးဆုံးအထိလက်မှတ်ဝယ်ယူ၍ ငြိမ်းချမ်းရေး ခရီးပန်းတိုင် အဆုံးသို့ ဆက်လက်လိုက်ပါ စီးနင်းရန် လိုပါတယ်။ သဘောမတူသည့် အဖွဲ့သည် ၎င်းဘူတာတွင် ဆင်း၍ နေခဲ့ရမည်ဖြစ်ပါတယ်။ ဆင်းနေခဲ့သော အဖွဲ့မှာ နောက်ဆုံးတွင် အထီးကျန်စွာရပ်တည်ပြီး ငြိမ်းချမ်းရေးမလိုလားသောအဖွဲ့အစည်း အဖြစ် တိုင်းရင်းသားပြည်သူများ အားလုံးမှ ဝိုင်းဝန်းသတ်မှတ် ကြမည်မှာ မလွဲမကန်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းဖြစ်ပွား နေသော ပဋိပက္ခများနှင့်ပတ်သက်၍ ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်-

(က) ယခင်အစိုးရလက်ထက်တွင် ၄-၃-၂၀၁၆ ရက်နေ့ က မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ ဟိုပန်ကျေးရွာ အနီး TNLA နှင့် RCSS ထိတွေ့မှုကြောင့် တိုက်ပွဲ ရှောင်ပြည်သူ ၂၇၉ ဦးအတွက် ငွေသား ၁၀၆၉၄၀၀ ကျပ်ကိုလည်းကောင်း၊ ၄-၃-၂၀၁၆ ရက်နေ့မှ ၁၄-၃-၂၀၁၆ ရက်နေ့အတွင်း ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်ရှိ တိုက်ပွဲရှောင် ပြည်သူများ အတွက် ဆန်၊ ဆီ၊ ဆားနှင့် ပဲတို့ ထောက်ပံ့ ပေးခဲ့ရာ ငွေသားတန်ဖိုး ၁၁၄၈၈၂၅၀ ကျပ်ကို လည်းကောင်း၊ ၁၆-၃-၂၀၁၆ ရက်နေ့မှာ ကျောက်မဲခရိုင်၊ ကျောက်မဲ မြို့နယ်၊ တော့ဆန်းကျေးရွာအုပ်စုတွင် တိုက်ပွဲ ကြောင့် သေဆုံးခဲ့သူ (၁၁) ဦးအတွက် တစ်ဦးလျှင် ငွေကျပ် (၂) သိန်းနှုန်းဖြင့်လည်းကောင်း၊ ဒဏ်ရရှိ သူများ (၁၅) ဦးအတွက် တစ်ဦးလျှင် (၅) သောင်း နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ငွေကျပ် (၂၉၅၀၀၀၀)ကျပ်ကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း တိုက်ပွဲရှောင် ဦးရေ (၂၇၉) ဦး၊ သေဆုံးသူ (၁၁) ဦးနှင့် ဒဏ်ရရှိသူ (၁၅) ဦးတို့အတွက် စုစုပေါင်း (၁၅၅၀၇၆၅၀) ကျပ်အား ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

(ခ) ယခုအစိုးရသစ်လက်ထက်တွင် ၆-၅-၂၀၁၆ ရက်နေ့ မှ ၉-၅-၂၀၁၆ ရက်နေ့အတွင်း ပြည်နယ်ဝန်ကြီးချုပ်

D/real(wide) (2

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်တစ်ခုတည်ဆောက်ရာမှာ State Building ပဲတည်ဆောက်တည်ဆောက် National Building ပဲတည်ဆောက်တည်ဆောက် အချိုးညီစွာတည်ဆောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ထူးခြားတာကတော့ Peace Building ပါတည်ဆောက်နေရတာပဲဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် တိုင်းရင်းသားပြည်သူလူထု၊ အစိုးရ၊ တပ်မတော်၊ လွှတ်တော်အဆင့်ဆင့်စသည့် အဖွဲ့အစည်းကြီးများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညွတ်ရန် အထူးလိုအပ်ပါတယ်။ အဆိုပါအဖွဲ့များအနက်မှ တစ်ဖွဲ့က ရန်သူဟုမြင်နေသောအဖွဲ့အစည်းအား အခြားအဖွဲ့များမှ မိတ်ဆွေဟု မြင်နေလျှင်လည်းကောင်း၊ ထိုကဲ့သို့ပင် တစ်ဖွဲ့မှ မိတ်ဆွေဟုမြင်နေသော အဖွဲ့အစည်းအား အခြားအဖွဲ့မှ ရန်သူဟု မြင်နေလျှင်လည်းကောင်း ညီညွတ်မှုမရှိသဖြင့် တိုင်းပြည်အားတည်ဆောက်ရန် အခက်အခဲများရှိလာနိုင်ပါတယ်။ နိုင်ငံတော်၏ ပြည်တွင်းရန်နှင့် ပြည်ပရန်ကို စုပေါင်းကာကွယ်နိုင်ရန်အတွက် တစ်စိတ်တည်း တစ်သဘောတည်းဖြစ်ရန် အထူးလိုအပ်လာပါတယ်။ သို့မှသာ နိုင်ငံတော်တည်ဆောက်ရာ၌လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ တိုင်းရင်းသားပြည်သူလူထုများ၏ ဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လည်းကောင်း အောင်မြင်စွာ ညီညွတ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော ပဋိပက္ခများအား အမြန်ဆုံးငြိမ်းချမ်းပြေလည်စေသည့် ဆန္ဒအပြည့်အဝရှိပါတယ်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရ

တင်ပြခြင်းဖြစ်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၏ အဆို အတွက်မူ NCA စာချုပ်လက်မှတ်ရေးထိုးထားပြီး အဖွဲ့များ၏ ငြိမ်းချမ်းရေးတိုးတက်မှု အခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အခြေအနေများနှင့် ရလဒ် များကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဦးအေးမောင်၏ အဆိုနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပွားနေသောနယ်မြေတွင် JMC-S အဖွဲ့၏ဆောင်ရွက်ချက်များ၊ တပ်မတော် နယ်မြေရှင်းလင်းမှု ဆောင်ရွက်ချက်များနှင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် စောင့်ထိန်း၍ ဆောင်ရွက်မှုများ တင်ပြခဲ့ပြီးဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးစိုင်းထွန်းဉာဏ်နှင့် ဦးအေးမောင်တို့၏ အရေးကြီးအဆိုများကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြောင်းလဲပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့်အဆိုနှင့်ပတ်သက်ပြီး ဒီအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသင့်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်သက်ဆိုင်ရာဝန်ကြီးက ဆွေးနွေးသွားပါတယ်။ ဒါကြောင့် အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ၎င်းအဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (စ)နှင့် (ဆ)အရ နောက်တစ်ကြိမ်ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်အားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေလို့ ပဏာမ ဆုတောင်း

D/real(wide) (2

မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်မှ ရှင်းပြသွားတာကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ သို့ပေမယ့်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်သူများစစ်ပွဲကြောင့်ခံစားနေရတာတွေကို သက်ဆိုင်ရာတာဝန်ရှိသူများကို ပိုမိုသိစေချင်ပါတယ်။ အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများကို ဒီထက်ပိုပြီး ဆောင်ရွက်နိုင်မည်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ထို့ကြောင့် ကျွန်တော့် အဆိုနှင့်ပတ်သက်ပြီး ၂၁ ရာစုပင်လုံညီလာခံမကျင်းပနိုင်သေးသော ယခုလိုကြားကာလတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင်ရှိသည့် နေ့စဉ်နေ့တိုင်း ပြည်သူများခံစားနေရသော စစ်ပွဲကြောင့် အတိဒုက္ခကိစ္စအဝဝကို အစိုးရမှဆောင်ရွက်တာတွေလည်း ရှင်းလင်းချက်အရ သိရှိရပါတယ်။ ဒီထက်ပိုပြီး လက်တွေ့ကျကျ ဆောင်ရွက်ဖို့ကိုလည်းတိုက်တွန်းချင်ပါတယ်။ အဆိုနှင့်ပတ်သက်ပြီး လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ရန် တောင်းခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က ၎င်း၏ အဆိုကို မှတ်တမ်းတင်ပေးဖို့အတွက် ထပ်ဆင့်ပြီး အဆိုပြုသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်နယ်အနေဖြင့် တစ်ဖက်တစ်လမ်းမှ အပြည့်အဝကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမူလအခြေအနေရောက်ရှိ တည်ငြိမ်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည့်ဝစွာပူးပေါင်းကူညီဆောင်ရွက်ပေးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးဖြစ်သော ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး နှင့် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်တို့ တင်သွင်းသည့် အဆိုများကိုကြည့်ခြင်းအားဖြင့် တာဝန်ကျေရုံ၊ အလုပ်ဖြစ်ရုံ၊ အဆိုတစ်ခုအနေဖြင့်သာ တင်သွင်းခြင်းမဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်ခံစားချက်များနှင့် ဒေသခံပြည်သူလူထုများအတွက် ကိုယ်စားတင်ပြထားကြောင်း ယုံကြည်ပါတယ်။ အဆို ၃ ခုလုံးနှင့်ပတ်သက်၍ အနှစ်ချုပ်သည် တိုက်ပွဲများ ရပ်တန့်၍ ပဋိပက္ခများမဖြစ်ပွားစေရန်အတွက် ငြိမ်းချမ်းရေးကို ဦးတည်သည့် အဆိုများဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ကျွန်တော်ဖြေကြားသည့်အကြောင်းအရာများမှာလည်း ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့်အဆိုအတွက် နိုင်ငံတော်အစိုးရ၏ သဘောထား၊ တပ်မတော်၏သဘောထားနှင့် ၂၁ ရာစု ပင်လုံညီလာခံ အကြိုဆောင်ရွက်နေသည့် အခြေအနေများကိုခြုံငုံသုံးသပ်

D/real(wide) (2

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကြီးသည် မကြာမီ ကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။ အစည်းအဝေးကို (၄) ရက် ကျင်းပရာတွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၈) ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း (၅၅) ခုကို မေးမြန်းခြင်း၊ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သလို ရှမ်းပြည်နယ်အတွင်းမှာဖြစ်ပွားနေသည့် ပကတိအခြေအနေများနှင့် ထင်ဟပ်သည့်အဆိုပေါင်း (၁၁) ခု တင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းအတွက် ဘဏ္ဍာအခကြေးငွေဆိုင်ရာ အမိန့်ကြော်ငြာစာများနှင့် ၂၀၁၆-၂၀၁၇ ခု ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်း (၆) ခုအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုအခြေအနေကို လွှတ်တော်သို့ ရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း ကဏ္ဍတွင်အားတက်သရော ပါဝင်ဆောင်ရွက်တာကို တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်သည့် နေရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြုသဘော

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအေးမောင်၏ အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အဖွဲ့အစည်းဝင်က ၎င်း၏အဆိုကိုမေးခွန်းအဖြစ် ပြောင်းသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (စ)နှင့် (ဆ)အရ အဆိုတင်သွင်းသော ကိုယ်စားလှယ်မှ နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းသော အဆိုသည် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တင်ပြရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှသော်လည်းကောင်း၊ ပြည်နယ်အစိုးရမှသော်လည်းကောင်း၊ လုပ်သားပြည်သူများ၏ ဘဝလုံခြုံမှု အာမခံချက်ရှိအောင် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်၏ အဆိုအား အတည်ပြုပေးနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူပေးပါရန် တောင်းဆိုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဦးအေးမောင်၏ အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသင့်ကြောင်း ပြန်လည်ရှင်းလင်းသွားပါတယ်။ သို့သော် အဆိုတင်သွင်းသည့် ကိုယ်စားလှယ်က ၎င်း၏အဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်၏ ဆန္ဒကို ခံယူလိုပါကြောင်း တင်ပြလာပါသဖြင့် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။

D/real(wide) (2

ဆောင်သည့် မေးမြန်းဆွေးနွေးချက်များနှင့် အစိုးရအဖွဲ့တို့မှ ပွင့်လင်းမြင်သာသည့် ဖြေကြားချက်ဖြစ်စေရေးကို ဦးတည်ရမှာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်၏ ခက်မ (၃) ဖြာ အာဏာ သုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ဆောင်ရွက်ရာတွင် ပြည်သူများကအုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် အစိုးရနှင့် အများဆုံးထိတွေ့ ဆက်ဆံရတာဖြစ်ပြီး အစိုးရအဖွဲ့၏ စွမ်းဆောင်နိုင်မှုကို အကဲဖြတ်လေ့ရှိပါတယ်။ အမှန်ကတော့ အစိုးရအဖွဲ့၏ ကောင်းခြင်း/မကောင်းခြင်းဆိုတာ အထက်ပါ အဖွဲ့အစည်း (၃) ရပ်အပေါ် ဆက်စပ်တည်မှီနေတာကြောင့် အဆိုပါ အဖွဲ့အစည်း (၃) ရပ်က ဟန်ချက်ညီညီ ဆောင်ရွက်ရမှာဖြစ်သလို လိုအပ်သည့် နေရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် ပထမပုံမှန် အစည်းအဝေးတွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် လွတ်တော်ရေးရာကော်မတီတွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်နေသည့် ကော်မတီဝင် (၅) ဦးနေရာကို ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၀ နှင့်အညီ အစားထိုး တာဝန်ပေးအပ်နိုင်ခဲ့ပါတယ်။ လွတ်တော်ကော်မတီများကလည်း ကော်မတီအလိုက် အစည်းအဝေးများခေါ်ယူကျင်းပပြီး လုပ်ငန်းများကို စတင်ဆောင်ရွက်ရန် ကြိုးပမ်းနေပြီဖြစ်သလို ပြီးခဲ့သည့် ဇွန်လ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ နေပြည်တော်တွင် ပြည်ထောင်စုလွတ်တော်၌ UNDP ၏ အစီအစဉ်ဖြင့် ပြုလုပ်သည့် လွတ်တော်ကော်မတီများအတွက် ခေါင်းဆောင်မှုနှင့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲမှာ လွတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့တာကို ကျွန်တော်အနေဖြင့် တင်ပြလိုပါတယ်။

D/real(wide) (2

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွတ်တော်ကိုယ်စားလှယ်များ၏များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခု ဦးအေးမောင်တင်သွင်းသည့် အဆိုကို အတည်ပြုရန် သဘောတူသည့် လွတ်တော် ကိုယ်စားလှယ်များက မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ် ပါတယ်။ မတ်တပ်ရပ်ပြီး ဆန္ဒပြုသည့် လွတ်တော်ကိုယ်စားလှယ်ဦးရေသည် (၆၃) ဦး ဖြစ်ပါတယ်။ ဒီကနေ့ စာရင်းအရ အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်သည် (၁၃၃) ဦးဖြစ်သည့်အတွက် ထိုင်နေသည့် လွတ်တော်ကိုယ်စားလှယ်များမှာ (၇၀) ဦး ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် မတ်တပ်ရပ်သည့် ဦးရေသည် (၆၃) ဦး ရှိပြီး ထိုင်နေသည့် ကိုယ်စားလှယ်ဦးရေသည် (၇၀) ရှိပါတယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုအား အတည်ပြုရန် သဘောတူသည့် လွတ်တော်ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေး တက်ရောက်သည့် လွတ်တော်ကိုယ်စားလှယ် ဦးရေ၏ ထက်ဝက်ထက် နည်းသည့်အတွက် အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲကြောင်း ကြေညာပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အရှည်ပေ (၁၈၀)၊ အနံ (၁၄၈) ပေရှိသည့် သံကူကွန်ကရစ်အဆောက်အဦ ရှမ်းပြည်နယ်လွှတ်တော်ရုံးအသစ်ကို ဆောက်ရန်အတွက် ဆောက်လုပ်ရေးနှင့် ပတ်သက်သည့် ကော်မတီ (၅) ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီ (၅) ခုအနက် တင်ဒါရွေးချယ်စိစစ်ရေးကော်မတီတွင် လွှတ်တော်ကိုယ်စားလှယ် (၄) ဦးလည်း ပါဝင်ဖွဲ့စည်းပေးထားပြီး စနစ်တကျဆောင်ရွက်နေပြီဖြစ်ပါတယ်။ လွှတ်တော်၏ ရုပ်ပိုင်းဆိုင်ရာဖြစ်သော ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦကြီးသည် ၁၀ စုနှစ်သာမက ရာစုနှစ်နီးပါးအထိတောင်မှ ရေရှည်အသုံးပြုရမည့် အဆောက်အဦဖြစ်ပါတယ်။ လွှတ်တော်အဆောက်အဦသစ်အတွက် အောင်မြင်စွာဆောက်လုပ်နိုင်ရန်အတွက် လိုအပ်သည့် အစီအမံများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ကူညီဆောင်ရွက်ပေးရန် ညှိနှိုင်းပါကြောင်းပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် အပါအဝင် လွှတ်တော်အဆင့်ဆင့်၏ ဒုတိယအကြိမ် သက်တမ်းသည် (၅) လကျော်ကာလရောက်ရှိလာပြီဖြစ်ပါတယ်။ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များသည် အလွှာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနှင့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များဖြစ်ကြသည့်အတွက် ပြည်သူများ၏ အကျိုးကိုထိရောက်စွာ ဖော်ဆောင်နိုင်ဖို့ရန် လွှတ်တော်ကိုယ်စားလှယ်များအတွက် Capacity Building သည် အရေးကြီးလှပါတယ်။ ဒါကြောင့် လွှတ်တော်အစည်းအဝေးအပြီးတွင် ပြည်ထောင်စုလွှတ်တော်၏ အစီအစဉ်ဖြစ်သည့် ဥပဒေရေးရာနှင့် အထူးကိစ္စများ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပုဂ္ဂိုလ်များ လာရောက်ပို့ချမည့် ဆွေးနွေးပွဲကို မပျက်မကွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ် ၁၉-၂/၂၀၁၆။ **"ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ အမည်စာရင်းအား လွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ **"ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့်တင်ပြထားသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ အမည်စာရင်း "**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (2

တက်ရောက်ကြရန်နှင့် နောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ယခုလိုပဲ ကျန်းကျန်းမာမာနှင့် ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဆုံးဖြတ်ခြင်းအမှတ် ၂၀-၂/၂၀၁၆။ "ရှမ်းပြည်နယ်အတွင်း ရှိဌာနေတိုင်းရင်းသားများအားအိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန် အဆိုကို လွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၉)ရက် (၂၀၁၆ ခုနှစ်၊ဇူလိုင်လ ၁၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **"ရှမ်းပြည်နယ်အတွင်း ရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန် အဆို "** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၂၁-၂/၂၀၁၆။ "လွိုင်လင်မြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ခရီးသွားအပန်းဖြေလည်ပတ်ရာစခန်းမြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်၏ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းအတွက်

D/real(wide) (2

ကြီးမားသောဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေး အတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင်အမျိုးသားရုက္ခဗေဒ ဥယျာဉ်ဖော်ဆောင်ပေးသင့် ပါကြောင်း အဆိုအားကြယ်ပွင့်ပြေမေးခွန်းအဖြစ် ပြောင်းလဲကြောင်း ဆုံးဖြတ်ခြင်း”

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀)ရက်(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **“လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွားအပန်းဖြေလည်ပတ်ရာ စခန်းမြို့ကြီးတစ်မြို့ ဖြစ်လာနိုင်ပြီး မကြာမီကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင်အမျိုးသား**

ရုက္ခဗေဒဥယျာဉ်ဖော်ဆောင်ပေးသင့်ပါကြောင်း အဆိုအားကြယ်ပွင့်ပြေမေးခွန်းအဖြစ် ပြောင်းလဲကြောင်း ဆုံးဖြတ်ခြင်း” ဆုံးဖြတ်ခြင်းအမှတ် ၂၃-၂/၂၀၁၆။

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **“ရေးရာကော်မတီဝင်များကို အောက်ပါအတိုင်း အစားထိုးဖြည့်စွက်တာဝန်ပေးအပ်ခြင်း”** အား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်-

(က) ဦးစိုင်းလုံကျော်၊ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစား ဦးအောင်သူ၊ လားရှိုး မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

(ခ) ဦးစိုင်းရဲနိုတစ်လုံ၊ အတွင်းရေးမှူး၊ ကျန်းမာရေးနှင့် ပညာရေးမြို့ တင်မူကော်မတီ အစား ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

(ဂ) ဦးစိုးညွန့်လွင် (ခ) ဦးတိုးကြီး၊ အဖွဲ့ဝင်၊ ကျန်းမာရေးနှင့် ပညာရေးမြို့တင်မူကော်မတီအစား ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

(ဃ) ဦးစိုင်းစွဲဆိုင်း၊ အဖွဲ့ဝင်၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီအစား ဦးစိုင်းနောင့်၊ မိုင်းပန် မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

D/real(wide) (2

(ဂ) ဦးပိတာသောင်းစိန်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အစား ဦးမောင်မောင်၊ ပြည်နယ် ဥပဒေအရာရှိ (ငြိမ်း) ပြင်ပပုဂ္ဂိုလ်။

ဆုံးဖြတ်ခြင်းအမှတ် ၂၄-၂/၂၀၁၆။ "ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင်ဆက်လက် မဖြစ်ပွားရေးကြိုတင် ပြင်ဆင်မှုများပြုလုပ်ရန် တိုက်တွန်းခြင်းအဆို အားလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း "

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ **"ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း အဆို"**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ရုက္ခဗေဒ ဥယျာဉ်ဖော်ဆောင်ပေးသင့်ပါကြောင်း အဆို" အား လွှတ်တော်မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြောင်းလဲကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၂၂-၂/၂၀၁၆။ "တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက် သီးနှံများကိုလွှတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုကိုလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀)ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့၌ **"တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွှတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်းအဆို"**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (2

ဆုံးဖြတ်ခြင်းအမှတ် ၂၅-၂/၂၀၁၆။ ''လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့်အပြစ်မဲ့ပြည်သူများအတိဒုက္ခရောက်ကြခြင်း၊ဘဝလုံခြုံမှုမရှိခြင်းနှင့်လူမျိုးရေးပဋိပက္ခအသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်းအရေးကြီးအဆိုကိုကြယ်ပွင့်ပြမေးခွန်းအဖြစ်ပြောင်းလဲကြောင်းဆုံးဖြတ်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ **"လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်နေခြင်း**

မှတ်တမ်းတင်ခြင်းအမှတ် ၁၈-၂/၂၀၁၆။ **"ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကနှုတ်ခွန်းဆက်စကားပြောကြားခြင်း"**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ **"ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း"**ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်၁၉-၂/၂၀၁၆။ **''ရှမ်းပြည်နယ်ဝန်ကြီးဌာနများအမည်ပြင်ဆင်သတ်မှတ်ခြင်းကိုမှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ **" ရှမ်းပြည်နယ်ဝန်ကြီးဌာနများ အောက်ပါအတိုင်းအမည်ပြင်ဆင်သတ်မှတ်ခြင်း"** ကို မှတ်တမ်းတင်သည်-

စဉ်	မူလဝန်ကြီးဌာနအမည်	ပြင်ဆင်သတ်မှတ်သည့် ဝန်ကြီးဌာနအမည်
(၁)	ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

D/real(wide) (2

(၂)	ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန	ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

မှတ်တမ်းတင်ခြင်းအမှတ် ၂၀-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ကဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ **" ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်း"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၁-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၉) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးရှိ၍**

အပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို" အား လွှတ်တော်မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြောင်းလဲကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ် ၁၇-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၆ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက် "ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၂-၂/၂၀၁၆။ "တိုင်းရင်းသားစာပေသင်ကြားမှုတွင်သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက်၊ဆရာများ၏ခွဲခြားမြင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက်တိုင်းရင်းသားစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာနတစ်ခုအဖြစ်ဖွဲ့စည်းပြီးဆောင်ရွက်ပေးနိုင်ပါရန် အဆို ကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၉) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **"တိုင်းရင်းသားစာပေသင်ကြားမှုတွင်သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက်၊ ဆရာများ၏ ခွဲခြားမြင့်ငွေကိစ္စစသည်တို့ကို ပိုမို**

မှတ်တမ်းတင်ခြင်းအမှတ် ၂၄-၂/၂၀၁၆။ " ရှမ်းပြည်နယ်အတွင်းရှိမြို့နယ်များ မြို့အဝင်ဆိုင်းဘုတ်များတွင်တိုင်းရင်းသားဘာသာ(ရှမ်းဘာသာ)ဖြင့်ရေးသားထားသည် များအား ပြန်လည်ဖျက်သိမ်းဆောင်ရွက်စေခြင်း/တိုင်းရင်းသားဘာသာဖြင့်ရေးသားစိုက်ထူခွင့်ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့စီစဉ်ဆောင်ရွက်ခြင်း မပြုပါရန်တိုက်တွန်းကြောင်း အဆိုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၉) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **" ရှမ်းပြည်နယ်အတွင်းရှိ**

D/real(wide) (2

ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသား စာပေသင်ကြားရေး တွဲဖက်ဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနိုင်ပါရန်အဆို" ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၃-၂/၂၀၁၆။ "ရှမ်းပြည်နယ် မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ မိုင်းပါး ကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ် (၇) ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် အဆို" ကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၉) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့၌ **"ရှမ်းပြည်နယ် မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ် (၇) ကုမ္ပဏီ သတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် အဆို"** ကို မှတ်တမ်းတင်သည်။

မြို့နယ်များ မြို့အဝင်ဆိုင်းဘုတ်များတွင် တိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များအား ပြန်လည်ဖျက်သိမ်းဆောင်ရွက်စေခြင်း/တိုင်းရင်းသားဘာသာဖြင့် ရေးသားစိုက်ထူခွင့်ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းမပြုပါရန် တိုက်တွန်းကြောင်းအဆို" ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၅-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

မှတ်တမ်းတင်ခြင်းအမှတ် ၂၆-၂/၂၀၁၆။ “အရေးကြီးအဆိုဖြစ်သော(၁၂-၇-၂၀၁၆)ရက်နေ့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဗထူးတပ်နယ်ရှိ မဲရုံအမှတ်(၁)နှင့်(၂)တို့မှ စစ်မှုထမ်း၊ မှီခိုသူ မိသားစု၊ အရပ်သား ဝန်ထမ်းနှင့်သင်တန်းသားများ၏မဲရလဒ်များအား ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း အဆိုကိုမှတ်တမ်းတင်ခြင်း”

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **“အရေးကြီးအဆိုဖြစ်သော (၁၂-၇-၂၀၁၆)ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)ဗထူးတပ်နယ်ရှိ မဲရုံအမှတ်(၁)နှင့်(၂)တို့မှစစ်မှုထမ်း၊ မှီခိုသူ မိသားစု၊ အရပ်သား ဝန်ထမ်းနှင့် သင်တန်းသားများ၏ မဲရလဒ်များအား ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း အဆို”** ကို မှတ်တမ်းတင်သည်။

ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း အရေးကြီးအဆိုကို မှတ်တမ်းတင်ခြင်း”

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ **“၂၁ ရာစုပင်လုံညီလာခံမကျင်းပနိုင်သေးသော ယခုလိုကြားကာလတွင် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း တိုက်တွန်းကြောင်း အရေးကြီးအဆို”** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းတင်ပြခြင်း ၁-၂/၂၀၁၆။ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ (Royalty Fees) ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၅)၊ အမိန့်ကြော်ငြာစာအမှတ်(၃၈/၂၀၁၅) နှင့် စပ်လျဉ်းသည့် ကိစ္စအားလွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း"**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့၌ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ (Royalty Fees) ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)၊ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၅)နှင့် စပ်လျဉ်းသည့် ကိစ္စ"** အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၇-၂/၂၀၁၆။ **"ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက် "** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၈-၂/၂၀၁၆။ **" ၂၁ ရာစု ပင်လုံညီလာခံမကျင်းပနိုင်သေးသောယခုလိုကြားကာလတွင် လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများကို ရပ်တန့်သွားစေမည့် အစီအစဉ်တစ်ရပ်ကို အစိုးရမှအမြန်ဆုံး ဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့်**

D/real(wide) (2

ရှင်းလင်းတင်ပြခြင်း ၂-၂/၂၀၁၆။ "ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာနအဖွဲ့အစည်းများအနက်ဌာန(၆)ခုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးများမှအတည်ပြုထားသော ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုစာရင်းတင်ပြခြင်း"

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက် (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့၌ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများအနက် ဌာန (၆)ခုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးများမှအတည်ပြုထားသော ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုစာရင်း"** အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၇၀

ကန့်သတ်

ကန့်သတ်
၄၇၂

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၇၄

ကန့်သတ်

ကန့်သတ်
၄၇၄

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၀

ကန့်သတ်

ကန့်သတ်
၄၇၈

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၁

ကန့်သတ်

ကန့်သတ်
၄၈၁

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၄

ကန့်သတ်

ကန့်သတ်
၄၈၄

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၆

ကန့်သတ်

ကန့်သတ်
၄၈၈

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၉၃

ကန့်သတ်

ကန့်သတ်
၄၉၁

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၄၉၀

ကန့်သတ်
၄၉၂

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၉၈

ကန့်သတ်

ကန့်သတ်
၅၀၆

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၀၆

ကန့်သတ်

ကန့်သတ်
၅၀၃

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၀၅

ကန့်သတ်

ကန့်သတ်
၅၀၆

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၀၆

ကန့်သတ်

ကန့်သတ်
၅၀၈

D/real(wide) (2